www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

# ကိတ္တိမ

## ဝိညာဉ်ရှိုက်သံ




# တိက္ကမ

စီစဉ်ခံစားတင်ပြသော

ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၅၅၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၅၀၆၅၉၁၁၀၁

**စီစဉ်သူ**

စန္ဒီ

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (ရဲအောင်စာပေ)

အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

၁၇၁၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်။

**ထုတ်ဝေခြင်း**

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၅၀၀) ကျပ်

၈၉၅. ၈၃

ကိတ္တိမ

ဝိညာဉ်ရှိုက်သံ/ကိတ္တိမ။ - ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၀ ။

၂၀၀ - စာ ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ။

(၁) ဝိညာဉ်ရှိုက်သံ


ဂမ္ဘီရဆန်းကြယ် စာရေးဆရာ ကိတ္တိမ

စီစဉ်တင်ဆက်သော

# ကိတ္တိမ

# ဝိညာဉ်ရှိုက်သံ

www.burmeseclassic.com

www.burmeseclassic.com

"အင်း...အခုလို သာယာလှပတဲ့ ညလေးကို ကျွန်ုပ် အင်္ဂလန်ကို ရောက်တဲ့အထိ ဘယ်တော့မှမမေ့နိုင်မှာ မဟုတ် တော့ဘူး။ ကျွန်ုပ်ကို အခုလို ဧည့်ခံကျွေးမွေးတဲ့ လူကလေးရဲ့ ရှေ့ခရီးမှာ လူလေးအဖို့မတန် ခံတွင်းတွေ့စေမယ့် ရှပဂေးလေးလေးတွေ အားကြီးအများကြီး ပိုင်ဆိုင်ပါစေ...ကျွန်ုပ် ဘုရားသခင်ထံမှာ ဆုတောင်းလိုက်ပါတယ်..."

"ဒါပေမယ့် လူလေးကို အကူပေးမယ့် မိန်းကလေးမျိုးတွေ ကိုတော့ သတိထားရှောင်ပါ လူကလေး၊ နို့မဟုတ်ရင် ကျွန်ုပ်ကို ပတ္တမြားလက်စွပ်တွေ တစ်ကွင်းပြီးတစ်ကွင်း ပေးနေရလို့ အတွင်းခံဘောင်းဘီတောင် မကျန်တဲ့ ဖြစ်နေလိမ့်မယ်... ဟား...ဟား...ဟား..."





"ဟယ်...ဘယ်လို...အလောင်းက မိန်းမအလောင်း မဟုတ်ဘူး။ ယောကျ်ားအလောင်း...ဒါ...ဒါဆို ထိုထင်နေတဲ့ ဟို...အိမ်ထောင်ထိန်း အမျိုးသမီးကြီး မဟုတ်ဘူးပေါ့..."

"အေး...အလောင်းကလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေ လေတော့ ပုလိပ်ဖက်ကတောင် သဲလွန်စ မပေါ်နိုင်ဘူး ဖြစ်နေ တယ်"

"မဟုတ်မှလွဲရော...ဟို...စိတ္တဇဝေဒနာသည်လို ထင်ယောင် ချောက်ချားဖြစ်နေတဲ့ အိမ်ရှင်ကောင်လေးရဲ့ အလောင်းများ လား"

"တစ်ရွာလုံးကလည်း အဲဒီလိုပဲ ထင်မြင်ပြောနေကြ တယ်"


www.burmeseclassic.com

www.burmeseclassic.com



“အေး...မင်းပြောတဲ့အတိုင်းပဲ...ပုထုဇဉ်မှန်သမျှရဲ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းဟာ ကိုယ့်သေတွင်းဆီကို ကိုယ်တိုင်သွားနေကြတာပဲကွ။ မင်း မယုံမရှိနဲ့။ ဘုရားတောင်မှ ပြေးမလွတ်ဘူး။ မင်းတို့ငါတို့ဟာ တစ်နေ့ သေကြရမှာပဲ။ ဒါပေမယ့် အဲဒီတစ်နေ့မှာ ဘယ်လိုသေကြရမလဲဆိုတာကိုသာ မပြောနိုင်တာဘဲ ရှိတယ်”

ဒီဓားရဲ့အသည်ကိုက မိစ္ဆာဥင်းဓားလို့ခေါ်တယ် . . . ဂျာဝင်ကို နောက်သားဦး . . . တိုင်းပြည်အပေါ်မှာ လက်ဝါးကြီး အုပ်နေတဲ့ တိုင်းတစ်ပါးသားတွေ . . . တိုင်းပြည်အပေါ် သစ္စာမရှိတဲ့ လောက်ကောင်တွေ အလိုတော်ရိတွေ . . . မျိုးဖျက်မှန်သမျှကို မိစ္ဆာကောင်တွေလို့ သတ်မှတ်ရမယ် . . . အဲဒီလူမျိုးတွေရဲ့ သွေးကို ဒီမိစ္ဆာဥင်းဓားက အကြိမ်ပေါင်းများစွာ သောက်သုံး ခဲ့ပြီးပြီ . . .





www.burmeseclassic.com

www.burmeseclassic.com



"**အော**...မင်းယုံတာ မယုံတာ ငါ့အလုပ် မဟုတ်ဘူး။ မင်းအလုပ်ပဲ၊ ငါ့အလုပ်က ငါ့မိဘတွေပေးခဲ့တဲ့ တာဝန် ပြီးဆုံးသွားဖို့ပဲ..."

"ခင်ဗျား တာဝန်က ဘာတာဝန်လဲ"

"ဦးမိုးမြောင် လက်ထဲကို ပစ္စည်းတစ်ခုအပ်နှံပေးဖို့ပဲ"

"ဘာပစ္စည်းမို့လို့လဲ"

"နန်းစဉ်သုံး ဓားတစ်လက်..."

## (နိဒါန်း)

အချိန်အတော်လင့်နေပြီမို့ သင်္ဘောဆိပ်ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ခြောက်သွေ့လျက်ရှိနေလေ၏။ လူသူကျဲပါးနေပြီးသင်္ဘောဆိပ်တွင်နေ့စဉ် နှင့်အမျှ ကူလီထမ်းကြသောလူလေးငါးဆယ်ယောက်ခန့်သာ တွေ့ရသည်။

မိုးလင်းပေါက်ဖွင့်ဟန်တူသော ထမင်းဆိုင်နှစ်ဆိုင်တော့ ရှိသေးသည် ကိုတွေ့ရပြီး ၎င်းဆိုင်များတွင် အောက်လင်းဓာတ်မီးများထွန်းထားသဖြင့် လင်းထိန်နေ၏။ ဆိုင်ထဲတွင် ထမင်းစားနေသူတစ်ဦးစနှစ်ဦးစကိုတွေ့ရ၏။ မြင်ကွင်းတစ်ခုံးမှာ ပျင်းရိခြောက်ချွေ့ဖွယ်ကောင်းမနေတော့၏။

အညာလှေကြီးပေါ်မှဆင်းလာသော ပိုးဟပ်ဖြူကဲ့သို့ ဆွတ်ဆွတ်ဖြူ နေသည့် လူရွယ်သည် လက်ဆွဲသားရေအိတ်လေးတစ်လုံးကိုဆွဲပြီး ကမ်းနဖူး၌ ငူငူကြီးရပ်လျက်ရှိနေ၏။

သူသည် တောင်မြောက်လေးပါးကိုကြည့်လျက် ဝေခွဲမရ ဖြစ်နေပုံရ၏။

ပြည်မြို့သည် သူနှင့်အတော်ကြီးစိမ်းနေသည်၊ ပြည်မြို့ဆိုသည်ကို နာမည် သာကြားဖူးခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ပေ။ အလွန်စည်ကားသည် ဟုသာသိရပြီး ပြည်ရွှေဆံတော်ဘုရားသည် အလွန်ကြည်ညိုဖွယ်ကောင်းလှ သည်ဟု သိထားခဲ့၏။

မြို့အသိုင်းအဝိုင်းကျယ်လှသည်ဟု ပြောသံကြားခဲ့ဖူးပြီး သင်္ဘောဆိပ်နှင့် မီးရထားများဆုံဆည်းရာမြို့ဟုလည်း သိရှိထား၏။ ထို့ပြင် တစ်ချိန်တစ်ခါ မင်းနေပြည်တော်ကြီးဖြစ်ခဲ့ကြောင်းလည်း ကြားဖူးနားဝရှိထားခဲ့၏။

ထိုကဲ့သို့ အထင်ကရနေခဲ့သောမြို့ကြီးပြကြီးသည် ယခုတော့ နှစ်ခြိမ့်စွာ အိပ်မောကျလျက်ရှိနေလေပြီ။ မသိဖူးသေး၊ မကျွမ်းဖူးသော တစ်ကြိမ်တစ် ခါမျှ ရောက်ဖူးခြင်းလည်းမရှိသော ဧည့်သူစိမ်းကို လိုက်လံနှုတ်ဆက်စွာ ကြိုဆိုရ

www.burmeseclassic.com

ကောင်းမှန်းပင် မသိတော့ပေ။ အလေးဂရုမထားတော့ပေ။

သူသည် ငှက်ကြီးငိုင်တွေလျက်ရပ်နေရင်း တစ်စုံတစ်ဦးကို မေးမြန်းစုံစမ်းနိုင်ရန်အလို့ငှာ ရှာဖွေနေမိ၏။

ထိုစဉ် သစ်ပင်ကြီးတစ်ပင်အောက်၌ အကြော်တဲတစ်တဲကို လှမ်းမြင်လိုက်၏။ အကြော်သည်အဒေါ်ကြီးသည် အကြော်ကြော်ရာတွင် အသုံးပြုရသော ပစ္စည်းပစ္စယများကို သိမ်းဆည်းနေလေ၏။ ကလေးငယ်တစ်ဦးမှာ အကြော်တဲ၏ဝါးလုံးတိုင်ကိုမှီရင်း ငိုက်မြည်းနေသည်ကို တွေ့ရ၏။

သူသည် လွန်စွာပင် ဝမ်းမြောက်သွားပြီး တဲရှိရာသို့ လေးတွဲ့သောခြေလှမ်းတွေဖြင့် လျှောက်လှမ်းသွားတော့၏။

"ဒီမှာ ခင်ဗျားမြင်းလှည်းလေးဘာလေးများ ငှားလို့ရနိုင်ပါဦးမလား"

BURMESE CLASSIC .com

ဟု မေးလိုက်လေ၏။

စကားအဆုံးတွင် အကြော်သည် မိန်းမကြီးက ဆိုင်သိမ်းရတာ နောက်ကျရသည့်အထဲ လုပ်ရကိုင်ရတာ မောပန်းရသည့်အထဲ မဆီမဆိုင် မြင်းလှည်းကိုလာမေးရကောင်းလားဟူသည့် မကျေမနပ်အကြည့်မျိုးဖြင့် ဒေါသတကြီးမျက်စောင်းထိုးလျက်. . .

"မောရတဲ့ကြားထဲမှာ ဘာတွေများလာမေးနေမှန်းမသိပါဘူး။ အကြော်သည်က ဘယ်ကမြင်းလှည်းရနိုင်မှာလဲ။ လုပ်ရကိုင်ရတာများ အဆီအငေါ်မတည့်လိုက်ပုံကတော့. . ."

ဟု ဆီမန်းမန်းသလိုပြောလိုက်ရာ လူရွယ်မှာ အတော်ကြီးစိတ်ညစ်လို့သွား၏။ ဒီအဒေါ်ကြီးသားအမိနှင့်တော့ ဒုက္ခပါပဲဟု တွေးမိလိုက်လေ၏။

သို့သော် သူတို့မှာလည်း သူတို့အကြောင်းသူတို့ဒုက္ခနှင့်မို့ ကိုယ်ကပဲသည်းခံရမည်ဟု နားလည်မိသဖြင့် လေပြေထိုးကာ ပြောလိုက်လေ၏။

"စိတ်မဆိုးပါနဲ့ခင်ဗျာ. . . ကျွန်တော်က ဒီမြို့ကို တစ်ခါမှမရောက်ဖူးတဲ့ သူစိမ်းတစ်ယောက်ပါ။ ပြီးတော့ မိုးကချုပ်နေပြီဆိုတော့ ဘယ်သွားလို့ဘယ်လာရမှန်းမသိတာကြောင့် ကျွန်တော်သွားလိုရာခရီးရောက်ဖို့ မြင်းလှည်းတစ်စီးလောက်များ ရနိုင်မလားလို့ပါ။ အဲ့ဒါကြောင့် မြင်းလှည်းဘယ်မှာငှားလို့ရနိုင်မလဲ မေးကြည့်တာပါ"

ဟု ကျို့ကျို့ယို့ယို့ ပြောလိုက်၏။

"ဒီကညတ်တည့်လျှောက်သွား ဆံတော်ကြိုလမ်းထိပ်မှာ ရချင်ရမှာပဲ။ ကံကောင်းရင်တော့ပေါ့"





အကြော်သည်မိန်းမကြီးက စကားကိုရှည်ရှည်ဝေးဝေးပြောချင်ပုံမရဘဲ တိုတိုပြတ်ပြတ်ဆိုလေ၏။

သူက သက်ပြင်းချပြီး ဆက်မမေးတာဘဲ ကောင်းပါတယ်ဟု တွေးမိပြီးချထားသော သားရေသေတ္တာလေးကိုကောက်ကိုင်ပြီး ၎င်းမိန်းမကြီး ညွှန်ပြရာ အရပ်သို့ ထွက်ခဲ့တော့၏။

သူသည် ဆံတော်ကြိုဘုရားလမ်းထိပ်တွင်ရပ်လိုက်ပြီး လက်ထဲမှ သားရေသေတ္တာကို အသာချလိုက်ပြီးနောက် အရပ်လေးမျက်နှာကို ကြည့်လိုက်၏။

ညသည် မီးရောင်မှိန်မှိန်ကလေးများအောက်တွင် ငိုက်မြည်းနေသည်။ လမ်းမီးတိုင်များမှ မီးသီးများကမူ ပိုးစုန်းကြူးလေးတွေ တောက်နေသလားမှတ်ထင်ရ၏။ ပတ်ဝန်းကျင်တစ်ခွင်လုံးမှာလည်း အသေကောင်လိုငြိမ်သက်လျက်ရှိသည့်ကြောင့် သူ ကျောချမ်းသွားမိသည်။

မြင်းလှည်းဟူ၍ တစ်စီးတစ်လေမျှပင် မတွေ့သဖြင့် အခက်တွေ့နေတော့၏။ သူ့မှာလမ်းမပေါ်တွင် မေးမြန်းစုံစမ်းဖို့ အသိအကျွမ်းလည်းမရှိဖြစ်နေပြီး ဘယ်လျှောက်လို့ဘယ်ကိုလှမ်းရမည်မသိဘဲ ရင်မှာမွန်းကြပ်၍လာတော့သည်။

ထိုအခိုက်တွင် ဘုတာရုံဘက်ဆီမှ လေးဘက်ခွာကျမောင်းနှင်လာသောမြင်းလှည်းတစ်စီးချိုးကွေ့လာသံကိုကြားလိုက်ရ၏။ မြင်းလှည်းက သူ့နှင့်မျက်နှာချင်းဆိုင်မှ လမ်းမကြီးအတိုင်း တရကြမ်းမောင်းဝင်လာပြီး တချွင်ချွင်မြည်သံများကြားနေရ၍ မြင်း၏လည်ပင်းတွင် ချူများဆွဲထားဟန်ရှိသည်။

သူသည် တချွင်ချွင်ချူများ၏မြည်သံကိုကြားလိုက်ရသည်တွင် အားတက်သွားမိပြီး လမ်းမထိပ်ဖွက်ရပ်လိုက်၏။

"ဟိုး. . . ဟိုး. . . ခဏရပ်ပါဦး"

မြင်းလှည်းမောင်းသမားသည် သူ့တားလိုက်သဖြင့် မြင်း၏ဇက်ကြိုးကို ကမန်းကတန်းဆွဲလိုက်လေ၏။ ရုတ်တရက်ကြီးဖြစ်၍ အရှိန်နှင့်ပြေးနေသော မြင်းက ပတပ်ရပ်သလိုဖြစ်သွားပြီး လှည်းအိမ်သည်လည်း နောက်သို့ ဂန်မတတ်ဖြစ်သွားလေ၏။

မြင်းလှည်းသမားသည် အတော်လေးဒေါပွသွားဟန်ရှိပြီး သူ့ကိုအားမတတ်ဝါးမတတ်ကြည့်ရင်း ခပ်ထန်ထန်ပြောလိုက်၏။

"ဟေ့လူ. . . ဒါဘာလုပ်တာလဲ။ သေချင်လို့လား။ လှည်းမှောက်သည့်တည့်ကနေများတားရတယ်လို့"


www.burmeseclassic.com

www.burmeseclassic.com



လူရွယ်အဖို့ ထိုသို့မာန်မဲသည်ကို စိတ်မဆိုးနိုင်ပေ။ မြင်းလှည်းသမား၏ စကားကလည်း မှန်နေ၏။ လှည်းရှေ့မှပိတ်ရပ်ကာ တားမိသည်က သူ၏ အမှားပင်ဖြစ်လေ၏။

"စိတ်မဆိုးပါနဲ့ နောင်ကြီးရာ။ ကျွန်တော်သွားချင်တဲ့နေရာကို လိုက်ပို့ ပေးစေချင်လို့ပါဗျာ"

"ကျွန်တော်တောင်းပန်ပါတယ်။ ပြီးတော့ ကျွန်တော်က ဒီမြို့က မဟုတ်တော့ မသွားတတ်မလာတတ်ဖြစ်ပြီး ဒုက္ခရောက် နေလို့ပါ"

ဟု တောင်းတောင်းပန်ပန် ပြောလေ၏။

"နေပါဦး ကိုယ့်လူက ဒီမြို့သားလည်းမဟုတ်ဘူးဆိုပြီး ဘာလို့ဒီလောက် မိုးချုပ်တဲ့ထိအောင် နေရတာလဲ"

"ဟုတ်ပါတယ်. . . ကျွန်တော်လိုက်လာမိတဲ့အညာလှေက အတော်အနှေး လင့်မှ ဒီဆိပ်ကမ်းကို ဆိုက်တာမို့ပါခင်ဗျာ။ ဘယ်သွားရမှန်းကို မသိတော့ ပါဘူး"

"ဒါနဲ့ ငါ့လူက ဘယ်သွားချင်လို့လဲ"

"မိကျောင်းရဲကိုပါ"

မြင်းလှည်းသမားကြီးသည် သူ၏အဖြေစကားကိုကြားလိုက်ရသည့်အ လွန်စွာမှ တုန်လှုပ်သွားသလိုရှိသွားတော့၏။ သူ့ကိုလည်း သရဲသဘ တစ်ကောင်ကဲ့သို့ စူးစူးရဲရဲကြည့်ပြီး ခေတ္တငြိမ်သွား၏။ ပြီးမှ. . .

"ဟာ. . . သင်္ချိုင်းကုန်းကို သွားရသလိုပါပဲကွ"

"ဗျာ"

သူ၏ဗျာသံမှာ ပိန်ချုံးချိနဲ့နေသော သူ့ခန္ဓာကိုယ်နှင့်မလိုက်ဖက်အော ပင် ကျယ်လောင်လှသည်ဟု ထင်မိ၏။

ထို့နောက် နားမလည်စွာဖြင့်. . .

"သင်္ချိုင်းကုန်းဟုတ်လား ဘာဖြစ်လို့လဲခင်ဗျာ။ အဲ့ဒီမိကျောင်းရဲ တာက သင်္ချိုင်းကုန်းမို့လို့လား"

"သင်္ချိုင်းကုန်းတော့ ဘယ်ဟုတ်ပါ့မလဲကွ။ ဒါပေမယ့် အဝေးကြီးသ ရတာဆိုတော့ သင်္ချိုင်းကုန်းကို သွားရသလိုပဲလေကွာ။ မင်းပဲစဉ်းစားကြ ပါဦး။ အဲ့ဒီကသွားရင် ဆင်စု။ ဆင်စုပြီးရင် အလောင်းတော်ကဿပလေ အဲ့ဒါလွန်မှ မိကျောင်းရဲရွာရောက်မှာဆိုတော့ ိပ်ဝေးတယ်။ နောက် မှောင်ကလည်းမှောင်နဲ့ဆိုတော့ အင်မတန် ကြောက်စရာကြီးပဲ။ ဟာ..





ငါလိုက်လို့ဖြစ်မယ် မထင်ပါဘူး"

"ဟာ. . . ဒီလိုတော့ မလုပ်လိုက်ပါနဲ့ဗျာ။ ကျွန်တော့်ကို ကူညီပါဦး"

သူက သနားခံပြီး ပြောဆိုလိုက်သဖြင့် မြင်းလှည်းသမားကြီးမှာ တွေဝေ လို့သွား၏။

"မင်းကို ကူညီတာကတော့ ဟုတ်ပါပြီ။ ငါပြန်လာရင် ခရီးသည်ကရ တော့မှာ မဟုတ်ဘူးကွ။ မိုးပဲ ဒီလောက်ချုပ်နေတာ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ခင်ဗျာ။ ကျွန်တော့်တာဝန်သာထားပါ။ နောင်ကြီးကျေနပ်လောက်အောင် လုပ်ပေးပါ့မယ်"

မြင်းလှည်းသမားကြီးက ထိုစကားကို သဘောကျသွားလေ၏။ သို့သော် လည်း သူလိုက်ပို့ပေးရမည့် သူ၏အနေအထားကို လေ့လာအကဲခတ်ရဦး မည် ဖြစ်သည်။ ကိုယ့်ကို အန္တရာယ်ပြုမည့်သူ ဟုတ်မဟုတ်ဆိုသည်ကို အကဲ ခတ်ရ၏။

ထိုလူရွယ်ကတော့ သူတို့အန္တရာယ်ပြုနိုင်ပုံတော့ မရပေ။ ပြီးတော့ ကျန်းမာရေးကလည်း ကောင်းပုံမရဘဲ ဖြူဖတ်ဖြူလျော် သွေးဆုတ်နေသူကဲ့သို့ ရှိလေ၏။

သို့သော် ဝတ်ပုံစားပုံကတော့ အကျအနပင်ဖြစ်သည်။ လျှာပါသော သက္ကလပ်ဦးထုပ်ကိုဆောင်းပြီး လည်ပင်း၌ မာဖလာကိုပတ်၍ ကုတ်အင်္ကျီ ဝတ်ဆင်ထားသည်။ ခါး၌ ဇာကောက်လုံချည်ဝတ်ထားပြီး ခါးပတ်ပတ်ထား၏။

အဆင့်အတန်းတော့ နိမ့်သူမဟုတ်နိုင်ဟု ထင်မိသောကြောင့်. . .

"ကောင်းပြီလေ၊ ဒါထက်နေပါဦး. . . ကိုယ့်လူက ဘယ်သူ့အိမ်ကို သွား မှာလဲ"

"ဦးမိုးမှောင်၊ ဒေါ်ပန်းရုံတို့အိမ်ကိုပါခင်ဗျာ"

"ဟိုက်"

ဒီတစ်ကြိမ် ဟိုက်ခနဲ အော်လိုက်မိသူမှာ မြင်းလှည်းသမားကြီးပင် ဖြစ်လေ၏။ ထို့နောက် ၎င်းက ကြောက်ရွံ့သွေးဆုတ်သွားသကဲ့သို့ ဖြစ်သွားပြီး လွန်စွာမှ ယိတ်လန့်တုန်လှုပ်သည့်လေသံဖြင့်. . .

"ဘာဖြစ်လို့လဲ၊ သူတို့ကိုသိလို့လား"

"မသိဘဲနေပါ့မလား. . . ကိုယ့်လူ့ရ"

"ဘယ်လိုသိလာလဲ ခင်ဗျာ"

"အဲ့ဒီအိမ်ကြီးက ကျိန်စာသင့်နေတဲ့အိမ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျာ"

ခင်ဗျားဟု ဆိုလိုက်သံသည် ရင်ခေါင်းထဲကပင် မြည်ဟိန်းထွက်လာသကဲ့သို့ရှိသည်။ သူသည် အတိုင်းအဆမရှိလောက်အောင် အံ့ဩသွားပြီးနောက် သူ့ကပင်ဆက်၍. . .

"ဘယ်လို ကျိန်စာသင့်နေတယ်ဆိုတာကို နည်းနည်းလောက်များ ပြောပြပေးပါလားခင်ဗျာ"

ဟု တောင်းဆိုလိုက်၏။

"ဒီလိုကွ. . . မင်း ခုနကပြောတဲ့ ဦးမိုးမှောင်နှင့်ဒေါ်ပန်းရုံတို့ဟာ ရှေးဆန်တယ်လို့ပဲ ပြောရမလား။ မင်းညီမင်းသားဆန်တယ်ပဲ ပြောရမလား။ သူတို့နေပုံထိုင်ပုံက တစ်မျိုးကြီးပဲ။ သျှောင်ထုံးနဲ့တောင်ရှည်ပုဆိုးနဲ့နေတာ။ ပြီးတော့ ဗမာ်ဝန်းကျင်နဲ့လည်း လုံးဝအဆက်အဆံမရှိကြဘူး။ တစ်ထီးတစ်နန်းဆိုပါတော့ကွာ"

ထိုသို့ပြောပြီးစကားကို ခေတ္တနားလိုက်၏။ သူက ဆက်ပြောဖို့စကားထောက်ပေးလိုက်၏။

"ဆိုပါဦးဗျ. . . ဒါနဲ့ပဲ ကျိန်စာသင့်ရောလား"

"နေဦး. . . ငါ့စကားမဆုံးသေးဘူးလေ။ သူတို့မှာ သားတစ်ယောက်နဲ့သမီးတစ်ယောက်ရှိတယ်ကွ။ လွန်ခဲ့တဲ့သုံးလလောက်က ဦးမိုးမှောင်ဆိုတဲ့အဘိုးကြီးဟာ မဇေဒါရေခပ်ဆိပ်တဲ့ သဲသောင်ပြင်မှာ သေနေတယ်တဲ့။ အဘိုးကြီးက နံနက်ဝေလီဝေလင်း လမ်းလျှောက်လေ့ရှိဆိုပဲကွ။ အဘိုးကြီးသေပြီးလို့မှ ဘာကြာသေးလဲ။ အဘွားကြီးလည်း အိမ်ပေါ်ထပ်လှေကားထစ်ကနေ လိမ့်ကျပြီး သေပါရောလား။ နောက် သူတို့ရဲ့သမီးဆိုတာကလည်း ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားသတဲ့။ အဖြစ်တွေက မယုံနိုင်စရာပါပဲကွာ"

"ဒါနဲ့ သူတို့မှာ သားနဲ့သမီးရှိတယ်ဆို သားကရော. . ."

"အေး. . . အဲ့ဒါကို ဆက်ပြောရဦးမယ်။ သူတို့ရဲ့သားက ကောလိပ်ကျောင်းသားလို့ကြားတာပဲ။ သူ့မိဘ၊ ညီမတွေဆုံးပါးသွားတော့ ဒီအိမ်ကြီးကို ပြန်လာတယ်တဲ့။ အဲ့ဒီကောင်လေးကလည်း စိတ်က သိပ်မမှန်ဘူးတဲ့။ ညညဆိုတစ်ညလုံး တစ်အိမ်လုံးမီးတွေထိန်နေအောင်ထွန်းပြီး ပြတင်းပေါက်တွေအကုန်ဖွင့်တာပဲတဲ့။ ပြီးရင် လက်ဆွဲဘာဂျာဆွဲရင်း သီချင်းတွေဆိုနေတာလို့ပြောကြတာပဲ။ နေ့ဘက်ဆိုရင်တော့ တံခါးတွေအားလုံးပိတ်ပြီး အိပ်တော့တာပဲတဲ့ကွာ။ ကိုယ့်လူရာ ဒီလိုအိမ်ကြီးကို မသွားချင်စမ်းပါနဲ့ကွာ။ ဘယ်လိုကျိန်စာသင့်နေသလဲဆိုတာတောင် ပြောရခက်ပါတယ်"





သူက ခေါင်းကိုလေးတွဲ့စွာခါပြီး. . .

"မဖြစ်ဘူး. . . ကျွန်တော်သွားကိုသွားမှဖြစ်မှာပါ။ မေမေက အဲ့ဒီကိုသွားကိုသွားရမယ်တဲ့။ သူတို့နဲ့ တွေ့ရမယ်တဲ့။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုပို့ပေးပါနော်"

ဟု တောင်းတောင်းပန်ပန်နဲ့ ပြောလေ၏။

မြင်းလှည်းသမားသည် လူငယ်၏ ရုတ်ခြည်းပင်ပြောင်းလဲသွားသော အမူအယာများကို နားမလည်နိုင် ဖြစ်သွားလေ၏။ သူတွေးထင်ထားသည်က သူပြောပြသည့် အကြောင်းကိစ္စများကို ကြားသိရသည်နှင့် ထိုလူငယ်မှာ အထိတ်တလန့်ကြောက်လန့်သွားမည်ဟူ၍ဖြစ်၏။

သူ၏စကားများမှာ လုပ်ကြံပြောဆိုသည့် မုသာဝါဒစကားများ မဟုတ်ကြောင်းထပ်မံ၍ ရှင်းပြသော်လည်း ထိုလူရွယ်မှာ ပို၍ပင် စိတ်အားထက်သန်လျက် ၎င်းနေအိမ်သို့မြန်နိုင်သမျှ အမြန်ဆုံး အရောက်ပို့ပေးရန် အတင်းအကြပ်တောင်းဆိုတော့၏။

နောက်ဆုံးမှာတော့ မြင်းလှည်းသမားသည် အလျှော့ပေးလိုက်ရတော့၏။ မပေး၍ မဖြစ်သည့် အခြေအနေမျိုးကို လူငယ်က လိုက်လျှောနေသောကြောင့်ဖြစ်သည်။

လူရွယ်က မြင်းလှည်းခကို ကျသင့်သည်ထက် သုံးဆခန့်ပို၍ ပေးနေလေရာ ၎င်းအခွင့်အရေးဟာ လွန်စွာရခဲသည်ကြောင့် မြင်းလှည်းသမားလည်း ကြည်ဖြူစွာ လက်ခံလိုက်ခြင်း ဖြစ်၏။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

မြင်းလှည်းသမားက ပြောပြောဆိုဆိုနှင့် ခြံဝ၌ မြင်းလှည်းရပ်ပေး၏။ သူသည် ခြံထဲသို့ လှမ်းကြည့်လိုက်ရာ ခြံကြီးမှာ သုံးဧကမျှ ကျယ်ဝန်းလိမ့်မည်ထင်ရ၏။ ကျယ်ဝန်းသောခြံကျယ်ကြီးတွင်း၌ စားပင်သီးပင်များလည်း များစွာ စိုက်ပျိုးထားရာ ညအမှောင်ထဲ၌ အုံ့ဆိုင်းနေသလို ရှိနေ၏။ အမှောင်ထုကို အားပေးအားမြှောက်ပြုသယောင်. . .။

ထို့ပြင် လေကလည်း ငြိမ်သက်နေသဖြင့် သစ်ပင်ကြီးများမှာ မားမားကြီးရပ်နေသလား အောက်မေ့ရ၏။ မားမားကြီးရှိနေသည့် သစ်ပင်ကြီးများကို မြင်ရသည်မှာ သရဲတစ္ဆေများရပ်၍ စောင့်ကြည့်နေသည်နှင့်မခြား ရှိနေတော့၏။

ခြံကျယ်ကြီးအလယ်၌ အိမ်ကြီးတစ်လုံးရှိနေ၏။ ထိုအိမ်ကြီးက နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ပြီး ဆရာမနိုင်နှစ်ဆောင်ပြိုင်ဟူသောစကားကို အမှတ်ရမိသွားပြီး ကျောတော့နည်းနည်းချမ်းသွားမိသည်။

မြင်းလှည်းသမားကြီးပြောပြခဲ့သည့်အတိုင်း မှန်နေ၏။ ပြတင်းတံခါးများအားလုံးပွင့်နေပြီး မီးရောင်များကလည်း ထိန်ထိန်ငြီးလို့နေသည်။ ထိုအခိုက်တွင် လက်ဆွဲဘာဂျာအသံခပ်တိုးတိုးကိုကြားရပြီး လူတစ်ယောက်နာကြည်းခွေးမြေ့နေသောအသံကဲ့သို့ သီချင်းမပီသ ညည်းနေသံကိုကြားရပြန်သေး၏။

သူ ငိုင်တွေကြည့်နေသည်မှာ အဘယ်မျှကြာသွားသည်မသိပေ။

မြေပြင်ပေါ်၌ ခြေစုံရပ်မိသည်နှင့်တပြိုင်တည်းပင် မြင်းလှည်းသည်လည်း အပြင်းသော့မောင်းထွက်သွားတော့၏။

ယခုတော့ အမှောင်ထဲမှာ သူတစ်ယောက်တည်း ဖြစ်သွားပေပြီ။ ခြေထောက်များကလည်း ဂျောက်တိုင်စိုက်ထားသလို လှုပ်မရသေးပေ။ ထို့နောက်





အတန်ကြာမှ သူ့အားတင်းလိုက်ပြီး ခြံတံခါးဝသို့ လေးလံသောခြေလှမ်းများဖြင့် လျှောက်လှမ်းသွားလိုက်၏။

တံခါးက သော့ခတ်ထားပုံမရသဖြင့် တွန်းကြည့်လိုက်ရာ တံခါးက အလိုက်သင့် ပွင့်သွားလေ၏။ သူက ဆုတ်ဆိုင်းမနေတော့ဘဲ ခြံတွင်းသို့ လျှောက်ဝင်သွားလိုက်သည်။

"ဂိုး"

ထိုစဉ်ဘယ်အရပ်ဆီမှ ပျံသန်းလာသည်မသိသော ငှက်ဆိုးတစ်ကောင်သည် လွန်စွာကျယ်လောင်သောအသံဖြင့် သူ့ဦးခေါင်းပေါ်တည့်တည့်မှ ထိုးသွားလေရာ သူ့တစ်ကိုယ်လုံးမှာ ရုတ်တရက်တုန်ရင်သွားတော့၏။

သူသည် သဲကျောက်ပြင်းရှိုက်လျက် ဆက်လျှောက်မြဲလျှောက်လာခဲ့ပြီး ဖွင့်ထားသော တံခါးမကြီးရှေ့တည့်တည့်တွင် ခြေစုံရပ်လိုက်ပြီး အိမ်အတွင်းသို့ အကဲခတ်သလို ခေါင်းငဲ့ကြည့်လိုက်၏။

အောက်ထပ်ဧည့်ခန်းကြီးမှာ လွန်စွာကျယ်ပြန့်ပြီး အိမ်ထောင်ပရိဘောဂတွေကလည်း များလှပေ၏။ သပြေသီးမှည့်ရောင်တောက်နေသော ကုလားထိုင်များ၊ ကျွန်းဗီဒိုကြီးများ၊ လှုပ်ကုလားထိုင်များ၊ စားပွဲများ၊ နံရံချိတ်မှာဟ်ပုံကြီးများစသဖြင့် တွေ့ရ၏။

အောက်ထပ်တွင် အခန်းများကို အဆောင်ဆောင်အခန်းခန်းဖွဲ့ထားလေ၏။ အခန်းထောင့်တွင် နှစ်ဆစ်ချိုးကျွန်းလှေကားရှိပြီး လက်ရမ်းတွင်ကျွန်းပတ်လုံးများဖြင့် လုပခန့်ညားစွာ ထုဆစ်ထားသည်ကို တွေ့ရလေ၏။ အိမ်အပေါ်ထပ်သည် သိပ်လည်းမမြင့်သလို သိပ်လည်းမနိမ့်ပေ။

သို့သော် အနောက်တိုင်းဆန်သောဖွဲ့စည်းပုံဖြစ်သည်ကိုတော့ ခန့်မှန်းလို့ရ၏။ ထိုမျှထည်ဝါခန့်ညားနေပါလျက် အိမ်အတွင်းဝယ် လူတစ်ယောက်တစ်လေပင် မတွေ့ရသည်မှာ အလွန်အံ့ဩဖွယ်ဖြစ်နေတော့သည်။

မြင်းလှည်းသမားကြီးပြောဆိုခဲ့သလိုပင် ဤအိမ်ကြီးသည်အမှန်ပင်ကျိန်စာသင့်နေလေသလား၊ တစ္ဆေအိုင်ကြီးများဖြစ်နေသလား။ သို့တည်းမဟုတ် ဥစ္စာစောင့်သိုက်နန်းရှင်များ ပိုင်စိုးနေသော အိမ်ကြီးများလားဟုထင်မှတ်ရမလို ဖြစ်နေလေပြီ။

ဤအိမ်ကြီးနှင့်ဆယ်နွယ်နေသည့်ကြားဖူးနားဝရှိထားသမျှကို ပြန်လည်တွေးတောမိရင်း ရုတ်ခြည်းဆိုသလိုပင် ကျောထဲ၌ ဖြန်းခနဲစိမ့်သွားပြီး ရင်ထဲတွင်လည်း စိုးရိမ်စိတ်များက လွှမ်းသွားသကဲ့သို့ နှလုံးခုန်သံသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြန်လာသယောင် ဖြစ်သွား၏။

သူမောဟိုက်စွာပင် အသက်ရှူနေရပေပြီ။ ယခုလို ညအချိန်မတော်ကြီးတွင် အိမ်ကြီးရှိရာ တံခါးများအားလုံးဖွင့်ထားပြီး မီးများထိန်ထိန်လင်းနေအောင် ထွန်းညှိထားသည်မှာ လွန်စွာမှစဉ်းစားစရာ ဖြစ်နေပေတော့သည်။

တစ်လောကလုံး အိပ်မောကျနေချိန်ဖြစ်ပါလျက် ဤအိမ်သားများသည် အဘယ်ကြောင့်များ မအိပ်စက်နိုင်ရပါသလဲ။ အဘယ်အကြောင်းကြောင့် အများနည်းတူ အိပ်စက်အနားယူဖို့ မေ့လျော့နေရပါသနည်း။

ထိုအခိုက်တွင် လေသည် ဇာတ်ကြိုးပြတ်သွားသော မြင်းရိုင်းတစ်ကောင် အလား ဒုန်းစိုင်းပြေးဝင်လာတော့သည်။ အလွန်တစ်ရာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ဟိတ်ဆိတ်နေသော ပတ်ဝန်းကျင်သည် ရုတ်မြည်းပင် ပြောင်းလဲသွားတော့၏။

သစ်ပင်ကြီးများမှ တရှဲရှဲအသံဆိုးကြီးများသည်လည်းကောင်း၊ သစ်ကိုင်းချင်းတဖြောင်းဖြောင်း ရိုက်ခတ်သံများသည်လည်းကောင်း ဆိုးဆိုးဝါးဝါး ကြားလို့မကောင်းအောင် ဖြစ်နေတော့သည်။ အိမ်ရှေ့တံခါးမကြီးသည်ပင်လျှင် လေတစ်ချက်မွှေ့လိုက်သည်နှင့် တကျွိကျွိမြည်သွားသဖြင့် နောက်သို့နှစ်လှမ်း သုံးလှမ်းမျှ ဆုတ်မိသွားသည်။

တစ်ဆက်တည်းမှာပင် အိပ်မက်ဆိုးပမာ အတွေးများကဝင်လာပြီး ကြက်သီးမွေးညင်းများပင် ဖျန်းကနဲ ထလို့သွား၏။

တစ်နေရာသို့ ထွက်ခွာသွားသော နာနာဘာဝသည် ယခုအချိန်တွင် သူနေထိုင်ရာ ဤအိမ်သို့ပြန်လာနေတာများ ဖြစ်လေမလား။ ထိုအတွေးက သူ့တစ်ကိုယ်လုံး၌ လှည့်ပတ်စီးဆင်းနေသော သွေးများအား ချက်ချင်းဆုတ်ဆိုင်းအေးခဲသွားစေသည်။

နဂိုကမှ ဖြူဖတ်ဖြူလျော်ဖြစ်နေသော သူ့မှာ ထိုအတွေးကြောင့်ပင် ပို၍ သွေးဆုတ်ဖြူလျော်သွားစေပြီး နောက်ကြောင်းပြန်ပြေးမိတော့မတတ် ဖြစ်သွားရ၏။

ချက်ချင်းပင်သတိပြန်ဝင်လာပြီး မေမေကွယ်လွန်ခါနီးတွင် "သားလေး ဦးမိုးမှောင်၊ ဒေါ်ပန်းရုံတို့ဆီကို အရောက်သွားပါ။ သားကျန်းမာရေးမကောင်းတာကိုတော့ မေမေသိပါတယ်။ မင်းဖေဖေမှာကြားသွားတဲ့စကား ရှိခဲ့ဖူးတယ်ကွယ့်။ ဆွေစဉ်မျိုးဆက်ဖြစ်ခဲ့တဲ့ ဒီအမွေပစ္စည်းကို သူတို့လက်ထဲအရောက် ပို့ပေးရမယ်တဲ့။ တကယ်လို့များ သူတို့မရှိကြတော့ဘူးဆိုရင်တောင် သူတို့ရဲ့ မျိုးဆက်လက်ထဲကို အရောက်အပ်နှံပေးရမယ်တဲ့။ သား ဒီတာဝန်ကိုယူပါ။ ပြီးတော့ ပို့ပေးပါမယ်ဆိုတဲ့ ကတိကိုလည်းပေးပါ"

ဟူ၍ မှာကြားပြီး တစ်ဆက်တည်းပင် သူ့ထံမှ ကတိစကားကိုတောင်းခံခဲ့၏။

ထိုအခါသူကလည်း မေမေ့ကို ကျေကျေနပ်နပ်ကြီး ကတိပေးခဲ့၏။ ထို့ပြင် ဦးမိုးမှောင်၊ ဒေါ်ပန်းရုံတို့မျိုးဆက်ကိုလည်း အလွန်ပင်တွေ့ချင်မိ၏။ ၎င်းတို့ကို စုံစမ်းမေးမြန်းခဲ့ရသည်ကပင် သုံးလေးနှစ်ခန့်ကြာမြင့်ခဲ့၏။

နောက်ဆုံးတွင်မတော့ ဆန်ကုန်သည်တစ်ဦးထံမှ ထိုအမည်မျိုး ပြည်မှာကြားဖူးကြောင်း မိကျောင်းရဲတွင် ရှိမည်ထင်ကြောင်း သတင်းအစအန ရခဲ့၏။ ထိုသူတို့သည် သိုသိုသိပ်သိပ်ဖြင့် ဟိတ်ကြီးဟန်ကြီး နေထိုင်ကြကြောင်း။ အလုပ်ကိစ္စရောင်းရေးဝယ်ရေးနှင့် ပတ်သက်မှသာ လူမှုဆက်ဆံရေးရှိကြကြောင်း၊ အခြားကိစ္စများနှင့်ပတ်သက်လျှင်တော့ ပြင်ပနှင့်ဆက်စပ်ခြင်း မရှိဘဲ တသီးတခြားနေကြကြောင်းစသဖြင့် သိရှိခဲ့ရ၏။

၎င်းတို့၏အရှိန်အဝါဟိတ်ဟန်များကြောင့် နာမည်တစ်လုံးနှင့်နေသော ၎င်းတို့က ပတ်ဝန်းကျင်ကို ဂရုစိုက်အကဲခတ်မိခြင်းမရှိသော်ငြား ပတ်ဝန်းကျင်မှ လူအပေါင်းတို့က ၎င်းတို့အား ကောင်းကောင်းကြီးကို သိရှိထားကြ၏။

သူတို့ပတ်ဝန်းကျင်ရှိလူများက အပေးကြည့်ဖြင့် ဆက်ဆံသိကျွမ်းနေသည်ကို ၎င်းတို့က နည်းနည်းကလေးမျှ သတိပြုမိကြလိမ့်မည်မဟုတ်ပေ။

မည်သို့ဆိုစေကာမူ သူကတော့ကြွ အိမ်ကြီး၏တံခါးဝသို့ရောက်ရှိခဲ့ပြီ ဖြစ်၏။ သူဘယ်လိုမှ ပြန်လှည့်လို့မဖြစ်တော့ပေ။

သူ့ဒေ့မေအားပေးခဲ့သည့် ကတိကို ချိုးဖျက်ရာရောက်သလို သူ့အဖေ၏ ရည်ရွယ်ချက်ကိုလည်း မလေးမစားပြုရာရောက်တော့မည်။ မိခင်နှင့်ဖခင်၏ မျက်နှာတွေကို သူတစ်လှည့်စီမြင်ယောင်လာ၏။

သူသည် သက်ပြင်းမောတစ်ခုကိုချလိုက်ပြီး သူ့ကိုယ်သူ အားတင်းလိုက်သည်။ ကြောက်လန့်စိတ်တွေလွင့်စင်သွားပြီး ရဲရဲတင်းတင်းပင် ရှေ့သို့ တိုးလိုက်ပြီး ဧည့်ခန်းအတွင်းသို့လှမ်းဝင်လိုက်၏။ သူသည်ဆွဲလာသော သားရေအိတ်ကို အသာချလိုက်ပြီးနောက် အခန်းကို လှည့်ပတ်ကြည့်လေ၏။

"အဟမ်း"

သူကချောင်းဟန့်သံပေးလိုက်ရာ ထိုအသံကြီးမှာ အိမ်အတွင်းခန်းတစ်ခုလုံးကို ပဲ့တင်ထပ်သွားပြီးနောက် တခဏချင်းပင်ပြန်လည်၍ ဟိတ်ဆိတ်မြ







www.burmeseclassic.com

www.burmeseclassic.com

တိတ်ဆိတ်သွားလေ၏။

ထိုတိတ်ဆိတ်မှုမှာ လွန်စွာမှချောက်ချားဖွယ်ကောင်းလှသဖြင့် သူ ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ ချောင်းဟန့်သံထပ်ပေးလိုက်ပြန်၏။

"အဟမ်း. . . အဟမ်း"

ဟူသည့် လက်ဆွဲဘာဂျာကို ဆောင့်ကြီးအောင့်ကြီးဖြင့် ဆွဲလိုက်သံက ဟိန်းထွက်လာလေရာ သူ့ဦးခေါင်းမှာလည်း ဆတ်ကနဲ တောင်မတ်သွား၏။ ဆံပင်များ ထိုးထိုးထောင်ထောင် ဖြစ်သွားသလားမသိလိုက်ပေ။

သူက ခေါင်းမော့ကာ အိမ်ပေါ်ထပ်သို့ကြည့်လိုက်၏။ သို့သော် လှေကားမှ ဆင်းလာသူဟူ၍ တစ်စုံတစ်ယောက်မျှမတွေ့ရပေ။ 'ဂွီ'ဟူသော အသံတစ်သံမှတစ်ပါး နောက်ထပ်မည်သည့်အသံမှ မကြားရတော့။

သူကမူ နောက်ထပ်ကြားရလိမ့်နိုးဖြင့် နားစွင့်လျက် နာရီတစ်မတ်သာသာခန့်ဆက်၍ စောင့်မျှော်နေသော်လည်း မည်သည့်လှုပ်ရှားမှုဟူ၍ အရိပ်အယောင်မျှမမြင်ရတော့ပေ။

သူသာခြေ့ခန်း၏ အလယ်တွင်မတ်ဟပ်ရပ်ရင်း ငူငူကြီးငိုင်တွေနေရပြန်၏။ သူသည် လွန်စွာစိတ်ရှုပ်ထွေးလျက်ရှိနေရာ ဖြစ်နိုင်ပါက ရင်ပွင့်မတတ် ဗီကုန်ယမ်းကုန်အော်ဟစ်လိုက်ချင်သည်။ ပိတ်ထဲကလည်း မိဘနှစ်ပါးကို အပြစ်တင်လိုက်မိသည်။

မိမိအား ဘာကြောင့်များ မရဏဂေဟာနှင့်မခြား ထိတ်လန့်ဖွယ်ကောင်းလှသည့် ဤအိမ်ကြီးနှင့်ဆက်နွယ်ပတ်သက်စေခိုင်းရပါသလဲ။ ထိုသို့ စိတ်လက်မအီမသာ ရှိနေစဉ်မှာပဲ. . .

"ဟိတ်"

ထို'ဟိတ်' ဆိုသည့်အသံကြီးမှာ အသံနက်ကြီးလား ထင်မှတ်ရ၏။ သူ့တစ်ကိုယ်လုံးမှာ ရုတ်တရက်ပင် တုန်လှုပ်သွားပြီး ထိုအသံရှင်လူရွယ်မှာ အိမ်၏ အပေါ်ထပ်မှနေ၍ လှေကားအတိုင်း အိန္ဒြေရရဆင်းလာ၏။

ရင်းမျက်နှာမှာ မီးရောင်ထဲတွင် တင်းတင်းမာမာရှိနေပြီး မျက်လုံးအကြည့်များမှာလည်း ခက်ထန်တင်းမာလျက် စူးရှဝင်းလက်နေလေ၏။

"ဟေ့ကောင်. . . မင်းကဘယ်သူလဲ၊ ဘာကိစ္စရှိလို့ ဒီအိမ်ထဲကို ပိုင်စိုးပိုင်နင်းနဲ့ ဝင်လာရတာလဲ"

မေးပုံမှာ အလွန်ပင် ရင့်သီးလွန်း၍ သူ့ရင်က နင့်ကနဲ အောင့်သွားသည်။ မိဘတွေကိုပေးခဲ့သော ကတိတစ်လုံးသာမရှိခဲ့လျှင် သူ ဒီနေရာမှ





အမြန်ဆုံးထွက်ခွာသွားမိမှာ အသေအချာပင်ဖြစ်၏။

"မေးနေတယ်လေကွာ၊ မင်းမှာဖြေဖို့ ပါးစပ်မရှိဘူးလား"

ကိုယ်သာ ကျန်းမာရေးကောင်းနေပါက ထိုကဲ့သို့ အောင့်သက်သက်ဖြစ်ဖွယ်အမေးမျိုးကို မခံချင်စိတ်ဖြင့်ပြန်၍ ဘုတောမိမှာ သေချာသည်။ အခုတော့ ကျန်းမာရေးကမကောင်းဘဲ လူကလည်း ယဲ့ယဲ့သာရှိနေ၏။

"ဟား ဟား ဟား ခုတော့ ခိုးထုပ်ခိုးထည်နဲ့ လူမိခံရပြီ မဟုတ်လား။ ဒီလို မရိုးသားတာဟာ ကိုယ့်သေတွင်းထဲ ကိုယ်ဝင်တာလို့ မထင်မိဘူးလား"

လူရွယ်က လှေကားအောက်ဆုံးထစ်သို့အရောက်တွင် တဟားဟားအော်ရယ်ရင်း စားတော့ဝါးမတတ် စကားမျိုးပြောလေ၏။

သူက ဦးခေါင်းကို ခပ်ဆတ်ဆတ်ခါလိုက်ပြီး. . .

"အေး. . . မင်းပြောတဲ့အတိုင်းပဲ ပုထုဇဉ်မှန်သမျှရဲ့ ခြေလှမ်းတိုင်း ခြေလှမ်းကိုင်းဟာ ကိုယ့်သေတွင်းဆီကို ကိုယ်တိုင်သွားနေကြတာပဲကွ။ မင်း မယုံမရှိနဲ့။ ဘုရားတောင်မှ ပြေးမလွတ်ဘူး။ မင်းတို့ငါတို့ဟာ တစ်နေ့သေကြရမှာပဲ။ ဒါပေမယ့် အဲဒီတစ်နေ့မှာ ဘယ်လိုသေကြရမလဲဆိုတာကိုသာ မပြောနိုင်တာပဲရှိတယ်"

ထိုတစ်ကြိမ်တွင်တော့ မောက်မာစွာဆက်ဆံခဲ့သောလူရွယ်မှာ ငိုင်တွေလို့သွား၏။ တဟားဟားပင် မရယ်မောနိုင်တော့ဘဲ နဖူးကြောတွေ တွန့်သွားပြီး မျက်မှောင်ကုတ်ရင်းက သူ့ကို အံ့သြကြည့်ဖြင့် ကြည့်လေ၏။

ပြီးတော့ သူ့အနီးသို့ ဖြည်းညင်းစွာလျှောက်လာနေရာမှ. . .

"ဒီအိမ်က နောက်ဆုံးလက်ကျန်ဖြစ်တဲ့ငါ့ကိုသတ်ဖို့ မင်းကိုလွှတ်လိုက်တာ မဟုတ်လား။ ဟင်း. . . မင်းတို့အကြံက စကောလောက်မှ အောက်မနက်ပါကားကွ။ ဒီမှာ ငါ့ကို အလွယ်တကူနဲ့ သတ်လို့ရမယ်များ ထင်နေလား။ မရဘူးကွ။ ဝေးသေးတယ်။ ဒင်းတို့ကို လက်စားချေပြီးမှ ငါအသေခံချင်ခံမယ်။ နားလည်လား"

လူရွယ်က ထိုသို့ဒေါမာန်ပါပါ ဟစ်ကြွေးလေ၏။ တကယ်လည်း သတ်တော့ဖြတ်တော့မည့်ပုံစံမျိုး သူ့တွင် တွေ့ရလေ၏။ သူက လူရွယ်အားမျက်လုံးကျွတ်ထွက်မတတ် စူးစိုက်ကြည့်လိုက်၏။

ထိုလူရွယ်၏ပြောပုံဆိုပုံတွေကို နားထောင်ကြည့်ရခြင်းဖြင့် စိတ်မှန့်သေးရဲ့လားဟု ထင်မိ၏။ အရူးတစ်ယောက်ကဲ့သို့ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်တတ်သူမျိုးဟု ထင်မှတ်ရ၏။


www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ တရားသေစွပ်စွဲ၍လည်း မရသေးပေ။ သူသည် ယောကျ်ား ပီသပြီး ခွန်အားဗလနှင့်ပြည့်စုံသည့်အပြင် အင်မတန်မှကြည့်ဖွယ်ရှုဖွယ် ကောင်းသည့်ဥပဓိရုပ်က သက်သေခံနေလေ၏။ အရပ်ကလည်း ငါးပေးခွဲခန့် ရှိပြီး ရင်အုပ်ကားကားနှင့်လက်မောင်းလက်ဖျံတောင့်တင်းသူဖြစ်သည်။

အထူးသဖြင့် သူ၏မေးရိုးကားကား၊ နှုတ်ခမ်းထူထူ၊ နှာတံမှာ တင်ထား သလို ပေါ်ပေါ်စင်းစင်းနှင့် သူ၏မျက်လုံးအကြည့်က စွန်ရဲတစ်ကောင်၏ မျက်လုံးမျက်ဖန်မျိုးရှိပြီး မျက်ခုံးကလည်း ထူထဲနက်မှောင်ကာ မဟာနဖူးက မျိုးရိုးဗီဇကို ထင်ဟပ်ပေါ်လွင်စေ၏။

သတ္တိရာတွင်လည်း ခေမည့်သူတော့မဟုတ်လောက်ဟု ထင်မှတ်ရ၏။ ထိုလူရွယ်၏ သွင်ပြင်လက္ခဏာကို ဝေဖန်သုံးသပ်ကြည့်မိသည်တွင် ရင်ထဲ၌ အတော်လေးကျေနပ်မိ၏။

သူကစကားတစ်ခွန်းမှ ပြန်မပြောနိုင်သေးခင်မှာပဲ လူရွယ်က. . .

"ငါသိနေတယ်၊ မင်းတို့တစ်နေ့မှာ ငါ့ကိုသတ်ဖို့ ဒီကိုရောက်လာလိမ့် မယ်ဆိုတာပေါ့။ ဒါကြောင့် ငါကလည်း ဒီအိမ်ကြီးထဲမှာ တံခါးတွေဖွင့်ပြီး စောင့်နေတာကွ။ ကဲ. . . တွေ့ပြီမဟုတ်လား"

လူရွယ်က တကယ်ရင်ဆိုင်တော့မည့်ပုံစံဖြစ်လာသောအခါ သူသည် နောက်သို့ဆုတ်သွားရင်း လေသံတိုးတိုးဖြင့်. . .

"မင်းရဲ့ထင်မြင်ချက်တွေမှားနေပြီ"

ဟု ခပ်တင်းတင်းလေသံဖြင့် ကန့်ကွက်ပြောဆိုလိုက်၏။

"မမှားဘူး"

လူရွယ်က ထိုသို့ပြတ်တောင်းစွာဆိုလေ၏။ သူကလည်း [illegible]

"မှားတယ်၊ ငါဟာ မင်းထင်သလို မင်းကိုရန်မူဖို့လာတာ မဟုတ်ပါ ဘူးကွာ။ ငါက ဦးမိုးအောင်၊ ဒေါ်မေခင်ရဲ့သားပါ။ ငါ့အမေဒေါ်မေခင်က စေခိုင်းလိုက်လို့ အခုလို ငါရောက်လာတာပါ"

ဒီတစ်ချက်ကြိမ် ခေါင်းငိုက်စိုက်ကျသွားရသူမှာ လူရွယ်ဖြစ်၏။ သွေးကြော ထဲတွင်လည်း ပူခနဲ ရှိန်းခနဲ ဖြစ်သွားလေ၏။ သူသည် ထိုအမည်များနှင့် ငယ်စဉ်ကတည်းက ရင်းနှီးနေသောကြောင့် ဖြစ်သည်။

ဖခင်ကြီးသည် ငယ်ရွယ်စဉ်ကလေးဘဝကပင် မကြာခဏပြောပြခဲ့ဖူး ဖြစ်၏။ နွေလသီတင်းပေါက်သောနေ့များ၌ သားအဖနှစ်ယောက်သည် ဧရာ ဝတီမြစ်ကမ်း၏ သဲသောင်ပြင်တလျှောက်တွင် လမ်းလျှောက်ခြင်းသော် လည်းကောင်း၊ သိုင်းပညာအတူတူလေ့ကျင့်နေသောအခါတွင်လည်းကောင်း ပြောဆိုလေ့ရှိ၏။





နံနက်ဝေလီဝေလင်းတွင် လမ်းလျှောက်ထွက်ရင်း ဖခင်ကြီးက လွမ်းမော ဖွယ်အကြောင်းများကို ပြောပြတတ်၏။

သူ၏မျက်ဝန်းအစုံသည် ရီဝေလျက်ရှိပြီး ထိုလူပြောသည့် အမည်ရှင် များနှင့်ပတ်သတ်၍ ဖခင်ကြီးသည် ထာဝရ တမ်းတမျှော်လင့်နေဟန်ရှိ၏။

သို့သော် ၎င်းတို့သည် ဘယ်အရပ်၌ အဘယ်သို့သောအခြေအနေမျိုးဖြင့် ရပ်တည်ရောက်ရှိနေသည်ကို မေးမြန်းစုံစမ်း၍ မရပေ။ သက်ရှိထင်ရှား ရှိသေးပါရဲ့လား။ သို့တည်းမဟုတ် ရန်သူ့လက်တွင်းကိုများ သက်ဆင်းခဲ့ပြီ လား စသည်ဖြင့် ပူပန်တွေးတောမှုဖြင့်သာ ရှိခဲ့ရပေသည်။

ယခု ထိုနာမည်တွေကို မျှော်လင့်မထားပါဘဲနှင့် ကြားခဲ့ရလေပြီ။ အမှန်တကယ်ပင် ယခုလူရွယ်ကြားသလို သူ၏ဖခင်ကြီးနှင့်မိခင်ကြီးပါ ကြား ရမည်ဆိုပါက ဘယ်သို့ရှိမည်ကို တွေးပင်မတွေးတတ်အောင် ဖြစ်နေမိ၏။

"ဟား ဟား ဟား ခင်ဗျားက ဦးမိုးအောင်၊ ဒေါ်ခင်မေတို့ရဲ့ တစ်ဦး တည်းသောသား ဟုတ်လား။ တော်တော်ရယ်ဖို့ကောင်းပါလား၊ ဒီမှာ ကိုယ့်လူ ကျုပ်ကို မလိမ့်တပတ်လုပ်လို့များ ရမယ်ထင်နေလား။ ကိုယ့်ကိုယ်ကို မိုးကျ ရွှေကို မလုပ်ချင်စမ်းပါနဲ့"

"အေး. . . မင်းယုံတာမယုံတာ ငါ့အလုပ်မဟုတ်ဘူး။ မင်းအလုပ်ပဲ။ ငါ့အလုပ်က ငါ့မိဘတွေပေးခဲ့တဲ့ တာဝန်ပြီးဆုံးသွားဖို့ပဲ"

"ခင်ဗျားတာဝန်က ဘာတာဝန်လဲ"

"ဦးမိုးမောင်လက်ထဲကို ပစ္စည်းတစ်ခု အပ်နှံပေးဖို့ပဲ"

လူရွယ်သည် စိတ်ဝင်စားသွားပြီး သူ့ကိုအာရုံစိုက်ကြည့်ရင်းမှ မေးလိုက်၏။

"ဘာပစ္စည်းမို့လို့လဲ"

"နန်းစဉ်သုံးဓားတစ်လက်"

ထိုစကားကိုကြားလိုက်သည့်အခါ လူရွယ်၏နှုတ်ခမ်းများသည် အံ့ဩမှု ကြောင့် ခပ်ဟဟပွင့်လို့သွား၏။ ၎င်းနန်းစဉ်သုံးဓားအကြောင်းကို ဖခင်ကြီးက ရိပ်ဖမ်းသံဖမ်း ပြောခဲ့သည်ကို အနည်းငယ်ကြားဖူးထားသောကြောင့် ဖြစ်သည်။

နန်းစဉ်သုံးဓားအပေါ်၌ ဖခင်ကြီးက မည်မျှအလေးထားသည်ကိုလည်း လူရွယ်က ခန့်မှန်းသိရှိထား၏။ မိမိကိုယ်တိုင်လည်း ယင်းနန်းစဉ်သုံးဓားကို တွေ့ချင်မြင်ချင်လှ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဒါပေမယ့် ခင်ဗျားမျှော်မှန်းချက်တော့ အလကားဖြစ်သွားပြီ။ သူတို့ မရှိတော့ဘူး။ ကွယ်လွန်သွားကြပြီ"

"အလကားမဖြစ်ပါဘူး။ သူတို့မရှိကြတော့ပေမယ့် သူတို့ရဲ့မျိုးဆက်ကော့ ရှိနေ ပါ"

သူ့စကားအဆုံးတွင် လူရွှယ်၏မျက်နှာမှာ သိသိသာသာကြီး ပြောင်းလဲသွားပြီး မျက်ဝန်းများက ကြည်နူးရိပ်သို့ ခုန်ကူးသွား၏။

"အဲ့ဒီဓားက. . ."

"ငါနဲ့အတူပါလာတယ်။ ဒါနဲ့ အခုသိပ်ပင်ပန်းနေပြီ။ ငါ့ကို ထိုင်ခွင့် မပေးတော့ဘူးလား"

လူရွှယ်က အခုမှ ထိုင်ခိုင်းရန် သတိရလာပြီး တောင်းပန်အပြုံးနှင့် "အို. . . ဆောရီးဗျာ. . . ထိုင်ပါ. . ."

သူသည် မဆိုင်းမတွပင် ခန့်ညားလှသော ကြိမ်ကုလားထိုင်ကြီးရှိရာသို့ ခပ်သွက်သွက်လျှောက်သွားပြီး ဟန်မဆောင်နိုင်တော့ဘဲ အရုပ်ကြိုးပြတ်ဆိုသလို ထိုင်ချပစ်လိုက်တော့၏။ ထိုအခါ အိမ်ရှင်လူရွှယ်က နေရာမှ မရွေ့သေးဘဲ ကြိမ်ကုလာထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည့် ဧည့်သည်ကို စူးစမ်းအကဲခတ်နေလေ၏။

သူ၏မျက်နှာအမူအယာများက ထိုအချိန်မှာတော့ သံသယကင်းစင်သွားသလို တင်းမာသည့် အရိပ်အယောင်များလည်း မရှိတော့ပေ။ သူသည် ရုတ်ခြည်းပင် ရေတစ်ခွက်ကို အလျင်အမြန်ခပ်လိုက်ပြီး ဧည့်သည်ထံ ကမ်းပေးလေ၏။ ဧည့်သည်လူရွှယ်က ကျေးဇူးတင်သည့်မျက်ဝန်းဖြင့်ကြည့်ရင်း ရေခွက်ကို လှမ်းယူကာ အငမ်းမရသောက်လေတော့၏။

ပြီးသည်နှင့် အချိန်ဖြုန်းမနေတော့ဘဲ ခရီးဆောင်အိတ်အတွင်းမှ အထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်ပြီး အိမ်ရှင်လူငယ်ဆီ ကမ်းပေးလိုက်၏။ ၎င်းအထုပ်ထဲရှိအရာမှာ နန်းစဉ်သုံးဓားပင်ဖြစ်၏။

လူရွှယ်သည် အနွယ်တော်သုံး နန်းစဉ်ဓားကို သေချာလေ့လာကြည့်နေ၏။ လက်သုံးတော်ဓားဟုဆိုသော်ငြားလည်း ဤဓားကို ဓားအဖြစ် ဘယ်လိုသတ်မှတ်ရမည်မသိဖြစ်နေသည်။

လူရွှယ်သည် ဓားအမျိုးအစားတော်တော်များကို မြင်တွေ့ဖူး၏။ အထူးသဖြင့် ဓား၏ပုံသဏ္ဌာန်ကိုလိုက်၍ ငါးရှဉ့်ခေါင်းဓား၊ ငှက်ကြီးတောင်ဓားဟု အစွဲပြုခေါ်ဝေါ်ကြ၏။ ထို့ပြင် ဓား၏အတိုင်းအတာ အရှည်မှာလည်း ဓားတစ်လက်နှင့်တစ်လက် ညီတူညီမျှလောက်ရှိ၏။ ကြည့်ဖျော်ရှုဖျော်ရှိသည့် လက်ဆကောင်းသည့်ဓားအမျိုးအစားဟု သတ်မှတ်ရမည်ဖြစ်၏။

ယခု နန်းစဉ်သုံးဓားက ပုံစံတစ်မျိုးဖြစ်၏။ အချိုးအဆက်က ငှက်ကြီးတောင်အချိုးဖြစ်၍ ဓားဦးချွန်ပြီး အသွားပြက်ကျယ်သည်။ သံထု ပါးသည်။ နောက်တစ်ချက်ထူးခြားသည်က လက်ဆ နင့်သည်။

သံအမျိုးအစားကို မခွဲခြားနိုင်သော်လည်း အရည်အသွေးအတော်ကောင်းသည်ဟု ထင်မြင်မိ၏။ ငှက်ခါးရောင်တောက်ပြီး အကွက်များလည်း ရှိနေသည်ကို တွေ့ရ၏။

အသွားမှာမသွေးရဘဲနှင့် အစဉ်ထက်နေဟန်ထူ၏။ ဓားသွားတစ်လက်ပေါ်တွင် ဆံချည်မျှင်တစ်မျှင်တင်၍ လေဖြင့် မှုတ်လိုက်ရုံနှင့် ထိုဆံချည်မျှင်သည် နှစ်ပိုင်းပိုင်းသွားနိုင်သည့် အနေအထားရှိ၏။

ထိုမျှမကသေးပါ။ ဓားအိမ်နှင့် ဓားရိုးပေါ်တွင်လည်း လက်ရမြောက်လှသည့် ပန်းပုရုပ်ကြွများကို တွေ့ရသည်။ ထိုရုပ်ကြွရုပ်များပေါ်တွင် ရွှေရည် ငွေရည်များခြယ်သထားပြီး ရတနာများကိုလည်း အရွယ်အစားအလိုက် လိုအပ်သလို မြုပ်နှံထားသည်ကိုတွေ့ရ၏။

ရတနာကိုးပါးစီခြယ်ထားပုံမှာလည်း အနုစိတ်လှသည်။ ကိုးနဝင်းကိုက်ပြီး အထူးစီမံထားလေရော့သလားဟုပင် မဆိုနိုင်ပေ။

"ဒီဓားက တော်တော်ထူးခြားမယ့်လက္ခဏာပဲ"

"ထူးခြားတာကိုတော့ ပြောမနေနဲ့တော့။ ဒီနန်းစဉ်ဓားဟာ ဆွေစဉ်မျိုးဆက် တစ်ဦးဦးရဲ့လက်ထဲကိုရောက်တာနဲ့ တစ်ခုခုတော့ သက်သေပြတော့မှာပဲ"

ထိုစကားကိုကြားလိုက်ရစဉ် အိမ်ရှင်လူရွှယ်သည် တစ်ကိုယ်လုံးပင် ကြက်သီး တဖြန်းဖြန်း ထသွားပြီး ရင်ထဲမှာလည်း အားရကျေနပ်သွားသလိုရှိလေ၏။

"ဒါပေမယ့်ဗျာ ဒီဓားကို ဓားရှည်လို့လဲမဆိုနိုင်ဘူး။ ဓားတိုလို့လည်း မခေါ်နိုင်ဘူး။ စကောစကနဲ့ ဘယ်လိုပြောရမှန်းမသိအောင် ခန့်မှန်းရခက်နေတယ်"

"ဒါက မင်းအထင်ပြောတာကိုး။ ဒီဓားကို မင်းကိုယ်တိုင်အသုံးပြုတဲ့အခါကျတော့ တွေ့ပါလိမ့်မယ်။ လိုအပ်တဲ့အခါမှာ တုတ်ကောက်ဟာစ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

လောက်ရှည်လာလိမ့်မယ်။ နီးနီးကပ်ကပ်ဆိုသလိုသုံးမယ်ဆိုရင်တော့ ဓားမြှောင် တစ်ချောင်းလိုလည်း အသုံးပြုနိုင်တယ်။ ရန်သူရဲ့အန္တရာယ်ကိုလိုက်ပြီး ပုံသဏ္ဍာန်ပြောင်းပေးတယ်"

သူ့စကားကြောင့် လူရွယ်မှာ မယုံနိုင်လောက်အောင် အံ့ဩနေရာမှ

"အင်း. . . လို့ဂုဏ်ဆန်းကြယ်တဲ့ ဓားကောင်းတစ်လက်တော့ ဟုတ်ပါပြီ။ ဒီဓားရဲ့အမည်နဲ့ ရာဇဝင်ကိုသိရင် တဆိတ်ပြောပြပါလား"

"ဒီဓားရဲ့နာမည်ကို မိစ္ဆာခွင်းဓားလို့ခေါ်တယ်။ ရာဇဝင်ကို နောက်ထားဦး။ တိုင်းပြည်အပေါ်မှာ လက်ဝါးကြီးအုပ်နေတဲ့ တိုင်းတစ်ပါးသားတွေ၊ တိုင်းပြည်အပေါ် သစ္စာမရှိတဲ့လောက်ကောင်တွေ၊ အလိုတော်ရိတွေ၊ မျိုးဖျက်တွေ မှန်သမျှကို မိစ္ဆာကောင်တွေလို့သတ်မှတ်ရမယ်။ အဲဒီလူမျိုးတွေရဲ့သွေးကို ဒီမိစ္ဆာခွင်းဓားက အကြိမ်ပေါင်းများစွာ သောက်သုံးခဲ့ပြီးပြီ"

ဟုပြောလိုက်ရာ အိမ်ရှင်လူရွယ်သည် အတော်ကို စိတ်ဝင်စားသွားဟန်ဖြင့်

"ဒါဖြင့် ကိုယ့်အပေါ်မှာ မတော်မတရားလုပ်တဲ့လူတွေကိုရော"

ဟုမေးလေ၏။

"ဒါလည်းမျိုးဖျက်ပဲကွ။ ကိုယ့်ကျင့်တရားမှမကောင်းတဲ့ဟာ။ မိစ္ဆာကောင် မှန်ခဲ့ရင်တော့ ရှင်းပစ်ရမယ်လေကွာ"

စကားအဆုံးတွင် လူရွယ်မှာလွန်စွာအားရသွားသလို ပြုံးလိုက်၏။ လူရွယ်၏ အပြုံး၌ နာကြည်းခံပြင်းလှသော အငွေ့အသက်များ စီးမျောပျော်ဝင်နေပုံရ၏။

"အတော်အစွမ်းထက်မြက်တဲ့ဓားပဲ"

ဟု တိုးသဲ့သဲ့လေသံဖြင့် မှတ်ချက်ချလိုက်လေရာ ဧည့်သည်လူရွယ်ကလည်း လေသံမြှင့်ပြီး. . .

"ထက်မြက်ရမှာပေါ့ကွာ။ ဒီဓားကိုလုပ်တဲ့နေရာမှာလည်း လွယ်လွယ်နဲ့ ဓားတစ်လက်ဖြစ်ခဲ့တာမှ မဟုတ်တာ။ ဒီဓားကို စရိုက်တယ်ဆိုကတည်းက တောင်ကိုးတောင်၊ မီးကိုးမီး၊ သွေးကိုးသွေးနဲ့ဆေးပြီး သံကောင်းသံမြတ် တွေကို သုံးခဲ့တာကွ။ သီလခံဓားလိုပဲ အင်မတန်တန်ခိုးကြီးထင်ရှားတဲ့ တောင်ကိုးတောင်ဆီကိုသွားပြီး မီးကို မီးပေးပြီး ထုခဲ့တာတဲ့။ အဲဒီသံကိုတော့ ကိုးချိုး ချိုးပြီး တစ်သားတည်းဖြစ်အောင် ထုခဲ့ရတာ။ ပြီးတော့ ဓားကိုဆေး ကိုးချိုး ချိုးပြီး တစ်သားတည်းဖြစ်အောင် ထုခဲ့ရတာ။ ပြီးတော့ ဓားကိုဆေး ငှတော့လည်း သတ္တဝါကိုးမျိုးရဲ့သွေးနဲ့ဆေးပြီး အင်းပါထိုးထားတာလို့ ငါ့ဖခင်က ပြောပြဖူးတယ်"

သူ့ပြောသမျှကို အိမ်ရှင်လူရွယ်က စိတ်ဝင်တစား ခေါင်းတညိတ်ညိတ်ဖြင့်





နားထောင်နေ၏။ သူကဆက်၍. . .

"ယိမ်းနွဲ့ပါးဓားဆိုတာ မင်းကြားဖူးမှာပေါ့။ ဘယ်လောက်ထက်တယ် မှတ်လဲ။ လည်ကိုသာမက ဝါးပိုးတိုင်နဲ့ကြမ်းငါးချောင်းတောင် ပြတ်သတဲ့။ အဲဒီလောက်ထိ ဓားကောင်းဓားမြတ်ဖြစ်တာကွ။ ဓားလုပ်တဲ့နည်းကိုလည်း ကြည့်ဦးလေ။ ဇေယျတု၊ ဇေယျဝရဇိန်၊ ရွှန်းရွှန်းထိန်သာ၊ သိရိနန္ဒာရေ၊ ချက်ဖွေး ညီးညီး၊ ကနက်သီးကို စင်းသီးဖြန့်တင်၊ သီလဝံဟု သံရှင်ရဟတ်၊ ဓားတော် လွတ်၍ မိုးထွတ်စည်းစည်း၊ လှမင်းလှည်းသို့ လို့ဟောင်ဆိုကြသေးတယ်"

သူသည် စကားကို ရှည်လျားစွာ ပြောလိုက်ရသဖြင့်လွန်စွာမှ မောပန်း သွားပုံရ၏။ ကုလားထိုင်နောက်မှီကို ကျောကပ်ထားပြီး မျက်ဝန်းကိုမှိတ် ထားလျက် အသက်ကိုပုံမှန်ရအောင် ရှူရှိုက်နေလေ၏။

ယခုအခါ၌ သူ့အသားအရေသည် စောစောကထက်ပို၍ ဖြူလျော် လာသည်ဟု ထင်ရ၏။ သူ့အသွင်အပြင်ကိုကြည့်ရသည်မှာ ရောဂါတစ်မျိုး မျိုးက လူနှင့်မလိုက်အောင် ဖိစီးနှိပ်စက်နေသလားဟု တွေးမိ၏။

အိမ်ရှင်လူရွယ်သည် မိမိနှင့်သက်တူရွယ်တူမျှသာရှိသော ဧည့်သည်ကို ကြည့်ရင်း လွန်စွာစိတ်မကောင်းဖြစ်သွားလေ၏။ ထိုအချိန်မှာတော့ သူတို့ နှစ်ဦးမှာ တွေ့စကလို စိမ်းမနေတော့ဘဲ ရင်းနှီးခင်မင်သွားကြပြီဖြစ်သလို တစ်ဦးနှင့်တစ်ဦးလည်း သံသယဟူ၍ အနည်းငယ်မျှ မရှိကြတော့ပေ။

အိမ်ရှင်လူရွယ်က ဧည့်သည်ကို မိတ်ဆွေရင်းပမာ ဖေးမသည့်အနေဖြင့် သက်တောင့်သက်သာအနားယူစေလို၏။ ဖြစ်နိုင်ပါက ညတွင်းချင်းပင် မိမိ ကိုယ်တိုင်ဆေးဆရာပင့်၍ ဆေးဝါးကုသပေးစေလို၏။

ထိုအကြောင်းကိုဖွင့်ပြောသည့်အခါ ဧည့်သည်လူရွယ်က ၎င်း၏ ကြင်နာ နွေးထွေးမှုကို အသိအမှတ်ပြုပြုံးပြပြီး ညင်သာစွာ ငြင်းပယ်လေ၏။ ပြီးနောက်

"ငါ့အပေါ်မှာ အခုလို နွေးထွေးကြင်နာစွာလက်ခံတဲ့အတွက် ကျေးဇူး တင်ပါတယ်။ ကြည်နူးပီတိလည်း ခံစားရပါတယ်။ အခုအချိန်မှာ ငါ့ကျန်းမာ ရေးကို ဦးစားပေးလို့မဖြစ်ဘူး။ မင်းသိသင့်သိထိုက်တာတွေသိလိုက်ဖို့က အရေးကြီးတယ်။ ဒီတော့ ငါ့ကို ရေတကောင်းတစ်လုံးနဲ့ ရေအပြည့်ထည့်ပြီး ငါ့အနားမှာ လာချပေးထားပါ။ ပြီးတော့ ငါ့စကားတွေကို လေးလေးနက်နက် နားထောင်ပါ"

ဟူ၍ ရှင်းပြသလိုနှင့် တိုက်တွန်းပြောလိုက်လေရာ အိမ်ရှင်လူရွယ်လည်း မည်သို့မျှမတတ်နိုင်တော့ဘဲ ၎င်းဆန္ဒအတိုင်း အလျင်အမြန်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com


ပေးလေ၏။ အချိန်အနည်းငယ်အတွင်း ပြီးစီးသွားသည်နှင့် ရင်းနှင့်မျက်နှာ ချင်းဆိုင်ကြိမ်ကုလားထိုင်မှာ ထိုင်လိုက်ပြီး အသင့်စောင့်ဆိုင်းနေလိုက်၏။ ညှိုသည်လှူရှယ်သည် ရေတကောင်းမှရေကို ဖလားဖြင့်ငှဲ၍ အနည်းငယ်သောက်လိုက်ပြီးနောက် အောက်ပါအကြောင်းအရာများကို ဖြည်းဖြည်းချင်း ပြောလေတော့၏။

♣ ♣ ♣

## အခန်း(၂)

သီပေါမင်းပါတော်မူပြီးနောက် နယ်ချဲ့တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းကို သိမ်းပိုက်လိုက်ပြီဟု ကြေငြာလိုက်သော်လည်း အနယ်နယ်အရပ်ရပ်ကိုတော့ လုံးဝအုပ်ချုပ်နိုင်ခြင်းမရှိသေးပေ။ အုပ်ချုပ်နိုင်စွမ်းမရှိသဖြင့် အုပ်ချုပ်နိုင်ရေးအတွက် အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရလေ၏။

မြန်မာလူမျိုးများသည် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကိုယ့်နယ်မြေကိုယ့်ဒေသမှ ရသမျှ လူအင်အားစုဆောင်းပြီး ရှိသမျှလက်နက်များနှင့် ဗြိတိသျှ အစိုးရအားတော်လှန်လျက်ရှိလေ၏။ ထိုတော်လှန်မှုများထဲတွင် ချင်းတောင် တန်းသည်လည်း ပါဝင်ခဲ့၏။

(၁၈၈၈)ခုနှစ် မတ်လအတွင်း၌ စစ်ဘက်နယ်ဘက်အရေးပိုင်ဖြစ်သော ဗိုလ်ကြီးရိုက်သည် ချင်းတောင်သို့ အပြေးအလွှားရောက်လာတော့သည်။ ဗိုလ်ကြီးရိုက်သည် စကားပြောခက်ထန်၍ မောက်မာကာ မာနကြီး၏။ သူသည် ချင်းအမျိုးသားခေါင်းဆောင်များဖြစ်သော ထွန်းစံ၊ ဟောက်စံ၊ ဒေါ်စံ၊ တင်းစံ စသော ချင်းအမျိုးသားခေါင်းဆောင်များနှင့်တွေ့ဆုံသည်။ ခြိမ်းခြောက်သည်။ မက်လုံးပေးသည်။

သို့သော် ဗြိတိသျှတို့၏စကားကို မယုံသဖြင့် လက်မခံကြပေ။ ထိုချင်းခေါင်းဆောင်များထဲက ထွန်းစံက မိမိတို့၏ လေသာတောင်ကို ဖြတ်ကျော်ခွင့်မပေးနိုင်ဟု ရဲရဲတောက်ငြင်းဆိုလိုက်သည်။

ထို့နောက် ဖလမ်းမြို့မှ ချင်းအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ကြွမ်အိမ်နှင့်တွေ့ဆုံသည်။ ဗိုလ်ကြွမ်အိမ်က မိမိတို့နယ်မြေထဲသို့ ဝင်ရောက် လာလျှင် အလွန်မိုက်မဲရာကျသည်ဟု ပြောင်ပြောင်တင်းတင်းပြောပစ်ခဲ့လေ၏။

သို့ဖြင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာ့သွေး၊ မြန်မာ့ချွေး၊ မြန်မာ့



www.burmeseclassic.com

ဇာတိမာန်ကို ကောင်းကောင်းကြီးသဘောပေါက်သွားတော့သည်။

ဗိုလ်ကြွမ်းအိမ်သည် လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်စုံသည့်အလျောက် စည်းရုံးရေးဘက်တွင်လည်း အလွန်ထူးချွန်သည်။

ရွှေချိုးဖြူမင်းသား၊ ဗိုလ်သာဒွန်း၊ ဗိုလ်တုတ်စံတို့နှင့်ပူးပေါင်းကာ ဗြိတိသျှ ကိုလိုနီနယ်ချဲ့များအား ရဲရဲတောက် တော်လှန်တိုက်ထုတ်ရန် ပြင်ဆင်ခဲ့၏။ တိုက်ပွဲများမှာလည်း လွန်စွာပြောင်မြောက်ပြင်းထန်လှ၏။

အင်ဒင်ရွာတွင် တပ်စွဲထားသော မျက်နှာဖြူဗြိတိသျှများအား အလစ် အငိုက် ဝင်ရောက်တိုက်ခိုက်သည်။ ယင်းတိုက်ပွဲတွင် မြန်မာ့ဓားအစွမ်းကို အံ့မခန်းမြင်တွေ့ကြရသည်။ သစ္စာဖောက်အလိုတော်ရိစော်ဘွားများကို ဖမ်းဆီး နိုင်ခဲ့၏။ တစ်ချိန်တည်းမှာပင် ချင်းအမျိုးသားများကလည်း ကလေးမြို့ကို လူ၅၀၀ဖြင့်လည်းကောင်း၊ ကဘော်မြစ်ဝှမ်းဒေသသို့လည်းကောင်း တိုက် ခိုက်ခဲ့ကြသည်။

ဟားခါးမှ ချင်းအမျိုးသားများကလည်း အညံ့မခံဘဲ ပခုက္ကူခရိုင်၊ ဂန့်ဂေါ နယ်တွင်ရှိသော ဗြိတိသျှစစ်စခန်းများကိုလည်း သူ့ကျွန်မခံ စိတ်ဓာတ်ဖြင့် တိုက်ကြပြန်၏။

နယ်ချဲ့ဗြိတိသျှစစ်အင်အားသည် တဖြည်းဖြည်း အထိနာသည်ထက် နာလာကြပြီး အကျအဆုံးများစွာဖြင့် အရှုံးမီးဝိုင်းသည့်ပမာ ရှိနေတော့သည်။

အရှက်တကွဲအကျိုးနည်းဖြစ်နေသော ဗြိတိသျှနယ်ချဲ့တို့သည် ကြမ်းချင် တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းခဲ့ကြပြီး ကန်ပက်လက်နှင့် ကလေးဝမြို့ကိုပင် မီးတိုက်သည်အထိ ယုတ်မာရက်စက်စွာ ပြုလုပ်ကြ၏။

သို့သော် မြန်မာတို့က ဒူးထောက်အညံ့မခံဘဲ အင်္ဂလိပ်စစ်တပ်မှူး ဗိုလ်မစ်ချဲနှင့်တပ်သားနှစ်ဦးကျဆုံးသည်အထိ တန်ပြန်ထိုးစစ်ဆင်နိုင်ခဲ့ကြ၏။

ထို့နောက် နယ်ချဲ့တပ်များနှင့် ချင်းတော်လှန်ရေးတပ်များသည် နေ့ည မဟူ တိုက်ပွဲများဆက်၍ ဖြစ်ပွားခဲ့၏။ နယ်ချဲ့ဘက်မှ အရာရှိ၃ဦးနှင့် တပ်သား ၂၀ဦး ကျဆုံးသည်ဟု ကမ္ပည်းတင်နိုင်ခဲ့သည်။

အင်္ဂလိပ်တို့သည် ချင်းတောင်တန်းတစ်ကြော၌ ထိုသို့ဆက်လက်တိုက် ခိုက်နေပါက မိမိတို့သာအထိနာလာကြတော့မည်ကို သိမြင်လာဟန်ရှိပြီး ဗိုလ်ကြွမ်းအိမ်၏ တိုက်ရည်ခိုက်ရည်ကိုလည်း ကြောက်ဒူးတုန်လာပုံရ၏။

သို့သော်လည်း ဗိုလ်ကြွမ်းအိမ်သည် တိုက်ပွဲကာလအတွင်း၌ ဖမ်းမိခဲ့ သောကုလားစစ်သားများကို ပြန်လွှတ်ပေးခဲ့၏။



ထို့နောက် မြန်မာ့တော်လှန်ရေးသမားများဖြစ်သော ရွှေချိုးဖြူမင်းသား နှင့်မြန်မာ့သူရဲကောင်းများကို လုံးဝမအပ်နှံခဲ့ဘဲ ၎င်းတို့အားခြေရာဖျောက် နိုင်မည့်အရပ်သို့ ကောင်းစွာပို့ဆောင်ပေးခဲ့၏။

"အဲ့ဒီလိုနဲ့ ရွှေချိုးဖြူမင်းသားရဲ့တပ်မှာ တပ်မှူးအဆင့်နဲ့တာဝန်ထမ်း ခဲ့ကြတဲ့ ဦးမိုးမှောင်နှင့် ဦးမိုးအောင်ညီအစ်ကိုနှစ်ယောက်ဟာလည်း ပခုက္ကူ နယ်ဘက်မှာ ခြေရာဖျောက်နေခဲ့ကြတယ်။ ဒါနဲ့ဆက်ပြောရဦးမယ်"

ဆက်ပြောရဦးမယ်ဟု ဆိုသော်လည်း စကားကဆက်၍ ထွက်မလာပေ။

စကားကိုဆက်တိုက်ကြီးပြောလာခဲ့ရသဖြင့် သူသည် မောဟိုက်ပင်ပန်း နေပုံရပြီး သူ့ကိုယ့်ခန္ဓာက လှုပ်ရှားနိုင်ခြင်းအလျဉ်းမရှိတော့သလို ငြိမ်သက် သွားပြန်၏။ ခဏကြာမှ. . .

"သူတို့ညီအစ်ကိုဟာ ပခုက္ကူရောက်တော့ ရွှေမုဋ္ဌောစေတီတော်ကို သွားပြီး သစ္စာပြုခဲ့ကြသတဲ့။ မိစ္ဆာခွင်းဓားနဲ့ လက်မောင်းသွေးကိုဖောက်ပြီး ငွေဖလားနဲ့ခံကြတယ်။ အင်္ဂလိပ်နယ်ချဲ့မိစ္ဆာကောင်တွေကို ဒီဓားနဲ့ အဆုံး စီရင်ဖို့၊ အလိုတော်ရိသစ္စာဖောက်တွေကို ဒီဓားနဲ့လည်လှီးနိုင်ဖို့၊ မျိုးဖျက် ရန်သူတွေမှန်သမျှကို ဒီဓားနဲ့ရာဇဝင်ကြွေးဆပ်နိုင်ဖို့၊ ပြီးတော့ ဒီဓားကို ကိုင်ဆောင်ထားသူဟာ သူမရှိတဲ့နောက်ပိုင်း ဆွေစဉ်မျိုးဆက်လက်ထဲအရောက် အပ်ဖို့စတဲ့အချက်တွေနဲ့ သစ္စာပြုပြီး လက်မောင်းသွေးသောက်ခဲ့ကြတာတဲ့"

"ရွှေမုဋ္ဌောဘုရားက တော်တော်တန်ခိုးကြီးပုံရတယ်"

ဟု လူရွယ်က ချိန်ချိန်ဆဆဖြင့် ထောက်မေးလိုက်ရာ ဧည့်သည်လူရွယ်က ခပ်ယဲ့ယဲ့ပြုံးရင်း. . .

"အေး. . . ရွှေမုဋ္ဌောဘုရားဟာ တန်ခိုးကြီးဘုရားတစ်ဆူပဲ။ ဆုတောင်း လည်းပြည့်တယ်။ ဒါပြင်ဆိုရရင်တော့ သမိုင်းဝင်ပုထိုးတော်ကြီးပေါ့ကွာ။ ဒီဘုရားက အသောကမင်းကြီးလက်ထက်က မုဋ္ဌောကိုဆူတည်ထားကိုးကွယ်တဲ့ စေတီကိုးဆူမှာ တစ်ဆူအပါအဝင်လေ။ နောက်ပြီး ပခုက္ကူသားတွေ နယ်ချဲ့ အင်္ဂလိပ်ကို တော်လှန်တဲ့နေရာမှာ ဒီမုဋ္ဌောစေတီတော်ကြီးမှာ သစ္စာခံပြီး တော့ ရရာလက်နက်နဲ့ ခုခံခဲ့တာကွ။ မောက်တို မောက်ရှည်တွေမှာတောင် မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေ ရေးထိုးရွတ်ဆိုကြပြီး သဘောနဲ့ဆန်တက် လာတဲ့ နယ်ချဲ့တွေကို အမြောက်နဲ့ခုခံကြသေးတာ"

ပြောရင်းဖြင့် သူ့လေသံမှာ တင်းမာခက်ထန်လာသလိုရှိပြီး ရင်ထဲတွင် နာကြည်းနေပုံရသည်။ သူ၏ကျန်းမာရေးအခြေအနေကြောင့် အားမတန်



www.burmeseclassic.com

www.burmeseclassic.com


မာန်လျှော့ဆိုဘိသကဲ့သို့ တင်ရပေ၏။ သူက အားတင်းလိုက်ပြီး. . .

“ဒါတင်မဟုတ်သေးဘူး။ သီပေါမင်းပါတော်မူပြီးနောက်မှာတောင် ပဒ္မ
နယ်သားတွေဟာ လက်နက်မချဘဲ အင်္ဂလိပ်ကိုဆက်လက်တော်လှန်ခဲ့ကြ
တာတဲ့။ ကွမ်းရွာတိုက်ပွဲဟာ အင်မတန်ထင်ရှားကျော်ကြားတယ်။ ပြီးတော့
ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဖြစ်တဲ့ စကုစလင်းတိုက်ပွဲတွေဟာလည်း
မမေ့နိုင်စရာပဲ။ အင်း. . . အလံမလှဲကိုက်ပွဲဝင်ခဲ့ကြတဲ့ ရွှေချိုးဖြူမင်းသား
ဗိုလ်ကွယ်၊ ဗိုလ်စကား၊ ဗိုလ်ရာကွတ်၊ ဗိုလ်သာဒိုးနဲ့ ဟာသ်ဗိုလ်တို့ဟာ ထင်ရှား
တဲ့မျိုးချစ်ခေါင်းဆောင်တွေပေါ့”

သူ့စကားအဆုံးတွင် လူရွယ်သည် ပါးစပ်အဟောင်းသားနှင့်ငေးမော
နေလေ၏။ သူတို့နှစ်ဦးစကားကောင်းနေကြစဉ်တွင်တော့ ညက တဖြည်းဖြည်း
ရင့်ရော်အိုမင်းလို့လာ၏။ ပတ်ဝန်းကျင်သည်လည်း တစပြင်ကဲ့သို့ ဟိတ်သိတ်
မြိတိတ်ဆိတ်လျက်ရှိ၏။

“ဒါနဲ့ ဦးမိုးမှောင်နှင့်ဦးမိုးအောင်တို့ ဘာတွေဆက်ဖြစ်သလဲဆိုတာ
ပြောစမ်းပါဦး”

လူရွယ်က တိတ်ဆိတ်မှုကိုစတင်ဖြိုခွင်းလိုက်၏။ သူက ချောင်းတစ်ချက်
ဟန့်လိုက်ပြီးမှ. . .

“အဲ့ဒီလို သစ္စာပြုပြီးတဲ့နောက်တော့ သူတို့ညီအစ်ကိုဟာ မထင်မရှား
ရွာလေးတစ်ရွာမှာ ခိုအောင်းနေခဲ့ကြတယ်။ အဲ့ဒီမှာပဲ ငါ့ဖခင်ဟာ ဒေါ်မေခ
ဆိုတဲ့မိန်းကလေးနဲ့ အိမ်ထောင်ကျတယ်။ အစ်ကိုက အိမ်ထောင်ပြုလိုက်တော့
ညီဖြစ်သူဦးမိုးမှောင်လည်း ငါ့ဖခင်ဆီမှာ ခွင့်ပန်ပြီး ပြည်ကိုထွက်လာခဲ့သတဲ့
နောက်တော့ ပြည်မှာပဲ ဒေါ်ပန်းရုံနဲ့ အိမ်ထောင်ပြုတယ်လို့ သိကြရသတဲ့
နောက်ပိုင်းမှာတော့ သတင်းအစအနတောင် လုံးဝမကြားရလောက်အောင်
အဆက်အသွယ်ပြတ်သွားကြတယ်”

ညှို့သည်လူရွယ်သည် သူ့စကားဆုံးသောအခါတွင် အိမ်ရှင်လူရွယ်ကို
အတန်ကြာစိုက်ကြည့်နေ၏။ ညှို့သည်လူရွယ်ပြောပြခဲ့သည့် စကားများက
မိမိဖခင်ကြီးပြောပြခဲ့သည့်အကြောင်းအရာနှင့် တစ်ထပ်တည်းဖြစ်နေလေ၏
သူသည် အံ့သြမှင်သက်စွာဖြင့် ညှို့သည်ကိုကြည့်နေလေ၏။

“ဒါဖြင့် ခင်ဗျားက ဦးမိုးအောင်နဲ့ ဒေါ်မေခင်တို့ရဲ့သားပေါ့”

“မှန်တာပေါ့၊ တစ်ဦးတည်းသော သားပါလို့ပြောခဲ့ပြီးပြီလေ”

“နာမည်က. . .”

“လှိုင်ဘွား”

ဟု ခပ်ဆတ်ဆတ်ကလေးဖြေပြီးမှ တန်ပြန်မေးခွန်းထုတ်လေ၏။

“မင်းကရော ဦးမိုးမှောင်နဲ့ ဒေါ်ပန်းရုံတို့ရဲ့သားလား”

“ဟုတ်တယ်”

“မင်းနာမည်ကရော”

“လှိုင်ဘွား”

“ဟား. . . ဟား. . . သဘောကျသကွာ။ ဒီနာမည်က မျိုးချစ်စိတ်ကို
ရောင်ပြန်ဟပ်တဲ့နာမည်မျိုးကွ။ ဒါထက်မင်းက တစ်ဦးတည်းပဲလား”

“မဟုတ်ပါဘူး၊ ကျုပ်အထက်မှာ အစ်မတစ်ယောက်ရှိခဲ့ဖူးတယ်။
နန်းကြော့ခိုင်တဲ့”

ထိုအခါ ညှို့သည်လှိုင်ဘွားက မေးစင်းထားသောမျက်လုံးကိုဖွင့်ကြည့်ပြီး
မေးလေ၏။

“အခု သူတို့တွေက. . .”

ထိုမေးခွန်းကြောင့် အိမ်ရှင်လှိုင်ဘွားက အံကြိတ်ပြီး မာတောင့်တောင့်
လေသံဖြင့် ပြန်ဖြေ၏။

“သူတို့အားလုံးမရှိကြတော့ဘူး။ ခုတော့ ကျွန်တော်တစ်ယောက်တည်း”

ညှို့သည်က

“ဪ. . . အင်း. . . အင်း”

ဟုဆိုရင်းနှင့် ခေါင်းကာဆတ်ဆတ်ညိတ် လုပ်နေရာမှ. . .

“အင်း. . . ငါ့ညီရေ၊ သေမျိုးတွေဆိုတော့ သေကြရမှာပဲ။ အခုပဲ မင်း
ကြည့်လေ။ ငါဆိုရင်လည်း သေရက်ကိုစောင့်နေရသလိုပဲ။ ဒါပေါ့လေ။ သေပြီး
တဲ့နောက်တော့ ပြီးသွားစမြဲပေါ့ကွာ။ မြေပဲမြုပ်မြုပ်၊ မီးပဲရှို့ရှို့၊ ရေပဲမျှောမျှော
ဘာမှတန်ဖိုးမရှိတော့တဲ့ ငှက်ပျောတုံးကြီးပါပဲလေ”

“အဲ့ဒီလို သွေးရိုးသားရိုးဆိုရင် ကျွန်တော်ဖြေသာပါသေးတယ်ဗျာ။
ခုတော့ ဖေဖေရော၊ မေမေပါ လုပ်ကြံခံခဲ့ရတာ။ မမနန်းကြော့ခိုင်ကတော့
ဒီဒဏ်ကို မခံနိုင်လွန်းလို့ သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ရှာတယ်။ အေးလေ. . .
မမရဲ့ပယောဂမကင်းမှုက စခဲ့ရတယ်လို့ဆိုရမှာပေါ့”

စောစောက ယူမမာတစ်ယောက်လို နုံးခွေနေသော ညှို့သည်လှိုင်ဘွား
သည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး စိတ်မြန်လက်မြန်လုပ်တော့မည့်အသွင်ဖြင့်

“အဲ့ဒါကို မင်းငုံ့ခံနေမှာလား။ အရှုံးပေးမှာလား”



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်လိုက်လေရာ ဂူင်းအသံမှာ အိမ်ကြီးတစ်ခုလုံးသိမ့်သိမ့်တုန်သွား မတတ် ကျယ်လောင်ပြင်းထန်လွန်းသည်ကြောင့် အိမ်ရှင်လူရွှယ်မှာ တစ် ကိုယ်လုံးကြက်သီး ဖြန်းဖြန်းထသွားလေ၏။ ရင်၌လည်း တင်းကြပ်စွာခံစား လိုက်ရ၏။

တွေ့သည်မှာ အချိန်အနည်းငယ်မျှသာရှိသေး၏။ သို့သော် သူတို့နှစ် ဦးသည် ဂူင်းအခိုက်အတန့်မှာပဲ နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်ခဲ့သည့် ညီရင်းအစ်ကိုပမာ ခင်မင်သံယောဇဉ်ဖြစ်မိကြ၏။ အမှတ်မထင်ရောက်ရှိ လာသည့် ဧည့်သည်မှာ မိမိနှင့်တစ်ဝမ်းတည်းသာကွဲသည့်အစ်ကိုဟော်စပ်သူ ဖြစ်နေလေပြီ။

သူသည် ဆွေမရှိ၊ မျိုးမရှိတစ်ကောင်ကြွက်မဟုတ်တော့။ အထီးကျန် သွေ့ခြောက်တဲ့ဘဝမျိုးမရှိတော့။

ထိုခံစားမှုများမှာ ရင်တစ်ခုလုံး ရှန်းကြွဖြစ်တည်လာလေရာ စိတ်အား ထက်သန်မှုဖြင့် ထိုင်ရာမှထလိုက်စဉ်ပဲ. . .

"ဟင်"

လှည့်ပတ်စီးဆင်းနေသောသွေးများ ရုတ်ခြည်းရပ်တန့်သွားပြီး ငယ်ထိပ် ပွင့်ထွက်သွားသလို သူ့တစ်ကိုယ်လုံး ဘိုင်းကနဲ လဲကျမသွားအောင် မနည်း ထိန်းလိုက်ရ၏။

ကံကြမ္မာသည် အဘယ်မည်သောအကြောင်းကြောင့် မိမိဘဝကို အဆုံးရှုံး ရက်စက်ကြေကွဲစေရန် ဖန်တီးလိုက်ပါသလဲ။ ကောက်ရိုးတစ်ပင်ပမာ မှီတွယ် အားထားရပြီဟု ယုံကြည်မျှော်လင့်မှုများကို ဘာကြောင့်များ စက္ကန့်ပိုင်း အတွင်း ဖြတ်တောက်လိုက်ရပါသလဲ။

ရင်၌ ရှန်းဖွဲ့လာသည့်ကြေကွဲခံစားမှုများကို မြိုသိပ်နိုင်စွမ်းမရှိတော့ပြီမို့ သူသည် အဆုံးစွန်ဖွင့်ဟ ငိုကြွေးလိုက်တော့၏။

"အစ်ကို လှိုင်ဘွား. . . "

သို့အော်ဟစ်ရင်း ဧည့်သည်လူရွှယ်ကို တင်းကြပ်စွာပွေ့ဖက်လျက် ငိုကြွေးလိုက်လေရာ သူ၏ငိုကြွေးနေခြင်းကို ဧည့်သည်လူရွှယ်သည် အနည်း ငယ်မျှ နှစ်သိမ့်နိုင်စွမ်းမရှိသလို ကြားနိုင်စွမ်းလည်းမရှိတော့ပေ။

ဂူင်းလူရွှယ်သည် ပြောချင်သည့်စကားများကိုပြောဆိုပြီး သူ၏ရုပ်ခန္ဓာကို ချန်ခဲ့ကာ နာမ်ဝိညာဉ်ကတော့ စိတ်လက်ပေါ့ပါးစွာ ထွက်ခွာသွားပြီ ဖြစ်ပေတော့၏။

♣ ♣ ♣





## အခန်း(၃)

ထိုနေ့သည် မီးချောင်းရဲ့ရွာဒေသခံများအဖို့ လွန်စွာအံ့ဩဖွယ်နေ့တစ်နေ့ ဟူ၍ သတ်မှတ်ရမည်ဖြစ်သည်။ သုဿန်တစပြင်ကဲ့သို့သတ်မှတ်ထားကြ သည့် နှစ်ဆောင်ပြိုင်အိမ်ကြီးသည် ထိုနေ့မနက်လင်းအာရုဏ်သန်းချိန်မှာပဲ မီးဟုန်းဟုန်းတောက်လောင်သည့်အဖြစ်နှင့် ရင်ဆိုင်ကြုံတွေ့ရလေ၏။

ထိုအခါ မိကျောင်းရဲတစ်ရွာလုံးမှာ ကျွတ်ကျွတ်ညံယောက်ယက်ခတ် နေတော့၏။ အမျိုးသမီးများကပို၍ အော်ဟစ်ပြောဆိုရင်း ရင်တမမရှိနေ ကြ၏။

မိမိတို့၏အိမ်များ၊ တဲငယ်များ၊ ကောက်ရိုးပုံများ၊ နွားတဲများ၊ မြင်းဇောင်း များပါမကျန် မီးကူးစက်လောင်ကျွမ်းသွားမှာကို စိုးရိမ်ပူပန်နေကြပြီး တစ်ရွာ လုံး ယောက်ယက်ခတ်နေတော့သည်။

မီးကလည်း တဖြည်းဖြည်းနှင့် အရှိန်ကောင်းသည်ထက်ကောင်းလာ လျက် တရှိန်ရှိန်တောက်လောင်နေသော မီးညွန့်မီးလျှံများသည် မိုးကောင်းကင် ဆက်သို့ပင် တက်စပြုနေပြီး နံနက်ခင်း၏အလင်းရောင်ကိုပင် မီးတောက် များ၏အလင်းက အထောက်အကူပေးနေသလိုရှိနေသည်။

ပြတင်းပေါက်များ၊ တံခါးမများမှ အလျှံညီးညီးထွက်ခုန်လာသောမီးအားက ကြောက်ခမန်းလိလိပင်ဖြစ်၏။ တစ်ခါတစ်ရံ၌ လေကတဝူးဝူးတိုးဝှေ့တိုက် ခတ်ပြန်သေး၏။ လေပြင်းများအဆက်မပြတ်တိုက်ခတ်လာသောအခါတွင် မီးလုံးကြီးများက တဖျောင်းဖျောင်းမြည်ကာ ထိုးတက်သွား၏။

တစ်ခါတရံတွင် မီးပန်းများသို့ပင် ဘေးသို့ဖြာ၍ ရှန်းကန်ထွက်လာရင်း အံတုအာခံပြနေသည်နှင့်ပင်တူနေတော့သည်။ ဤအိမ်ကြီးသည် ခေတ် အဆက်ဆက်က ထုထည်ကြီးမားလှသော သစ်ကောင်းသစ်သန့်များဖြင့်


www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်ခဲ့ခြင်းဖြစ်သောကြောင့် ထိုမျှအင်နှင့်အားနှင့်ဆိုသလို လော
ကျွမ်းနေခြင်းဖြစ်သည်။

ထိုပြင်အိမ်ကာပျဉ်များအား ရေနံချေးဝအောင်သုတ်ထားရာ မီးတောက်
နှင့်ရေနံချေးသည် ပန်တင့်နေသလိုရှိ၏။ မကြာခင်တွင် အိမ်ကြီးတစ်ခုလုံးကို
မီးတောက်များက ဝါးမြိုတော့မှာသေချာနေပေပြီ။

မီးငြိမ်းသတ်ရန် တစ်အိမ်လျှင်တစ်ယောက်ထက်မနည်း ထွက်လာကြရ
လူအင်အားမှာလည်း မနည်းလှပေ။ လူအုပ်ကြီးသည် ရေပုံးများဖြင့်ပက်
သူကပက်၊ သဲများဖြင့် ပက်သူကပက်ဖြင့် အိမ်၏ပတ်ပတ်လည်တွင် အုံလိုက်
ကျင်းလိုက် ရှိနေတော့၏။

"နင့်ရေစည်လှည်းကို ဦးပေါက်ကြီးတို့ဘက်ကိုသွားပါလား။ ဟိုမှာ
ရေပြတ်နေပြီ"

"အို . . . အောင်ဘ နင့်ကိုကြည့်ရတာ အားမရလိုက်တာ။ ယောကျ်ား
ဖြစ်ပြီး ကျားကျားလျားလျားမရှိလိုက်တာ လွန်ပါရော"

"ဟိုကောင် ဖိုးတုတ်၊ နင်တို့အုပ်စုဘာကြောင်နေတာလဲ။ သန်းနိုင်တို့
မြခိုင်တို့ဖက်ကို ဝင်ကူပါတော့လား။ အဲ့ဒီဘက်က မီးအားကောင်းနေပြီ"

"အိမ်နံရံတွေကို ဆွဲဖျက်ဟေ့။ မီးစွဲတော့မယ်"

ဟူ၍ တစ်ယောက်တစ်ပေါက်အော်ကြဟစ်ကြနှင့် ဆူညံနေတော့၏။
ရေဖြင့်တဝေါဝေါပက်ကြသူများ၊ အိမ်ကိုမီးချိတ် မီးကပ်များဖြင့် ဆွဲချရိုက်နှ
သံများကလည်း တဝုန်းဝုန်း တဒိုင်းဒိုင်းဖြင့် ညသည် ထိတ်လန့်ကုန်လှုပ်ဖွယ်
ရှိနေတော့၏။

သို့သော်လည်း ၎င်းဒေသခံများ၏ အွဲ လုံ့လ၊ ဝီရိယကြောင့် မီးတော
ပေါက်ကွဲသည့်ပမာ လောင်ကျွမ်းနေသည့် မီးညွန့်မီးလျှံများမှာ တစ်နာ
ကျော်လောက်မှာပဲ မီးညွန့်ကျိုးသွားတော့၏။

လွန်စွာကျယ်ဝန်းသည့်ခြံကြီးဖြစ်၍သာ တော်တော့၏။ နို့မဟုတ်ပါက
တစ်ရွာလုံးပြာပုံအတိ ကျရောက်သွားမှာသေချာသည်။ ဒေသခံများမှာ ပြာပုံ
အတိဖြစ်သွားသောအိမ်ကြီးအား ဝန်းရံကြည့်ရှုပြီး ထင်မြင်ချက်အမျိုးမျိုး
ပြောဆိုကြလေ၏။

"အစ်မရယ် . . . ဒီအိမ်ကြီး သိပ်ကြောက်စရာကောင်းတာပါပဲနော်
ကျွန်မဖြင့် တွေးတောင်မတွေးရဲအောင်ဘဲ။ တွေးမိလိုက်တိုင်း ကြက်သီးမွေးညှ
များထပါရဲ့တော်"





"ငါလည်း နင့်လိုပါပဲဟယ်၊ ဒီလိုအဖြစ်မျိုး ငါ့တစ်သက်မှာ တစ်ခါ
တောင်ကြုံဖူးပေါင်တော်။ ညည်းစဉ်းစားကြည့်စမ်း။ ဘယ်တုန်းကများ ဒီမှာ
မီးလောင်တာရှိခဲ့ဖူးလို့လဲ။ ဒါပထမဆုံးအကြိမ်ပဲ"

"အင်း . . . ဟုတ်သား။ အမေပြောမှ ကျွန်မလည်း တွေးမိတယ်။ မီးရေး
ထင်းရေးဆိုတာ ရှိမှမရှိခဲ့တာ။ ဒီအိမ်ကြီးကိုက သိပ်ထူးဆန်းနေတာ။ ညည
များဆို ကျွန်မတော့ အဲ့ဒီအိမ်ကြီးအနီးတောင် မသွားဝံ့ဘူးတော်ရေ။ တစ်အိမ်လုံး
မီးတွေထိန်လို့၊ တံခါးတွေဖွင့်လို့ပဲ။ ပြီးတော့ သီချင်းသံလိုလို ဘာလိုလိုကလည်း
ကြားသေးတယ်။ နေ့ဘက်မှာဆို တံခါးတွေအားလုံးပိတ်ပြီး တိတ်ဆိတ်လို့
ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူးအစ်မရယ်"

"ပြောမယ်ဆိုရင်တော့ ဒီအိမ်ကြီးရဲ့အဖြစ်တွေက အတော့်ကိုအံ့သြဖို့
ကောင်းတာ။ ဦးမိုးမှောင်ဆိုတဲ့အဖိုးကြီးက မနက်ဝေလီဝေလင်းမှာ ဧရာဝတီ
မြစ်ရဲ့သောင်ခုံပေါ်မှာ အသတ်ခံရတာတဲ့။ လည်ပင်းမှာဓားဒဏ်ရာနဲ့သေနေ
တာလို့ကြားဖူးတာပဲ။ အဘွားကြီးဒေါ်ပန်းရုံက အိမ်အပေါ်ထပ်ကနေ လှေကား
အတိုင်းလိမ့်ကျပြီး သေသွားတာတဲ့။ သူ့သမီးကတော့ သူ့ကိုယ်သူ အဆုံးစီရင်
သွားတာဟဲ့။ အဲ့ဒီအိမ်ရဲ့ခေါင်းရင်းခြံထောင့်က လက်ပံပင်မှာသေနေတာ။
အဲ့ဒီအပင်ကြီးနားက ဖြတ်သွားတိုင်း ကျွန်မမျက်လုံးထဲမှာ နန်းကြော့ခိုင်ကို
မြင်နေမိတယ်။ တကယ်ချော တကယ်လှတဲ့မိန်းကလေးနော်"

ဟူ၍ ပြောပြီး လွန်စွာကြောက်လန့်သည့်ဟန်ဖြင့် ခန္ဓာကိုယ်ကို တွန့်လိုက်
ပြန်၏။

"အို . . . နင်မို့ အဲ့ဒီနေရာကိုသွားရဲတယ်။ ငါတော့ လုံးဝမသွားရဲပါ
ဘူးတော်။ ငါ့အမေက ပြောတယ်၊ တစ်ပတ်ခြားဆိုသလို အဲ့ဒီအပင်အောက်က
မြင်းဟီသံကိုမြင်းခွာသံတို့ကြားရသတဲ့။ အမေက ညတိုင်းလိုလို အိပ်မှမပျော်ဘဲ
ပန်းနာရင်ကြပ်နဲ့ချောင်းတဟွတ်ဟွတ်ဆိုးနေလို့လေ"

လူလတ်ပိုင်းအရွယ်အမျိုးသမီးကြီးနှစ်ဦးပြောနေသောစကားများကို
စိတ်ဝင်တစားဖြင့် ငြိမ်လျက်နားထောင်နေသော ဆယ်ကျော်သက်အရွယ်
မိန်းမပျိုလေးတစ်ဦးက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ရင်ဘတ်ကို
လက်ဖဝါးဖြင့် ဖိရင်း . . .

"အို . . . အစ်မထွေးညိုပြောမှ ကျုပ်လည်းသတိရမိတယ်။ မနေ့က
ညဉ့်သန်းခေါင်ကျော်အချိန်လောက်မှာပေါ့။ အခုရက်ပိုင်းမှာ ကျွန်မဆီးမကောင်း
ဘူး။ ခဏခဏ ဆီးသွားနေလို့ ဆေးကုနေရတယ်လေ။ ညဆိုလည်း ကောင်း


www.burmeseclassic.com

www.burmeseclassic.com


ကောင်းမအိပ်ရဘူး။ တော်ကြာသွားလိုက်၊ နောက်ဘယ်လောက်မှ မကြာသေး ဘူး၊ ဆီးသွားချင်လာလိုက်နဲ့ ညဆိုရင် အတော်ဒုက္ခရောက်တာ”

“ကဲပါဟယ်. . . ပြောရမယ့်ဟာ ပြောစမ်းပါ။ လိုရင်းကိုမရောက်ဘဲ နှင့်ဆီးအကြောင်းနဲ့ လုံးလည်ပတ်ချာလိုက်နေပြီ။ ကဲ. . . ပြော အဲ့ဒီညဉ့် သန်းခေါင်လောက်မှာ ဘာဖြစ်လဲ”

ဟု ခန္ဓာကိုယ်တုတ်တုတ်နှင့် အမျိုးသမီးကြီးက ဆောင့်ကြီးအောင့်ကြီး ပြောလိုက်သဖြင့် နားထောင်နေကြသည့် အမျိုးသမီးများမှာ ဝါးကနဲပွဲကျ သွားတော့၏။ ထိုမိန်းကလေးက ရှက်ရယ် ရယ်လိုက်ပြီး. . .

“ပြောရရင် ကျွန်မလည်းဆီးမထိန်းနိုင်လို့ အဲ့ဒီညဉ့်သန်းခေါင်အချိန်မှာ ဆီးထသွားတယ်လေ။ အဲ့ဒီအချိန်မှာပဲ အဲ့ဒီခြံထဲကို မြင်းလှည်းတစ်စီးဝင်သွား တာတွေ့လိုက်တယ်။ သိပ်မကြာပါဘူး။ မြင်းလှည်းက ကဆုန်ဆိုင်းပြီး ပြန်ထွက် သွားတယ်။ ကဲ. . . မထူးဆန်းဘူးလား။ ဒီနေ့မနက်တော့ အဲ့ဒီအိမ်ကြီး မီးလောင်တယ်လေ”

မိန်းကလေးသည် ဆယ်ကျော်သက်မိန်းမပျိုလေးပီပီ ဟန်ပန်အမူအယာဖြင့် ပြောလိုက်ရာ နားထောင်နေကြသည့် အမျိုးသမီးများလည်း စိတ်ဝင်တစားဖြင့် မျက်မှောင်ကျုံ့သွားကြ၏။

ထိုမိန်းကလေးမှာ မဟုတ်တာကိုအဟုတ်လုပ်ပြီး ပြောတတ်သည့် အကျင့် စရိုက်မျိုးမရှိကြောင်း သူတို့သိထားကြသဖြင့် ၎င်းကိစ္စအပေါ်တွင် စဉ်းစားမ အောင်ဖြစ်သွားကြလေ၏။

အဆုံးမတော့ မိန်းမသားတို့၏သဘာဝအတိုင်း ဘယ်အရာကိုမှ ဦးတည် နိုင်စွမ်းမရှိဘဲ ထင်ရာမြင်ရာ စကားများဖြင့်သာ ပြီးဆုံးသွားလေ၏။ ထိုအိမ် ကြီး၏ နောက်ခံသမိုင်းကြောင်းကလည်း တစ်ထောင့်တစ်ညပုံပြင်ကဲ့သို့ ပြော မရိုးနိုင်အောင် စိတ်ဝင်စားဖွယ်အကြောင်းအချက်များ ပြည့်နှက်နေလေ၏

အိမ်ကြီးမှာ မီးလောင်ပြာကျသွားသည့်တိုင်အောင် တစ်ရွာလုံးအတွက် ပြောစမှတ်တွင်ရမည့် ပဟေဠိဆန်သည့်ဖြစ်ပျက်မှုက ကျန်ရှိနေခဲ့ပြန်၏

၎င်းမှာပြာပုံများကြားမှ တွေ့ရှိရသည့်ရုပ်အလောင်းတစ်လောင်းပင် ဖြစ်၏။

ထိုအလောင်းကိုတွေ့စက ဒေသခံများမှာ သွားရောက်သယ်ဆောင်ခြင်း မပြုဝံ့ဘဲ အံ့သြလို့သာရှိနေကြ၏။ ၎င်းအလောင်းမှာ ထိုအိမ်ကြီးတွင် ရုတ် တရက်ပျောက်ကွယ်သွားသည့် အမျိုးသမီးကြီးအလောင်းဟု ပြောကြ၏။

၎င်းအမျိုးသမီးကြီးမှာ ထိုအိမ်ကြီး၏အိမ်ထောင်ထိန်းအဖြစ် နှစ်ကာလ ကြာမြင့်စွာနေထိုင်ခဲ့သူဖြစ်၏။ အချို့အပြောအရ အိမ်ကြီးရှင်သူဌေးကြီး ဦးမိုးမှောင်၏ဇနီးနှင့် ညီအစ်မဝမ်းကွဲတော်စပ်သည်ဟု ပြောကြလေ၏။ ၎င်းအမျိုးသမီးကြီးသည် ထိုအိမ်ကြီးမှ မည်သို့မည်ပုံ ပျောက်ဆုံးသွားသည်ကို ဘယ်သူမှ အတိအကျမသိခဲ့ကြပေ။

ထူးထူးခြားခြား သတိပြုမိခဲ့သည်။ ထိုမိန်းမကြီးသည် အိမ်ကြီးရှင်ဇနီး မောင်နှံဆုံးပါးသွားပြီးနောက်ပိုင်းတွင် ၎င်းအိမ်ကြီးမှ ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

ဒေသခံများမှာ မီးလောင်ကျွမ်းနေသည့် ရုပ်အလောင်းကြောင့် သို့လော သို့လောဖြင့် တွေးမဆုံးအောင် ဖြစ်နေကြ၏။ မီးကျွမ်းမီးကျန်များရှင်းလင်းပြီး စဉ်မှာတော့ သူတို့အတွေးများမှာ လမ်းကြောင်းတစ်မျိုးဖြစ်သွားကြပြန်၏။

“ဟယ်. . . ဘယ်လို. . . အလောင်းက မိန်းမအလောင်းမဟုတ်ဘူး။ ယောကျ်ားအလောင်း၊ ဒါ. . . ဒါဆို တို့ထင်နေတဲ့ ဟို အိမ်ထောင်ထိန်း အမျိုးသမီးကြီးမဟုတ်ဘူးပေါ့”

“အေး. . . အလောင်းကလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေတော့ ပုလိပ်ဖက်ကတောင် သဲလွန်စမဖော်နိုင်ဘူးဖြစ်နေတယ်”

“မဟုတ်မှလွဲရော. . . အဲ့ဒီအလောင်းက ဟို စိတ္တဇဝေဒနာသည်လို ကယောင်ချောက်ချားဖြစ်နေတဲ့အိမ်ရှင်ကောင်လေးရဲ့ အလောင်းဖြစ်နေမလား”

“တစ်ရွာလုံးကလည်း အဲ့ဒီလိုပဲ ထင်မြင်ပြောနေကြတယ်”

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

လပြည့်ညဖြစ်သည်ကြောင့် လရောင်ရွှန်းမြမြသည် အုပ်ဆိုင်းနေသော
သရက်ပင်၊ ပိန္နဲပင်၊ သီးပင်စသည်တို့၏ အကိုင်းအခက်အရွက်များကြား
မဝ့်မရဲတိုးထွက်ကာ မြေပြင်ပေါ်သို့ ခုန်ဆင်းလာနေ၏။

လရိပ်အပြောက်အမွှန်းများသည် အမျိုးမျိုးသောပုံစံများဖြင့် အကွက်
ဆင့်လျက်ရှိ၏။ ညကတော့ ပကတိ တိတ်ဆိတ်မြဲတိတ်ဆိတ်လျက်ရှိ၏။

သန်းခေါင်ကျော်ကြက်တွန်သံကိုတော့ စောစော..ပင်ကြားလိုက်ရ၏။

အိမ်ခြေနည်းသဖြင့် လူနေနည်းပါးသော ဆင်စုရပ်ကွက်သည် တစပြ
ကဲ့သို့ လွန်စွာမှတိတ်ဆိတ်လွန်းလှ၏။ ဆင်းရဲသောရပ်ကွက်ဖြစ်၍ တဲအိ
များသည် ဟိုတစ်လုံးဒီတစ်လုံးရှိနေပြီး တစ်အိမ်နှင့်တစ်အိတ်အတန်ငယ်
ဝေး၏။

ထိုသို့ အိမ်ခြေကျဲပါးသဖြင့် အော်ဟစ်ခေါ်ဖို့ပင် ခေါ်မကြားအော်
မကြား အနေအထားမျိုးဖြစ်လေ၏။ ထို့ထက်ဆိုးသည့်နေရာကား ဧရာဝတီ
မြစ်ကမ်းနဖူးထိပ်တွင်တည်ထားသော ကင်းဘုရား၏ ပရိဝုဏ်အတွင်း
ဖြစ်သည်။ ဘုရားမှာ ရှေးဟောင်းစေတီဖြစ်၏။

သရေခေတ္တရာမင်းနေပြည်တော်ကြီးတည်ရှိစဉ်က ဧရာဝတီမြစ်ကမ်း
နဖူးဖြစ်သလို ကုန်းမြင့်ပေါ်တွင်တည်ရှိသဖြင့် အပေါ်စီးမှ လှမ်းမျှော်ကြည့်
နိုင်သည်။

ထို့ပြင် ဧရာဝတီမြစ်ပင်သည် ခပ်ကွေ့ကွေ့ရှိသဖြင့် ရန်သူ့သင်္ဘောများ
အလွယ်တကူဆန်တက်လာသည်ကို ကောင်းစွာစီး၍ မြင်နိုင်၏။

စစ်ရေးအရ အလွန်အချက်အချာကျသောထိုနေရာမျိုးကို ရွေးချယ်၍
ဘုရင်တို့က ကင်းဘုရားတစ်ဆူကို တည်ထားခဲ့ဟန်ရှိသည်။ တပ်များတပ်စွဲ





နေရာသည်လည်း လွန်စွာကျယ်ပြန့်လွန်းလှ၏။

သို့သော် ယခုအခါ၌ ကင်းဘုရားမှာ ဟောင်းအိုပျက်စီးလျက် ရှိနေပေပြီ။
မြုပြင်မွမ်းမံသူမရှိတော့သဖြင့် ဘုရားပရိဝုဏ်အတွင်း၌ ခြုံနွယ်များပိတ်ဖုံး
လျက်ရှိ၏။ အဆိုးဆုံးကတော့ သပွတ်ခါးပင်များပင် ဖြစ်သည်။

ဉာဏ်တော်သိပ်မမြင့်သော စေတီပေါ်သို့ပင် နွယ်တက်ပိတ်ဖုံးနေလေ၏။
ပုဆစ်တုပ်ထိုင်လျက်ရှိတော်မူသော ရုပ်ပွားရုပ်တုများပင်လျှင် ခြုံနွယ်ပိတ်ပေါင်း
များအတွင်း နှစ်ပရိစ္ဆေဒကြာမြင့်စွာဂဟာည်းကပင် ပုန်းအောင်းနေရဘိကဲ့သို့
ရှိ၏။

ထိုအချိန် ထိုကာလက ထိုနေရာတွင် လူရွယ်တစ်ဦးသည် ကင်းဘုရား၏
ပရဝုဏ်အတွင်း၌ ထိုင်နေ၏။

ယင်းလူရွယ်သည် လောင်းကုတ်အကျီကိုဝတ်ပြီး သက္ကလပ်ဦးထုပ်ကို
နဖူးထိဆွဲချလျက် ခပ်ငိုက်ငိုက်ဆောင်းထားသည်။ မျက်နှာက လေးထောင့်
ခပ်စပ်စပ်ကျပြီး အသားက ခပ်ဖြူဖြူဖြစ်လေ၏။

ကိုယ်နေဟန်ထားသည်လည်း အချိုးအဆစ်ပြေပြစ်ပြီး အရပ်အမောင်း
မှာ ခပ်မြင့်မြင့်ထဲကဖြစ်သည်။ ကာယဗလနှင့် ကျန်းမာရေးလိုက်စားပုံရသဖြင့်
တောင့်တောင့်တင်းအင်းရှိ၏။

ထိုလူရွယ်သည် ဧရာဝတီမြစ်ပြင်သို့ အကြည့်ကိုပို့လျက် ငြိမ်သက်စွာ
ရှိနေလေ၏။

လရောင်ရွှန်းမြမြသည် မြစ်ပြင်ပေါ်သို့ အဆီးအတားမရှိ တရပေါ
ကျနေလေ၏။ မြစ်ရေက လရောင်အောက်၌ အေးချမ်းစွာစီးဆင်းလို့နေ၏။
လူရွယ်သည် အရာအားလုံး အေးချမ်းတိတ်ဆိတ်နေသည့် သဘာဝတရားကို
ခံစားနေပုံရ၏။

အမှန်တော့ သူ့အဖို့ မအေးချမ်းနိုင်ဘဲ ရင်ထဲ၌ အပူလုံးတွေခဲနေသည့်
နှယ် ခံစားနေရ၏။ လာမှလာပါ့မလား။ ကတိပျက်ကွက်သွားပြီလား ချိန်းတဲ့
နေရာကို မမှတ်မိလို့များလား စသည့်လားပေါင်းများစွာတို့သည် ရင်ကို
ထိုးနှက်တိုက်ခိုက်နေလျက် စိုးတထိတ်ထိတ်ခံစားနေရ၏။

မှားတော့မမှားနိုင်ပါ။ လက်ပံပင်အောက်တွင် နောက်ဆုံးဆုံတွေ့ကြ
တုန်းက သူ့အသေအချာမှာလိုက်သည်ပဲ။ လပြည့်ညဟုလည်း ပြောပြလိုက်
ပါသေးသည်။

သို့ဖြစ်ပါလျက် ယခုတိုင် သူဘာကြောင့်များရောက်မလာသေးရသလဲ။


www.burmeseclassic.com

www.burmeseclassic.com



သူဘာဖြစ်နေလို့လဲ။ နေမကောင်း၍များလား။ ဒါမှမဟုတ် သူ ဒီကို ဟာလာနေတာ တစ်စုံတစ်ယောက်ကများရိပ်မိသွားလို့လား။ သူ့ကို မသွား နိုင်အောင်ချုပ်ကိုင်ထားပြီလား။

သို့တည်းမဟုတ် သူ့မှာဘေးဒုက္ခတစ်ခုခုနဲ့ ကြုံတွေ့နေရလို့များလား။ ထိုအတွေးများက သူ့ကို ဘေးကြပ်နံကြပ်အဖြစ်မျိုး တွန်းပို့သလို ဖြစ်နေ လေရာ သူ့အဖို့တွေးမိလေတိုင်း သက်ပြင်းရှိုက်နေမိတော့၏။

လက်ကနာရီကိုငုံ့ကြည့်တော့ တစ်နာရီထိုးဖို့ ငါးမိနစ်ခန့်သာလိုတော့၏။

လူရွှယ်က ခေါင်းကိုခါပစ်လိုက်၏။ ဒီတစ်ခါမလာရင်ဖြင့် သူ့ကို နောက် ထပ်ချိန်းဖို့ မလွယ်တော့ပေ။ နောက် သူဘယ်မှာနေတယ်၊ ဘာလုပ်တယ်ဆို တာတောင်မသိ။ ဒီတစ်ခါတော့ ဒုက္ခရောက်လေပြီ။ ယုတ်စွအဆုံး သူ့နာမည် ကိုပင်မသိ။ ထိုသို့နာမည်မသိထားရခြင်းကလည်း မေးမထားမိသည့် ကိုယ့် အပြစ်ပင်ဖြစ်တော့သည်။

လူရွှယ်က စိတ်ပျက်ခြင်းကြီးစွာဖြင့် ဝူးခနဲ လေပူမှုတ်ထုတ်လိုက်ဖြစ်၏။ အဝေးက ပျံ့လွင့်လာသည့် ကြက်တွန်သံကို ခပ်ပျပျကြားလိုက်ရ၏။ ညဉ့်ဦးယံ ကျော်လွန်ပြီဖြစ်ကြောင်း အချက်ပြလိုက်သလို ဖြစ်နေလေပြီ။

အချိန်မှာထင်ထားသည်ထက် များစွာလင့်သွားပြီဖို့ လူရွှယ်၏ စိုးရိမ် ခံစားမှုများမှာ တဖြည်းဖြည်း ကြီးထွားလာလေ၏။ ထိုင်ရမလို ထရမလိုဖြင့် စိတ်ဂနာမငြိမ်ဖြစ်လျက် လာရာလမ်းကို မကြာခဏမေ့ကြည့်နေတော့၏။

သူသည် လေပူကို ဟင်းခနဲ ချလိုက်ပြီးနောက် လေးကန်စွာထလိုက်၏။ ကင်းဘုရား၏ ပရိဝုဏ်အတွင်းမှ ထွက်ခွာရန်ဟန်ပြင်လိုက်စဉ်မှာပဲ အဝေး ဆီမှ မြင်းခွာသံများကို ရုတ်ခြည်းကြားလိုက်ရ၏။

လေးဘက်ခွာကျပြေးလာနေသော ထိုမြင်းခွာသံများကို ကြားလိုက်ရ သည်နှင့် နေရာမှ ထရပ်လိုက်တော့၏။ ယင်းခွာသံများက သူ့ထံသို့လာနေကျ မြင်းခွာသံများဖြစ်ကြောင်း သိရှိလိုက်သောကြောင့် ဖြစ်သည်။

လူရွှယ်က ကိုယ်ရှိန်သတ်ပြီး နေရာမှာပင ရပ်မြဲရပ်လျက် နားစွင့်ထား လိုက်သည်တွင် မြင်းခွာသံများက နီးသည်ထက်နီးလာတော့၏။

မကြာမတင်မှာပင် မြင်းညိုကြီးတစ်စီးသည် မြှားနှင့်ပစ်ခွင်းလိုက်သလို မြင်းစီးလာသူသည် မြင်းဇက်ကြိုးကို ပိုင်နိုင်စွာထိန်းရင်း ဘွားခနဲ ဒုန်းစိုင်း ရောက်ရှိလာခြင်းဖြစ်သည်။

မြင်းပေါ်ရှိ လူရွှယ်သည်လည်းအင်မတန် ရုပ်ရည်ခန့်ညားသူဖြစ်၏။





ကိုယ်လုံးကိုယ်ထည်အချိုးအစားကျပြီး ကျစ်လစ်သွယ်လျသူ ဖြစ်သည်။

လူရွှယ်ဝတ်ထားသည့် အင်္ကျီ၊ ဘောင်းဘီတို့ကိုကြည့်ခြင်းဖြင့် အဆင့် အတန်းနိမ့်သူတစ်ယောက် ဟုတ်ပုံမရပေ။ သက္ကလပ်ကတ်ဦးထုပ်ကို ခပ် ငိုက်ငိုက်ဆောင်းထားသည့်အပြင် မေးသိုင်းကြိုးကိုပါ ချည်နှောင်ထားလေ၏။

အထူးခြားဆုံးက လူရွှယ်၏မျက်နှာပေါ်တွင် မျက်နှာဖုံးစွပ်ထားခြင်းပင် ဖြစ်၏။ သူ့မျက်နှာဖုံးက မျက်နှာအပြည့်မဟုတ်ဘဲ တစ်ဝက်ခန့်သာရှိ၏။ မျက်လုံးပေါက်ကို အနေတော်ဖောက်ထားသည်။

နှုတ်ခမ်းကို ပေါ်ပေါ်ထင်ထင်ဖော်ထားသဖြင့် ခပ်ပါးပါးရှိသည့်အပြင် အလွန်ပင်ကြည့်ကောင်း၏။ သူ့ရုပ်သွင်ကိုကြည့်ရသည်မှာ မိန်းကလေးတစ် ယောက်နှင့်တူသလိုလိုပင် စိတ်ထဲမှာ အမြဲတမ်းထင်မှတ်ရ၏။

သို့သော်ငြားလည်း သူ့ပြောပုံဆိုပုံက ကျားကျားလျားလျားပြတ်ပြတ် သားသားဖြစ်၍ လူရွှယ်သည် သူနှင့်တွေ့တိုင်း ရင်တွင်း၌ ပဟေဠိများစွာ ကျန်ရစ်ခဲ့ရစမြဲ ဖြစ်သည်။

ထိုသို့တွေးနေခိုက်မှာပဲ မြင်းစီးသမားက မြင်းဇက်ကြိုးကိုသတ်ပြီး လူရွှယ် အနီးတွင် လာရပ်လေ၏။ သို့သော် သူက မြင်းပေါ်မှမဆင်းဘဲ လူရွှယ်ကို အားနာစွာကြည့်ရင်း. . .

"ကိုယ့်လူ. . . စောင့်နေရတာကြာပြီထင်တယ်"

"မလာဘူးမှတ်လို့ ပြန်တော့မလို့ပဲ"

"ချိန်းထားတာပဲ၊ မလာဘဲ ဘယ်နေပါ့မလဲ၊ ဒီတစ်ခါ အချိန်းအချက် ပျက်သွားရင် နောင်ဆက်သွယ်ဖို့က မလွယ်တော့ဘူးလေ"

ဟု ရယ်သံတစ်ဝက်ဖြင့် ဆို၏။

လူရွှယ်က မြင်းပေါ်မှလူကို ခပ်မော့မော့ကြည့်လိုက်ပြီးမှ တိုးသက်စွာ ပြောလိုက်ပြန်၏။

"ဟုတ်တယ်. . . ဒီတစ်ခါလွဲသွားရင် နောင်ကိုဘယ်လိုမှဆက်သွယ်လို့ ရမှာမဟုတ်တော့ဘူး။ ကိုယ့်လူလည်း ဒါကိုတော့ သဘောပေါက်မှာပါ။ ဒီတော့ ဒီလိုလုပ်ရရင် မကောင်းဘူးလား"

"ခင်ဗျားဘယ်လို စဉ်းစားထားတာရှိလို့လဲ. . . ဆိုစမ်းပါဦး"

"ဒီလိုရှိတယ်လေ၊ ကိုယ်က ခုနေအချိန်မှာတော့ ခြေသလုံးအိမ်တိုင်ပဲ၊ နေစရာ အတည်တကျမရှိဘူးဆိုတော့ အမြဲတမ်းဆက်သွယ်နိုင်ဖို့ ကိုယ့်လူရဲ့ နာမည်နဲ့ နေရပ်ကို ပြောထားပါလား"



www.burmeseclassic.com

စကားအဆုံး၌ မြင်းပေါ်ကလူသည် ခေါင်းကိုတွင်တွင်ခါလိုက်ပြီး လူရွယ်ကို စူးစူးစိုက်စိုက်ကြည့်လေ၏။ ပြီးမှ. . .

"ဒါတော့မဖြစ်နိုင်ဘူးထင်တယ်။ ဘယ်လိုမှစိတ်မရှိနဲ့နော်။ ကျုပ်နဲ့ ခင်ဗျားက အကျိုးတူပူးပေါင်းရုံသက်သက်ပဲလေ။ အလုပ်ကိစ္စတွေ အောင်မြင်ပြီးမြောက်တဲ့တစ်နေ့မှာ ခင်ဗျားလည်း ကိုယ့်လမ်းကိုယ်လျှောက်ပဲ။ ကျုပ်လည်း ကျုပ်လမ်းကိုဆက်လျှောက်ရမှာဆိုတော့ ဘယ်လိုအနှောင်အဖွဲ့မှ ရှိမနေစေချင်ဘူး။ နာမည်တို့နေရပ်တို့ဆိုတာ အပိုအလုပ်တွေပါဗျာ"

ထိုသူ့စကားကြောင့် လူရွယ်သည် အနည်းငယ်အောင့်သက်သက်ဖြစ်သွား၏။

"ကောင်းပြီလေ၊ ခင်ဗျားက ဒီလိုသဘောထားရှိမှတော့ ကျုပ်ဘက်ကလည်း ပြတ်သားရတော့မှာပေါ့"

မြင်းပေါ်မှလူက တစ်ချက်ရယ်လိုက်ပြီး. . .

"ကိုယ့်လူကတယ်လဲ ဒေါသကြီးသကိုး။ ကျုပ်က ခင်ဗျားလုပ်ချင်တဲ့ ကိစ္စမှန်သမျှကို အောင်မြင်အောင်ကူညီပြီး ဆောင်ရွက်ပေးနေတာကို သတိပြုပါဦး"

"ထားပါတော့လေ၊ ဒါတွေပြောနေရင် အရှည်ကြီးဖြစ်နေလိမ့်မယ်။ ကဲ. . . ကျုပ်လုပ်ချင်တဲ့ကိစ္စတွေ ဟိုနေ့က ပြောခဲ့ပြီးပြီ။ ကျုပ်သိချင်တာကို ပြောခဲ့တော့"

မြင်းပေါ်က လူသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အိတ်ထောင်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူပြီးနောက် သူ့ထံကမ်းပေးရင်းက ပြောလေ၏။

"အစီအစဉ်အားလုံးကို အဲ့ဒီစာထဲမှာ ထည့်ရေးထားတယ်။ အချိန်ရှေ့နေရာရော၊ အသေးစိတ်ပါတယ်။ ခင်ဗျားလုပ်ဖို့ပဲ ကျန်တော့တယ်။ အောင်မြင်ပါစေ။ ကဲ. . . ကျုပ်ကိုခွင့်ပြုဦး။ နောက်မှတွေ့ကြမယ်"

ထိုသို့နှုတ်ဆက်ပြောပြောပြီး မြင်းဇက်ကြိုးကိုဆွဲလှည့်ပြီးနောက် မြင်းကို ဒုန်းစိုင်းကာထွက်သွားလေတော့၏။ လူရွယ်သည် ဒုန်းဆိုင်းထွက်ခွာသွားသော ပုဂ္ဂိုလ်ကို နားမလည်သည့်မျက်ဝန်းဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့တော့၏။

♣ ♣ ♣



အခန်း(၅)

လမိုက်ရက်ဖြစ်၍ အုတ်ပလ္လင်ဆိပ်ရှိ ကမ်းနားလမ်းတလျှောက်တွင် အလင်းရောင်မှုန်ပျပျသာရှိ၏။ သင်္ဘောကြီးများ ညအိပ်ရပ်နားထားသော်လည်း ခရီးသည်များသည် မိမိတို့ခရီးဆက်လက်ထွက်ခွာရန် စီးနင်းကြရမည့်သင်္ဘောများ၊ အညာလှေများပေါ်တွင် အသီးသီးနေရာယူလျက် အိပ်စက်အနားယူနေကြပြီဖြစ်၍ ကမ်းနဖူးတွင်မတော့ လူသူရှင်းနေတော့၏။

ထမင်းဆိုင်၊ မုန့်ဆိုင်အချို့လောက်သာ အနည်းအပါးမျှရှိနေတော့သည်။ အချို့သော ဆိုင်ငယ်လေးမှာမှ ရေနံဆီမီးခွက်၏ အလင်းရောင်လေးဖြင့် ဝယ်သူအလာကို စောင့်မျှော်ရောင်းခနေကြ၏။

ဗိုလ်တဲရှေ့ရှိ ကမ်းနဖူးထိပ်တွင်ရှိသည့် ညောင်ပင်ကြီးမှာ ညမှောင်၏ အားပါးတရ လွှမ်းမိုးခြင်းကို ခံထားရ၏။ တစ်ခါတရံ၌ မြစ်ပြင်ကိုဖြတ်သန်း တိုက်ခတ်လာသည့်လေကြောင့် ရွက်ချင်းထိခတ်သံ တဖျောင်းဖျောင်း ထွက်ပေါ်လျက်ရှိ၏။

တစ်ခါတရံ၌မူ လေကရုတ်တရက် ငြိမ်သက်သွားပြန်သဖြင့် စောစောကဘာမှမဖြစ်ခဲ့သလို ငြိမ်ကျသွားတတ်ပြန်၏။ ပြင်ပတွင် ထိုမျှဖြစ်နေသော်လည်း ဗိုလ်တဲပေါ်ရှိလူတစ်စုမှာမူ အောင်ပွဲကြီးခံနေဘိသကဲ့သို့ တဝါးဝါးတဟားဟားဖြင့် ပျော်ကပြုံးပြုံးရှိနေကြ၏။

၎င်းတို့ရှေ့ရှိစားပွဲကြီးပေါ်တွင် အကောင်းစားအရက်ပုလင်းများနှင့် စားဖွယ်ဟင်းလျာများ ပြည့်နှက်နေလေ၏။ စားသောက်ဖွယ်များက ထိုသို့ ပြည့်လျှံနေသော်လည်း သောက်သုံးသူကတော့ သုံးဦးမျှသာရှိ၏။

"ဘဲရီးဂွတ်. . . ဘဲရီးဂွတ် ဒီညဒီအရက်သောက်ရတာ ကျွန်ုပ်အဖွဲ့နဲ့ကို အံ့ရသာရှိလှပါတယ်"



www.burmeseclassic.com

 www.burmeseclassic.com

ဟု အာလေးလျှာလေးဖြင့် မြန်မာစကားကို ပီပီသသကြီးပြောလိုက်သည့် စက်ရှင်တရားသူကြီးအပြောကြောင့် ဆန်စက်ပိုင်ရှင်ဦးငွေတိုးမှာ အံ့ဩ မဆည်နိုင်အောင် ပြုံးပြုံးကြီးဖြစ်သွားလေသည်။

ပုတီးကုန်း၊ နတ္တလင်း၊ ကြို့ပင်ကောက်စသည့် အရပ်ဒေသဆန်စက် သုံးလေးလုံးပိုင်ဆိုင်ထားသည့် ဂုဏ်မှုဒ်ကြောင့်သာ 'ဦး'တပ်၍ ခေါ်ဝေါ်ရ သော်လည်း တကယ်တော့ဦးငွေတိုးသည် အသက်သိပ်ကြီးလှသေးသည်မဟုတ် ပေ။ အသက်သုံးဆယ့်ငါးနှစ်ခန့်သာရှိသေး၏။

"စက်ရှင်မင်းကြီးကို ကျွန်တော်မျိုး ဒီလိုပွဲမျိုးလုပ်ပေးဖို့ စဉ်းစားထား တာ။ လွန်ခဲ့တဲ့နှစ်ပတ်သုံးပတ်ကတည်းကပါပဲ၊ နယ်က ဆန်စက်တွေဆီ လှည့် သွားနေရလို့ မအားမလပ်တာနဲ့ မစီစဉ်နိုင်ခဲ့တာပါ။ ခုမှပဲ စီစဉ်ဖြစ်တော့တယ်"

မင်းကြီးက ကြက်သားကြော်တစ်တုံးကို ခက်ရင်းဖြင့် ထိုးယူနေရာမှ

"အိုး. . . မောင်မင်း၊ အခုမှလုပ်တာပိုကောင်းပါတယ်။ ကျွန်ုပ်လည်း သိပ်ပြီး မအားလှပါဘူး။ မောင်မင်းနဲ့ မောင်မင်းရဲ့အမှုတွဲတွေကို ကျွန်ုပ် ကောင်းကောင်းဖြေရှင်းပေးခဲ့တာ မောင်မင်းအတွေ့ပဲ မဟုတ်လား"

ဟုပြောပြီး ခရင်းတွင်စိုက်လျက်ပါလာသည့် ကြက်သားတုံးကို လွန်စွာ ကြီးမားသည့်ပါးစပ်ပေါက်ထဲသို့ တစ်လုပ်တည်းထိုးသွင်းလိုက်လေ၏။ ဖန်ခွက် ထဲမှာလည်း ဝီစကီလက်ကျန်မရှိဖြစ်နေရာ ၎င်းတို့အနီးတွင် အိမ်မွေးတိရစ္ဆာန် ပမာ ရိုကျိုးစွာရှိနေသူတစ်ဦးက စကော့ဝီစကီပုလင်းကို မယူလိုက်ပြီး အလိုက် တသိ ငှဲ့ထည့်ပေးလိုက်၏။

သို့ငှဲ့ပေးရင်းက လွန်စွာကျိုးနွံသည့်လေသံဖြင့်. . .

"မင်းကြီးရဲ့ ဉာဏ်ပညာကြီးမားမှုကို မြင်တွေ့ရတာ ကျွန်တော်မျိုးတို့ အလွန့်ကို အားရကျေနပ်မိတယ်။ ကျွန်တော့်ဆရာဟာ ဆန်ကုန်သည်လောကမှာ ပြိုင်စံရှားတဲ့စီးပွားရေးသမားတစ်ဦးပါ။ မရှိနွမ်းပါးသူတွေအပေါ်မှာ သဒ္ဓါ ကြည်ဖြူစွာပေးကမ်းလှူဒါန်းတာလည်း အကြိမ်ပေါင်းမရေတွက်နိုင်အောင်ပါပဲ အလှူရေစက်လက်နဲ့မကွာဆိုသလိုပေါ့မင်းကြီးရယ်။ ဒီလိုကြီးမြတ်တဲ့ ပုဂ္ဂိုလ် မျိုးကိုမှ သူတို့က ဂုဏ်သိက္ခာညစ်နွမ်းအောင် စော်ကားစွပ်စွဲရတယ်လို့"

ဟူ၍ပြောပြီး မျက်ဝန်းထောင့်ကပ်လျက် ဦးငွေတိုးကို မသိမသာ အကဲ ခတ်လေရာ သူ၏စကားများအပေါ်တွင် လွန်စွာအားရကျေနပ်လျက် ပြုံးပြုံး ကြီးဖြစ်နေသည့် ဦးငွေတိုးနှင့်အကြည့်ချင်းဆုံသွားလေ၏။ ထိုအခါ သူ့ ဆရာတပည့်နှစ်ဦးသာလျှင် နားလည်သည့်အပြုံးဖြင့် ပြိုင်တူပြုံးလိုက်ကြ၏။





ထိုပုဂ္ဂိုလ်မှာ မိမိစကားကြောင့် သူဌေးကြီးကျေနပ်ပျော်ရွှင်သွားသည့် အတွက် လွန်စွာဝမ်းမြောက်ပျော်ရွှင်သွားလေ၏။ ဝီစကီအရှိန်ကလည်း အတော်အတန်ခရီးရောက်နေပြီဖြစ်ရာ သူ၏ပင့်လုံးလိမ့်လုံးလေးများက အနောက်နိုင်ငံသားပုဂ္ဂိုလ်ကြီးနှင့် သူဌေးကြီးဦးငွေတိုးတို့၏ဘဝင်ကို သိမ့်ခနဲ ညိမ့်ကနဲ ခံစားနေစေတော့၏။

သေချာသည်က ၎င်းပုဂ္ဂိုလ်သည် ဧည့်ခံပွဲပြီးသည်နှင့် သူဌေးကြီးဦးငွေတိုး ထံမှမြင့်မည့်ဘောက်ဆူးအမြောက်အမြားရရှိပေတော့မည်။

ထိုပုဂ္ဂိုလ်သည် စက်သူဌေးဦးငွေတိုး၏ လက်ရုံးတပည့်ဖြစ်သည်။ ဦးငွေတိုး အဖို့လက်ကိုင်တုတ်ပမာ အားကိုးရသူလည်းဖြစ်သည်။ ဦးငွေတိုး၏လျှို့ဝှက် ကိစ္စများကို ပိပိရိရိဆောင်ရွက်နိုင်စွမ်းရှိသဖြင့် နှစ်အနည်းငယ်အတွင်း ဦးငွေတိုး၏ ထောက်ပံ့မှုများကြောင့် လူတန်းစေ့ဘဝမျိုး နေထိုင်နိုင်ခဲ့၏။

၎င်း၏အမည်မှာ တာတေဟူ၍ ဖြစ်၏။ အမည်နှင့်လိုက်အောင် လွန်စွာ ကြည့်ရဆိုးလှပေ၏။

အမြင်ဆိုးသကဲ့သို့ အကျင့်စရိုက်နှင့်စိတ်နေသဘောထားမှာလည်း သုံးစားမရလောက်အောင် အောက်တန်းကျသူဖြစ်၏။

စက်သူဌေးငွေတိုးဆိုသူကလည်း အမည်နဲ့လိုက်အောင် လူရည်လည် သည်။ ပါးနပ်သည်။ ငွေကိုတိုးပွားဖို့မည်သို့လုပ်ကိုင်ရမည်ကို ကောင်းစွာ ကျွမ်းကျင်သလို အခြားကျွမ်းကျင်ပါးနပ်သည့် အရာများလည်းရှိ၏။ အထူး သဖြင့် တဏှာရမ္မက်ဖြင့် သွေးသားသောင်းကျန်းခြင်းအမှုကိစ္စများပင်ဖြစ်၏။

ထိုကိစ္စများတွင် မိမိဂုဏ်သိက္ခာထိပါးခြင်းမရှိစေရန် လျှို့ဝှက်ကြံစည် ခြမ်ဖြစ်၏။ သူအလိုရှိပါက အပျို၊ အအို၊ တစ်ခုလပ်၊ လင်ရှိမယားပင် ရှောင်သူမဟုတ်ပေ။

အစိုးရအုပ်ချုပ်ရေးထိပ်ပိုင်းအဆင့်ရှိသူများနှင့်လည်း ဝင်ဆန့်သူဖြစ်ရာ ကြံတိုင်းဖြစ်၊ လုပ်တိုင်းတင့်တယ်နေတော့၏။ တာတေဟူသည့် လက်ကိုင်တုတ် အစေအပါးကလည်း သခင်အားရကျွန်ပါးဝဟူသည့် အမိုက်ဇာတ်ကို ထိထိ မိမိ စွမ်းဆောင်နိုင်သူဖြစ်သည်။

သူသည် ယခင်က လူမိုက်လောကမှာ သာမာန်အဆင့်မျှသာ ကျင်လည် သူဖြစ်၏။ အရက်ပုန်းဆိုင်များတွင် အခစားအဖြစ် ငှားရမ်းဖို့ မျက်နှာငယ်ငယ် ခဲ့ရ၏။ ဘိန်းခန်း၊ ပြည့်တန်ဆာဂေဟာပိုင်ရှင်များကို မျက်နှာငယ်ငယ်ဖြင့် မိမိအား အစောင့်လူမိုက်အဖြစ် လက်ခံပေးဖို့ ခယဝပ်တွားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အဆမတန်ထွားကျိုင်းသည့်ခန္ဓာကိုယ်၊ ကြည့်ရဆိုးသော မျက်နှာပေါ်ရှိ စသည့် ရုပ်လက္ခဏာများက လူမိုက်လောကတွင် သူ့အားဝင်ဆန့်အောင် ကံကြမ္မာက ပံ့သွင်းပေးလိုက်ပုံရ၏။ ၎င်းရုပ်လက္ခဏာကြောင့်ပင် လူမိုက် အသိုင်းအဝိုင်း၌ ခေါင်းတစ်လုံးမြင့်သလို ထင်ပေါ်သွားလေ၏။ ကံကြမ္မာသည် ထိုမျှနှင့်အားမရသေးဟု ယူဆရမည်ဖြစ်၏။

ထိုနောက်မှာတော့ ဝရမ်းပြေးနှင့်ပြည့်တန်ဆာပွဲပေါင်းမိသကဲ့သို့ ၎င်းတို့နှစ်ဦးကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များကြောင့် ရိုးသား စွာနေထိုင်ကြသည့် လူအများမှာ အတိဒုက္ခရောက်ကြရ၏။

စက်သူဌေးဦးငွေတိုးသည် စီးပွားရေးသမားပီသစွာ လူမိုက်ကြီးကာတေကို ပါးနပ်စွာကိုင်တွယ်နိုင်စွမ်း၏။ အမှန်မှာ ပရိယာယ်ဖြင့် အသုံးချနေခြင်း ဖြစ်သည်။ ထိုနေ့အခြေအနေကိုကြည့်၍ ကောင်းစွာသိရှိနိုင်၏။

တာတေကဲ့သို့ လမ်းဘေးလူမိုက်တစ်ဦးအဖို့ ထိုသို့သော မျက်နှာဖုံး အရာရှိကြီးက အရေးတယူစကားပြောခြင်းကို ခံယူရသည်မှာ လွန်စွာရှား သည့် အခွင့်ထူးတစ်ရပ်ပင်ဖြစ်၏။ ဘဝင်လေဟပ်ဖွယ်အခွင့်အရေးမျိုးဖြစ်၍ တာတေသည် သူ၏ဆရာသခင်ဦးငွေတိုးအပေါ်မှာ လွန်စွာအားကိုးယုံကြည် သွားလေ၏။

ယခုလည်း မိမိက အရေးတယူဝင်ရောက်ပြောဆိုနေသည်ကို မျက်နှာ ဖြူအရာရှိကြီးသာမက မိမိဆရာကိုယ်တိုင်က အသိအမှတ်ပြုနေသဖြင့် လူမိုက် လောကတွင် သူ့လောက်ကံထူးသူ ဘယ်သူရှိလေမလဲဟူ၍ ဘစ်အော်သည့် စိတ်ပင်ဖြစ်သွားလေ၏။

စက်ရှင်တရားသူကြီးမစ္စတာဂျွန်ဝီလီယံသည် လူမိုက်ကြီးတာတေပြော လိုက်သည့်စကားကို လွန်စွာသဘောကျသွားပုံရ၏။ တာတေ့ပေးသည့် ဝီစကီကို တကျိုက်တည်းမော့သောက်လိုက်ပြီး . . .

"အင်း . . . လူကလေးစကားတွေကို တခြားသူတွေကြားရင် ကျွန်ုပ်တို့ မြှောက်ပင့်နေတယ်လို့ထင်ကောင်းတင်လိမ့်မယ်။ လူကလေးတို့ စဉ်းစား ကြည့်စမ်း၊ ကျွန်ုပ်တို့ဗြိတိန်နိုင်ငံနှင့် ကျွန်ုပ်တို့လူမျိုးတွေဟာ လူကလေး တို့ဟိုင်းပြည်နဲ့ ဘယ်လောက်ဝေးကွာသလဲ။ မိုင်ပေါင်းယောင်နဲ့ချီပြီး ဝေးကွာ တယ်လေ။ ရေခြားမြေခြား အဲ့ဒီလောက်ဝေးကွာနေတဲ့ ကျွန်ုပ်တို့လူမျိုးတွေ ဉာဏ်ပညာကြီးမြင့်မှုကို ဘယ်လိုလူမျိုးမှ လိုက်မမီနိုင်လို့ပေါ့။ လူလေးမောင် ငွေတိုး ရင်ဆိုင်နေရတဲ့ အမှုအခင်းကိုပဲကြည့်လေ။ ကျွန်ုပ်နေရာမှာ တခြား





စက်ရှင်မင်းကြီးသာဆိုရင် တရားလိုဖက်က တင်ပြလာတဲ့ တစ်ဖက်သတ် စွပ်စွဲချက်တွေကို အဟုတ်ကြီးထင်ပြီး စဉ်းစားဆုံးဖြတ်မှာသေချာတယ်။ မောင်ငွေတိုးက နန်းကြော့ခိုင်ဆိုတဲ့မိန်းကလေးကို သားမယားအဖြစ်နဲ့ပေါင်း သင်းခဲ့တယ်ဆိုတဲ့ ကိစ္စဟာ လွယ်တဲ့ကိစ္စမျိုးမှ မဟုတ်တာ။ ဒီလိုကိစ္စမျိုးက ကာယကံရှင်ကိုယ်တိုင် အလိုတူမှဖြစ်တာမျိုးလေ"

"မှန်ပါတယ်ခင်ဗျာ ကျွန်တော်မျိုးကြီးဟာ သူ့ဖခင်ကြီးဆန်ပွဲစားလုပ် ကတည်းက ရင်းနှီးခင်မင်ခဲ့ကြတာပါ။ လုပ်ငန်းသဘောအရ အိမ်ဝင်ထွက် ကြရင်းက နန်းကြော့ခိုင်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ပြီး မေတ္တာမျှခဲ့ကြတာပါ။ နောက် တော့ သူ့မိဘတွေသိသွားကြပြီး ကျွန်တော်မျိုးကို တစ်ဖက်သတ်စွပ်စွဲချက် တွေနဲ့ ဒုက္ခပေးကြတာဖြစ်ပါတယ်။ မင်းကြီးပြောသလို ဒီလိုကိစ္စမျိုးဟာ ကိုယ့်ဆန္ဒတစ်ခုတည်းနဲ့ ဖြစ်ကာမျိုးမှမဟုတ်ပဲ။ ဟို . . . စကားလိုပေါ့ မင်းကြီးရယ်။ လက်ခုပ်ဆိုတာနှစ်ဖက်တီးမှ မြည်တယ်ဆိုတာမျိုးပေါ့"

စက်သူဌေးကြီးဦးငွေတိုးသည် စကားကြွယ်သူပီပီ သူ့လိုရာကိုဆွဲ၍ ပြောဆိုသွားလေ၏။ သို့ပြောပြီးသည်နှင့် လက်ရုံးတပည့်တာတေကို မသိမသာ ကြည့်ရင်း ပြုံးလိုက်လေ၏။ အတိုင်အဖောက်ညီသည့် တပည့်ဖြစ်သူက သူမြင် သာအောင် မသိမသာလက်မထောင်ပြလေ၏။

စက်သူဌေးဦးငွေတိုးသည် ကာမအရာတွင် သောက်လေ သောက်လေ တော်မပြေဟူသကဲ့သို့ သောက်ပြီးရင်းသောက်နေသူဖြစ်၏။ တရားဝင် မယားနှင့် တရားမဝင်ပေါင်းသင်းနေသည့် မယားအမြောက်များရှိ၏။ သို့တိုင် တင်းတိမ်ရောင့်ရဲသူမဟုတ်။ အခွင့်ကြုံသည်နှင့် တော်သလင်းခွေးလို အငမ်းမရ ဆာလောင်လာစမြဲဖြစ်၏။

သို့ကြောင့်လည်း သူသည် လွန်စွာစွဲမက်ဖွယ်လှပသည့် နန်းကြော့ခိုင်ကို မြင်သည့်ခဏမှာပဲ သွေးသားများရှန်းကြွလာပြီး အငမ်းမရ ဝါးမြိုသောက် သုံးရန် နည်းဗျူဟာများစွာဖြင့် ချဉ်းကပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အပွဲပွဲနွှဲလာသည့်သူ့အဖို့ ထိုတစ်ကြိမ်မှာတော့ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟူသကဲ့သို့ ရင်ဆိုင်ရလေ၏။

နန်းကြော့ခိုင်အမည်နှင့်လိုက်အောင် မဟာဆန်ဆန်လှသူလေးဖြစ်သည်။ အမျိုးကောင်းသမီးပီသစွာ ကိုယ်ကျင့်တရားကို အသက်နှင့်ထပ်တူတန်ဖိုး ထားသူလေးဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့သလို သတ္တိဗျတ္တိအရာတွင်လည်း ယောက်ျားသားများပင် အရှုံးပေးရလောက်အောင် ရဲစွမ်းသတ္တိရှိသူပေ၏။



www.burmeseclassic.com

www.burmeseclassic.com


သူမသည် ဖခင်နှင့်ပတ်သက်ပြီးငွေတိုးကို ရင်းနှီးခင်မင်စွာ ဆက်ဆံခဲ့၏

တဖြည်းဖြည်း ငွေတိုး၏ အကျင့်စရိုက်နှင့် အမူအကျင့်များကို ရိပ်မိ လာသောအခါ မိန်းကလေးသဘာဝပရိယာယ်ဖြင့် ရှောင်ရှားလေ၏။ ထို့နောက် ပြတ်သားစွာ ဆန့်ကျင့်သည့်အပြုအမူအနေအထိုင်များဖြင့် ဟန့်ပြန်လေ၏

ထိုသို့တုန့်ပြန်ခံရသည့် စက်သူဌေးငွေတိုးသည် ထိုအဖြစ်မျိုး တစ်ကြိ တစ်ခါမှမကြုံခဲ့ရဖူးသဖြင့် ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်နေတော့၏။ ဆုတ်လေ လွှတ်လေ၊ ဖမ်းလေ ချော်လေ၊ လိုက်လေ ပြေးလေဟူသကဲ့သို့ ရင်ဆိုင်နေ ရသဖြင့် ပို၍ပင် ပိုင်ဆိုင်လိုသည့်ဆန္ဒများ တဖွားဖွားဖြစ်ပေါ် နေတော့၏

"ဟား ဟား ဟား ဆရာရယ်၊ စိတ်ဓာတ်မကျစမ်းပါနဲ့။ ဒီလိုမိန်းကလေ မျိုးနဲ့ကြုံတွေ့တာကို ဂုဏ်ယူလိုက်စမ်းပါ။ တွေးကြည့်ရင် ဘယ်လောက်အရသာ ရှိသလဲ။ အရင်တုန်းကဆိုရင် ဆရာ့မှာ ဒီလိုခံစားမှုမျိုး ဘယ်တုန်းက ရဖူးလို့ ဘစ်ကနဲ ငြိလိုက်တာနဲ့ ကွိကနဲပါလာကြတာပဲ မဟုတ်လား။ လောကကြီးမှ လွယ်လွယ်နဲ့ရတဲ့အရာမှန်သမျှ ဆရာ့စကားနဲ့ပြောရရင် သိပ်ပြီးဖီလင်မ ပါဘူး ဆရာရယ်။ နန်းကြော့ခိုင်လိုမိန်းကလေးမျိုးမှ ဆရာ့အတွက် တကယ့် ဖီလင်ရှိမှာ"

ထိုသို့ပြောလာသူမှာ လက်ရုံးတပည့်တာတေဖြစ်သည်။ ဆရာတပည့် နှစ်ဦးမှာ ဝါသနာတူ စရိုက်တူကြသဖြင့် အထူးတလည်ညှိနှိုင်းစရာမလို နန်းကြော့ခိုင်ကိုရသည့် နည်းလမ်းဖြင့်ကာမကိစ္စကျူးလွန်ရန် ဆုံးဖြတ်လို ကြ၏။

လွန်စွာယုတ်မာရက်စက်သည့်အမှုကိုကျူးလွန်ရန်တွန်းအားပေးလိုက်သ ဖြစ်သွားသည်မှာ နန်းကြော့ခိုင်၏ပြတ်သားစွာဆန့်ကျင်လိုက်သည့် အ အမူကြောင့်ဖြစ်၏။ အတွေ့နှင့်အငွေ့ကို ဟန်ချက်ညီညီအသုံးပြုရင်း နန်း ကြော့ခိုင်၏စိတ်ကို မိမိအလိုသို့လိုက်ပါစေရန်ကြိုးစားရင်းက တစ်နေ့တွ နန်းကြော့ခိုင်က လွန်စွာအထိနာစေမည့်စကားများပြောရုံသာမက ကိုယ် လက်ရောက်တုန့်ပြန်လိုက်သဖြင့် ငွေတိုးသည် အသည်းဆတ်ဆတ်နာကြ သွားလေ၏။

ထိုအခြေအနေမျိုးကို အကွက်ချောင်းနေသည့် လက်ရုံးပညတ်တာတေ ကလည်း ၎င်းအခြေအနေမျိုးဖြစ်လာပါက မည်သို့ဆောင်ရွက်ရမည် ကြိုတင် စီစဉ်ထားပြီးဖြစ်ရာ တစ်ခုသော ညနေခင်းအချိန်မှာပဲ ထိုအ အစဉ်ကို အကောင်အထည်ဖော်လေတော့၏။



ထိုကိစ္စကို တာတေသည် အထူးလျှို့ဝှက်သည့်အနေဖြင့် မည်သူ့၏ အကူအညီကိုမှမယူဘဲ တစ်ကိုယ်တည်း လုပ်ရှား၏။ နန်းကြော့ခိုင်၏အသွားအလာ အနေအထိုင်ကိုမပြတ်စောင့်ကြည့်ရင်း တစ်နေ့မှောင်ရီသန်းချိန်တွင် မြင်းရထားဖြင့် အပြင်မှာပြန်လာသည့် နန်းကြော့ခိုင်ကို လမ်းခုလတ်မှ အမိအရ ဖမ်းဆီးလိုက်လေ၏။

မျက်မြင်သက်သေမရှိစေရန် သူသည်မြင်းလှည်းမောင်းသမားကို တစ်ချက်တည်းနှင့်ပွဲသိမ်းထိုးနှက်လိုက်၏။ မြင်းလှည်းသမားမှာ မည်သူမည်ဝါ ဟူ၍ အရိပ်အယောင်မျှပင်မသိလိုက်ရဘဲ ထိုနေရာမှာပင် သတိလစ်မေ့မျော သွားခဲ့၏။

နန်းကြော့ခိုင်သည် နုနယ်လှပသည့် မိန်းမချောလေးဖြစ်သော်လည်း လွယ်လွယ်နှင့် အညံ့ခံသူမဟုတ်။ ကိုယ်စွမ်းရှိသမျှ ခုခံတိုက်ခိုက်လေ၏။ သို့သော်လည်း တာတေလို ကြေးစားလူမိုက်တစ်ဦး၏တိုက်ခိုက်မှုကို ကြာရှည် ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရတော့၏။

လူမိုက်ကြီးတာတေသည် နန်းကြော့ခိုင်ကို အနာတရမဖြစ်အောင် သတိထားချုပ်နှောင်ပြီး ခေါ်ဆောင်ခဲ့လေ၏။ ထိုသို့အနာတရမဖြစ်အောင် သူသည် နန်းကြော့ခိုင်၏မျက်နှာကို မေ့ဆေးအုပ်ပြီး ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

နန်းကြော့ခိုင်သည် ထိုညတစ်ညလုံး မေ့ဆေးအရှိန်ဖြင့် သတိလစ်မေ့ မျောနေခဲ့၏။ သို့သော်လည်း သူမ၏ချစ်စဖွယ် လှသွေးကြွယ်သည့် ခန္ဓာ ကိုယ်မှာ ၎င်းညည၌သန်းခေါင်ယံအချိန်မှအစပြုပြီး နံနက်လင်းအာရုဏ် သန်းအထိ ကာမဘီလူး၏ အောင်သေအောင်သားစားသောက်ခြင်းကို မရှုမလှ ခံရတော့၏။

ပျက်အစဉ်ပြင်ခဏဟူသော ဆိုရိုးစကားရှိ၏။ ၎င်းစကားမှာ အခြား သောကိစ္စများအတွက် မှန်ကန်မည်ဖြစ်သော်လည်း နန်းကြော့ခိုင်အဖို့မှာ တော့ တစ်ဘဝလုံးပြင်မရသည့် ပျက်ဆီးခြင်းမျိုးနှင့် ရင်ဆိုင်ခဲ့ရ၏။ ကာမ ဘီလူး၏ သောက်လေ သောက်လေ ငတ်မပြေဟူသကဲ့သို့ အလွန်အကျူး စော်ကားခံလိုက်ရခြင်းကို နောက်တစ်နေ့မနက်ခင်း မေ့ဆေးပြယ်သွားတော့မှ သိရတော့၏။

သွေးပျက်ချောက်ချားဖွယ် ရင်ဆိုင်လိုက်ရသည့်အဖြစ်ကြောင့် သူမသည် ကိုယ့်ကိုယ်ကို မည်သို့ထိန်းချုပ်ရမှန်းမသိလောက်အောင်ဖြစ်ခဲ့ရ၏။ မိန်းမ သားတို့၏ဘဝတွင် အသက်နှင့်ထပ်တူအမြင့်ဆုံးမှာ တန်ဖိုးထားရသည့်


www.burmeseclassic.com

www.burmeseclassic.com

အလုပ်နန်းတစ်ပွင့်မှာ ကာမကျူးသူ၏ အလိုမတူ ဝါးမြိုသောက်သုံးခြင်းကို ခံလိုက်ရလေပြီ။

ကာမဘီလူးသည် ထိုမျှနှင့်အားမရ အရှည်သဖြင့် လိုင်စင်မဲ့သောက်သုံး ခွင့်ရရှိရန် မက်လုံးအမျိုးမျိုးဖြင့် စည်းရုံးသိမ်းသွင်းပြန်၏။ ထိုအချိန်မှာတော့ နန်းကြော့ခိုင်သည် ၎င်းကာမဘီလူးကို ရင်ဆိုင်တိုက်ခိုက်ပြီး ၎င်းတို့ဖမ်းဆီး ချုပ်နှောင်ထားသည့်နေအိမ်မှ ကိုယ်လွတ်ရုန်းပြေးထွက်ခဲ့တော့၏။

ထိုအချိန်မှစ၍ သူမတို့မိသားစုသည် ဆိုးဝါးသည့်ကံကြမ္မာနှင့် ဆင့်ကဲ ဆင့်ကဲကြုံတွေ့ရတော့၏။ ဖခင်ကြီးဦးမိုးမှော်သည် လူယုက်မာတစ်ဦး၏ အနိုင်ကျင့်စော်ကားခြင်းကိုခံလိုက်ရ၍ သမီးအတွက်မခံမရပ်နိုင်ဒေါသဖြ ရသော်လည်း ၎င်းဒေါသတရားကို အသိတရားဖြင့် ထိန်းချုပ်ပြီး တရားနည် လမ်းကျစွာ ရင်ဆိုင်ဖြေရှင်းခဲ့၏။

အထောက်အထားအချက်အလက်များဖြင့် လူယုတ်မာငွေတိုးကို တရား ဆိုလေ၏။ ငွေတိုးအား သူကျူးလွန်သည့်အပြစ်နှင့်ထိုက်တန်သည့်အပြစ်ဒဏ် ကျခံစေရမည်ဟု ယုံကြည်မျှော်လင့်ပြီး ဥပဒေကြောင်းအရ ရင်ဆိုင်လိုက်ခြ ဖြစ်သည်။

သို့သော်လည်း အမှန်တကယ်ဖြစ်တည်လာသည့်အခြေအနေမှာ ၎င်းတို မျှော်လင့်သကဲ့သို့မဟုတ်ဘဲ ဖြောင့်ဖြောင့်ကြီးလွဲချော်သွားလေရာ ထိုအခါ တော့ နန်းကြော့ခိုင်၏ဖခင်ဦးမိုးမှော်အဖို့ ယမ်းပုံမီးကျဟူသကဲ့သို့ ဒေါသ တကြီးပေါက်ကွဲတော့၏။

စက်ရှင်တရားသူကြီးမစ္စတာဂျွန်ဝီလီယံက ၎င်းတို့တင်ပြစွဲဆိုမှုများ အခြေအမြစ်မရှိ၊ တစ်ဖက်သတ်စွပ်စွဲမှုများသာဖြစ်ကြောင်း အမိန့်ချမှ လိုက်သောကြောင့်ဖြစ်သည်။ ထို့နောက်မှာတော့ ဦးမိုးမှော်လည်း လူယု မာ၏မိုက်ပြစ်ကြွေးကို ဥပဒေနှင့်မတုန့်ပြန်တော့။ သွေးဖြင့်တုန့်ပြန်တေ မည်ဟု ကြုံးဝါးလေတော့၏။

ခေတ်ကာလအခြေအနေအရ မိမိတို့တိုင်းပြည်သည် သူ့ကျွန်ဘ ရောက်ရှိနေသည့် အခြေအနေမျိုးဖြစ်သည်။ ဗြိတိသျှအစိုးရသည် မြန် ပြည်သူလူထုအပေါ်တွင် တရားရေးဆိုင်ရာဥပဒေများအမျိုးမျိုးပြဋ္ဌာန်း အုပ်ချုပ်လေ၏။ သို့သော်လည်း ထိုဥပဒေများကို လွယ်လွယ်ချိုးဖောက် သူများမှာ ၎င်းတို့နှင့် ၎င်းတို့အပေါ်မှာ အိမ်မွေးတိရစ္ဆာန်ပမာ ခယဝပ်တ ကြသည့် သခင်အားရကျွန်ပါးဝသည့် ပုဂ္ဂိုလ်များပင်ဖြစ်၏။





ထိုအခါ ၎င်းတို့သည် ဥပဒေကို သားရည်ကွင်းပမာ ရှုံ့ချည်ဆွဲချည်ဖြင့် မိမိလိုရာဆွဲပြီး စီရင်ဆုံးဖြတ်ကြလေ၏။ ၎င်းတို့ပြဋ္ဌာန်းသည့်ကျွန်ပညာရေး စနစ်ကြောင့် ပြည်သူအများအပြားမှာလည်း ပညာရေးနိမ့်ပါးကြလေရာ ၎င်းတို့ပြောသည့် ဥပဒေဆိုတာကြီးကို ရေရေရာရာနားလည်နိုင်စွမ်းမရှိဘဲ အပြစ်ပေးခံကြရ၏။

၎င်းတို့နှုတ်ဖျားမှာတော့ ဥပဒေဆိုတာ ပြည်သူတို့၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးသည့် မဟာတံတိုင်းကြီးဟူ၍ ဖြစ်၏။ ထို့ကြောင့် ဥပဒေကို လူတိုင်းလေးစားလိုက်နာကြရမည်ဟု တွင်တွင်ပြောဆို ကြစမြဲဖြစ်၏။ တကယ့်တကယ်မှာတော့ ၎င်းတို့ထုတ်ပြန်ထားသည့် ဥပဒေမှာ ပြည်သူအတွက်မဟုတ်၊ ၎င်းအတွက်သာလျှင် ဖြစ်၏။ ၎င်းတို့၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ထားသည့် မဟာတံတိုင်းကြီးသာလျှင် ဖြစ်၏။

မစ္စတာဂျွန်ဝီလီယံနှင့်ကာမဘီလူးငွေတိုးတို့၏လုပ်ရပ်များက ထိုအဖြစ်ကို အခိုင်အမာသက်သေပြလိုက်ခြင်းဖြစ်၏။ ငွေများတရားနိုင်ဥပဒေဟူ၍ပင် သတ်မှတ်ရပေလိမ့်မည်။

ငွေတိုးသည် မိမိအမှုအနိုင်ရရေးအတွက် စက်ရှင်တရားသူကြီးမစ္စတာ ဂျွန်ဝီလီယံကို ကာလပေါက်ဈေးလွန်စွာများပြားသည့် ပတ္တမြားလက်စွပ် တစ်ကွင်းအား လာဘ်ထိုးခဲ့ရ၏။ ဂျွန်ဝီလီယံကဲ့သို့ ဗြိတိသျှထိပ်တန်းအရာရှိ များသည် မြန်မာ့မြေပေါ်က သယံဇာတဟူသမျှကို ရသည့်နည်းဖြင့် စုဆောင်း ကြစမြဲဖြစ်သည်။

အချိန်တန်လို့အိမ်ပြန်သည့်အခါ ရတနာထုပ်ပိုက်ပြီး ပြန်ကြစမြဲဖြစ်သည်။ ငွေစက္ကူကိုမလို တန်ဖိုးကြီးရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများကိုသာ အဓိက စုဆောင်းကြ၏။

မစ္စတာဂျွန်ဝီလီယံသည် ငွေတိုးထံမှ ပတ္တမြားလက်စွပ်ကို ရရှိခဲ့သည်မှာ ရက်ပိုင်းမျှသာရှိသေး၏။ လက်စွပ်မှာ အရည်အသွေးကောင်းမွန်လှသဖြင့် သူတို့ဇနီးမောင်နှံတို့မှာ လက်ကမချနိုင်လောက်အောင် ကျေနပ်ပျော်ရွှင် ခဲ့ကြ၏။ သို့ကြောင့်လည်း သူသည်ငွေတိုးဖိတ်ကြားသည့် ညစာခံပွဲသို့ ဝမ်း မြောက်ဝမ်းသာ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

သန်းခေါင်ယံညဉ့်တစ်နာရီခန့်တွင် သူတို့သုံးဦးသည် လက်ကျန်ဝီစကီ အချိုးကျင့်ထည့်ရင်း ညစာခံပွဲကို အဆုံးသတ်လိုက်လေ၏။ ဝိုင်းသိမ်းအရက်ကို မသောက်ခင် မစ္စတာဂျွန်ဝီလီယံက လျှာလေးအာလေးသံဖြင့်. . .


www.burmeseclassic.com

 www.burmeseclassic.com 

"အင်း. . . ယခုလို သာယာလှပတဲ့ညလေးကို ကျွန်ုပ်အင်္ဂလန်ကိုရောက်တဲ့အထိ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်တော့ဘူး။ ကျွန်ုပ်ကို အခုလို လှိုဲ ကျွေးမွေးတဲ့လူကလေးမောင်ငွေတိုးရွှေ့ခရီးမှာ လူလေးအင်မတန်ခံတွင်းတွေ့စေမယ့် လှပဂေးလေးတွေ အမြောက်အများပိုင်ဆိုင်ပါစေလို့ ဘုရားသခင်ထံထံမှ ကျွန်ုပ်ဆုတောင်းပေးလိုက်ပါတယ်။ ဒါပေမယ့် လူလေးကို ဒုက္ခပေးတဲ့မိန်းကလေးမျိုးတွေကိုတော့ သတိထားရှောင်ပါ လူကလေး။ နို့မဟုတ်ရင် ကျွန်ုပ်ကို ပတ္တမြားလက်စွပ်တွေ တစ်ကွင်းပြီးတစ်ကွင်းပေးနေရလို့ အတွင်းခံဘောင်းဘီတောင်မကျန်ပဲ ဖြစ်နေလိမ့်မယ်။ ဟား ဟား ဟား"

ထိုစကားကြောင့် စက်သူဌေးငွေတိုးသည် ရယ်ရအခက်၊ ငိုရအခက်ဆိုသလို အီလည်လည်ကြီးဖြစ်သွား၏။ လူမိုက်တာနောမှာလည်း ရယ်ချင်စိတ်ကို မနည်းကြီးအောင့်ထားလိုက်ရ၏။ ငွေတိုးမှာ အောင့်သက်သက်အမူအယာဖြင့်ပင် ရယ်မောပြောဆိုရင်း လက်ကျန်အရက်ကို တကျိုက်တည်း မော့လိုက်လေ၏။

ထို့နောက်တော့ သူတို့နှစ်ဦးသည် မစ္စတာဂျွန်ဝီလီယံကို ခြံဝန်းတံခါးဆီသို့ လိုက်ပါပို့ဆောင်ကြ၏။ မစ္စတာဂျွန်ဝီလီယံသည် ဖြေးဖြေးမှန်မှန် လျှောက်လှမ်းနေလျက်က ရုတ်ခြည်းဆိုသလို တုန့်ရပ်လိုက်ပြီး. . .

"အိုး. . . ကျွန်ုပ်အင်မတန်ထူးဆန်းတဲ့သတင်းစကားတစ်ခုကို ပြောဖို့ မေ့နေတယ်"

ဟုပြောပြီး ငွေတိုးနှင့်မျက်နှာချင်းဆိုင်လျက်. . .

"ဟိုတစ်နေ့က လူလေးကို တရားစွဲဆိုခဲ့တဲ့ပုဂ္ဂိုလ်ကြီးနေအိမ်မီးလောင်သွားတယ်လို့ ကျွန်ုပ်ကြားတယ် ဟုတ်သလား"

ဟု မေးလိုက်ရာ ငွေတိုးက အားရကျေနပ်စွာပြုံးလိုက်ပြီး. . .

"ဟုတ်ပါတယ် မင်းကြီး၊ ဘယ်လိုက ဘယ်လိုဖြစ်ပြီး လောင်မှန်းမသိဘူး တစ်အိမ်လုံး ပြာပုံအတိလောင်ကျွမ်းသွားပါတယ်။ မီးမကူးစက်အောင် မနည်း ဝိုင်းဝန်းငြိမ်းသတ်ကြရတယ်လေ"

"အတော်ကို အံ့သြစရာပဲ၊ နောက်ပြီး အမျိုးသားတစ်ဦးမီးလောင်ကျွမ်း သေနေတယ်ဆိုတာရော အမှန်ပဲလား"

"အမှန်ပါပဲ မင်းကြီး၊ လူငယ်လေးတစ်ဦးပါ။ နန်းကြော့ခိုင်ရဲ့မော ဖြစ်ပါတယ်။ သူက ရန်ကုန်ကောလိပ်မှာ ဥပဒေတန်းတက်နေရင်းက သူ့မိ တွေဆုံးသွားလို့ အဲ့ဒီအိမ်ကို ခေတ္တပြန်ရောက်နေတာပါ။ ပတ်ဝန်းကျင်ရဲ့ အပြောအရတော့ အဲ့ဒီလူငယ်လေးဟာ ကောင်းကောင်းစိတ်မနှံ့ဘူးတဲ့။ အဲ့ဒီအိမ်ကြီးမီးလောင်တာကလည်း သူ့ကိုယ်သူ သေကြောင်းကြံတဲ့အနေနဲ့ မီးရှို့လိုက်တာလို့ ပြောကြပါတယ် မင်းကြီး"

"အိုးမိုင်ဂေါ့ဒ်၊ တကယ့်ကို မိုက်မဲသူလေးပဲ။ အင်း. . . မောင်မင်းတို့ ဗမာတွေပြောကြသလို အဲ့ဒီလူငယ်လေးဟာ အကုသိုလ်အားဘယ်လောက်များ ကြီးနေသလဲ မသိဘူးပေါ့"

ဟု ပြောလိုက်ပြီး မစ္စတာဂျွန်ဝီလီယံသည် ကိုယ့်စကားကို ကိုယ့်ဘာသာ သဘောကျသွားပြီး အသံသြသြကြီးဖြင့် ရယ်လိုက်လေ၏။

သူတို့သည် ခြံဝန်းတံခါးကိုကျော်လွန်ပြီး လမ်းမပေါ်သို့ရောက်ရှိနေပြီဖြစ်၏။ ယိမ်းယိုင်သောခြေလှမ်းများဖြင့် လမ်းတစ်ဖက်သို့ ဖြတ်ကူးပြီး ကိုက်ငါးရာခန့်ဝေးကွာသည့်နေရာတွင်ရှိသည့် ရထားလုံးတစ်စင်းဆီသို့ လျှောက်လှမ်းကြလေ၏။

မြင်းရထားမှာ လွန်စွာကြီးမားသည့်ညောင်ပင်ကြီးအောက်တွင်ရှိလေ၏။ အကိုင်းအလက်များပြန့်ကားစွာ အုပ်မိုးထားသည့်အတွက် မြင်းရထားရှိနေသည်ကို အလွယ်တကူသတိပြုနိုင်မည်မဟုတ်ပေ။

မြင်းရထားအနီးသို့ သူတို့ရောက်ရှိသောအခါ ရထားမောင်းသူကို မတွေ့ရသဖြင့် လူမိုက်ကြီးတာနောက သခင်အားရကျွန်ပါး၀သည့်လေသံဖြင့်-

"ရာဂျူး. . . ဟေး ရာဂျူး. . . ခွေးမသားကုလား၊ ဘယ်ချောင်သွား သေနေသလဲ မသိဘူး"

ဟု ဟိန်းဟောက်အော်လိုက်လေ၏။ အမှန်မှာ ရထားမောင်းသမား ရာဂျူးသည် ထိုအနီးတဝိုက်တွင်ပင်ရှိနေ၏။ သူသည် ညောင်ပင်ကြီး၏မြစ်ဆုံကို မှေးမှီလျက် ငိုက်မြည်းနေခြင်းဖြစ်သည်။

လူမိုက်ကြီးတာနော၏အော်ဟစ်ခေါ်သံကြောင့် ၎င်းကုလားသည် ပုဆိုးပင် မဝတ်နိုင်ယောက်အောင် တုန်လှုပ်ချောက်ချားသွားပြီး အိမ်မှုန်စုံမွှားအမူအယာဖြင့် ကုတ်ချောင်းချောင်းရောက်ရှိလာ၏။

"ကျွန်. . . ကျွန်တော်ရှိပါတယ် ဆပ်။ ကျွန်တော်ဘယ်မှ မသွားပါဘူး။ ဆပ်တို့ မှာထားတဲ့အချိန့်အတိုင်း ကျွန်တော်စောင့်နေပါတယ်"

"စောင့်နေတဲ့ကောင်က ငါတို့ဒီနားရောက်လာတာတောင် မသိဘူးလား"

"ဒီ. . . ဒီလိုပါ ဆပ်၊ ညဉ့်ကနက်၊ စောင့်ရတာလည်း အချိန်အကြာကြီး ဆိုတော့ စောင့်နေရင်းက ဟိုတွေးဒီတွေးမိရင်း ကျွန်တော့်အတိမြေ ဘက်လား





www.burmeseclassic.com

www.burmeseclassic.com

ပြည်ကို သတိရသွားလို့ပါ။ ဒါကြောင့် ဟို သစ်ပင်ကြီးမှာမှေးမှိန်ရင်း အားရပါးရ သွမ်းဆွတ်နေတာကြောင့် ဆပ်တို့ရောက်လာတာကို သတိမထားမိလိုက်တာပါ။ တောင်းပန်ပါတယ် ဆပ်။ ရာဂျူးလေ နှောင်ဒီလို လစ်ဟင်းမှုမျိုးမဖြစ်အောင် သတိထားပါမယ်လို့ ကတိပေးပါတယ်"

မြန်မာစကားကို ကုလားသံဝဲဝဲဖြင့် ပြောလိုက်သည့်မြင်းရထားမောင်း သမား၏စကားကြောင့် ဌေးတိုးနှင့်မစ္စတာဂျွန်ဝီလီယံတို့မှာ အပြစ်တင်စကား မပြောဖြစ်တော့ဘဲ သဘောကျစွာ ရယ်လိုက်လေ၏။ လူမိုက်ကြီးတာနော ကလည်း သခင်ရှေ့တွင် ကျွန်ပါးဝပြောလိုက်ရသည့်အတွက် ဂုဏ်ယူကျေနပ် သည့်အမူအယာဖြင့် ရထားမောင်းသမားကို ထပ်မံ၍အမိန့်ပေးလိုက်၏။

ရထားပေါ်သို့မင်းကြီးတက်ရောက်ရန် တံခါးဖွင့်ခိုင်းခြင်းဖြစ်၏။ ကုလား ရာဂျူးမှာလည်း လွန်စွာကျိုးနွံသည့်အမူအယာဖြင့် ရထားလုံးတံခါးကို အလျင် အမြန်ဖွင့်ပေးပြီး ရထားပေါ်မင်းကြီးတက်ရောက်ပြီးသည်နှင့် တံခါးရွက်ကို ပိတ်လိုက်ပြီး ကမန်းကတန်းပင် ရထားမောင်းသမားနေရာသို့ခုန်တက်လိုက်ပြီး အသင့်အနေအထား ထိုင်လိုက်လေ၏။

မြင်းဇက်ကြိုးနှင့် နှင်တံကိုအသင့်ကိုင်ထားပြီး ထွက်ခွာရန်အမိန့်ကို စောင့်ဆိုင်းနေလေ၏။ စက်ရှင်တရားသူကြီးနှင့်သူဌေးကြီးတို့မှာ လျှာလေး အာလေးစကားသံများဖြင့် အဆုံးမသတ်နိုင်ဖြစ်နေကြ၏။ အရက်မူးလျှင် ကျွဲခိုးပေါ်ဟူသည့်စကားပုံပမာ မိမိတို့စကားများကို အထိန်းအကွပ်မဲ့စွာ ပြောဆိုနေကြ၏။

မစ္စတာဂျွန်ဝီလီယံမှာ မြင်းရထားပေါ်ရောက်ရှိနေသော်လည်း တံခါး ဘောင်တွင်လက်ထောက်ရင်း ရထားအောက်တွင်ရပ်နေသည့် ဌေးတိုးတို့နှင့် စကားပြောနေခြင်းဖြစ်သည်။

ဌေးတိုးသည် လွန်စွာအားပါးသည့်လေသံဖြင့် . . .

"ဒီနယ်မြေမှာ မင်းကြီးလိုကြီးမြတ်တဲ့ပုဂ္ဂိုလ်မျိုးနဲ့ ရင်းနှီးကျွမ်းဝင်ရလို့ ကျွန်တော်မျိုးအဖို့ အလွန်ကို ဝမ်းမြောက်ပျော်ရွှင်မိပါတယ်။ ကျွန်တော်မျိုး လောက် ကုသိုလ်ထူးတဲ့သူရှိမယ်တောင် မထင်ဘူး။ သူတော်ကောင်းကို နတ် ကောင်းမတယ်ဆိုတာ ကျွန်တော်မျိုးဖြစ်လိမ့်မယ်ထင်ဟယ် ဟား ဟား ဟား"

ဟု ပြောလိုက်ရာ အနီးတွင်ရှိနေသည့် လက်ကိုင်တုတ်တာနောကလည်း ချော်လဲရောထိုင်လေသံဖြင့် . . .

"ဟုတ်ပါတယ် မင်းကြီး၊ ကျွန်တော့်ဆရာက သူတော်ကောင်း။ မင်းကြီးက





နတ်ကောင်း၊ သူတော်ကောင်းနဲ့နတ်ကောင်းတွေ့ရင် ဘယ်လိုအန္တရာယ်မှ မကျရောက်နိုင်ဘူးဆိုတာ အခုအဖြစ်က သက်သေပြလိုက်တာပဲလေ"

ဟု ပြောလေရာ ဂုဏ်စကားမှာ မြှားတစ်စင်းတည်းနှင့် ပစ်မှတ်နှစ်ခုကို တပြိုင်တည်းကျရောက်သွားသလို မစ္စတာဂျွန်ဝီလီယံနှင့်ဌေးတိုးမှာ လွန်စွာ ဘဝင်ခိုက်သွားပြီး သဘောကျစွာရယ်ကြလေ၏။

မစ္စတာဂျွန်ဝီလီယံကလည်း အားကျမခံလေသံဖြင့် . . .

"ကျွန်ုပ်ရှိနေသရွေ့တော့ လူကလေးမောင်ဌေးတိုးကို ဘယ်လိုအန္တရာယ် မျိုးမှ မကျပါးစေရဘူး။ ဟို မီးလောင်ပြီးသေသွားတဲ့လူငယ်ကို လူကလေးက စိုးရိမ်နေတယ်။ တကယ်လို့ အဲဒီလူငယ်လေးက ဒုက္ခတစ်စုံတစ်ရာလာပေး ရင်လည်း ကျွန်ုပ်ကကြည့်နေမှာမဟုတ်ပါဘူး။ ကျွန်ုပ်ကောင်းကောင်း ကာကွယ် ပေးမှာပေါ့"

"ယုံကြည်ပါတယ် မင်းကြီး။ သို့ပေမယ့် ကျွန်တော်စိုးရိမ်တာက ဒီသူငယ် ဟာ သူ့မိဘတွေနဲ့ အသိဉာဏ်ပညာအရာမှာအများကြီးကွာခြားနေလို့ပါ။ သူက ရန်ကုန်ဒီကရီကောလိပ်မှာ ဘီအေတန်းဆိုလား အိုင်အေတန်းဆိုလား ကြားဖူးနေလို့ပါ"

"အိုး. . . ဟိုး. . . လူကလေးမောင်ဌေးတိုး၊ မောင်မင်းအတွေးအခေါ်တွေ အများကြီးနောက်ကျသွားပြီ။ အဲဒီ ဘီအေ၊ အိုင်အေဆိုကဲ့ပညာဒွေဟာ ကျွန်ုပ်တို့လူမျိုးတွေပြဋ္ဌာန်းထားတဲ့ပညာတွေပါ။ အဲဒီပညာတွေဟာ ကျွန်ုပ်တို့ အုပ်ချုပ်ရေးယန္တရားမှာအသုံးပြုဖို့လောက်ပဲ အသုံးဝင်ပါတယ်။ ကမ္ဘာ့အဆင့်မီ ပညာတွေမဟုတ်ပါဘူး။ ဒီထက်ရှင်းအောင်ပြောရရင် လူကလေးတို့တိုင်းပြည်ကို ကျွန်သက်ရှည်အောင် အုပ်ချုပ်ဖို့ပြဋ္ဌာန်းထားတဲ့ပညာတွေပေါ့။ ဒီအတွက်နဲ့တော့ လူကလေးမစိုးရိမ်ပါနဲ့"

"အဲဒီလောက်အထိ ကျွန်တော်မတွေးခေါ်မိတော့ စိုးရိမ်တာပေါ့ မင်းကြီး ရယ်၊ အခုတော့လည်း ကံကြမ္မာက သူ့အလိုလို ဖယ်ရှားလိုက်ပြီလေ။ သူ့စရိတ်နဲ့ သူမီးလောင်ပြီးသေဆုံးသွားတော့ ကျွန်တော်မျိုးရင်ထဲမှာ မီးပုံးပျံလိုပေါ့ပါး သွားတာပဲ"

"ကျွန်ုပ်ရှိနေသရွေ့ လူကလေးဘဝမှာ အဲဒီမီးပုံးပျံလိုအမြဲတမ်း ပေါ့နေ စေရမယ်။ ကဲ. . . အချိန်လည်း အတော်လင့်နေပြီ။ ကျွန်ုပ်ရဲ့ချစ်ငုံဖူးလေး ရှယ်လီစတုန်းမျှော်နေတာ လည်တိုင်ရှည်ရောပေါ့။ နောင်များမှ ထပ်မံဆုံ ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ မစ္စတာဂွန်ဝီလီယံက စကားကိုအနားသတ်လိုက်သည်နှင့် ရထားအောက်တွင်ရှိနေကြသည့် သူဌေးကြီးငွေတိုးနှင့်လူမိုက်ကြီးတာနောတို့မှာ ပုတ်သင်ညိုများကဲ့သို့ အကြိမ်ပေါင်းများစွာ ဦးညွတ်နှုတ်ဆက်ကြလေ၏။

ညဉ့်သန်းခေါင်ယံကျော်လွန်ပြီဖြစ်၍ ဝန်းကျင်တစ်ခွင်လုံးတိတ်ဆိတ်လျက်ရှိရာ ၎င်းတိတ်ဆိတ်မှုအတွင်း၌ မြင်းခွာသံ တဖျောက်ဖျောက်သည် စည်းချက်ညီညီထွက်ပေါ်နေလေ၏။ ကမ်းနားလမ်းတလျှောက်တွင် မြင်းရထားသည် အတော်ကြာအောင်မောင်းနှင်လာပြီးနောက် ဘုရားကျောင်းတစ်ကျောင်းကျော်လွန်သွားသည်နှင့် ပထမဦးဆုံးတွေ့ရသည့်လမ်းသွယ်တစ်ခုအတွင်းသို့ ချိုးဝင်သွားလေ၏။

ကိုက်ငါးဆယ်ခန့်သွားပြီးသောအခါ လွန်စွာကျယ်ဝန်းသည့်ခြံဝိုင်းကြီးအတွင်းချိုးဝင်သွားရန် မြင်းရထားကို လှည့်လိုက်စဉ်. . .

"ဟိုး. . . ဟေ့. . . လူကလေး. . . မောင်မင်းရထားကိုရပ်လိုက်ပါ"

ဟု မစ္စတာဂွန်ဝီလီယံက ရထားအတွင်းမှလှမ်းအော်လိုက်ရာ ရထားမောင်းသမားရာဂျူးလည်း သံပုရာခွံဦးထုပ်ကို အသာပင့်လျက် အံ့ဩနားမလည်သည့်လေသံဖြင့်. . .

"ဘာ. . . ဘာများဖြစ်လို့လဲ သခင်ကြီး၊ ကျွန်တော်မျိုးအိမ်မှားပြီး မိလို့လား"

ဟု မြင်းရထားကိုရပ်လိုက်ပြီး စိုးရိမ်ထိတ်လန့်သံဖြင့် မေးလိုက်လေ၏

ထိုအခါ မစ္စတာဂွန်ဝီလီယံမှာ တံခါးကိုဖွင့်ပြီး ယိမ်းယိုင်နေသည့်ခြေလှမ်းဖြင့် ရထားပေါ်မှဆင်းလာ၏။ မျက်နှာ့မှာပြုံးရွှင်လျက်ရှိပြီးလက်တစ်ဖက်ကို မြှောက်လျက်. . .

"နိုး. . . နိုး. . . လူကလေး တော်တယ်။ လုံးဝမမှားဘူး။ ဒီအိမ်ဟာ ကျွန်ုပ်အိမ်မှ ကျွန်ုပ်အိမ်ပဲ"

ဟု လျှာလေးအာလေးသံဖြင့်ပြောပြီး ကုလားရာဂျူးအနီးသို့တိုးကပ်သွားလေရာ ရာဂျူးကလည်း ကျို့ကျို့ရို့ရို့အမူအယာဖြင့် ရထားပေါ်မှ ဆင်းလိုက်လေ၏။ မစ္စတာဂွန်ဝီလီယံနှင့်လက်တစ်ကမ်းအကွာဝယ် ရပ်လျက် ဦးညွတ်ကာ ငြိမ်သက်နေလေ၏။

"ကျွန်ုပ်တွေ့ဖူးတဲ့ကုလားလူမျိုးတွေထဲမှာ လူကလေးဟာ အတော်ဆုံးပဲ ကျွန်ုပ်ဘာကြောင့်လူကလေးကို ရထားရပ်ခိုင်းရသလဲသိလား"

"မသိပါဘူး သခင်ကြီး"





"သိရောသိချင်သလား"

"သိခွင့်ရှိရင် သိချင်ပါတယ်သခင်ကြီး"

ထိုအခါ မစ္စတာဂွန်ဝီလီယံမှာ အသံညြည်ကြီးဖြင့် အားပါးတရ ရယ်လိုက်လေ၏။ ထိုအချိန်မှာပဲ သူတို့ရှိရာနှင့်ကိုက်ပေါင်းများစွာဝေးကွာသည့် တိုက်အိမ်ပုလေးမှာ မီးရောင်များထိန်ကနဲ လင်းသွားလေ၏။ သူတို့အကြည့်မျှားကလည်း ထိုအိမ်ကြီးဆီသို့ ပြိုင်တူလိုက်ရောက်သွားကြ၏။

ထိုခေတ်အခါက မျက်နှာဖြူထိပ်ပိုင်းအရာရှိကြီးများသာ အသုံးပြုနိုင်သည့် ကျားပါးစပ်မီးအိမ်အလင်းရောင်များဖြစ်သည်။ ထိုမီးအိမ်အလင်းကို နောက်ခံပြုလျက် ထွက်ပေါ်လာသည့်ပုံရိပ်ကြောင့် ကုလားရာဂျူးမှာ အကြည့်ကို လွှဲလိုက်လေ၏။

မစ္စတာဂွန်ဝီလီယံကတော့ လွန်စွာကျေနပ်အားရသည့်အသံဖြင့် ကြီးမားသောပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကားရင်း. . .

"ဟဲ. . . ဟဲ. . . ကျွန်ုပ်ပြောဖို့မလိုလောက်အောင် မြင်ကွင်းက သက်သေပြလိုက်ပြီလေ။ ကြည့်စမ်းပါဦး၊ ကျွန်ုပ်အသွေးအသားတွေ မီးကုန်ယမ်းကုန် ရုန်းကြွနေပါလား။ အိုးမိုင်ဂေါ့ဒ် ရယ်လီရေ၊ အဲ့ဒီရုန်းကြွမှုတွေကို ငြိမ်သက်သွားအောင် အခုအချိန်မှာ မင်းပဲစွမ်းဆောင်နိုင်လိမ့်မယ်"

ဟုပြောလျက် နောက်ခံမီးအလင်းရောင်ဖြင့် အိမ်အဝင်တွင်ထင်ရှားစွာ ထွက်ပေါ်လာသည့်အမျိုးသမီးကို မီးတောက်မတတ်မျက်ဝန်းများဖြင့် စူးစိုက်ကြည့်လေ၏။ ထိုအမျိုးသမီးမှာ ၎င်းကဲ့သို့ပင် အနောက်နိုင်ငံသူဖြစ်လေ၏။

သူမသည် တံခါးဘောင်ကို ကန့်ကလန့်မှီလျက် သူတို့ရှိရာသို့ငေးကြည့်နေပုံရ၏။

ရထားမောင်းသမားရာဂျူးသည် ထိုအမျိုးသမီးကို မစ္စတာဂွန်ဝီလီယံကဲ့သို့ ရဲရဲတင်းတင်းမကြည့်ဝံ့အောင်ဖြစ်နေ၏။ သူသည် တစ်ချက်မျှကြည့်မိသည်နှင့်အကြည့်ကို ချက်ချင်းလွှဲဖယ်လိုက်ရ၏။ ထိုအကြည့်ကြောင့်ရရှိလိုက်သည့် ခံစားမှုမှာ အကြောအချဉ်များ ရုတ်ခြည်းတုန့်ဆိုင်းသွားပြီး လည်ဝသို့ အလုံးအရင်းဖြင့် ဆို့တက်လာသည့်တံတွေးကို ကပျာကယာမြိုချလိုက်ရသောကြောင့် ဖြစ်သည်။

မီးအိမ်အလင်းရောင်ဖြင့် ထင်ရှားစွာမြင်နေရသည့် အနောက်နိုင်ငံသူအမျိုးသမီးမှာ အရပ်အမောင်းမြင့်မားပြီး ခန္ဓာကိုယ်ထွားကျိုင်းသူဖြစ်၏။ အသက်အရွယ်မှာ ဆယ်ကျော်သက်အရွယ်မျှသာရှိပါလိမ့်မည်။ သူတို့ယဉ်


www.burmeseclassic.com

www.burmeseclassic.com

ကျေးမှုနှင့်တော့ဘယ်လိုမှ မသင့်လျော်သည့်နေထိုင်မှုမျိုးဖြင့် သူမ၏လင်တော်မောင်မစ္စတာဂျွန်ဝီလီယံကို စောင့်မျှော်နေပုံရ၏။

ပါးလွှာသည့်ဇာဝတ်ရုံလွှာကို လွှမ်းခြုံထားသဖြင့် နောက်ခံမီးအိမ်အလင်း၏ထိုးဖောက်မှုကြောင့် သူမ၏အရှိတရားအလှများမှာ အပြင်သို့ရုန်းကြွဖွင့်ထွက်နေတော့၏။ ဖုထစ်၊ ဖောင်းကြွ၊ အမို့အမောက်စသဖြင့် ရှိုက်ကြီးဖိုယ်အသွယ်သွယ်ကိုမြင်လိုက်ရသည်ကြောင့် မစ္စတာဂျွန်ဝီလီယံ၏သွေးသားများမှာဝုန်းဒိုင်းကြဲသွားခြင်းဖြစ်သည်။

"ကဲ. . . လူကလေး. . . မောင်မင်းသိချင်ပါတယ်ဆိုတာ အဲ့ဒါပဲပေါ့ကြည့်စမ်း. . . ကျွန်ုပ်ဇနီးက ညဝတ်ရုံလွှာလေးနဲ့ ကျွန်ုပ်ပြန်လာတာကိုစောင့်မျှော်နေတာ ဘယ်လောက်ကျက်သရေရှိလိုက်သလဲ။ ဖဲမွေ့ယာပေါ်ကနေဟာဝိုင်ရီကမ်းခြေက လှိုင်းပုတ်သံကို ငြိမ့်ငြိမ့်ညောင်းညောင်းခံစားဖို့ ကြိုတင်ပြင်ဆင်ထားတာလေ။ ဒါကြောင့် ကျွန်ုပ်က လူကလေးကို မြင်းလှည်းရပ်ခိုင်းလိုက်တာပေါ့။ ကျွန်ုပ်ကို သူကိုယ်တိုင်လာပြီးတွဲခေါ်စေချင်တယ်။ ပြီးတော့နှစ်ကိုယ်ယှဉ်တွဲပြီး ဟာဝိုင်ရီကမ်းခြေကို အာရုံလွင့်မျောကြမယ် ဟဲ ဟဲ ဟဲ"

သို့ပြောပြီးသည်နှင့် မစ္စတာဂျွန်ဝီလီယံသည် သူ၏ဇနီးကြားလောက်အောင်လျှာလေးအာလေးသံကြီးဖြင့် လှမ်းအော်ရင်း ရှေ့သို့နှစ်လမ်းသုံးလမ်းလျှောက်လိုက်လေ၏။

"ဝုန်း"

"အိုးမိုင်းဂေါ့ဒ်. . . ဟော့. . . အစေခံ. . . မောင်မင်းဘာလုပ်လိုက်တာလဲ"

မစ္စတာဂျွန်ဝီလီယံ၏ဒေါသတကြီး ကြိမ်းမောင်းသံမှာ နောက်တစ်ကြိမ်ထွက်ပေါ်လာနိုင်စွမ်းမရှိတော့ပေ။ သူ၏ဒုတိယခြေလှမ်းမှာ ကုလားရာကျထိုးခံလိုက်သည့်ခြေတစ်ဖက်နှင့် ခလုတ်တိုက်မိပြီး ခန္ဓာကိုယ်က ရထားလုံးနှင့်တိုက်မိသွားခြင်းဖြစ်သည်။

ခန္ဓာကိုယ်ကို တည့်မတ်နေစဉ်မှာပဲ ရထားသမားကုလားက ၎င်း၏ခန္ဓာကိုယ်ကို သိုင်းဖက်လိုက်ပြီး သူ၏ညာလက်က ပုခုံးနှင့်လည်ပင်းတို့ကိုဝဲပျံသွားသည်နှင့်. . .

"အား. . . အစ်. . . အစ်" ဟူသည့်အသံမျှသာထွက်ပေါ်လာပြီး ကြီးမားသောခန္ဓာကိုယ်ကြီးမှာ နေရာမှာပင် ပုံကနဲလဲကျသွားတော့၏။ ဖြစ်ပျက်မှုမှာလျှပ်တပြက်လွန်စွာ လျင်မြန်လှ၏။

ထိုစဉ်မှာပဲ ပါးလွှာသည့်ဇာပုဝါခြုံလွှမ်းထားသည့်အနောက်နိုင်ငံ





အမျိုးသမီးလေးမှာ ဟန့်ကလျှော့လျှောက်လှမ်းလာရင်း အတော်အတန် နီးကပ်လာပြီဖြစ်၏။

ကိုက်သုံးဆယ်မျှကွာဝေးသည့် နေရာအရောက်မှာတော့ မြင်းရထားသည် မြင်းဟီသံတစ်ချက်ပေးပြီး ကဆုန်ဆိုင်းလျက် အလျင်အမြန်ထွက်ခွာသွားတော့၏။ သူမသည် ရုတ်တရက်အံ့ဩတွေဝေသွားပြီး ခြေလှမ်းတွေလည်းတုန့်ကနဲ ရပ်တန့်သွား၏။

သို့သော် မိနစ်ပိုင်းမျှသာဖြစ်၏။ သူမသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး မြင်းရထားရပ်ခဲ့သည့်နေရာသို့အရောက်မှာတော့ သူမလွှမ်းခြုံခဲ့သည့်ဇာပုဝါလွင့်ကျခဲ့သည်ကိုပင် သတိမပြုနိုင်တော့ဘဲ ယောင်ယံပါအောင် အော်ဟစ်လိုက်တော့၏။

"ဒါလင်. . . ဂျွန်. . . အိုးမိုင်ဂေါ့ဒ်"

ဟူ၍ ဖြစ်လေတော့သတည်း။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

မိုးကာလဖြစ်သော်လည်း ထိုနေ့သည် ရာသီဥတုလွန်စွာသာယာသော နေ့တစ်နေ့ဖြစ်သည်။

သာယာသောရာသီဥတုနှင့် ဆန့်ကျင်လျက် အုံ့ဆိုင်းညို့မှိုင်းကာ မိုးမြိမ်း သံများပမာ တဝုန်းဝုန်း တဒိုင်းဒိုင်း ဆူညံပေါက်ကွဲနေသည်မှာ ကျွန်ုပ်တို့ အင်းစိန်စီအိုင်ဒီရုံးကြီးဖြစ်သည်။

ကျွန်ုပ်တို့အိုင်ပီအားလုံးမှာ ဘယ်ချောင်သွားကပ်နေရမှန်းမသိအောင် ကုပ်ချောင်းချောင်းဖြစ်နေပါသည်။ စုံထောက်မင်းကြီးရှေ့မှောက်တွင် ကျွန်ုပ်တို့ အိုင်ပီများသည် ရေနစ်ရာမှ ဆယ်တင်ထားခြင်းခံရသည့် ကြွက်စုတ်ကလေး များပမာ ကုပ်တက်ကုပ်ချောင်းငြိမ်နေရ၏။

ကျွန်ုပ်တို့တန်းစီလျက်ရပ်နေသောရှေ့တွင် စုံထောက်မင်းကြီးသည် လက်ကို နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ တစ်ခါရပ်လိုက်နှင့် ကျွန်ုပ်သာလျှင်မဟုတ် ၎င်းကိုယ်တိုင် ဂဏှာမငြိမ်ဖြစ်နေ၏။ ကျွန်ုပ်တို့အတွက် အခံရအခက်ဆုံးမှာ ထိုသို့လျှောက်နေရာမှရပ်လိုက်သည့်အခါများတွင် ဖြစ်သည်။

ထိုအခါများတွင် သူသည် လွန်စွာပြူးကျယ်သည့်မျက်ဝန်းဖြင့် ကျွန်ုပ်တို့ အား စားတော့ဝါးတော့မည်ကဲ့သို့ စူးစူးဝါးဝါးကြည့်သောကြောင့်ဖြစ်သည်။

မင်းကြီးသည် တစ်စုံတစ်ရာကို မကျေနပ်လျှင်သော်လည်းကောင်း အထက်ကိုကြောက်ရသည့်အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင်သော်လည်း ကောင်း ထိုကဲ့သို့ အိမ်မြဲမဆည်နိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်တတ် သည်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်၏။

သို့ဆိုလျှင် မင်းကြီးသည် ဘယ်လိုကြီးလေးသည့် အရှုပ်အထွေးမျိုးနှင့် ရင်ဆိုင်နေရပြီလဲ။ ၎င်းအမှုအရာများကိုကြည့်ရင်း ပြဿနာမှာ သေးသေး





မွှားမွှားဖြစ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်ယူဆမိ၏။

ထိုသို့တွေးတောမှန်းဆနေစဉ်မှာပဲ စုံထောက်မင်းကြီးသည် သွေးပျက် တုန်လှုပ်နေသည့် မျက်နှာဖြင့်. . .

“လူကလေးတို့ ဘာပြောချင်သလဲ”

ဟိန်းထွက်လာသည့် အသံသြသြကြီးကြောင့် ကျွန်ုပ်တို့အိုင်ပီအားလုံး၏ ဦးခေါင်းများမှာ ပေါက်သင်ညိုကဲ့သို့ မတ်ကနဲခေါင်းထောင်သွားပြီး ဆတ်ကနဲ ခေါင်းပြန်ညိမ့်သွားလေ၏။

အရင်းမရှိ၊ အဖျားမရှိ မေးလိုက်သည့်စကားကြောင့် ကျွန်ုပ်တို့အိုင်ပီ များမှာ ဦးခေါင်းငုံ့နေလျက်က တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်လျက် ဘယ်လိုလဲဟူ၍ အချက်ပြလိုက်ကြ၏။

သူကဆက်ပြီး လေသံတင်းတင်းဖြင့်. . .

“လူကလေးတို့ကတော့ အချိန်တန်ရင် လစာရတယ်ဆိုပြီး ပေါ့ပေါ့ လေးနေ နေကြတယ်။ လူကလေးတို့မြန်မာလူမျိုးတွေဟာ အဲဒီလိုပေါ့ပေါ့နေ ပေါ့ပေါ့စားကြလို့ ကျွန်ုပ်တို့တွေက မအုပ်ချုပ်ချင်ဘဲ အုပ်ချုပ်နေကြရတယ်။ အခု ကျွန်ုပ်ဘာဖြစ်နေလဲသိလား။ ကျွန်ုပ်ခေါင်းထဲမှာ မီးတွေလောင်နေပြီ”

ကျွန်ုပ်တို့အိုင်ပီများသည် ဦးခေါင်းငုံ့လျက်ကပင် ဒုတိယအကြိမ်မြောက် မျက်စပစ်မိကြပြန်၏။ လွန်စွာအပြောင်အပျက်ပြောတတ်သော အိုင်ပီမင်းပုည သည် ရယ်ချင်စိတ်ကို အတော်လေးမြိုသိပ်လိုက်ရသည်ထင်၏။ ဦးခေါင်းငုံ့ ထား၍သာ တော်တော့၏။ သို့မဟုတ်လျှင် အားလုံးအပေါ် အုပ်မိုးထားသည့် ဒေါသက သူတစ်ဦးအပေါ် ကျရောက်သွားမှာ သေချာသည်။

သူသည် ဦးခေါင်းငုံ့လျက် ပါးစပ်ကြီးက ပြုံးဖြီးဖြီးဖြစ်သွား၏။ သူကဲ့ သို့ပင် ကျွန်ုပ်လည်း ရယ်ချင်စိတ်ကို မနည်းအောင့်လိုက်ရ၏။ စုံထောက် မင်းကြီးပေါလ်စလေဒင်သည် မြန်မာစကားကို သူနားလည်သလို ပြောလိုက် ခြင်းဖြစ်သည်။

ကျွန်ုပ်ခေါင်းပူနေပြီဟုပြောရမည့်ကို သူက မီးလောင်နေပြီဟု သုံးနှုန်း လိုက်သောကြောင့်ဖြစ်သည်။

“ကျွန်ုပ်တို့ကိုလိုနီလက်အောက်ခံနယ်မြေတွေမှာ အခုလိုမငြိမ်သက်မှုတွေ ဓာတကာဖြစ်နေရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုအကောင်အထည် ဖော်နိုင်တော့မလဲ။ မောင်မင်းတို့ပြောစမ်း။ မောင်မင်းတို့မြန်မာလူမျိုးတွေဟာ ကျွန်ုပ်တို့စေတနာကို နားမလည်ကြဘူး”



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တွေးထင်သည့်အတိုင်းပြဿနာသည် ပေါ့သေးသေးမဟုတ်တော့ကြောင်း သေချာနေလေပြီ။ သူ့စကားများက လိပ်ပတ်မလည်သော်လည်း ရှိပ်ဖမ်းသံဖမ်း အကဲခတ်ကြည့်ခြင်းအားဖြင့် ဗြိတိသျှအစိုးရအား မထီမဲ့မြင်လုပ်လိုက်သော ကိစ္စရပ်မျိုးကြုံတွေ့နေရပေလိမ့်မည်။

ခေတ်ကာလအခြေအနေမှာလည်း သူပြောသလိုအမှန်ဖြစ်နေ၏။ တော်လှန်ရေးလက်ကျန်များက ဟိုနေရာ သည်နေရာမှ ထကြွပုန်ကန်နေသည့်သတင်းကို မကြာခဏကြားနေရ၏။ အချို့ကလည်း ခြုံခိုတိုက်ခိုက်ခြင်းဖြင့် အန္တရာယ်ပြုကြလေ၏။

၎င်းတို့အုပ်ချုပ်ရေးယန္တရားတွင် ထိပ်ပိုင်းနေရာတွင်ရှိသည့် စုံထောက်မင်းကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်များမှာ အချွေအရံအစောင့်အရှောက်များ၏ အကာအကွယ်ရှိနေသည့်အတွက် ပြဿနာမဟုတ်သော်လည်း အောက်ခြေအမှုထမ်းများအဖို့တော့ လွန်စွာဒုက္ခတွေ့ကြလေ၏။ အထိအနာ ဆုံးမှာ အိန္ဒိယကုလားစစ်သားများဖြစ်သည်။

မကြာသေးမီကာလက နယ်မြို့တစ်မြို့တွင် ပုန်ကန်သူလူတစ်စုက အလစ်အငိုက်ကိုချောင်းပြီး ဓားတဖွေးဖွေးဖြင့် ဝင်ရောက်တိုက်ခိုက်ရာ ကုလားစစ်သားအများအပြားကျဆုံးသွားလေ၏။

စုံထောက်မင်းကြီးပေါလ်စလေဒင်သည် အထက်ဖားအောက်ဖိဟူသည့်စိတ်နေအကျင့်စရိုက်ရှိသူဖြစ်ရာ ၎င်းအပေါ်ကျရောက်သည့်အပြစ်ဟူသမျှ လက်အောက်ငယ်သားများအပေါ် ဖိထောင်းတတ်စမြဲဖြစ်သည်။ တုတ်တုတ်မျှ မလှုပ်ဘဲရှိနေကြသည့် ကျွန်ုပ်တို့အမှုအရာများက သူ၏ဒေါသကို နှိုးဆွသလို ဖြစ်နေပုံရ၏။

"ကဲ. . . လူလေးတို့ ဘာမှမပြောနိုင်ဘူးမဟုတ်လား။ ကျွန်ုပ်အများကြီး အရှက်ရတယ်။ ဘုရင်ခံချုပ်က ကျွန်ုပ်ကိုထုချေလွှာတောင်းရင် ကျွန်ုပ်ဘာပြောရမလဲ။ မောင်မင်းတို့က အေးချမ်းပါတယ်လို့ပြောတဲ့နေရာမှာ အခုလို လူသတ်မှုတွေဖြစ်နေကျလား"

သေချာပြီ။ တစ်မြို့မြို့တစ်နယ်နယ်တွင် လူသတ်မှုကြီးကြီးမားမားဖြစ်ခဲ့ပြီ အသတ်ခံရသူမှာ ဘယ်လိုလူမျိုး၊ ဘယ်လိုပုဂ္ဂိုလ် မည်သို့သောအဆင့်အတန်းအတ ထဲက ဖြစ်မည်ဆိုတာသာ သိဖို့လိုတော့၏။

စုံထောက်မင်းကြီးပေါလ်စလေဒင်သည် နားထင်နားရင်းတွေထူပူနေပြီ ဟူသော အမူအရာဖြင့် သူ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ထားလိုက်ပြီ





"မင်းကြီးကိုတောင်သတ်တယ်ဆိုတော့ ဘယ်လောက်များယုတ်မာလိုက်သလဲ။ ကိုယ့်တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ကျေးဇူးရှင်ကို ဒီလိုလုပ်တာဟာ ကိုယ်မွေးတဲ့ခွေးက ကိုယ့်ကိုပြန်ကိုက်သလိုဖြစ်မနေဘူးလား"

"မောင်မင်းတို့မြန်မာနိုင်ငံကို ကျွန်ုပ်တို့ဘုရင်မကြီးက ကောင်းမွန်စွာကယ်တင်ပေးထားတဲ့ကျေးဇူးကိုမှမထောက်၊ လုပ်ရက်လိုက်တာ။ အခုကိစ္စကြောင့် မကြာခင်မှာ ကျွန်ုပ်ကိုဘုရင်ခံချုပ်က မေးတော့မယ်။ ကျွန်ုပ်ဘာပြောရမလဲ"

ကျွန်ုပ်တို့နိုင်ငံကို ၎င်းတို့က ကယ်တင်ပေးသည်ဟူသောစကားကြောင့် ကျွန်ုပ်သည် စိတ်ထဲ၌တင်းကနဲဖြစ်သွား၏။ လက်အောက်ငယ်သားအပေါ်မှာ အပြစ်တင်ကြိမ်းမောင်းတာကို ကျွန်ုပ်လက်ခံပါသည်။ သူပြောနေပုံက အပြစ်တင်သလိုဖြင့် သူတို့လူမျိုးအပေါ် ကိုယ်ရည်သွေးပြနေလေရာ နားထောင်နေရင်းက ခံပြင်းဒေါသဖြစ်နေမိ၏။

"ကျွန်ုပ်တို့အင်မတန်လေးစားရတဲ့ စက်ရှင်တရားသူကြီး ဂျွန်ဝီလီယံကို လုပ်ကြံသတ်ဖြတ်သွားတယ်လေ။ မစ္စတာဂျွန်ဟာ ဘုရင်ခံချုပ်ကိုယ်တိုင် အထူးလေးစားရတဲ့သူပါ။ မစ္စတာဂျွန်အသတ်ခံရတဲ့ကိစ္စဟာ ကျွန်ုပ်ခေါင်းပေါ် လုံးလုံးကျရောက်နေပြီ။ ကျွန်ုပ်မဖော်ထုတ်နိုင်လို့ကတော့ ကောင်းကောင်းကြီး ထုချေလွှာတင်ခံရမှာသေချာတယ်။ ဒါကို မောင်မင်းကို့နားမလည်ဘူးလား"

ထိုအခါမှာတော့ ကျွန်ုပ်တို့အိုင်ပီများသည် ဦးခေါင်းငုံ့မနေကြတော့ပါ။ မစ္စတာဂျွန်ဝီလီယံဟူသောအမည်ကိုကြားလိုက်ရသည်နှင့် ထိုသို့ဦးခေါင်းမတ်သွားကြခြင်းဖြစ်သည်။ တပြိုင်တည်းပင် ကျွန်ုပ်တို့၏ မျက်ဝန်းများမှာ အံ့ဩသည့် အရိပ်အယောင်များ ယှက်သန်းကုန်ကြ၏။ အိုင်ပီအောင်စိုးဆိုလျှင် အထိတ်တလန့်ဖြင့် ပါးစပ်ပင် ဟသွားလေ၏။

စက်ရှင်တရားသူကြီးမစ္စတာဂျွန်ဝီလီယံဟူသောအမည်ကြောင့် ကျွန်ုပ်တို့မှာ ထိုသို့ဖြစ်သွားကြခြင်းဖြစ်သည်။ ၎င်းပုဂ္ဂိုလ်ကြီးနှင့်ပတ်သက်၍ လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က ပုံရိပ်များကို အမှတ်ရမိ၏။ ထိုစဉ်က သူသည် အင်းစိန်စီအိုင်ဒီရုံး၌ တာဝန်ထမ်းဆောင်စဉ်ကဖြစ်သည်။

မှတ်မှတ်ရရမစ္စတာဂျွန်ဝီလီယံသည် အခြားသောမျက်နှာဖြူအရာရှိများနှင့်မတူသည့် အနေအထိုင်၊ အမူအကျင့်မျိုးရှိလေ၏။ မျက်နှာဖြူအရာရှိအတော်များများသည် ၎င်းတို့လူမျိုးအချင်းချင်းသာလျှင် လေးစားတန်ဖိုးထားပြီး ကျွန်ုပ်တို့မြန်မာလူမျိုးများနှင့်ဆက်ဆံသည့်အခါမှာတော့ မတူမတန်



www.burmeseclassic.com

သဘောမျိုးဆက်ဆံကြစမြဲ ဖြစ်သည်။ မစ္စတာဂွန်ဝီလီယံကတော့ ထိုသို့မဟုတ်
အမြဲပင်ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး မြန်မာလူမျိုးများအပေါ်တွင် လိုက်လျော
ညီထွေပြောဆိုဆက်ဆံလေ၏။

အထူးသဖြင့် သူတို့လူမျိုးအတွက် လိုအပ်လာလျှင် မည်သည့်လူမျိုး
ပစေ မာန်မာနကို အစွမ်းကုန်နှိမ့်ချပြီး ဆက်သံသူဖြစ်သည်။ သို့ကြောင့်လည်း
မြန်မာလူမျိုးလူကုံထံအသိုင်းအဝန်းကြားတွင် မစ္စတာဂွန်ဝီလီယံသည် အမြ
မျက်နှာဖြူအရာရှိကြီးများထက်ပို၍ ချစ်ခင်သူများပြားလေ၏။

အလုပ်သဘာဝအရ ကျွန်ုပ်တို့နှင့်ဆက်ဆံသည့်အခါမှာလည်း စုံထော
မင်းကြီးပေါလ်စလေဒင်နှင့်မတူ ရင်းနှီးပွင့်လင်းစွာဆက်ဆံသဖြင့် ကျွန်ုပ်
မြန်မာလူမျိုးအိုင်ပီများမှာလွန်စွာ ဂုဏ်ယူကျေနပ်ကြလေ၏။ အနေအထိုင်
အပြောအဆိုပြောင်းလဲခြင်းမရှိဘဲ ပုံမှန်အတိုင်းပြောဆိုဆက်ဆံသူမှာ ထူး
ခြားခြားတစ်ဦးသာလျှင်ရှိ၏။

ထိုသူမှာ ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီလောကတွင်သာမက မြန်မာတစ်နိုင်
လုံးရှိပုလိပ်ဌာနများ၌ မည်သူမျှ ယှဉ်ပြိုင်နိုင်စွမ်းမရှိသည့် လူထူးလူဆ
ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ထိုသူသည် ပုလိပ်အမှုထမ်းဖြစ်သော်လည်း
သွေး၊ ဇာတိမာန်ထက်သန်ပြီး လွန်စွာရဲစွမ်းသတ္တိရှိသူဖြစ်ရာ မျက်နှာဖြူအ
ရှိကြီးများမှာ ၎င်းကိုလွန်စွာမျက်မုန်းကျိုးကြသော်လည်း လူစွမ်း နတ်မနေနိုင်
ဟူသကဲ့သို့ အရေးကြုံလာတိုင်း ၎င်းကိုသာလျှင် အားကိုးအားထားပြုကြရ
ဖြစ်သည်။

ထိုသူမှာ အသက်အရွယ်သုံးဆယ့်ငါးနှစ်ဝန်းကျင်ခန့်ရှိပြီး လွန်စွာခန့်ည
ပြေပြစ်သည့်ရုပ်ရည်ရှိ၏၊ ထိုသူ၏အမည်မှာ အင်စပက်တော် မင်းမြတ်ကျော်
ဟူ၍ဖြစ်၏။

ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာသည် အင်းစိန်စီအိုင်ဒီတွင်အတွဲဆုံးလု
ဖော်ကိုင်ဖက်များဖြစ်၏။ လုပ်ငန်းသဘောအရသာ မဟုတ်ဘဲ မိတ်ဆွေရ
ပမာ ညီရင်းအစ်ကိုပမာ ခင်မင်ကြခြင်းဖြစ်ရာ လွန်စွာခက်ခဲနက်နဲသည့်အ
သောအမှုအခင်းများကို ကျွန်ုပ်တို့နှစ်ဦး၏အတွဲညီညီဆောင်ရွက်မှုဖြင့်
ထုတ်နိုင်ခဲ့သည်မှာ အကြိမ်ကြိမ်ပင်ဖြစ်၏။

အထူးသဖြင့် ထိုကိစ္စများတွင် ကျွန်ုပ်မှာနောက်လိုက်အဆင့်မျှသာဖြစ်
ရှေ့မှဦးဆောင်လုပ်ကိုင်သွားသူမှာ ကျွန်ုပ်၏မိတ်ဆွေမင်းမြတ်ကျော်စွာသ
လျှင်ဖြစ်၏။ သို့သော်လည်း မင်းမြတ်ကျော်စွာသည် မည်သည့်အခါမှတစ်ကို

ကောင်းမဆန်။ မျက်နှာလိုမျက်နှာရအပြုအမူမျိုးမလုပ်။ ကျွန်ုပ်သာလျှင်
နေတတ် မထိုင်တတ်ဖြစ်ရသည့်ချည်းဖြစ်၏။

အကြောင်းကား ကိစ္စပြီးမြောက်၍ စုံထောက်မင်းကြီးထံအစီရင်ခံလေ
ိုင်း ကျွန်ုပ်၏စွမ်းဆောင်နိုင်မှုများကို သာသာထိုးထိုးတင်ပြပြီး သူ့ကိုယ်
ကတော့ နောက်လိုက်ပမာ ဖော်ပြပြောဆိုသောကြောင့်ဖြစ်သည်။ မင်းကြီး
မှောက်ဖြစ်၍ ကျွန်ုပ်မှာမပြောသာသော်လည်း ကျွန်ုပ်တို့ချင်းတွေ့ဆုံ
ည်အခါ ထိုကိစ္စအတွက် ကျွန်ုပ်က အပြင်းအထန်ကန့်ကွက်၏။

ထိုအခါများတွင် သူက ဘာတစ်ခုမှတုန့်ပြန်မပြောဘဲ ပြုံး၍သာနေလေ၏။
ကျွန်ုပ်ကမည်သို့ပင်ဂန့်ကွက်သော်လည်း သူကတော့အနည်းငယ်မျှ အချိုး
ပြောင်း။ ထိုသို့ပင်ပြုလုပ်လေရာ ကျွန်ုပ်အဖို့ပြောပါများ၍ အမောဆို့ရုံက
ပြီးအကြောင်းထူးမည်မဟုတ်သောကြောင့် ၎င်းကန့်ကွက်ပြောဆိုခြင်းကို
ကိုယ်ဘာသာကိုယ် ရုတ်သိမ်းလိုက်ရ၏။

တကယ်တော့ လူတစ်ယောက်၏ ကိုယ်စွမ်းကိုယ်စဟူသည်မှာ ပုံတူကူး၍
သည့်အရာမဟုတ်။ လူတိုင်းမှာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အရည်အချင်းရှိကြ
ဖြစ်၏။ မင်းမြတ်ကျော်စွာ၏အရည်အချင်းကို ကျွန်ုပ်လွန်စွာအားကျ၏။
းကဲ့သို့ ထူးချွန်ထက်မြက်စေရန် တုပကြိုးစား၏။

သို့သော်လည်း အတုသည်အတုသာလျှင်ဖြစ်ပြီး အစစ်ကိုမမီနိုင်ကြောင်း
ျွန်ုပ်ကိုယ်တွေ့သိရှိလိုက်လေ၏။

မင်းမြတ်ကျော်စွာက ကျွန်ုပ်အား မိတ်ဆွေကောင်းပီသစွာဖြင့် မင်းကြီး
့တွင် မည်သို့ပင်နေရာပေးပြောဆိုသော်လည်း ၎င်းပြောဆိုမှုမှာ အကြိမ်
ရေအတွက်များလာသည်နှင့်အမျှ လွန်စွာပါးနပ်သည့်မင်းကြီးလည်း အခြေ
အနေမှန်ကို သိရှိသွားလေ၏။ မင်းမြတ်ကျော်စွာ၏မွန်မြတ်သည့်စိတ်နေ
သဘောထားကို နှုတ်ကဖွင့်ဟမပြောသော်လည်း စိတ်ထဲ၌ကြိတ်၍ အသိ
အမှတ်ပြုလိုက်ပုံရ၏။

မင်းမှုထမ်းလောကတွင် ထိုသို့သော စိတ်နေသဘောထားမျိုးရှိသူမှာ
လွန်စွာရှားပါးပြီး တွေ့ရခဲသောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် လုပ်ကြံခံရသည့်စက်ရှင်တရားသူကြီး ဂွန်ဝီလီယံအမည်
ကြားလိုက်သည်နှင့် ကျွန်ုပ်၏မိတ်ဆွေကြီးမင်းမြတ်ကျော်စွာနှင့်ပတ်သက်
ဆက်နွယ်မှုများများကို သတိတရတွေးမိလိုက်ခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီး
သည် ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီရုံး၌ တာဝန်ထမ်းဆောင်ရင်း တစ်ဆင့်မြင့်

www.burmeseclassic.com

ရာထူးဖြင့် ပြည်မြို့သို့ ပြောင်းရွှေ့ခဲ့ရ၏။ ထိုစဉ် သူသည် နှုတ်ဆက်ပွဲအနေဖြင့် ညနေစာတည်ခင်းဧည့်ခံကျွေးမွေးရာ ကျွန်ုပ်တို့အိုင်ပီများကိုလည်း အရေးတယူဖိတ်ကြားခဲ့၏။

သို့ဖိတ်ကြားခံရသည့်အတွက် ကျွန်ုပ်တို့မှာအံ့ဩရသလို လွန်စွာလည်း ပျော်ရွှင်ကြလေ၏။ ကျွန်ုပ်တို့၏ အမှုထမ်းသက်တလျှောက်တွင် ထိုသို့သော မျက်နှာဖြူထိပ်တန်းအရာရှိကြီးတစ်ဦးက အရေးတယူဧည့်ခံကျွေးမွေးခြင်းကို ဘယ်တုန်းကမှ မခံစားရဖူးသောကြောင့် ဖြစ်သည်။ ဧည့်ခံကျွေးမွေးသည်မှာလည်း အဆင့်အတန်းခွဲခြားမှုမရှိဘဲ တပြေးညီကျွေးမွေးဧည့်ခံလေ၏။

ကျွန်ုပ်တို့မှာလည်း ပျော်တပြုံးပြုံးဖြင့် စားလိုက်သောက်လိုက် မစ္စတာဂျွန်ဝီလီယံကို ဆုမွန်ကောင်းများတောင်းလိုက်ဖြင့် လွန်စွာအကြိုက်တွေ့နေတော့၏။ ကျွန်ုပ်တို့နှင့်မတူ ကွဲပြားခြားနားနေသည်မှာ အင်စပက်တော်မင်းမြတ်ကျော်စွာဖြစ်လေ၏။ သူသည် ကျွန်ုပ်တို့ကဲ့သို့ မစ္စတာဂျွန်ဝီလီယံအပေါ်တွင် လိုတာထက်ပို၍ ဖော်လံဖားသည့် အမူအယာမျိုးမရှိဘဲ သူ့ဟန်အတိုင်း တည်တည်ငြိမ်ငြိမ်ပင်ပြောဆိုနှုတ်ဆက်လေ၏။

မင်းမြတ်ကျော်စွာသည် အချို့သောကိစ္စများတွင် သူများမတွေးသည့် ရှုထောင့်မှ တွေးခေါ်သုံးသပ်နိုင်စွမ်းသူဖြစ်သည်။ ၎င်းဧည့်ခံပွဲမှအပြန်တွင် သူသည် မစ္စတာဂျွန်ဝီလီယံနှင့်ပတ်သက်ပြီး မည်သူမှသတိမထားမိသည့် အယူအဆများဖြင့် ထောက်ပြဝေဖန်ခဲ့လေ၏။ ထိုစကားများကို သူနှင့်အရင်းနှီးဆုံးဖြစ်သည့် ကျွန်ုပ်ကိုသာလျှင် ပြောဆိုခဲ့ခြင်းဖြစ်၏။

ထိုစဉ်က ကျွန်ုပ်သည် ၎င်းပြောဆိုသည့်အယူအဆများကို နားထောင်လိုက်ရသော်လည်း အလွယ်တကူလက်ခံ၍ မရလောက်အောင် သံသယဖြစ်မိလေ၏။

"အိုင်ဆေး ကိုသန်းစိန်၊ ခင်ဗျားတို့တွေရဲ့စိတ်ထဲမှာ မစ္စတာဂျွန်လို မျက်နှာဖြူအရာရှိကြီးတစ်ဦးက အခုလိုအဆင့်မြင့်မြင့် ဧည့်ခံကျွေးမွေးတာကို တက်ရောက်ခွင့်ရလိုက်လို့ အလွန့်ကိုကျေနပ်နေကြတယ်ပေါ့"

"အိုး. . . ဘယ်လိုပြောလိုက်တာလဲ ကိုကျော်စွာရယ်၊ ဒီလောက် ကျေနပ်စရာကောင်းတဲ့အဖြစ်မျိုးရှိသေးလို့လား"

"ဟုတ်တာပေါ့. . . ကျုပ်တို့မြန်မာမင်းမှုထမ်းလောကမှာ ဒီလိုအခွင့်အရေးမျိုး၊ ဒီလိုပုဂ္ဂိုလ်မျိုးဆိုတာ အင်မတန်တွေ့ရကြုံရခဲပါတယ်။ ဒါကြောင့် တွေးကြည့်ရင် အတော်ကျေနပ်စရာကောင်းတဲ့အဖြစ်ပဲလေ"





သူကပြုံးတုံ့တုံ့အမူအယာဖြင့်ပင် ဆက်ပြီး. . .

"ကျွန်တော်နဲ့အိုင်ပီက အခြားအိုင်ပီတွေထက်စာရင် အင်မတန်ရင်းနှီးလွန်းလို့သာ ကျွန်တော့်အယူအဆတွေကို ပြောမိတာပါလေ။ တကယ်တော့ ကိုယ့်အသိထဲမှာပဲ သိမ်းထားသင့်တဲ့အယူအဆတွေပါ။ အိုင်ပီမင်းပုညတို့ အိုင်ပီသိန်းဇော်တို့ရှေ့မှာသာပြောမိရင် ကျွန်တော့်ကိုအူကြောင်ကျားဆိုပြီး ပြက်ရယ်ပြုကြမှာအသေအချာပဲ"

"ကဲပါ ကိုကျော်စွာရယ်၊ ကျုပ်ကလည်း ဧည့်ခံပွဲမှာ ခင်ဗျားအမူအယာကို အကဲခတ်မိပါတယ်။ တခြားသူတွေကတော့ သတိထားမိချင်မှထားမိလိမ့်မယ်။ ကျုပ်ကတော့ အရင်းနှီးဆုံးခင်မင်လာတဲ့သူဆိုတော့ ခင်ဗျားအရိပ်အကဲကို ကောင်းကောင်းအကဲခတ်နိုင်ပါတယ်။ ခင်ဗျားဟာ ရင်းနှီးမှုကို အခွင့်ကောင်းမယူဘူး။ ကျုပ်တို့၊ အိုင်ပီမင်းပုညတို့ကတော့ ကြုံတောင့်ကြုံခဲအခွင့်အရေးဖြစ်သလို လွန်စွာစားသောက်ရခဲ့တဲ့ ဧည့်ခံပွဲဖြစ်တာကြောင့် ဗိုက်ပေါက်မတတ်အလျှံပယ်စားသောက်ခဲ့ကြတယ်။ ကျုပ်တို့ဝိုင်းကို မစ္စတာဂျွန်ဝီလီယံရောက်လာတဲ့အခါ ဆုတောင်းစကားတွေပြောလိုက်ကြနဲ့ ပျော်တပြုံးပြုံးဖြစ်နေကြတယ်။

ခင်ဗျားကတော့ ကျုပ်တို့လိုမဟုတ်ဘဲ အလိုက်သင့်နေထိုင်သွားတယ်။ ကျုပ်အထူးသတိထားမိလိုက်တာက ခင်ဗျားရဲ့အကြည့်တွေကိုပဲ။ ခင်ဗျားအကြည့်တွေက ဧည့်ခံပွဲတစ်ခုလုံးအပေါ်မှာ စူးစမ်းအကဲခတ်နေတယ်လို့ ကျုပ်ပြောရင် ခင်ဗျားငြင်းမလား"

ထိုအခါမှာတော့ မင်းမြတ်ကျော်စွာသည် ကျွန်ုပ်၏ပခုံးကို အသာအယာပုတ်ရင်း သဘောကျစွာရယ်လေ၏။ သို့ရယ်နေရင်းက ဦးခေါင်းကို လေးလေးပင်ပင်ခါယမ်းလျက်. . .

"အိုင်ပီကို ကျွန်တော်လေးစားသွားပြီဗျာ။ ဒီလိုတော်လို့လည်း မင်းကြီးပေါလ်စလေဒင်က အားကိုးတကြီးမြှောက်စားနေတာပေါ့"

"ဟိုး. . . နိုး. . . နိုး. . . တဆိတ်လွန်သွားပြီဗျာ။ ခင်ဗျားဘော်လီဘောအပုတ်ကောင်းလို့ မင်းကြီးက ကျုပ်ကိုအပုတ်ယင်ပြီး အားကိုးတ. . .ယလွဲတွေ ချည်းဖြစ်လွန်းလို့ မြှောက်မစားဘဲ ရိုက်ချဟာချည်းခံနေရတာ ဘယ်နှစ်ခါရှိပြီလဲ။ မလုပ်ပါနဲ့တော့ဗျာ။ ကိုယ့်နေရာနဲ့ကိုယ်နေပါရစေ"

ကျွန်ုပ်က မျက်နှာကိုရှုံ့မဲ့ကာ ပြောလိုက်ရာ ကျွန်ုပ်တို့နှစ်ဦးမှာ တိုင်ပင်ထားသည့်အလား အားပါးတရရယ်မိကြပြန်၏။ ထို့နောက် ကျွန်ုပ်က စကားလမ်းကြောင်းကို ပြန်တည့်လိုက်ပြီး. . .


www.burmeseclassic.com

www.burmeseclassic.com

"ကဲပါလေ. . . ကျုပ်အကဲခတ်မိတဲ့အချက်ကို အတည်ပြုပြောပါဦး"

"ကျွန်တော်မငြင်းပါဘူးဗျာ။ အတည်ပြုရမယ်ဆိုရင်တော့ အပြည့်အ
အတည်မပြုနိုင်ဘူး။ တစ်ဝက်တော့ အတည်ပြုရလိမ့်မယ်"

"ကောင်းပြီ အဲ့ဒီအတည်မပြုနိုင်တဲ့အကြောင်းပြချက်ကို ကျုပ်သိချင်တယ်"

မင်းမြတ်ကျော်စွာက ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီ
အပြုံးတစ်ဝက်ဖြင့်. . .

"အိုင်ပီပြောသလို ကျွန်တော်စူးစမ်းအကဲခတ်နေရုံတင်မဟုတ်ဘူး
အနေအထားတစ်ခုလုံးအပေါ်မှာ သုံးသပ်တွေးတောနေတာပါ။ အကဲခတ်
အဆင့်ထက်အများကြီးအရေးပါတယ်လို့ ယူဆနိုင်တာပေါ့လေ"

"ကဲပါလေ၊ မြန်မာစကားဟာ ပါးပါးလေးနဲ့အတော်ရှုပ်တာပဲ။ ရှင်
လက်စနဲ့ ပြောင်သလင်းခါသွားအောင် ရှင်းစမ်းပါဦး ကိုကျော်စွာရယ်
ခင်ဗျားသုံးသပ်မိတဲ့အတွေးလေးကို ကျုပ်ကိုလည်းမျှဝေပေးပါဦး"

ထိုအခါမှာတော့ မင်းမြတ်ကျော်စွာသည် လေးနက်တည်ငြိမ်မှုအသွင်ဖြ
ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်လိုက်ပြီး. . .

"အိုင်ဆေး ကိုသန်းစိန်၊ အိုင်ပီ့ကို ကျွန်တော် ရိုးရိုးရှင်းရှင်းသဘေ
တရားတစ်ခုပြောပြမယ်။ အိုင်ပီရိုးရိုးရှင်းရှင်းတွေးကြည့်စမ်းပါ။ လူမျိုး
တစ်စုက အခြားလူမျိုးစုတစ်စုကို ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံက အခြားနိုင်
တစ်နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်ပြီး သိမ်းပိုက်တာဟာ ဘာအတွက်လဲ
ရင်းတို့အတွက်အကျိုးအမြတ်မရှိဘဲ လူ့အသက်တွေဆုံးရှုံးခံ၊ ငွေကြေးအမှ
အပြားအကုန်အကျခံကြပါ့မလား။ ဗြိတိသျှလူမျိုးတွေဟာ ကျွန်တော်တို့နိုင်ငံ
သူတို့အကျိုးအမြတ်အတွက် ကျူးကျော်သိမ်းပိုက်ခဲ့ကြတာပဲလေ။ ထို့အတူ
ပြင်သစ်နိုင်ငံတို့ ပေါ်တူဂီနိုင်ငံတို့ကလည်း သိမ်းပိုက်ချင်ကြတာပဲ။ ကျွန်တေ
တို့နိုင်ငံက ပေါကြွယ်ဝတဲ့သဘာဝအရင်းအမြစ်တွေနဲ့ လူ့စွမ်းအားအရ
အမြစ်တွေက သူတို့အတွက် ပြည်တန်ရတနာသိုက်ကြီးရယ်လိုက်သလိုဖြစ်သွ
တာပေါ့။

ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ ရှေးအစဉ်အဆက်ကတည်းက နေထို
စားသောက်မှုမှာ ရိုးစင်းကြတယ်။ မေတ္တာ၊ စေတနာအရင်းခံပြီး ညှော်ဝ
ကျေပွန်ကြတယ်။ လောဘကိုအတတ်နိုင်ဆုံးချုပ်တည်းပြီး ရောင့်ရဲတင်းတိ
လွယ်ကြတယ်။ အနောက်နိုင်ငံသားတွေနဲ့မတူတဲ့အချက်က အဲ့ဒါပဲအိုင်
အနောက်နိုင်ငံသားတွေက ဘယ်တော့မှရောင့်ရဲတင်းတိမ်တယ်ဆိုတာ မရှိဘူး





ဒီတစ်ခုရရင် နောက်တစ်ခုထပ်ရဖို့ အသေအလဲကြိုးစားတယ်။ စိတ်အား
ထက်သန်မှုရှိသလို ဇွဲလည်းရှိကြတယ်။ ကျွန်တော်တို့မြန်မာလူမျိုးတွေဟာ
တဆိတ်ရှိရင် သည်းခံခွင့်လွှတ်ခြင်း၊ မေတ္တာတရားလောက်အေးမြတာ ဘာမှ
မရှိဘူးဆိုတဲ့စကားတွေ တွင်တွင်ပြောပြီး ကိုယ့်ကိုကိုယ်ဖြေသိမ့်ရင်းကပဲ အဆုံး
မှာတော့ တိုင်းတစ်ပါးကျူးကျော်စော်ကားတာကို အလွယ်တကူခံလိုက်ရတယ်။

အခုလို တိုင်းတစ်ပါးလက်အောက်ရောက်လို့ လူမွေးသူမွေးမပြောင်ဘဲ
မွဲပြာကျနေတာတောင် တချို့လူတွေပြောနေကြတဲ့စကားတွေကို ကျွန်တော်
အင်မတန်စိတ်ပျက်တယ်။ အခုလိုအဖြစ်မျိုးကြုံရတာကို ဝဋ်ရှိလို့ ဝဋ်ကြွေး
ဆပ်နေရတာတဲ့။ သံသရာဝဋ်ကြွေးကုန်ရင်တော့ သူ့အလိုလိုပြီးသွားပါလိမ့်
မယ်တဲ့. . . ကဲ။ တချို့ကြပြန်တော့ အခုလို သူတစ်ပါးတိုင်းပြည်ကို မတရား
ကျူးကျော်သိမ်းပိုက်လားတဲ့အတွက် သမာဒေဝနတ်ကောင်းနတ်မြတ်တွေက
ကြည့်မနေပါဘူးတဲ့။ တခြားနိုင်ငံတစ်နိုင်ငံက မြန်မာနိုင်ငံပြည်သူလူထုကို
ဝင်ရောက်ကူညီပေးလိမ့်မယ်တဲ့။ ကဲ. . . မခက်ဘူးလား။ အဲ့ဒီလေမျိုးတွေနဲ့
ပြောနေကြတာကို အိုင်ပီလည်းကြားမိမှာပါ။ ကျွန်တော်ကတော့ မကြာခဏ
ကြားရလွန်းလို့ ကြားမိတိုင်း ရင်ထဲမှာ အတော့်ကို စိတ်မကောင်းဖြစ်ရတယ်။

ပြီးတော့ အနာဂတ်မြန်မာနိုင်ငံအတွက်လည်း ရင်လေးမိတယ်။ ဘာလို့
လဲဆိုတော့ အဲ့ဒီလိုစိတ်ဓာတ်မျိုးတွေ လူထုထဲမှာ ပျံ့နှံ့သွားလေ၊ မြန်မာနိုင်ငံ
ဟာလည်း ကျွန်သက်ရှည်မှာမလွဲသေချာနေလို့ပဲ။ တကယ်တော့ အိုင်ပီရယ်
အကျင့်သီလစင်ကြယ်ပြီး သူတော်ကောင်းတရားနဲ့မွေ့လျော်နေတဲ့ သူတော်စင်
တွေကလွဲရင် ကျွန်တော်တို့ဟာ ပုထုစဉ်လူသားတွေပါ။ လောဘ၊ ဒေါသ၊
မာန်မာနဆိုတာ လူတိုင်းမှာ အနည်းနှင့်အများရှိကြတာပဲလေ၊ ကိုယ့်ကို
ဓားနဲ့ခုတ်လို့ ကိုယ်ကပြန်ခုတ်ဖို့ ဓားအဆင်သင့်မရှိရင် တုတ်ဖြစ်ဖြစ်၊ ခဲလုံး
ဖြစ်ဖြစ် တစ်ခုခုနဲ့တော့ပြန်ပြီး ခုခံရမှာပေါ့။ နောက်ဆုံးခုခံဖို့အခွင့်မသာရင်
လွတ်အောင်ရှောင်ပြေးပြီး အဲ့ဒီခုတ်တဲ့လူကို ထိပ်တိုင်ရင်မဆိုင်ရင်တောင်မှ
ချောင်းမြောင်းပြီး တိုက်ခိုက်လို့ရပါတယ်။ အဲ့ဒီလိုမှမဟုတ်ဘဲ စော်ကားလာ
သမျှကို ဝဋ်ကြွေးရှိလို့ သည်းခံလိုက်မယ်။ ဒါမှမဟုတ် အခြားသူတစ်ဦးဦးက
ကူညီတိုက်ခိုက်ပေးလိမ့်မယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဘယ်လောက်စိတ်ပျက်ဖို့
ကောင်းလိုက်သလဲ။

ပြင်သစ်နိုင်ငံက ကူတိုက်ပေးတော့မလိုလို၊ ပေါ်တူဂီနိုင်ငံကပဲ စစ်အင်
အားအလုံးအရင်းနဲ့ ရောက်လာတော့မလိုလို အဲ့ဒီလိုမျှော်ရင်းနဲ့ပဲ အခုနှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ငါးဆယ်ကျော်နေပြီ။ ဘာများထူးခြားလာလို့လဲ။ အဲ့ဒီပြည်ပနိုင်ငံတွေကလည်း တဆိတ်ရှိ မတရားဘူးပြောလိုက်၊ ကန့်ကွက်တယ်ပြောလိုက်၊ ရှုံ့ချတယ်ပြောလိုက်နဲ့ သူတို့ပြောတဲ့အသံတွေကိုနားယောင်ပြီး အဟုတ်ကြီးထင်နေကြတယ်။ အားကိုးတကြီးစောင့်မျှော်နေကြတယ်။ အဲ့ဒီလိုမျှော်ရင်းနဲ့ပဲ ကျွန်ဘဝသက်တမ်းက နှစ်ငါးဆယ်ကျော်လာပြီ။ သူတို့မျှော်လင့်သလို ဘာတစ်ခုများဖြစ်လာလို့လဲ။ အမေကျော်ဒွေးတော်လွမ်းပြီး လွမ်းဖျားဖျားနေလိုက်ကြတာ။ ကျွန်ဘဝသက်တမ်း နှစ်တစ်ထောင်လောက်ကြာရှည်နေခဲ့ရင်လည်း အဲ့ဒီလူတွေဟာ လွမ်းနေကြဦးမှာပဲ။

တကယ်ဖြစ်ရမှာက ပြည့်အင်အားသည်ပြည်တွင်းမှာသာရှိတယ်ဆိုတဲ့ အတွေးအခေါ်နဲ့ မြန်မာ့ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်တွေ ပြည်သူလူထု နှလုံးသားမှာစွဲမြဲသွားအောင် စည်းရုံးသိမ်းသွင်းပြီး တစ်မျိုးသားလုံးအုံကြွ တော်လှန်ကြမယ်ဆိုရင် ဒီမျက်နှာဖြူကောင်တွေ ဘယ်လောက်တောင့်ခံနိုင်မှာလဲ။ ကောင်းပြီ။ သူတို့မျှော်လင့်သလို ပြင်သစ်တို့ ပေါ်တူဂီတို့ဆိုတဲ့ကောင်တွေကလည်း သူတို့အတွက် အကျိုးအမြတ်မရှိဘဲ အင်္ဂလိပ်ကို တိုက်ပါ့မလား။ စစ်အင်အားအလုံးအရင်းနဲ့ ခေတ်မီလက်နက်တွေနဲ့ ဝင်တိုက်တယ်ပဲထားပါဦး။ ကျွန်တော်တို့တိုင်းပြည်ဟာ သူ့ကျွန်ဘဝက လွတ်မြောက်သွားမယ်လို့ထင်လို့လား။ ရှေ့ဘုန်းကြီးထွက်သွားရင် နောက်ဘုန်းကြီးရောက်လာသလိုပဲ ကျွန်တော်တို့တိုင်းပြည်ဟာ နောက်လူ လက်ထဲကို ကျွန်အဖြစ်နဲ့ ကျရောက်သွားဦးမှာပဲ။ အဲ့ဒီလိုနဲ့ ကျွန်သံသရာထဲက ဘယ်တော့မှ ရုန်းထွက်နိုင်မှာမဟုတ်တော့ဘူး။ သို့ပေမယ့် ကံကြမ္မာက ကျွန်တော်မျှော်လင့်သလို ဖြစ်လာမလားတော့ မဆိုနိုင်ဘူး။ အခုတလောမှာ ရန်ကုန်ယူနီဘာစီတီကောလိပ်က ပညာတတ်လူငယ်လေးတွေရဲ့ လှုပ်ရှားမှုတွေကို အိုင်ပီလည်း ကြားမိမှာပါ။ သူတို့ဟာ ခေတ်အမြင် ခေတ်အတွေးရှိကြသလို ရှေးရိုးစွဲပုဂ္ဂိုလ်ကြီးတွေလို အမေကျော်ဒွေးတော်လွမ်းသလို ဟိုလူ့အားကိုး၊ ဒီလူ့အားကိုး မနေကြဘူး။ ကိုယ့်တိုင်းပြည် ကိုယ့်ပြည်သူတွေရဲ့အားကိုပဲ ယုံကြည်တယ်။ အခုဆိုရင် သူတို့လေးတွေရဲ့အမျိုးသားရေးလှုံ့ဆော်မှုကြောင့် ပြည်သူလူထုကြီးဟာ နိုင်ငံရေးအသိအမြင်တွေ နိုးကြားလာကြပြီလေ။ ဘယ်ယောက်အားရဖို့ကောင်းလိုက်သလဲ”

မင်းမြတ်ကျော်စွာသည် စကားကိုမပြတ်ပြောလာရာမှ ထိုနေရာသို့အရောက်တွင် ရပ်တန့်လိုက်ပြီး အစီခံနားအထိ လောင်ကျွမ်းနေပြီဖြစ်သည့်





စီးကရက်ကို ခပ်လှမ်းလှမ်းသို့တောက်ထုတ်လိုက်ပြီးနောက် စီးကရက်အသစ်တစ်လိပ်ထုတ်ကာ ထပ်မံမီးညှိလိုက်လေ၏။ ထို့နောက် သူသည် မည်သည့်စကားမှမဆိုဘဲ စီးကရက်ကိုသာ တွင်တွင်ဖွာရှိုက်နေလေ၏။

သူ့အမူအယာကိုကြည့်ရင်း ကျွန်ုပ်ပြုံးလိုက်မိသည်။ စောစောတုန်းက သူသည် စီးကရက်ဖွာရှိုက်ဖို့ သတိမပြုနိုင်လောက်အောင် ပြောနေသည့်စကားအပေါ်တွင် လွန်စွာအာရုံဝင်စားနေလေရာ စီးကရက်မှာ ဖွာရှိုက်ခြင်းမပြုရဘဲ အစီခံနားထိ မီးစွဲလောင်ခဲ့လေ၏။ ထိုအခါမှ သူလည်း စီးကရက်ဖွာရှိုက်ဖို့ သတိပြုမိသွားပြီး စီးကရက်အသစ်တစ်လိပ်ထုတ်ကာ မီးညှိပြီးအားပါးတရ ဖွာရှိုက်နေခြင်းဖြစ်သည်။

မင်းမြတ်ကျော်စွာသည် ကျွန်ုပ်နှင့်ရင်းနှီးခင်မင်ခဲ့သည်မှာ နှစ်ကာလများစွာရှိခဲ့ပြီဖြစ်သည်။ သူသည် ဗြိတိသျှအစိုးရ၏ မင်းမှုထမ်းဖြစ်သော်လည်း ဗြိတိသျှအစိုးရအပေါ် အထင်ကြီးလေးစားခြင်းမရှိတာကိုလည်း သူ၏ အမူအကျင့်များကိုကြည့်၍ ကျွန်ုပ်ကောင်းစွာသိရှိပါသည်။

သူသည် ပုလိပ်အမှုထမ်းဖြစ်သော်လည်း မည်မျှဆိုးသွမ်းသည့် လူဆိုးလူမိုက်ဖြစ်ပါစေ၊ ဥပဒေဘက်တော်သားဟူသည့် ဂုဏ်မောက်ပြီးနိုင်ထက်စီးနင်းဆက်ဆံတာမျိုးဘယ်တော့မှ ပြုလုပ်သူမဟုတ်ပေ။ ထိုသို့မပြုရုံသာမက အချို့သော ဒုစရိုက်သမားများကို ပုလိပ်မင်းကြီးကိုပင် ဆက်ဆံခြင်းမပြုဖူးသည့် လေးစားသမှုမျိုးဖြင့် ရိုးကျိုးစွာဆက်ဆံသည့်အခါများလည်းရှိ၏။

ထိုမျှသာမက ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအခက်အခဲများကိုလည်း တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးလေ၏။ ဒုစရိုက်သမားတိုင်းကိုတော့ ထိုသို့ဆက်ဆံသည်တော့ မဟုတ်ပါ။ အထူးသဖြင့် ထိုသူများမှာ ကံအကြောင်းမလှ၍ မဖြစ်သင့် မဖြစ်ထိုက်ဘဲ ဒုစရိုက်အမှုကျူးလွန်ကြသူများဖြစ်ကြလေ၏။

ကျွန်ုပ်သည် သူနှင့်ရင်းနှီးခင်မင်စအချိန်က ထိုအပြုအမူများအပေါ် နားမလည်နိုင်ဖြစ်ခဲ့သော်လည်း ခင်မင်မှုကာလကြာမြင့်လာသောအခါ လူအသိန်းအသောင်းတွင် တစ်ယောက်တွေ့ရဖို့ မလွယ်ကူသည့် ၎င်း၏ကြီးကျယ်မြင့်မြတ်သည့် စိတ်နေသဘောထားကို အသိအမှတ်ပြုလိုက်မိသလို လွန်စွာအထင်ကြီးလေးစားခဲ့ရ၏။

မင်းမြတ်ကျော်စွာ၏ ခံယူတွေးခေါ်ပုံမှာ ရိုးရိုးစင်းစင်းလေးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် ဗြိတိသျှအုပ်ချုပ်ရေးယန္တရားတွင် ပုလိပ်အရာရှိများအဖြစ်အမှုထမ်းကြရ၏။ တစ်နည်းဆိုသော် ဥပဒေဘက်တော်သားများဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com

အလုပ်သဘောအရ ကျွန်ုပ်တို့သည် အမြဲလို ဥပဒေချိုးဖောက်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရစမြဲဖြစ်သည်။

ထိုသူများမှာ လူထု၊ လူတန်းစားအသီးသီးမှ ဖြစ်ကြ၏။ ထိုသူများမှာ မည်သူတွေလဲ။ ကျွန်ုပ်တို့မြန်မာနိုင်ငံသားပြည်သူလူထုများပင် မဟုတ်ပါလား။

တိုင်းပြည်လည်းကျွန်ပြုခံရသေး။ ပြည်သူလူထုမှာလည်း နင်းပြားဘဝ ရောက်နေရပြန်။ တွေးကြည့်လျှင် ဘယ်ဖက်ကမှ သက်သာဖွယ်ရာမရှိသည့် အခြေအနေမျိုးတွင် ကျွန်ုပ်တို့ကဲ့သို့ မြန်မာမင်းမှုထမ်းများက သခင်အားရ ကျွန်ပါးဝသည့်လုပ်ရပ်မျိုးဖြင့် မိမိတို့ပြည်သူလူထုအပေါ် ထပ်ပြီး အနိုင်ကျင့် စော်ကားပါက ပြည်သူလူထုအဖို့ ကျောနှင့်ရင်ကပ်ပြီး ဘယ်တော့မှ နာလန်ထူနိုင်တော့မည်မဟုတ်ပေ။

အင်စပက်တော်မင်းမြတ်ကျော်စွာသည် အမေကျော်ဒွေးတော်လွမ်း လိုသည့် စိတ်ဓာတ်ဖြင့် ဗြိတိသျှအစိုးရလက်အောက်တွင် အမှုထမ်းနေခြင်း မဟုတ်ပါ။ သူ့တွင်လွန်စွာခိုင်မာပြတ်သားသည့် သံဓိဋ္ဌာန်ထားရှိလေ၏။ ထိုအရာမှာ မိမိတို့ပြည်သူလူထုအပေါ်တွင် တရားသဖြင့် ကာကွယ် စောင့်ရှောက်မည်ဟူ၍ ဖြစ်၏။

ၾင်းအသိတရားခံယူချက်များကို သူသည် လူအများရှေ့တွင် ဘယ်တော့မှ ပြောဆိုလေ့မရှိ၊ သူ၏လုပ်ဆောင်မှုများကို သတိထားစောင့်ကြည့်ပါက အပြောနှင့် မဟုတ်။ အလုပ်ဖြင့် သက်သေပြနေခြင်းဖြစ်ကြောင်း သိရှိနိုင်ပါလိမ့်မည်။

ကျွန်ုပ်သည် ပြည်မြို့တွင်လုပ်ကြံခံရသူ အနောက်နိုင်ငံသား မစ္စတာ ဂျွန်ဝီလီယံအကြောင်းနှင့်ဆက်စပ်ပြီး ကျွန်ုပ်မိတ်ဆွေ အင်စပက်တော် မင်းမြတ် ကျော်စွာနှင့်ပြောဆိုခဲ့သည့်ဖြစ်စဉ်များကို တမေ့တမော အမှတ်ရမိခြင်းဖြစ် သည်။ ထိုသို့ သတိတရဖြစ်စရာအကြောင်းကိစ္စများလည်း ထိုစဉ်က ရှိနေခဲ့ သည်မဟုတ်ပါလား။

မစ္စတာဂျွန်ဝီလီယံသည် မြန်မာနိုင်ငံတွင် စက်ရှင်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိသည့် မျက်နှာဖြူအရာရှိကြီးဖြစ်သည်။ ထိုပုဂ္ဂိုလ် ကြီး၏ထူးခြားသည့် အမူအကျင့်မှာ သူနှင့်ထိတွေ့ဆက်ဆံရသည့်မြန်မာပြည် သူလူထုအပေါ်တွင် မလိုအပ်ဘဲ အကြောင်းမဲ့ နိုင်ထက်စီးနင်းဆက်ဆံခြင်းမျိုး မပြုလုပ်။ လူနေမှုအဆင့်အတန်းပေါ်တွင် ခွဲခြားကာလိုက်လျောညီထွေဆက်ဆံ သူဖြစ်သည်။

ထိုအချက်မှာ အခြားသောမျက်နှာဖြူအရာရှိများနှင့်မတူ ကွဲပြားသည့်





အမူအကျင့်မျိုးဖြစ်သည်။ သို့ကြောင့်လည်း ကျွန်ုပ်တို့ကဲ့သို့သော မြန်မာ မင်းမှုထမ်းများမှာ ၎င်းအပေါ်တွင် လွန်စွာချစ်ခင်လေးစားကြခြင်းမှာ မဆန်း လှပေ။

မိတ်ဆွေကြီးမင်းမြတ်ကျော်စွာကတော့ မစ္စတာဂျွန်ဝီလီယံ၏ အမူအကျင့် အပေါ်တွင် ချီးကျူးခြင်းလည်း မပြုသလို ရှုံ့ချခြင်းလည်းမရှိခဲ့ပေ။ သူ့အမြင် သူ့အတွေးကို ဤသို့ရိုးရိုးစင်းစင်းသုံးသပ်ပြခဲ့၏။

"အိုင်ပီ. . . ကျွန်တော့်စကားတွေက မစ္စတာဂျွန်ဝီလီယံသေဆုံးပွဲအကြောင်း ကနေ ဘယ်လိုမှမသက်ဆိုင်တဲ့အကြောင်းအရာတွေဆီ ဝေ့ဝိုက်သွားလို့ အိုင်ပီ စိတ်ရှုပ်သွားပြီထင်တယ်"

ဟု စကားကို အစပျိုးလိုက်ပြီး လွန်စွာသိနားလည်ရခက်သည့်အကြည့်ဖြင့် ကြည့်ရင်းပြုံးလိုက်ပြီးနောက်. . .

"ကျွန်တော့်အရှုပ်ကို ကျွန်တော်ကိုယ်တိုင်ပဲပြန်ရှင်းပါ့မယ် အိုင်ပီရယ်။ တကယ်တော့ အဲ့ဒီပုဂ္ဂိုလ်တွေအကြောင်းကို ခြေခြေမြစ်မြစ်သုံးသပ်တဲ့အခါ ကျွန်တော်ပြောခဲ့တဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရေးအခြေအနေကိုလည်း ဘေးဖယ် ထားလို့မဖြစ်ဘူးလေ။ ဘာလို့လဲဆိုတော့ သူတို့တွေဟာ ကျွန်တော်တို့မြန်မာ ပြည်သူလူထုအပေါ်မှာ တရားသဖြင့်ရော၊ မတရားသဖြင့်ရော အုပ်ချုပ်နေ ကြတာမဟုတ်လား။ တရားသဖြင့်လို့သုံးနှုန်းရတာ အားနာလို့သာသုံးနှုန်း လိုက်ရတာပါ။ တကယ်တော့ သူတို့တွေဟာ မတရားသဖြင့် အုပ်ချုပ်နေကြ တာ၊ ကျွန်တော်တို့မျက်မြင်ပဲလေ။

လူမျိုးစုတစ်စုက အခြားလူမျိုးစုတစ်ခုကို ဒါမှမဟုတ် တိုင်းပြည်တစ်ပြည်က အခြားတိုင်းပြည်တစ်ပြည်ကို ကျူးကျော်တိုက်ခိုက်ပြီး အနိုင်ယူသိမ်းပိုက်လိုက် တာဟာ ဘာအတွက်လဲ။ ကျွန်တော်ပြောခဲ့သလိုပေါ့၊ အဲ့ဒီတိုင်းပြည်ကို နစ်ပြည် ဖို့မဟုတ်ဘူး။ သူတို့အကျိုးစီးပွားအတွက် အဲ့ဒီတိုင်းပြည်နဲ့ပြည်သူလူထု အပေါ်မှာ ကျွန်ပြုအုပ်ချုပ်ဖို့ပေါ့။ ကျွန်လိုအုပ်ချုပ်ပြီဆိုကတည်းကိုက အိုင်ပီတို့ ကျွန်တော်တို့ ပြည်သူလူထုတွေအဖို့ ဘာကောင်းစရာရှိတော့မှာလဲ။ လူတစ် ယောက်မှာ လူပီသတဲ့အခွင့်အရေးဆိုလို့ မြူတစ်မှုန်စာလောက်တောင် မရရှိ တော့ဘူးလေ။ ဗြိတိသျှအုပ်ချုပ်ရေးယန္တရားမှာ တကယ့်ထိပ်ပိုင်းရာထူးမှန် သမျှကို ဗြိတိသျှလူမျိုးတွေပဲ ချုပ်ကိုင်ထားကြတယ်။ အိုင်ပီတို့ ကျွန်တော်တို့ မြန်မာပြည်သူလူထုတွေက ဘယ်လောက်ထူးချွန်ထက်မြက်နေပါစေ၊ အဲ့ဒီလို ရာထူးမျိုးမျှော်မှန်းပိုင်ဆိုင်ခွင့်မရကြဘူး။ ကျွန်တော်တို့ပုလိပ်မင်းကြီးရာထူးမျိုး


www.burmeseclassic.com

www.burmeseclassic.com

ဂျွန်ဝီလီယံလိုစက်ရှင်တရားသူကြီးရာထူးမျိုးတွေပေါ့။ မြန်မာပညာတတ်ပုဂ္ဂိုလ်တွေအဖို့တော့ သူတို့တွေရဲ့ ခိုင်းရာနေစေရာသွားအမိန့်အတိုင်းလုပ်ဆိုတဲ့ လက်ဝေခံအဆင့်အတန်းမျိုးမှာ ကျေနပ်နေကြရတယ်။

ကောင်းပြီ၊ ဗြိတိသျှတွေဟာ ကျွန်တော်တို့တိုင်းပြည်ကို ကျွန်ပြုအုပ်ချုပ်နေကြတယ်။ သူတို့ရဲ့ရည်ရွယ်ချက်၊ ခံယူချက်ဟာ ဘာလဲ။ သီပေါဘုရင်ပါတော်မူပြီးလို့ မြန်မာနိုင်ငံတော်ကြီးကို ဗြိတိသျှအင်ပါယာနိုင်ငံအဖြစ် ကြေညာပြီးတာနဲ့ မြန်မာ့မြေပေါ်က အဖိုးတန်ကျောက်မျက်ရတနာတွေဟာ ဗြိတိသျှလူမျိုးတွေရဲ့ အိတ်ထဲကို နည်းမျိုးစုံနဲ့ရောက်ကုန်ကြတာပဲလေ။

ရာထူးကြီးတဲ့လူက သူ့အခွင့်အာဏာရှိသလောက် များများယူတယ်၊ ရာထူးငယ်တဲ့လူကလည်း ငယ်တဲ့အလျောက် ဉာဏ်ရှိသလို အရယူကြတယ်၊ စုံထောက်မင်းကြီးတို့၊ စက်ရှင်တရားသူကြီးတို့လည်း အဲ့ဒီသဘောအတိုင်း ခံယူကျင့်သုံးနေကြတာ ကျွန်တော်တို့မျက်မြင်ပဲလေ။ ကောင်းပြီ၊ အဲ့ဒီလို လုပ်ကိုင်တဲ့နေရာမှာ သူတို့အထဲက ကျင့်သုံးကဲ့နည်းလမ်းက နှစ်မျိုးတည်း ရှိတယ်"

ထိုနေရာသို့အရောက်တွင် မင်းမြတ်ကျော်စွာသည် စကားကိုရပ်တန့်လိုက်ပြီး အနည်းငယ်အသံထွက်၍ ရယ်လိုက်လေ၏။ သို့ရယ်ရင်းက တစ်လိပ်တည်းသာကျန်ရှိတော့သည့်ပိုလိုစီးကရက်ကိုထုတ်၍ မီးညှိဖွာရှိုက်ပြီးပြောလိုက်သည့်စကားကြောင့် ကျွန်ုပ်လည်း ရုတ်ခြည်းပင် မျက်မှောင်ကျုံ့လျက် ၎င်းကို တအံ့တသြကြည့်လိုက်မိ၏။ နှုတ်ကလည်း. . .

"ဘယ်. . . ဘယ်လို. . . အိုင်ဆေး ကိုကျော်စွာ၊ ဟောက်စားနဲ့ကောက်စား ဟုတ်လား။ လင်းစမ်းပါဦး ကိုယ့်ဆရာရယ်။ ကိုယ့်ဆရာရဲ့စကားတွေက သဘောပေါက်သလို မပေါက်သလိုနဲ့၊ စကောဝီစကီနဲ့ရီဝေဝေဲ့အမူးတွေတောင် ဘယ်ရောက်သွားမှန်းမသိဖြစ်ကုန်ပြီ"

ကိုအခါ မင်းမြတ်ကျော်စွာသည် ကျွန်ုပ်၏စကားအပေါ် လွန်စွာသဘောကျသွားပြီး လှိုက်လှိုက်လှဲလှဲရယ်လိုက်လေ၏။ ၎င်းနေထိုင်သည့် ခမ္ဘဝိန္ဒာလ သို့ရောက်ရှိရန်လည်း များစွာမကွာဝေးတော့ပြီမို့ သူသည် တောက်လျှောက် ပြောလာသည့် စကားကို ထိုအဆိုအမိန့်နှင့်အဆုံးသတ်ပြောလိုက်တော့၏။

"ကောင်းပါပြီလေ၊ ကျွန်တော်လည်း ကွက်ကွက်ကွင်းကွင်းနဲ့ ထိထိမိမိ အရှိဆုံးစကားလုံးနဲ့ သုံးနှုန်းလိုက်တာပါ။ အဝေးကြီးမတွေးပါနဲ့။ ထင်သာ မြင်သာရှိမယ့်ပုဂ္ဂိုလ်နှစ်ဦးကို ကျွန်တော်ယှဉ်ပြပါ့မယ်၊ ပုလိပ်မင်းကြီးပေါ်လ်





စလေဒင်နှင့် စက်ရှင်တရားသူကြီး ဂျွန်ဝီလီယံတို့ကို သုံးသပ်ကြည့်လိုက်ရင် အဖြေဟာရှင်းနေပြီ။ ကျွန်တော်ပြောခဲ့သလို ဗြိတိသျှလူမျိုးတွေဟာ ကျွန်တော်တို့တိုင်းပြည်အတွင်းက သူတို့အကျိုးစီးပွားအတွက် လုပ်ယူကြတဲ့အခါ ကျွန်တော်ပြောခဲ့သလို အဲ့ဒီ ဟောက်စားနဲ့ကောက်စား ဆိုတဲ့နည်းလမ်းနှစ်မျိုးနဲ့ကျင့်ကြံလုပ်ကိုင်ကြတယ်။ ကျွန်တော်တို့ပုလိပ်မင်းကြီးကျင့်ကြံတဲ့အမူအကျင့်က ဟောက်စားလို့ ခိုင်းနှိုင်းပြောဆိုရမယ်။ အမြဲတမ်းမြန်မာပြည်သူလူထုအပေါ် အနိုင်ကျင့်ဗိုလ်ကျပြီး အကြောက်တရားလွှမ်းမိုးအောင် နိုင်ထက်စီးနင်းဆက်ဆံပြီး သူ့အကျိုးစီးပွားကို အရယူတယ်။ မစ္စတာဂျွန်ဝီလီယံလို အမူအကျင့်မျိုးကိုတော့ ကောက်စားလို့သတ်မှတ်ရမယ်။ သူ့အကျိုးစီးပွားအတွက်ဆိုရင် လူမျိုးမရွေး ဘာသာမရွေးလိုက်လျောညီထွေဆက်ဆံပြီး လိမ္မာပါးနပ်စွာနဲ့ အရယူတယ်။ အများအမြင်မှာတော့ အင်မတန်စိတ်သဘောထားကောင်းမွန်တဲ့ ပုဂ္ဂိုလ်ကြီးလို့ထင်မှတ်ရပေမယ့် အတွင်းစိတ်နေသဘောထားကတော့ သူ့ကိုယ်ကျိုးအတ္တအပေါ်မှာ အခြေခံတာပဲလေ"

ဟူ၍ စကားကိုအဆုံးသတ်လိုက်ပြီး စီးကရက်ကို အားပါးတရဖွာရှိုက်လိုက်ပြီးနောက် လမ်းဘေးမြောင်းထဲသို့ လက်ခလယ်ဖြင့် တောက်ထုတ်လိုက်လေ၏။

ထိုအခါမှ ကျွန်ုပ်လည်း မင်းမြတ်ကျော်စွာသုံးနှုန်းလိုက်သည့် စကားလုံးရွေးချယ်မှုအပေါ် သဘောပေါက်နားလည်သွားပြီး ပြုံးလိုက်မိ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးလမ်းခွဲနှုတ်ဆက်သည်တွင် နှုတ်ဆက်စကားနှင့်အတူ မင်းမြတ်ကျော်စွာပြောလိုက်သည့်စကားကို မမေ့နိုင်အောင်ဖြစ်ရပြန်၏။

"အခု ဧည့်ခံပွဲမှာ ကျွန်တော်တော့ မစ္စတာဂျွန်ဝီလီယံကိုကြည့်ပြီး အတော်လေးသနားပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ငါးစာကိုမြင်ပြီး ငါးမျှားချိတ်ကို မမြင်သလိုမျိုး တစ်ချိန်ချိန်မှာ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်ကောင်းရင်ဆိုင်ရလိမ့်မယ်။ အဲ့ဒီလိုသာရင်ဆိုင်ရရင်တော့ အိုင်ပီတို့ ကျုပ်တို့တွေ အတော့်ကို အလုပ်ရှုပ်ကြဦးမှာပဲ"

ဟူသောစကားပင်ဖြစ်လေ၏။

♣ ♣ ♣


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

ကျွန်ုပ်တို့စီအိုင်ဒီစုံထောက်များသည် ပုလိပ်မင်းကြီး၏ ကြိမ်းမော
ဖြစ်တင်ခြင်းကို ခံနေရသည်မှာ အချိန်တစ်နာရီခန့်ကြာမြင့်နေပြီ ဖြစ်
မျက်နှာဖြူအရာရှိကြီးတစ်ဦး လုပ်ကြံခံရသည့်အမှုအခင်းသည် ကျွန်ုပ်
စီအိုင်ဒီအဖွဲ့ကိုသာမက တစ်တိုင်းပြည်လုံးရှိ ပုလိပ်ဌာနများအဖို့ လွန်
ထိတ်လန့်တုန်လှုပ်ဖွယ်ပြဿနာတစ်ခုပင် ဖြစ်သည်။

ကျွန်ုပ်သည် ပုလိပ်မင်းကြီးရှေ့တွင်ရှိသော်လည်း အတွေးအာရုံများ
လုပ်ကြံခံရသူ မစ္စတာ ဂွန်စီလီယံနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ မင်းမြ
ကျော်စွာပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်နေမိသည်။

ထိုစဉ်က မင်းမြတ်ကျော်စွာ ထင်မြင်ယူဆခဲ့သလို အမှန်ပင် ရင်ဆို
နေရပြီဖြစ်၍ ကျွန်ုပ်အဖို့မယုံနိုင်လောက်အောင် အံ့သြတုန်လှုပ်မိပါသည
ကျွန်ုပ်အပါအဝင် စီအိုင်ဒီစုံထောက်နှစ်ဦးဖြစ်သည့် မင်းပုညနှင့် သိန်းဇေ
တို့မှာ ကျောက်ရုပ်ကြီးများအလား ငြိမ်သက်နေကြ၏။

အချိန်တစ်နာရီခန့် တောင့်တောင့်ကြီးရပ်နေရသဖြင့် ခြေသလုံးကြွက်သ
များလည်း တောင့်တင်းကျိန်းစပ်နေပြီဖြစ်ရာ ထိုနေရာမှ အလျင်အမြန်ထွက်
လိုကြ၏။ မင်းကြီးသည်လည်း တစ်နာရီခန့်ဖြစ်တင်ကြိမ်းမောင်းနေသည်
အားရကျေနပ်ပုံမရသေးပေ။

ရုံးခန်းအတွင်း၌ မျက်နှာကြီးနီမြန်းလျက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှော
နေလျက်ပင်ရှိ၏။ လည်ပင်းရှည်ပုံနှင့်မျက်နှာကြီးနီပြီး ကလန်ကလားလျှော
နေပုံမှာ တိုက်ကြက်ဖကြီးတစ်ကောင်လျှောက်နေပုံနှင့် တူလှ၍ ကျွန်ုပ်
ရယ်ချင်မိသော်လည်း အလုပ်ပြုတ်မည်စိုး၍ အောင့်အီးထားရလေ၏။

"စီအိုင်ဒီမှာအလုပ်မလုပ်ဘဲ လစာအချောင်လိုချင်တဲ့သူတွေ၊ စုံထော
ကျော်ကြီးတွေ၊ မြည်းတွေလို ထုံထိုင်းပြီး ငိုက်မြည်းနေတဲ့သူတွေ၊ အခုမောင်မင်း





အတွက် အလုပ်ကောင်းကောင်းပေါ်လာပြီ။ မောင်မင်းတို့ ဗမာတွေ အားကြီး
လူသတ်ချင်ကြတယ်။ သတ်ရင်လည်း ကိုယ့်ဗမာအချင်းချင်းသတ်ကြပါလား။
အခုတော့ ကျွန်ုပ်တို့ အင်္ဂလိပ်တွေကိုပါ သတ်နေကြပြီ။ ဂတ်တွေကလည်း
ဘာမှအလုပ်မလုပ်ကြဘူး။ အမှုဖြစ်ရင် စီအိုင်ဒီကိုပဲ တွန်းပို့နေကြတယ်။
မောင်မင်းတို့ကလည်း ဝက်လိုကောင်တွေ၊ ကျွန်ုပ်က ဝက်လိုကောင်တွေနဲ့
အလုပ်လုပ်နေရတာမသိဘဲ ဘုရင်ခံချုပ်က ကျွန်ုပ်ခေါင်းကိုတက်နင်းနေတယ်။
သူ ဘာမှမလုပ်ရတိုင်း ကျွန်ုပ်ကို ဖုန်းခေါ်ပြီး ဖိအားတွေပေးနေတယ်။ ကဲ. . .
အခုတော့ ကျွန်ုပ်တို့အားလုံး ငရဲကိုသွားကြမလား။ မောင်မင်းတို့က လူသတ်
တရားခံကို အမြန်ဆုံးဖော်ထုတ်ပေးမလား"

ဤတစ်ကြိမ်တွင်မတော့ ကျွန်ုပ်တို့အားလုံးသည် ဆတ်ကနဲ ခန္ဓာကိုယ်
တောင့်မတ်သွားပြီး မျက်ဝန်းတွေလည်း တလက်လက်တောက်ပသွားကြ၏။
ကျွန်ုပ်၊ အိုင်ပီမင်းပုညနှင့် အိုင်ပီသိန်းဇော်တို့မှာ တိုင်ပင်ထားသည့်အလား
တစ်ဦးကိုတစ်ဦးကြည့်လိုက်လေ၏။

သူသည် ကျွန်ုပ်တို့တစ်ဦးချင်းစီအား စူးစူးရဲရဲ လိုက်လံကြည့်ရှုနေလေ၏။
ထိုအခါများတွင် အမြဲလိုလို လှုပ်ရှားမှုမြန်ဆန်သော အိုင်ပီမင်းပုညက သူ၏
ရှည်လျားသော အရပ်အမောင်းကြီးကို ရှေ့သို့အလွန်အကျွံကိုင်းလိုက်ပြီး
"ကျွန်တော်မျိုးအမြန်ဆုံး တရားခံကိုဖမ်းပေးပါ့မယ် သခင်၊ စိတ်အေးအေး
ထားပါခင်ဗျာ"

ဟုပြောလိုက်ရာ ကျွန်ုပ်မှာ အကြောင်းသိထားပြီးဖြစ်၍ အသာငြိမ်နေ
လိုက်၏။ ကျွန်ုပ်ထင်ထားသည့်အတိုင်းပင် အိုင်ပီသိန်းဇော်၏ ညှောင်နာနာ
အသံထွက်ပေါ်လာပြန်၏။

"ကျွန်တော်မျိုးပါ ကိုမင်းပုညနဲ့အတူ ကြိုးစားပါ့မယ်သခင်။ ကျွန်တော်မျိုး
တို့နှစ်ယောက်ပေါင်းရင် ဘယ်တရားခံမှ ပုန်းရှောင်နေလို့မရပါဘူး။ တရားခံ
ဖမ်းမိရင်သာ ကျွန်တော်မျိုးတို့ကို ရာထူးတိုးပေးဖို့ ကတိပြုပါ"

ဟုပြောလိုက်ရာ မျက်နှာပြောင်လှသော ယိုနှစ်ယောက်ကို ကျွန်ုပ်အံ့သြ
ငိုင်မိရလေ၏။ သို့သော်. . .

"ဝက်လိုကောင်တွေ၊ လူမိုက်တွေ၊ လေကြီးတဲ့ကောင်တွေ မောင်မင်းတို့
နှစ်ယောက်အားမခံတာလည်းကြာပြီ။ ဘယ်နှစ်ခါများ တရားခံကို မိဖူးကြလဲ။
ခု အလုပ်တောင်မလုပ်ရသေးဘူး။ ရာထူးတိုးခိုင်းနေပြီ။ ကျွန်ုပ်ကပါ
တိုးပေးရဦးမယ်တဲ့။ ဒီလိုဆို မောင်မင်းတို့နှစ်ယောက် တရားခံမမိရင်


www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကထွက်ပေးမလား။ ဟင်. . . ပြောစမ်းပါဦး။ ဘယ်လိုလဲ။ မောင်မင်းတို့ လျှာကို ကြောင်ချီသွားပြီလား"

ဟု ကြိမ်းမောင်းလိုက်ရာ ကျွန်ုပ်မှာ စိတ်ထဲမှကြိတ်၍ ဝမ်းသာလှလေ၏။

သခင်အားရ ကျွန်ပါး၀ ဟူသော စကားပုံအတိုင်း အတိုင်အဖောက် ညီနေသူနှစ်ဦးကိုကြည့်ရသည်မှာ စိတ်မသက်သာဖွယ်ကောင်းလှလေ၏။ မင်းကြီးရုံးခန်းအတွင်းဖြစ်၍ ကျွန်ုပ်မှာ မပြောသာဘဲ နှုတ်ပိတ်နေရခြင်း ဖြစ်သည်။ ကိုယ့်ရုံးခန်းအတွင်း၌ဆိုလျှင်တော့ ထိုအနေအထားမှာ ကျွန်ုပ် အတွက် လွန်စွာအားသာသည့် အကွက်ကောင်းပင်ဖြစ်သည်။

ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာအပေါ်တွင် အမြဲလိုလို မနာလို မနှုဆိတ် အမြင်ဖြင့် ပုတ်ခတ်ပြောဆိုသည့် ၎င်းတို့နှစ်ဦးကို ကျွန်ုပ်ကလည်း အခွင့်သာခိုက် ထိလုံးကလိုလုံးစကားတွေဖြင့် လှောင်ပြောင်တုန့်ပြန်လိုက်ချင်သည်။ သို့တွေး မိနေစဉ်မှာပဲ မင်းကြီး၏ အကြည့်စူးစူးက ကျွန်ုပ်ထံကျရောက်လာပြီး

"လူကလေး မောင်သန်းစိန်" ဟု သံပြတ်ကြီးဖြင့်ခေါ်လိုက်ရာ ကျွန်ုပ်မှာ ရုတ်တရက်ကြီးဖြစ်သောကြောင့် ခန္ဓာကိုယ်က ကျဉ်စက်နှင့် အတို့ခံလိုက် သလို ကတုန်ကရီဖြစ်သွား၏။ သို့သော်လည်း အသားကျနေသည့် ကျွန်ုပ် နှုတ်ဖျားကတော့. . .

"အမိန့်ရှိပါ မင်းကြီး" ဟူသည့် ရိုးကျိုးသည့်စကားသံက အထစ်အငေါ့ မရှိ ထွက်ပေါ်သွားလေ၏။

ထိုအချိန်တွင် ကျွန်ုပ်အာဘယ်မှ ပျော်ရွှင်ဝမ်းမြောက်သွားသည်ကို စာဖွဲ့ ပုင်မိနိုင်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မင်းကြီးပေါလ်စလေ သည် လွန်စွာနူးညံ့ပြီး ချိုသာသည့်အမူအရာဖြင့် တရင်းတနှီးပြောဆိုခြင်း ရရှိလိုက်သောကြောင့် ဖြစ်သည်။ သို့ဆက်ဆံပြောဆိုခြင်းမှာ ကျွန်ုပ်ကြော မဟုတ်။ ကျွန်ုပ်၏မိတ်ဆွေကြီး အင်စပက်တော်မင်းမြတ်ကျော်စွာကြော ဖြစ်သည်။

မင်းမြတ်ကျော်စွာသည် လွန်ခဲ့သော တစ်လခန့်က မင်းကြီးပေါ် စလေဒင်နှင့်စကားအချေအတင် ဖြစ်ခဲ့ကြ၏။ မင်းကြီးသည် လွန်စွာစိတ်ဆိ ဒေါသဖြစ်ကာ မင်းမြတ်ကျော်စွာကို ရုံးခန်းအပြင်သို့ အော်ဟစ်မောင်းထု ခဲ့လေ၏။ ထိုမျှသာမက အထက်အရာရှိအား မချေမငံတုန့်ပြန်ဆက်ဆံသ အတွက် အရေးယူအပြစ်ပေးမည်ဟုလည်း ကြိမ်းမောင်းပြောလိုက်၏။

သို့သော်လည်း မင်းမြတ်ကျော်စွာသည် အနည်းငယ်မျှ တုန်လှုပ်မှုမရှိ





သူ့မာန်အတိုင်း ပိုလိုစီးကရက်ဖွာရှိုက်လျက် တည်တည်ငြိမ်ငြိမ်ရင်ဆိုင်ခဲ့လေ၏။ ထိုသို့ ထီမတင်အမူအရာကိုမြင်ရလေ၊ မင်းကြီးမှာ ပို၍ခံပြင်းလေ ဖြစ်နေ၏။

ဖြစ်ရသည့်အကြောင်းရင်းမှာ သံတော်ဆင့်သတင်းစာတွင်ပါရှိသည့် သတင်းတစ်ပုဒ်ကြောင့်ဖြစ်၏။ ပြဿနာဟုယူဆလျှင်ရသော်လည်း ၎င်းပြဿနာ မှာ ကြီးကြီးမားမားပြဿနာမျိုးမဟုတ်။ အမှုအခင်းတစ်ခုနှင့်စပ်လျဉ်းပြီး သတင်းထောက်နှင့် မင်းမြတ်ကျော်စွာတို့ တွေ့ဆုံသည့် အင်တာဗျူးသတင်း အတိုလေးဖြစ်သည်။

သတင်းထောက်ကလည်း အမေးကောင်းကောင်း။ မင်းမြတ်ကျော်စွာ ကလည်း အဖြေကောင်းကောင်းဆိုတော့ သတင်းမှာ ရုပ်လုံးကြွသွားပြီး ဖတ်ရှု သူ၏ဘဝင်ကို ကိုင်လှုပ်သလို ထိထိမိမိဖြစ်သွားလေ၏။ အထူးသဖြင့် ဗြိတိသျှ အုပ်ချုပ်ရေးယန္တရားကို အဆိုးမြင်သည့်အရိပ်အယောင်များ ပါဝင်နေသဖြင့် မင်းကြီးပေါလ်စလေဒင်က စီအိုင်ဒီစုံထောက်တစ်ဦးက မိမိအမှုထမ်းနေသည့် အဖွဲ့အစည်းအပေါ် ပုတ်ခတ်ပြောဆိုရမလားဟု ပြစ်တင်ကြိမ်းမောင်းခြင်း ဖြစ်သည်။

ထိုအခါ မင်းမြတ်ကျော်စွာကလည်း ချက်ကျလက်ကျတုန့်ပြန်ပြောဆိုလေ၏။ ထိုသို့ပြောဆိုခြင်းမှာ တစ်ဦးချင်းတွေ့ဆုံပြီး ပြောကြခြင်းမဟုတ်။ ကျွန်ုပ်တို့ စုံထောက်များရှေ့တွင် ပြောသောကြောင့် မင်းကြီးမှာ လက်အောက်ငယ်သား များရှေ့တွင် ထိုသို့ဆက်ဆံခံရသည့်အတွက် ရှက်ရမ်း ရမ်းပြီး အကြီးအကျယ် ဒေါသဖြစ်သွားလေ၏။

ထိုစဉ်က မင်းမြတ်ကျော်စွာသည် မင်းကြီးက အော်ဟစ်မောင်းထုတ် သော်လည်း ထွက်ခွာမသွားဘဲ စီးကရက်ကို စိတ်အေးလက်အေးဖွာရှိုက်ရင်း အတန်ကြာမျှထိုင်နေသေး၏။ ပြီးနောက်မှ ခါးမတ်ရင်ကော့ပြီး တည်ငြိမ်စွာ ထွက်ခွာသွားလေ၏။

ထိုနေ့ညနေခင်း ရုံးဆင်းချိန်မတိုင်မီအချိန်မှာဘဲ ကျွန်ုပ်စိုးရိမ်သည့် အခြေအနေမှာ အမှန်ပင်ဖြစ်ခဲ့လေ၏။ အင်စပက်တော်မင်းမြတ်ကျော်စွာကို ရာထူးမှ လစာမဲ့သုံးလရပ်စဲကြောင်း အမိန့်စာ(order) ထွက်လာခြင်းဖြစ်သည်။ အခြေအနေမှာ ထိုမျှနှင့်ပြီးချင်မှပြီးသွားပေလိမ့်မည်။

မင်းကြီးက အငြိုးကြီးစွာဖြင့် ၎င်းသုံးလပြည့်မြောက်၍ တာဝန်ပြန်လည် ထမ်းဆောင်ရမည့်နေ့တွင် နောက်တစ်ဆင့်အရေးယူမှုမျိုးပြုလုပ်သော် လည်းကောင်း ပြုလုပ်နိုင်၏။ လွန်စွာဝေးလံခေါင်သီသည့် နယ်စွန်နယ်ဖျား


www.burmeseclassic.com

www.burmeseclassic.com

အရပ်ဒေသတစ်နေရာရာသို့ ပြောင်းရွှေ့လိုက်ပါက ဘာမျှတတ်နိုင်မည်မဟုတ်

ကျွန်ုပ်မှာ လွန်စွာရင်းနှီးခင်မင်သည့် မိတ်ဆွေအတွက် များစွာစိတ် မချမ်းမြေ့ဖြစ်ရလေ၏။ ကျွန်ုပ်မှာသာ ထိုသို့ခံစားနေရသော်လည်း ကျွန် မိတ်ဆွေကြီးကတော့ အပူအပင် အကြောင့်ကျမဲ့စွာ ( ) ဟု်လို့ပင်နေသေးတော့

မိမိသာဆိုလျှင် ထိုသို့အနားရမည်မဟုတ်။ အခုတော့ မင်းကြီးကျေး ကြောင့် စိတ်အေးလက်အေးအနားယူရတယ် ဟုပြောပြီး စာဖတ်လို လက်ဖွေ့ပွဲသွားလိုက်ဖြင့် ပေါ့ပါးစွာ သွားလာနေထိုင်လေတော့၏။ မည် ပင်ဖြစ်စေ ကျွန်ုပ်သည် မင်းမြတ်ကျော်စွာကို များစွာအထင်ကြီးလေးစားမိသ

မိမိကိုယ်တိုင်က သတ္တိမရှိသော်လည်း မိမိနှင့်ရာထူးအဆင့်လွန် ကွာခြားသော ပုလိပ်မင်းကြီးတစ်ဦးကို ဟုတ်တိုင်းမှန်ရာဟင်ပြပြော သောကြောင့်ဖြစ်သည်။ ထိုသို့သော သူ၏မိတ်ဆွေဖြစ်ရခြင်းကိုလည်း လွန် ဝမ်းမြောက်မိလေ၏။

မင်းမြတ်ကျော်စွာရာထူးမှ ရပ်ဆိုင်းခံရပြီးနောက် စီအိုင်ဒီသို့ရုံးတက် မည့် ကျွန်ုပ်အဖို့လွန်စွာ ပျင်းရိခြောက်သွေ့သလို ခံစားရလေ၏။ ကျွန်ုပ် မိတ်ဆွေကြီးသည် တစ်လဟူသောကာလအတွင်း လွန်စွာကြီးလေးသ အမှုအခင်းကို အကြောင်းပြု၍ လူမှန်နေရာမှန်ပြန်လည်ရောက်ရှိခဲ့လေ

ပဏ္ဍာများမှန်ရင် နွံမနစ်ဘူးဟူသော စကားပုံမှာ အင်စပက်တော်မင်းမြ ကျော်စွာတို့လိုပုဂ္ဂိုလ်များအတွက် ပေါ်ပေါက်လာခြင်းဖြစ်လိမ့်မည်။

မင်းကြီးရုံးခန်းထဲမှ လှမ်းထွက်ခဲ့သည့် ကျွန်ုပ်၏ခြေလှမ်းတွေက လွန် ကြွကြွရွရွရှိနေပါလိမ့်မည်။ မျက်နှာတစ်ခုလုံးလည်း ပြည့်ဝန်းသည့်လကဲ့ ဝင်းပနေသည်မှာ သေချာပါသည်။ ကျွန်ုပ်သည် လိုအပ်သောစာရွက်စာတ များနှင့် 'ဒပ်ဖတာရီ' ခေါ် အမှုတွဲထိန်းဆီမှ အမှုတွဲဟောင်းများကိုတော ယူကာ မင်းမြတ်ကျော်စွာနေထိုင်သည့် ကျောက်မြောင်းရပ် ဓမ္မစိန္တကလမ်း အလျှင်အမြန်ထွက်ခွာခဲ့တော့၏။

ကျွန်ုပ်သည် ဖို့ဒ်ကားစုတ်ကလေးကို ကိုယ်တိုင်မောင်းရင်းထွက်လာ စိတ်ကတက်ကြွလန်းဆန်းနေ၍လားမသိ။ အတော့်ကိုခပ်ကြမ်းကြမ်းမော နေမိရာ အချိန်အနည်းငယ်အတွင်း ကျောက်မြောင်းရပ်သို့ ရောက်ရှိခဲ့လေ

မင်းမြတ်ကျော်စွာသည် တစ်ကိုယ်တည်းလူပျိုကြီးပီပီ တိုက်ခန်းတစ် ငှား၍ လွတ်လပ်စွာနေထိုင်သူဖြစ်၏။ သူ၏တိုက်ခန်းမှာ တတိယအလွှာ ဖြစ်သောကြောင့် တိုက်ရှေ့သို့ ကားရပ်သည်နှင့် ကျွန်ုပ်သည် ဖိုင်တွဲ





စာရွက်စာတမ်းများကို ပွေ့ပိုက်လျက် လှေကားအတိုင်း ခပ်သွက်သွက်လှမ်း တက်လိုက်လေ၏။

တံခါးရှေ့သို့ရောက်သည်နှင့် တံခါးရွက်ကို သုံးလေးချက်ခေါက်လိုက်ရာ တံခါးမှာ ဂျက်ထိုးမထားသည့်အတွက် ကျွန်ုပ်ခေါက်လိုက်သည့်အရှိန်ကြောင့် အနည်းငယ်ဟသွားလေရာ ကြားလိုက်ရသည့် စကားသံကြောင့် ကျွန်ုပ်လည်း လွန်စွာပျော်ရွှင်သွားပြီး အတွင်းသို့ ကပျာကယာ ဝင်လိုက်လေ၏။ ထိုအသံမှာ ကျွန်ုပ်အား ဖိတ်ခေါ်လိုက်သည့် ကျွန်ုပ်၏မိတ်ဆွေ အင်စပက်တော်မင်းမြတ် ကျော်စွာဖြစ်လေ၏။

"အိုင်ပီရေ. . . ကျေးဇူးပြုပြီး တံခါးဂျက်ထိုးလိုက်ပါဗျာ။ အိုင်ပီတော့ မကြာခင်ရောက်လာတော့မယ်ဆိုတာကိုသိလို့ ကျွန်တော်တံခါးဂျက်မထိုးဘဲ ထားတာ။ ကဲ. . . ရောက်တုန်း ဆက်တီမှာထိုင်ပြီး အမောပြေလက်ဖက်ရည် သောက်လိုက်ပါဦး။ အိုင်ပီအလွန်ခံတွင်းတွေ့တယ်ဆိုတဲ့ ယူနွတ်ဆိုင်က လက်ဖက် ရည်ကို အိုင်ပီရောက်လာရင် အဆင်သင့်ဖြစ်အောင် ကျွန်တော်စီစဉ်ထားတာပေါ့"

မင်းမြတ်ကျော်စွာသည် တွေ့သည့်ခဏမှာပဲ သူ၏အစွမ်းအစကို ပြလိုက် လေပြီ။ သူနှင့်တွေ့လျှင် ပြောမည်ဟု အားခဲထားသည့် စကားများမှာ သူ့ စကားများကို နားထောင်ရင်း မည်သို့ရောက်ကုန်ကြပြီမသိ။

သူသည် ဆက်တီစားပွဲနှင့် အနည်းငယ်သာ ကွာလှမ်းသည့် စာကြည့် စားပွဲတွင်ထိုင်နေလျက်က ထိုသို့ပြောနေခြင်းဖြစ်သည်။ ကျွန်ုပ်သည် အနည်း ငယ်မျှ တုန့်ပြန်မပြောနိုင်အောင် နှုတ်ကဆွံ့အနေတော့၏။ ကျွန်ုပ်အဖြစ်က အကြားအမြင်ရနေသည့် ဗေဒင်ဆရာရှေ့ရောက်နေသလို ကျွန်ုပ်ကြုံတွေ့ ခဲ့ရသည့် ဖြစ်ပျက်မှုများကို ၎င်းက ကွက်တိပြောနေသောကြောင့်ဖြစ်သည်။

ပို၍အံ့ဩဖွယ်ကောင်းသည်မှာ ကျွန်ုပ်ယူဆောင်လာသည့်အမှုတွဲနှင့် ပတ်သက်ပြီး အလုံးစုံသိရှိနေခြင်းဖြစ်သည်။ သူသည် အိမ်ထဲမှ တစ်ဖဝါးမှ မခွာဘဲ အဘယ်ကဲ့သို့သိရှိနေပါသနည်း။ ကျွန်ုပ်မှာဘယ်လိုမှ အောင့်အီး မနေနိုင်တော့သဖြင့် တအံ့တဩမေးလိုက်လေရာ သူက ကျွန်ုပ်၏အမူအရာကို ကြည့်ရင်း သဘောကျစွာ ရယ်လိုက်လေ၏။

သို့ရယ်ပြီးသော်လည်း ကျွန်ုပ်မေးသည်ကို မပြောသေး။ ပိုလီစီးကရက် တစ်လိပ်ကိုထုတ်၍ မီးညှိဖွာရှိုက်လိုက်ပြီး ဖတ်လက်စစာအုပ်မှာ မိနစ်အနည်း ငယ်အတွင်းဖတ်ရှုပြီးတော့မည်ဖြစ်၍ ကျွန်ုပ်နှစ်သက်သော လက်ဖက်ရည် ပေါ်ကျကို တစိမ့်စိမ့်သောက်ရင်း သည်းခံစောင့်ဆိုင်းပါရန်ပြောလေရာ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com

လည်း အားမလိုအားမရဖြင့် သူပြောသည့်အတိုင်း ငြိမ်နေလိုက်ရ၏။

သို့သော် ထိုင်ပြီးတော့ငြိမ်နေခြင်းမျိုးမဟုတ်။ လက်ဖက်ရည်အနည်းငယ် သောက်လိုက်ပြီး နံရံကပ်ဗီဒိုကြီးအတွင်းရှိ စာအုပ်များကို လှည့်ပတ်ကြည့်ရှုရင်း စောင့်ဆိုင်းနေလိုက်၏။ စီရီထားသော စာအုပ်အနှောင့်များကိုကြည့်ခြင်းဖြင့် နိုင်ငံခြားမှစာအုပ်စာတမ်းများဖြစ်ကြောင်းသိရ၏။ အခြားဗီဒိုနှစ်လုံးတွင်လည်း မြန်မာပြည်မှတုက်ဝေသော ကျမ်းစာများ၊ ပေစာများ၊ ပုရပိုက်မျိုးစုံကိုလည်း တွေ့ရပြန်၏။

အချို့သောစာအုပ်စာတမ်းများကို ထုတ်ယူဖတ်ရှုသော်လည်း ကျွန်ုပ် အဖို့ ဉာဏ်မမီနိုင်လောက်အောင် ဖြစ်ရလေ၏။ သို့သော်လည်း စာဖတ် ဝါသနာပါသည့် အခြေခံစိတ်ကလေးဖြင့် စာအုပ်စာတမ်းများကို အသေအချာ လှလှလာကြည့်ရှုနေမိသည်။

သို့ကြည့်ရှုနေဆဲမှာပင် မင်းမြတ်ကျော်စွာလည်း ၎င်းဖတ်လက်စစာအုပ် ပြီးဆုံးသွားလေရာ ကျွန်ုပ်နှစ်ဦးလည်း တိုင်ပင်ထားသည့်အလား ဆက်တီ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်မိကြ၏။ သို့ထိုင်မိသည်နှင့် မင်းမြတ်ကျော်စွာ

"ကဲ. . . အိုင်ပီ၊ အရေးပေါ် မင်းကြီးထုတ်ပြန်လိုက်တဲ့ အမိန့်စာ ပြမယ် ပါဦး။ မျက်နှာဖြူလူမျိုးတွေက သူတို့ခေါင်းကို ဆင်နင်းတော့မယ်ဆိုရင် အလွန်ကို ကြောက်ကြပါလား အိုင်ပီရယ်"

ဟုစကားကို ပိုးလိုက်ရာ ကျွန်ုပ်သည် မင်းမြတ်ကျော်စွာ လူလည်ကျပြီး ရိပ်မိလိုက်သဖြင့် မျက်နှာကို အစွမ်းကုန်မဲ့ပြလိုက်ပြီး. . .

"ဟိုး. . . နိုး. . . နိုး ကိုယ့်လူ။ အဲ့ဒီလို လူလည်ကျလို့ ဘယ်ဖြစ်မလဲ ကျုပ်သိချင်လို့မေးလိုက်တဲ့ကိစ္စကို ဝေ့လည်ကြောင်ပတ်မလုပ်နဲ့လေ။ ကဲ. . . ဆိုပါဦး။ မင်းကြီးအရေးယူလိုက်လို့ အနားရတဲ့ကာလအတွင်းမှာ ဘယ်လိုများ အကြားအမြင်ကျင့်စဉ်တွေ ရရှိသွားတာလဲ"

ဟုမေးလိုက်ရာ မင်းမြတ်ကျော်စွာက သူ့ဟန်အတိုင်း မခို့တရို့လေး ပြုံးလိုက်ပြီး. . .

"အိုင်ပီက ခက်အောင်စဉ်းစားနေတာကိုး။ ဒီကိစ္စမျိုးက စနစ်တကျ လေ့ကျင့်သွားရင် ဘယ်သူမဆို ကျွမ်းကျင်သိမြင်နိုင်ပါတယ်။ ပထမဦးဆုံး အချက်ကိုပြောရရင် အိုင်ပီတို့ စီအိုင်ဒီစုံထောက်တွေ ဒီမနက် ရုံးတက်တာ ကြောင်ရှေ့ရောက်နေတဲ့ကြွက်စုတ်တွေအဖြစ်မျိုး ရင်ဆိုင်ရမယ်ဆိုတာ ဒီနေ့မနက် ရှစ်နာရီမှာပဲ ကျွန်တော်သိလိုက်တယ်။ ဘာကြောင့်လဲဆိုရင်





ဟောဒီ မနက်ခင်းထုတ်တဲ့သတင်းစာတွေမှာ ဖတ်လိုက်ရလို့ပဲ"

ဟုပြောပြီး ဆက်တီအောက်ထပ်အဆင့်ပေါ်တွင်ရှိသည့် သတင်းစာ သုံးစောင်ကိုဆွဲယူပြီး စားပွဲပေါ် တင်လိုက်လေ၏။ ကျွန်ုပ်လည်းစိတ်ဝင်တစား ဆွဲယူဖတ်ရှုလိုက်ရာ စက်ရှင်တရားသူကြီးမျက်နှာဖြူအရာရှိ ဂျွန်ဝီလီယံ အသတ် ခံရသည့်သတင်းကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း တွေ့ရလေ၏။

ကျွန်ုပ်သည် စုံထောက်ဖြစ်ပြီး ပတ်ဝန်းကျင်အခြေအနေကို အမှုမဲ့ အမှတ်မဲ့နေထိုင်ခဲ့သည့်အတွက် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်သွားမိ၏။ ထိုသတင်းမှာ ရုံးတက်ချိန်မတိုင်မီသိသင့်ပါလျက် ကျွန်ုပ်အပါအဝင် အခြား သော အိုင်ပီများမှာ မည်သူမှ မသိခဲ့ကြပေ။

"ဒီသတင်းဟာ ကျွန်တော်တို့စီအိုင်ဒီတစ်ခုလုံးကိုသာမက မြန်မာတစ်နိုင် ငံလုံးက ပုလိပ်ဌာနတွေကို အပြင်းအထန်တုန်လှုပ်စေမယ့် သတင်းမျိုးလေ။ အထူးသဖြင့်တော့ ကျွန်တော်တို့စီအိုင်ဒီပေါ့။ အင်း. . . ကျွန်တော့်အထင် ပြောရရင် ကျွန်တော်တို့မင်းကြီးပေါလ်စလေဒင်ဟာ ညကကောင်းကောင်း အိပ်ရမယ်မထင်ဘူး။ ဘုရင်ခံချုပ်က တစ်ညလုံးဖုန်းတဂွမ်ဂွမ်နဲ့ နှိပ်စက် နေမယ်ထင်တယ်"

"သိပ်ကိုသေချာတာပေါ့ ကိုကျော်စွာရယ်။ ဒါကြောင့် ရုံးကိုရောက်တာနဲ့ ကားတံခါးကို ဂျိုင်းကနဲ စောင့်ပိတ်လိုက်ပြီး ရုံးခန်းထဲကို ဆောင့်ကြီးအောင့်ကြီး ဝင်လာတယ်လေ။ ပြီးတော့ နီမြန်းနေတဲ့မျက်နှာကြီးနဲ့ ကျုပ်တို့အိုင်ပီအားလုံးကို ခေါ်တော့တာပဲ။ ကျုပ်တို့မှာ ဘယ်လိုဝင့်ဒုက္ခမှန်းမသိအောင် ကြိတ်မှိတ် ခံလိုက်ရတာ။ ခြေထောက်တွေဆို တောင့်တင်းနေတာပဲ။ ဒီတစ်ခါလည်း ခင်ဗျားစကားတွေက မှန်နေပါရောလား ကိုကျော်စွာရယ်။ ကျုပ်တော့ တကယ့် ပုဂ္ဂိုလ်ထူးရှေ့ရောက်နေပြီထင်တယ်"

ဟုပြောလိုက်ပြီး ကိုယ့်စကားအပေါ် သဘောကျမိ၍ အားပါးတရ ရယ်လိုက် မိ၏။ မင်းမြတ်ကျော်စွာကတော့ ဘာမှမထူးဆန်းသည့်အမူအယာဖြင့် ဦးခေါင်းကို ဖြည်းလေးစွာခါယမ်းလိုက်ပြီး. . .

"အိုင်ပီရယ်. . . စီအိုင်ဒီစုံထောက်တစ်ယောက်ဖြစ်ပြီး စုံထောက်အမြင် အတွေးလေးနဲ့ သုံးသပ်လိုက်ရင် ဘာများခက်တာမှတ်လို့၊ အခုဖြစ်တဲ့ အမှု အခင်းမျိုးဟာ ဗြိတိသျှထိပ်ပိုင်းအရာရှိတွေအဖို့ ဘယ်လောက်ထိတ်လန့် တုန်လှုပ်ကြမလဲ။ အဆီအနှစ်တွေနဲ့ ဖိမ်ကျနေတဲ့ဘုရင်ခံချုပ်လို ပုဂ္ဂိုလ်မျိုး တွေဆိုရင် သာပြီးဆိုးတာပေါ့။ ဒါကြောင့် သူနိုင်တဲ့သူကို ဖိအားပေးမှာ သေချာ


www.burmeseclassic.com

www.burmeseclassic.com

နေပြီလေ။ အဲဒီသူဟာ စီအိုင်ဒီမှာ ရာထူးအမြင့်ဆုံးဖြစ်တဲ့ ကျွန်တော်တို့ မင်းကြီးကလွဲလို့ ဘယ်သူဖြစ်ရဦးမှာလဲ"

"အင်း. . . အခုလိုတွေးလိုက်တော့လည်း ဟုတ်နေပြန်ရော။ ကဲဗျာ နောက်အချက်တစ်ချက်ကို ရှင်းပြပါဦး"

ဟု ကျွန်ုပ်ကတောင်းဆိုလိုက်ရာ မင်းမြတ်ကျော်စွာက စကားမဆက်သေးဘဲ ပိုလိုတံဆိပ်စီးကရက်တစ်လိပ်ကိုထုတ်ကာ ယောက်ခနဲ မီးညှိလိုက်ပြီး ဖွာရှိုက်၍ မီးခိုးများကို မှုတ်ထုတ်လိုက်လေ၏။ ပြီးမှ. . .

"အဲဒီအကြောင်းတရားပေါ် အခြေခံတွေးယူလိုက်ရင် နောက်ပိုင်းဖြစ်ပေါ်လာမယ့် အနေအထားကို ကောက်ချက်ချလို့ရသွားပြီလေ။ မင်းကြီးဟာ ဘာလုပ်မလဲ။ သူ့ရုံးခန်းထဲကို အိုင်ပီတို့ကိုခေါ်မယ်။ ပြီးတော့ မျောက်ဖြူကြီးလို ပေါ်သပေါ်ကြော့နဲ့ ဆူပူကြိမ်းမောင်းမယ်။ ဒီအကြောင်းကိစ္စ မယ်မယ်ရရ မပြောဘဲ တစ်ဖက်သတ်စွပ်စွဲချက်တွေ ဖြစ်တင်ရှုံ့ချစကားတွေနဲ့ အိုင်ပီတို့လည်း နားတွေအူ၊ ခြေကောက်တွေတောင့်ပြီး ကြောင်တက်ကြောင်တောင် ဖြစ်နေကြမယ်။ အဲဒီလိုပြောလို့ အားရကြီးကိုမှ အကြောင်းကိစ္စ ဘာဆိုတာကို ပြောလိမ့်မယ်။ ပြောပြီးရင်လည်း မပြီးသေးဘူး။ အဆုံးသတ်ပြစ်တင်ကြိမ်းမောင်းပြန်ဦးမယ်။ အနေအထိုင်မတတ်တဲ့ အိုင်ပီမင်းပုညနဲ့ သိန်းဇော်တို့က ပဲလှော်ကြား ဘားညှပ်သလို အကြစ်ဖျိုး ရင်ဆိုင်ရဦးမလို. . ."

ထိုနေရာသို့အရောက်မှာတော့ ကျွန်ုပ်တို့နှစ်ဦးမှာ တစ်ဦးမျက်နှာတစ်ဦးကြည့်မိလိုက်ကြပြီး ဘယ်လိုမှ အောင့်အီးမနေနိုင်တော့သဖြင့် အားပါးတရ ရယ်မိလေ၏။

ယင်းသို့ရယ်ပြီးနောက် မင်းမြတ်ကျော်စွာက မစ္စတာ ပျံ့ပိုလီယံ၏အမှုအခင်းက လွန်စွာကြီးလေးသဖြင့် နဂိုကပင် မည်သူ့ကို တာဝန်ပေးရမည်ဟု စဉ်းစားခဲ့ပုံရကြောင်း အမှုအခင်းများစွာကို ဖော်ထုတ်နိုင်ခဲ့သည့် မိမိတို့နှစ်ဦးကိုပင် တာဝန်ပေးလိမ့်မည်ဟု တွက်ဆထားပြီးဖြစ်ကြောင်း ပြောလေ၏။ ထို့နောက် ရှင်းတို့ထုတ်ပြန်ထားသည့် ရှုံ့ချည်နှပ်ချည် ဥပဒေကို ယင်းသို့ပြင်လိမ့်မည်။ မိမိအပေါ် အရေးယူထားသည့်ကိစ္စကို ချက်ချင်းပယ်ဖျက်ပြီး တာဝန်ပြန်လည်ထမ်းဆောင်ခွင့်ပြုကြောင်း အမိန့်စာကို ထုတ်ပြန်လိမ့်မည်ဖြစ်ကြောင်း ပြောလေ၏။

"အင်း. . . တကယ့်ကို လက်ဖျားခါတယ်ဗျာ။ ကောင်းပြီ၊ ကျုပ် ခင်ဗျားဆီကိုရောက်တာနဲ့ ကျုပ်အင်မတန်လက်ဖက်ရည်သောက်ချင်နေတဲ့စိတ်ကို ဘယ်လိုသိလိုက်တာလဲ။ ပြီးတော့ ကျုပ်ကို မမြင်ရသေးဘဲ ရောက်လာတဲ့သူဟာ ကျုပ်ဆိုတာကို ဘယ်လိုသိလဲ။ လင်းစမ်းပါဦး ဆရာရယ်"

"ကျွန်တော်ပြောပြီးပါရောလား။ အခုလိုအခြေအနေမျိုးတွေဟာ အကြောင်းနဲ့အကျိုးဆက်စပ်ပြီး နောက်ဆက်ဖြစ်လာတော့မယ်လို့ ကျွန်တော် ဒီသတင်းကိုဖတ်ရှုမိတဲ့မနက်ခင်းကတည်းက တွက်ဆထားပြီးသား။ ဘာဖြစ်လာမလဲ။ ဘာဖြစ်တော့မလဲဆိုတာသိနေလို့ ကျွန်တော်လည်း တစ်မနက်လုံးကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေတာ အခု အိုင်ပီရောက်လာမှပဲ ခဏတဖြုတ်နားရတော့တယ်"

"အိုး. . . မိုင်ဂေါ့ဒ် ကိုကျော်စွာ၊ ခင်ဗျားကလည်း ဒီကိစ္စအတွက် ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေတယ်။ ကျုပ်တော့ ဘယ်လိုမှ လိုက်မမှီတော့ဘူးဗျို့"

ကျွန်ုပ်က ဦးခေါင်းကို တခြင်းခြင်းကုတ်ရင်း ရှုံ့မဲ့ပြောလိုက်ရာ မင်းမြတ်ကျော်စွာက ဘာမဆိုသိနေတယ်လေဟူသော ဟန်အမူအရာဖြင့် နှုတ်ခမ်းထောင့်စွန်းကလေးကို တွန့်ကွေးပြုံးလိုက်ပြီး. . .

"ပြင်ရပြီပေါ့လေ။ ကျွန်တော့်ဆီကို နေ့လည်ခင်းလောက်မှာ အိုင်ပီရောက်လာတော့မယ် မဟုတ်လား။ မင်းကြီးလို လူမျိုးက သူ့အရေးယူထားတဲ့ ကျွန်တော့်ကို အောက်ကျနောက်ကျခံပြီး ဘယ်ပြန်အချောသတ်ပါ့မလဲ။ ကျွန်တော့်အမှုအကျင့်ကိုလည်းသိနေတော့ တကယ်လို့များ ကျွန်တော်က ကလန်ကဆန်ထပ်လုပ်လိုက်ရင် သူ့အဖို့ မိအေးနှစ်ခါနာဆိုသလို ထပ်ပြီးအရှက်ရသွားနိုင်တယ်လေ။ တာဝန်မပေးလို့ကလည်း မဖြစ်ဆိုတော့ အိုင်ပီကိုကြားခံထားပြီး လိုအပ်တဲ့အမှုတွဲတွေ၊ ကျွန်တော့်အတွက် အမိန့်စာတွေပေးလိုက်ပြီး ကျွန်တော့်ဆီကို အရောက်သွားခိုင်းမှာပေါ့။ အဲဒီအချိန်မှာ အိုင်ပီဟာ အခုလို အင်မတန်ကျော်ကြားတဲ့အမှုအခင်းမျိုးကို စုံစမ်းဖော်ထုတ်ဖို့ ရွေးချယ်တာဝန်ပေးအပ်တာခံရတဲ့အတွက် အိုင်ယာလန်ထီပေါက်သလို အလွန်တက်ကြွပျော်ရွှင်သွားမယ်။ မင်းကြီးရဲ့အရေးတယူပြောဆိုဆက်ဆံတာကို မနေတတ်မထိုင်တတ်သလို ကုန်းကွကွကြီးဖြစ်နေမယ်။ ကိစ္စပြီးလို့ မင်းကြီးရုံးခန်းထဲကအထွက်မှာ လင်းတတွေလို မှိုင်နေကြတဲ့အိုင်ပီမင်းပုညနဲ့ သိန်းဇော်တို့ရှေ့မှာ ခေါင်းမော့ရင်ကော့ပြီး လျှောက်လှမ်းသွားမယ်။

စိတ်အာရုံက ကျွန်တော့်ဆီကိုရောက်ဖို့ဆန္ဒစောနေတဲ့အတွက် အဲဒီအချိန်မှာ အိုင်ပီအလွန်ကြိုက်တဲ့လက်ဖက်ရည်ပေါ့ကျကိုတောင် သောက်ဖို့မေ့နေလိမ့်မယ်။ ဘာလို့လည်းဆိုတော့ လက်ဖက်ရည်ကောင်းကောင်းကြိုက်တဲ့






www.burmeseclassic.com

www.burmeseclassic.com

သူဟာ မိတ်ဆွေကောင်းကိုသတိရစမြဲမဟုတ်လား။ ဒီတော့ အိုင်ပီက ကျွန်တော်နဲ့ ထိုင်ဖူးတဲ့ ယူနွတ်ဆိုင်က လက်ဖက်ရည်ကို တောင်းတမှာပေါ့။ နောက်ပြီး လှေကားပေါ်တက်လာတဲ့ အိုင်ပို့ခြေသံ။ ခြေသံက ပုံမှန်တက်လာတဲ့ခြေသံမျိုး မဟုတ်ဘူး။ အမောတကောတက်လာတဲ့ ခြေသံမျိုး။ ဒီလိုနေ့ ဒီလိုအချိန်မှာ ကျွန်တော့်ဆီ အမောတကြီးရောက်လာမယ့်သူဟာ အိုင်ပီကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူးလေ။ ပိုပြီးခိုင်မာသွားစေတာက တံခါးကို အိုင်ပီခေါက်လိုက်တဲ့ အသံပဲ။ အိုင်ပီဟာ အမြဲတမ်းတံခါးကို လေးလေးမှန်မှန် သုံးချက်ခေါက်လေ့ ရှိတယ်။ အခုခေါက်လိုက်တဲ့ သုံးချက်က တစ်ချက်နဲ့တစ်ချက် အတော်လေး စိပ်တယ်။ ဒါဟာ ကျွန်တော်နဲ့ အလျင်အမြန်တွေ့လိုတဲ့သဘောကို ပြလိုက် တာပဲလေ။ ဒါကြောင့် ကျွန်တော်က တံခါးကို ယမဖွင့်ဘဲ အိုင်ပို့ကို ဖိတ်ခေါ် လိုက်တာပေါ့"

ဟူ၍ စေ့စေ့စပ်စပ်ရှင်းပြပြီး စကားကို အဆုံးသတ်လိုက်ရာ ကျွန်ုပ်မှာ လက်ဝါးဖြင့် ကိုယ့်ပေါင်ကို ဖြန်းကနဲ ရိုက်လိုက်ပြီး. . .

"ဟုတ်ပြီဗျို့ ဒီတစ်ကြိမ်တော့ အိုင်ပီသန်းစိန်တို့ တကယ့်ကို အိုင်ယာလန် ထိပေါက်သလိုမျိုး ပွပေါက်တိုးပြီကွ။ ကြည့်စမ်း၊ ဒီလို ဉာဏ်ပညာကြီးမားတဲ့ ပုဂ္ဂိုလ်မျိုးနဲ့ ဒီအမှုကို စုံစမ်းဖော်ထုတ်ရမှာ တရားခံက တိမ်ကြားခေါင်းညပ် နေဦးတော့။ ညပ်နဲ့မရမက ဆွဲချနိုင်ပြီပေါ့ကွာ။ ဟား ဟား ဟား ကျုပ်တော့ စိန်နားကပ်ကြောင့် ပါးပြောင်ရုံမကဘူး။ တစ်ကိုယ်လုံးပြောင်သွားလို့ အိမ်က မိန်းမ မျက်လုံးထောက်ထောက်ကြည့်တာ ခံရချည်းသေးရဲ့"

ဟု ရယ်မောရင်း ပြောမိလေတော့၏။

အထက်ပါအကြောင်းအရာများမှာ ကျွန်ုပ်၏မိတ်ဆွေအင်စပက်တော် မင်းမြတ်ကျော်စွာ၏ ထူးချွန်ထက်မြက်မှုများစွာအနက်မှ အချက်တစ်ချက်ပင် ဖြစ်သည်။ အမှုဒါခင်းစုံစမ်းဖော်ထုတ်သည့်အခါ အဘယ်မျှရဲဝံ့စွန့်စားစွာ ဆောင်ရွက်နိုင်စွမ်းရှိကြောင်းကိုလည်း ရှေ့အခန်းစဉ်များတွင် ရင်သပ်ရှုမောဖွယ် ခံစားဖတ်ရှုရပေလိမ့်ဦးမည်။

ထိုနေ့မှာပဲ ကျွန်ုပ်တို့နှစ်ဦးသည် အမှုသွားအမှုလာအခြေအနေနှင့် ဖြစ်နိုင်စွမ်းရှိသည့် အချက်အလက်များကို စုစည်းကောက်နုတ်ပြီး ပုလိပ် မင်းကြီး၏ အထူးတာဝန်ပေးချက်ဖြင့် အမှုအခင်းဖြစ်ပွားရာ ပြည်မြို့သို့ အားချင်းထွက်ခွာရန် စီစဉ်ကြတော့၏။

♣ ♠ ♠





## အခန်း(၈)

ကျွန်ုပ်တို့နှစ်ဦးသည် ကိုနေ့ညနေခင်း (၆)နာရီတွင် ထွက်ခွာမည့် လော်ကယ်ရထားနှင့်လိုက်ပါရန် ချိန်းဆိုပြီး ခရီးအတွက် လိုအပ်သည်များကို အားချင်းဆောင်ရွက်ကြလေ၏။ မင်းမြတ်ကျော်စွာ၏နေအိမ်မှ ကျွန်ုပ်ထွက် ခွာသည့်အချိန်မှာ နေ့လည်ခင်းရောက်ရှိနေပြီဖြစ်ရာ ကျွန်ုပ်အဖို့ တက်သုတ် ရိုက်ပြီး ပြေးလွှားရတော့၏။

တော်သေးသည်ဟု ဆိုရမည်။ လွန်စွာစုတ်ချာသော ဖုံ့ဒ်ကားစုတ်လေးက ထိုနေ့မှာတော့ ဉာဉ်ကောင်းကောင်းဖြင့် ကျွန်ုပ်လိုရာခရီးသို့ အရောက်ပို့ ပေးလေ၏။

ကျွန်ုပ်သည် စီအိုင်ဒီရုံးသို့ အလျင်အမြန်သွားပြီး မင်းကြီးပေါလ်စလေဒင် နှင့်တွေ့ဆုံပြီး သတင်းပို့ရလေ၏။ မင်းကြီးသည် လွန်စွာပြုံးရွှင်သောမျက်နှာ ထားဖြင့် လက်ခံစကားပြောပြီး အမှုအခင်းအတွက် အင်စပက်တော်မင်းမြတ် ကျော်စွာက အချိန်ဖင့်နွဲ့မနေဘဲ ယနေ့ညပင် ပြည်မြို့သို့ သွားမရောက်မည် ဖြစ်ကြောင်း ကျွန်ုပ်ကပြောပြလိုက်ရာ အံ့ချီးပင်မဆောင်နိုင်တော့ဘဲ လှိုက် လှိုက်လှဲလှဲ ချီးကျူးပြောဆိုလေ၏။

ပြီးနောက် ကျွန်ုပ်တို့အတွက် လိုအပ်မည့်စာရွက်စာတမ်းများကို အားချင်း ဆောင်ရွက်ပေးလေ၏။ ကျွန်ုပ်သည် မင်းကြီးရုံးခန်းအတွင်း၌ တစ်နာရီခန့် အချိန်ကြာမြင့်ခဲ့၏။ ထိုအချိန်အတွင်း မင်းကြီးသည် မည်သည့်အလုပ်ကိစ္စ ကိုမှ ဆောင်ရွက်ခြင်းမပြုဘဲ ကျွန်ုပ်အား မိတ်ဟောင်းဆွေဟောင်းနှင့်တွေ့ဆုံ သည့်ပမာ ဘရင်းတနိုး ဉည့်ခံစကားပြောလေ၏။

ကျွန်ုပ်သည် လွန်စွာမနေတတ်မထိုင်တတ်ဆိုသလို ဖြစ်နေမိသည်။ ခန္ဓာကိုယ်အနံ့မှာလည်း ထိုင်နေရင်းမှာပင် ချွေးတဒီးဒီးကျလျက်နေလေ၏။


www.burmeseclassic.com

 www.burmeseclassic.com 

ဆေးတံနှင့်ဆေးဗူးကို ကယောင်ကတမ်းဖြင့် စမ်းမိသည့်မှာလည်း အကြိမ်ကြိမ်၊ ခံတွင်းချဉလွန်းသဖြင့် နှုတ်ခမ်းသားတွေကိုလျှာဖြင့် မကြာခဏ ပွတ်သပ်နေရ၏။

ကျွန်ုပ်သည် ပျက်ယွင်းမသွားအောင် မနည်းထိန်းနေနိုင်၍သာ တော်တော့သည်။ မင်းကြီးကတော့ ကျွန်ုပ်အဖြစ်ကို ရိပ်မိခြင်းမရှိဘဲ သူပြောချင်သည့် စကားများကို စိတ်ရှိတိုင်းပြောနေတော့သည်။ ၎င်းအတွေ့အကြုံသည် စီအိုင်ဒီ စုံထောက်လုပ်သက်တလျှောက်လုံးတွင် ဘယ်တုန်းကမှ မရရှိခဲ့ဖူးသည့် အတွေ့အကြုံဖြစ်သလို နောင်တွင်လည်း ဘယ်တော့မှ မေ့ပျောက်နိုင်တော့မည် မဟုတ်သည့်ဖြစ်ပျက်မှုဟူ၍ သတ်မှတ်ရတော့မည်ဖြစ်သည်။

မင်းကြီးရုံးခန်းထဲက အလွှက်မှာတော့ ကျွန်ုပ်အဖို့ လွန်စွာထူးကဲသည့် ပီတိမျိုးထပ်မံခံစားရပြန်သည်။ ကျွန်ုပ်နှင့် ကျွန်ုပ်မိတ်ဆွေမင်းမြတ်ကျော်စွာ အပေါ် လွန်စွာမျက်မုန်းကျိုးနေကြသည့် အိုင်ပီမင်းပုညနှင့်သိန်းဇော်တို့အုပ်စု၏ ရှုံ့မဲ့မဲ့ မျက်နှာများကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

စာရွက်စာတမ်းစုစည်းထားသည့်ဖိုင်ကို ပွေ့ပိုက်လျက် မင်းကြီးရုံးခန်းထဲမှ ခေါင်းမော့ရင်ကော့လျက်ထွက်လာသည့် ကျွန်ုပ်ကိုမြင်လိုက်သည်နှင့် ၎င်းတို့သုံးဦးသည် တိုင်ပင်ထားသည့်အလား ဦးခေါင်းချင်းဆိုင်သွားကြလေ၏။ စကားတီးတိုးပြောကြခြင်းဖြစ်ပေလိမ့်မည်။

ထိုမြင်ကွင်းကိုကြည့်ရင်း ကျွန်ုပ်လည်း ဟန်ပါပါပြုံးလိုက်ပြီး ၎င်းတို့ ရှေ့မှဖြတ်အလျှောက်မှာတော့. . .

"ဟိုး. . . ကိုယ့်လူတို့ ကျုပ် ဒီညပဲ ခရီးထွက်ရမှာမို့ နှုတ်ဆက်ပါရဲ့ဗျာ၊ စီအိုင်ဒီမှာ ကျုပ် ရုံးပြန်တက်တဲ့နေ့ကျရင် ကိုယ့်လူတို့အတွက် ပြည်မြို့က မြေပဲလိပ်တွေ လက်ဆောင်အဖြစ် ချီးမြှင့်ပါ့မယ် ဟဲ ဟဲ"

ဟု ဝံ့ကြွားသည့်လေသံဖြင့်ပြောလိုက်ရာ သူတို့အထဲတွင် လွန်စွာ စိတ်ဆတ်သည့်အိုင်ပီသိန်းဇော်က ဟန်မဆောင်နိုင်လောက်အောင် မျက်နှာ ရှုံ့မဲ့သွားပြီး. . .

"ဟော့လူ အိုင်ပီသန်းစိန်၊ ခင်ဗျား သိပ်ပြီးမြူးနေတယ်ပေါ့ ဟုတ်လား၊ စိန်နားကပ်နဲ့ပါးပြောင်တဲ့လူက လေထွားနေဟယ်ပေါ့လေ။ ကြည့်ကြသေး တာပေါ့ဗျာ။ ဒီကစ်ပွဲတော့ ခင်ဗျားပါးပြောင်မလား၊ ပါးပြင်တွေပုတ်သွား မလားဆိုတာ"

ဟုပြောလိုက်လေရာ ထိုစကားကြောင့် အိုင်ပီမင်းပုညနှင့်အိုင်ပီအောင်စိုး တို့လည်း တဝါးဝါး တဟားဟား ရယ်မောကြလေ၏။ သို့ရယ်ပြီးနောက် အိုင်ပီအောင်စိုးက ဒူးရင်းသီးပမာ ကျိုးတိုးကျဲတဲထောင်နေသည့် သူ့ဆံပင်ကို လက်နှင့်ပွတ်သပ်လိုက်ပြီး ပြောင်စပ်စပ်မျက်နှာပေးဖြင့်. . .

"အိုင်ပီတို့အောင်မြင်ပါစေလို့ ကျုပ်တို့မျှော်လင့်ပါတယ်။ သို့ပေမယ့် ဒီတရားခံက စက်ရှင်တရားသူကြီးဝွန်ဝီလီယံလို ပုဂ္ဂိုလ်မျိုးတောင် လုပ်ကြံ ရဲတယ်ဆိုတာ တော်ရုံအစွမ်းသတ္တိမျိုးမဟုတ်ဘူး။ ခင်ဗျားနဲ့ ခင်ဗျားမိတ်ဆွေ ကြီးမင်းမြက်ကျော်စွာတို့လောက်တော့ အရည်ကျိုသောက်သွားနိုင်တယ်နော်"

ထိုအခါ အိုင်ပီမင်းပုညကလည်း သူ၏ကလန်ကလားအရပ်ကို ဆန့်ထုတ် လိုက်ပြီး ထိုစကားအပေါ် သံယောင်လိုက်ကာ ပြောပြန်လေ၏။

"ဟုတ်ပ့ါ အောင်စိုးရာ။ ကျုပ်လည်း ခင်ဗျားတွေးသလို စောစော ကတည်းက တွေးမိနေတာ ဖွင့်ပြောလိုက်ရင် အိုင်ပီသန်းစိန်နှင့်အင်စပတ်တော် ကိုကျော်စွာတို့ စိတ်ဓာတ်ကျသွားမှာစိုးလို့ မပြောဖြစ်တာ။ ကျုပ်ကတော့ လုပ်ဖော်ကိုင်ဖက်အချင်းချင်းဖြစ်နေလို့ မောင်ရင်တို့အတွက် စိုးရိမ်တယ်ဗျာ။ တော်ကြာ. . ."

၎င်းက ထိုသို့စကားကို တုံးတရပ်လိုက်ပြီး သရော်ပြုံး ပြုံးလျက် သူ့အဖော် နှစ်ဦးကို မျက်စပစ်လိုက်လေရာ ထိုသူနှစ်ဦးကလည်း. . .

"ဟုတ်တာပေါ့။ ဒါ စိုးရိမ်သင့်တဲ့ကိစ္စပဲ"

ဟူ၍ပြောပြီး ခနိုးခနဲ့ရယ်ကြလေ၏။ သူတို့အထဲတွင် ပုလိပ်ဉာဉ်အပြည့်ဝ ဆုံးဖြစ်သည့် အိုင်ပီအောင်စိုး၏စကားလုံးမှာ အပြင်းထန်ဆုံးဟု ယူဆရမည် ဖြစ်သည်။

"ကဲ. . . ကဲ အချိန်လည်းနောက်ကျနေပါဦးမယ်။ တရားခံဖမ်းဖို့ ပုစဉ်း ဖင်ကြားညှပ်ပြီး ပြည်ကိုအရောက်ပြေးလိုက်ပါဦး။ ဪ. . . ပြည်ကပြန် လာရင် ခင်ဗျားပါးပြင်ကို အရောင်တင်ပေးတဲ့အင်စပတ်တော်ကြီးကို အကောင်း ပကတိမြင်စေချင်တယ်ဗျာ။ နို့မဟုတ်ရင် ကျုပ်တို့မှာ အမိန့်စာပြန်ဖို့ စီစဉ် ရတာ အင်မတန်အလုပ်ရှုပ်တယ်ဗျ။ နောက်ပြီး ခင်ဗျားဇနီးချောလေး စိုးမိုးကြည် ကိုလည်း ခရီးမထွက်ခင် ကောင်းကောင်းပြုစုသွားဖို့ မမေ့နဲ့နော်။ ကိုကျော် စွာက တစ်ကိုယ်တည်း လူပျိုကြီးသမားဆိုတော့ ကိစ္စမရှိဘူး။ မောင်ရင့်အတွက် အဲဒီကိစ္စ အရေးကြီးတယ်"

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို အပြစ်တင်ရမည်ဖြစ်၏။ ထိုသို့ဖြစ်သွားရ ခြင်းမှာ ကျွန်ုပ်၏ဘဝင်မြင့်လိုသည့်စိတ်၊ လူအထင်ကြီးခံလိုသည့်စိတ်ကြောင့်


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ တကယ်တော့ ကျွန်ုပ်အနေဖြင့် ၎င်းတို့ကိုပြုံးပြနှုတ်ဆက်ရုံသော သာ နှုတ်ဆက်ပြီး ထွက်ခွာသွားသင့်သည်။

သူတို့စိတ်နေသဘောထား အမူအကျင့်ကိုသိထားပါလျက် ကျွန်ုပ်စကားက သူတို့စိတ်ကို သွားဆွလိုက်သလို ဖြစ်သွားလေ၏။ သူတို့သည် လွန်စွာအတွဲ ညီသည့် ဘောလီဘောကစားသမားများကဲ့သို့ စကားလုံးများကို မြှောက်ကာ ပင့်ကာ ရိုက်ကာဖြင့် ကျွန်ုပ်ထံသို့ တဒိုင်းဒိုင်း ပစ်လွှတ်ကြလေရာ ကျွန်ုပ်မှာ သူတို့စကားကို တုန့်ပြန်ခုခံနိုင်စွမ်းမရှိဘဲ တစ်ဖက်သတ် အရေးနိမ့်ခဲ့ရလေ၏။

ကျွန်ုပ်ခြေလှမ်းကိုလည်း ၎င်းတို့ရှေ့မှ မည်သို့ရွေ့လျားရမှန်းမသိ ဖြစ်နေ၏။

စိတ်ဝယ် လွန်စွာမခံချိမခံသာဖြစ်နေရသော်လည်း တုံ့ခံစားမှုကို မျက်နှာ မှာ ယင်ဟပ်မနေစေဖို့ ထိန်းချုပ်ရသည့်ကိစ္စမှာ အဘယ်မျှ ဝဋ်ဒုက္ခကြီးမား ကြောင်း ကိုယ်တွေ့ကြုံဖူးသူတိုင်း သိကြပါလိမ့်မည်။

သို့သော်လည်း ကျွန်ုပ်သည် ၎င်းတို့နှင့်ပတ်သက်လာလျှင် လွယ်လွယ် အလျှော့ပေးတတ်သူမဟုတ်သည့် ဉာဉ်အတိုင်း အကွက်ကောင်းကိုချောင်းပြီး တစ်ချည်တစ်မောင်းပြန်ဆော်ဖြစ်အောင် ဆော်လိုက်ပါသေး၏။ ၎င်းတို့ စကားတွေအဆုံးသတ်ပြီး ကျွန်ုပ်အားကြည့်၍ ရယ်မောလျက်ရှိသည့်အချိန်တွင် ဖြစ်သည်။

"အေးဗျာ. . . မိတ်ဆွေတို့က စေတနာစကားတွေနဲ့မှာကြားနေတော့ ကျုပ်ကလည်း အကြင်နာစကားနဲ့ပြန်လည်ပြောရမှာပေါ့လေ။ မိတ်ဆွေတို့လည်း ကြားဖူးမယ်ထင်ပါရဲ့။ ဘယ်ကိစ္စမျိုးမှာမဆို စိတ်အားထက်သန်မှုရှိခြင်းဟာ လုပ်ငန်းမစတင်မီမှာဘဲ အဲ့ဒီလုပ်ငန်းတစ်ဝက်ကို ဆောင်ရွက်ပြီးဖြစ်နေတယ် ဆိုတာလေ။ ဟဲ ဟဲ ကျုပ်နဲ့ ကိုကျော်စွာလည်း အဲ့ဒီသဘောအတိုင်းရှိ ကြလို့ ဒီအမှုဟာ ပြီးမြောက်ဖို့ လက်တစ်ကမ်းပဲလိုတော့တယ်လို့ ကျု ယုံကြည်ထားတယ်။ ပြီးတော့ ကျုပ်တို့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းကို ဘွန်းအာ ပေးလိုက်တဲ့အကြောင်းကိစ္စကလည်းရှိသေးတယ် မဟုတ်လား။ မိတ်ဆွေ ရှေ့မှာပဲ မင်းကြီးက ကတိကဝတ်ပြုလိုက်တဲ့ကိစ္စလေ"

ထိုနေရာမှာပဲ ကျွန်ုပ်ကစကားကို တုန့်ခနဲရပ်လိုက်ပြီး သူတို့တစ် ချင်းစီကို စူးစူးစိုက်စိုက်အကဲခတ်ကြည့်လိုက်ရာ သူတို့မျက်နှာများမှာ စော တုန်းကလို သရော်တော်တော်အမူအရာများမရှိတော့ဘဲ ရုတ်ခြည်းပင် မျက် မျက်နှာပျက်သွားကြ၏။ ထိုအခြေအနေသည် ကျွန်ုပ်အတွက် အကွက်ကော





ပင်ဖြစ်သည်။

ကျွန်ုပ်စကားလုံးများက ၎င်းတို့ကဲ့သို့ တစ်ဦးနှင့်တစ်ဦးအတိုင်အဖောက် လုပ်ပြီး တိုးနှက်ခြင်းမျိုးမဟုတ်။ တစ်ကိုယ်တော်အစွမ်းပြပြီး မြားတစ်စင်း တည်းဖြင့် ပစ်မှတ်သုံးခုကို တစ်ချက်တည်း ကျရောက်သွားစေမည့် စကားလုံး များဖြစ်၏။

ကျွန်ုပ်သည် သူတို့အား သနားစရာသတ္တဝါလေးများကိုကြည့်သည့် အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီး. . .

"မင်းကြီးကတိပြုလိုက်တဲ့စကားအတိုင်း အဲ့ဒီအမှုအခင်းကိစ္စပြီးမြောက် အောင်မြင်တဲ့အခါ ကျုပ်တို့ဟာ ရာထူးတစ်ဆင့်တိုးပြီး ချီးမြှင့်တာကိုခံရ မယ့်အပြင် ဘုရင်ခံချုပ်ကိုယ်တိုင် အခမ်းအနားနဲ့ နာမည်ကောင်းတံဆိပ် ချီးမြှင့်တာကိုလည်း ခံယူရလိမ့်မယ်"

ဟု စကားကို တုန့်ကနဲရပ်လိုက်ပြီး တစ်ချက်ရယ်လိုက်ပြီးနောက်. . .

"အဲ့ဒီအခါကျရင် ကျုပ်တို့က ရာထူးတစ်ဆင့်တိုးမြှင့်သွားပေမယ့် ဘဝင်မြင့်သွားမှာတော့မဟုတ်ပါဘူး။ ဘာဝန်ပိုင်းအရတော့ မိတ်ဆွေတို့က ကျုပ်တို့ထက် တစ်ဆင့်နိမ့်ရာထူးဖြစ်သွားလေတော့ အလုပ်သဘောအရ ကျုပ်တို့အမိန့်ကို နာခံရမှာပေါ့လေ။ ကျုပ်တို့လိုအပ်တာမှန်သမျှ မိတ်ဆွေတို့က ပံ့ပိုးပေးရမှာဆိုတော့ အင်း. . . ကျုပ်ကတော့ စဉ်းစားထားပါရဲ့လေ။ အမှု အခင်းကိစ္စနဲ့ခေါင်းရှုပ်အောင်စဉ်းစားရတဲ့အခါမျိုးမှာ ကျုပ်တို့အတွက် လက်ဖက်ရည်ဖျော်ပေးဖို့ ရေနွေးအိုးတည်ပေးဖို့ဆိုတာလောက်တော့ ကျုပ်တို့က ဟာဝန်ပေးမှာပါ"

ဟု၍ ပြောပြီးသည်နှင့် ကျွန်ုပ်လည်း ဖိုင်တွဲကို ဟန်ပါပါပွေ့ပိုက်ရင်း ကျောခိုင်းလိုက်

"ကဲ. . . သွားပြီဗျို့" ဟုပြောလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့ တော့၏။

ကိုသူတို့မည်သို့ပြောဆိုကျန်ရစ်ခဲ့ကြမည်ကို အတွေးဖြင့်မြင်ယောင်ရင်း စိတ်ဝယ်လွန်စွာအားရကျေနပ်မိတော့၏။

ထို့နောက်မှာပေါ့ ကျွန်ုပ်သည်ဆောင်ရွက်ရမည့်ကိစ္စများကို အလျင် အမြန်ပြေးလွှားလုပ်ကိုင်ရတော့၏။ ကွမ်းခြံဘူတာသို့အရောက်တွင် ကျွန်ုပ်သည် ညနေ (၆)နာရီရထားနှင့် ပြည်သို့လိုက်ပါခွင့်ရအောင် မီးရထားရုံမှူးကြီးနှင့် တွေ့ဆုံရလေ၏။ ထိုကိစ္စမှာ အခက်အခဲမရှိပြီးမြောက်သွား၏။ ကျွန်ုပ်တို့


www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးက ရုံပိုင်ကြီးထံလိုအပ်သည်များ ကူညီဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံစာပေးလိုက်သောကြောင့်ဖြစ်သည်။

၎င်းကိစ္စပြီးသည်နှင့် ကျွန်ုပ်သည် မင်းကြီးပေါ်လ်စလေဒင်ထက်ကြောက်ရသော ကျွန်ုပ်မယေသီ အချောကလျာလေးစိုးမိုးကြည်ကို အလျင်အမြန်တွေ့ဆုံရမည်ဖြစ်၍ နေအိမ်သို့ ကမန်းကတန်းပြန်လာခဲ့ရလေ၏။

ဇနီးစိုးမိုးကြည်သည် လွန်စွာပြုံးရွှင်သောမျက်နှာဖြင့် ခရီးအတွက်လိုအပ်သည်များကို စိတ်ရှည်လက်ရှည် စီစဉ်လုပ်ကိုင်ပေးလေ၏။ ချိုသာနူးညံ့သည့်စကားများဖြင့် ကျွန်ုပ်အားစိုးရိမ်တကြီးမှာကြားနေလေရာ ကျွန်ုပ်မှာအလိုက်သင့်ပြန်လည်ပြောနေရင်း ရင်၌ လွန်စွာကြည်နူးပျော်ရွှင်မိလေ၏။ တစ်နေ့လုံးပင်ပန်းနွမ်းနယ်မှုများလည်း မည်သို့ရောက်သွားမှန်းမသိတော့။

အင်း. . . မိန်းမသားတွေရဲ့ ဆေးကုလို့မရတဲ့ရောဂါထဲမှာ ဘဝင်ရောဂါဟာအဆိုးဆုံးပါလား ဟူ၍ ရုတ်တရက်တွေးလိုက်မိပြီး ကျွန်ုပ်ပြုံးလိုက်မိ၏။

တကယ်တော့ ကျွန်ုပ်၏ဇနီးစိုးမိုးကြည်သည် ကျွန်ုပ်အပေါ်တွင် လိုတာထက်ပိုသည့်အမူအရာ အပြောအဆိုများဖြင့် ဆက်ဆံနေခြင်းဖြစ်သည်။ သူသည်လည်း ကျွန်ုပ်ကဲ့သို့ ဝမ်းမြောက်ပျော်ရွှင်နေသဖြင့် ကိုယ့်ကိုယ်ကို ဘဝင်မြင့်နေပေလိမ့်မည်။

အကြောင်းကတော့ လွန်စွာကြီးကျယ်ထင်ရှားစွာ ဖြစ်ပွားခဲ့သည့် အမှုအခင်းကြီးကို ဖော်ထုတ်ရန် သူမခင်ပွန်း ကျွန်ုပ်ကိုမှ ဟူးထူးခြားခြား ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့်အတွက် ရေမြင့်လျှင်ကြာတင့်သည်ဟူသော စကားအတိုင်း သူမသည်လည်း မော်ကြွားခွင့်ရသွားသောကြောင့်ဖြစ်သည်။ ထိုမျှသာမက ၎င်းကိစ္စအောင်မြင်ခဲ့သည်နှင့် ကျွန်ုပ်မှာလည်း ရာထူးအဆင့်တိုးမြှင့်မည်ဖြစ်ရာ သူမအဖို့ အိုင်ပီကတော်များအချင်းချင်း မော်ကြွားမည်ဖြစ်ရပေတော့မည်။

ကျွန်ုပ်သည် တိုတောင်းသည့်အချိန်လေးအတွင်း ရတောင့်ခဲအရေးဖြစ်သည့် ချစ်ဇနီး၏ အပြုအစု အယုအယများကို အစွမ်းကုန်ခံပြီးသည်နှင့် ကွမ်းခြံဘူတာသို့ အချိန်မီထွက်ခွာခဲ့လေ၏။ ဘူတာသို့ ကျွန်ုပ်ရောက်ရှိသည့်အချိန်မှာ သတ်မှတ်ချိန်ထက်ပင် မိနစ်အနည်းငယ်နောက်ကျနေသော်လည်း ကိစ္စအဝဝကို စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် ခရီးသွားနေဆောင်တွင် စိတ်အေးလက်အေးထိုင်နေလိုက်၏။

လော်ကယ်ရထားထွက်ခွာရန် ငါးမိနစ်ခန့်အလိုတွင် ကျွန်ုပ်စောင့်မျှော်နေသည့် မိတ်ဆွေကြီးမင်းမြတ်ကျော်စွာရောက်ရှိလာလေ၏။ ကျွန်ုပ်မှာ ဆင်စွယ်ရိုးတပ်ဆေးတံကို မျှဉ်းမျှဉ်းဖွာရှိုက်ရင်း ကိုယ့်အတွေးနှင့်ကိုယ်ရှိနေသဖြင့် အနားသို့ မင်းမြတ်ကျော်စွာရောက်လာမှ သတိထားမိလိုက်၏။ ထိုအဖြစ်အတွက် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်ရပြန်၏။

ကျွန်ုပ်သည် စုံထောက်တစ်ဦးဖြစ်ပါလျက် ပတ်ဝန်းကျင်ကို မေ့လျော့ပြီး လွန်ကျူးစွာတွေဝေငေးမောနေမိခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်ရခြင်းမှာလည်း မင်းမြတ်ကျော်စွာ၏ ယခင် ကျွန်ုပ်တွေ့မြင်နေကျအသွင်အပြင်နှင့် များစွာခြားနားနေသောကြောင့်ဖြစ်သည်။ သူသည် ခရီးရက်ရှည်သွားရမည်ဖြစ်သော်လည်း ဝန်စည်စလွယ်ပစ္စည်းဟူ၍ ထွေထွေထူးထူးမပါရှိပေ။ သာမာန်ခရီးဆောင်အိတ်တစ်လုံးသာပါရှိလေ၏။

ထူးခြားသည်က သူ၏ဝတ်စားဆင်ယင်မှုဖြစ်သည်။ ရိုးကုမ္ပဏီတိုက်ထုတ် နံ့သာနရောင်ပိုးတိုက်ပုံကို နီဖြူကွက်တူရက်ထားသော ပိုးတောင်ရှည်ပုဆိုးကို ခါး၌ဝတ်ဆင်လျက် ခြေထောက်ဝယ် ပန်ဒပ်ရှူးကို ဟန်ပါပါဝတ်ဆင်ထားရာ ၎င်းဝတ်ဆင်စားယင်မှုကြောင့် သူ၏ခန့်ငြားသော ဥပဓိရုပ်မှာ ပိုမိုပေါ်လွင်နေတော့၏။

ထိုသို့ကြွကြွရွရွဝတ်ဆင်ထားသော်လည်း သူ၏မျက်နှာသွင်ပြင်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး စိတ်သဘောထားနူးညံ့ပြည့်ဝသူဖြစ်ကြောင်း ဖော်ပြနေလေ၏။ ကျွန်ုပ်သည် နှုတ်ဆက်စကားပြောဖို့ကိုပင် မေ့လျော့လျက် ၎င်းကို ငေးကြည့်နေမိ၏။ သူက ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်လိုက်ပြီး. . .

"ကဲ. . . အိုင်ပီ ဒီနေရာမှာ ယင်ကောင်တွေသာရှိရင် အိုင်ပီ့ပါးစပ်ပေါက်ထဲ ဝင်သွားဦးမယ်။ ရထားလည်းထွက်တောမယ်ဆိုတော့ ကျွန်တော်တို့အသင့်နေရာယူထားမှထင်တယ်"

ဟု ပြုံးလျက် ပြောလိုက်တော့မှ ကျွန်ုပ်လည်း သတိပြုမိလိုက်ပြီး ကိုယ့်အဖြစ်ကို ကိုယ်ပြုံးလိုက်မိတော့၏။

"အေးဗျာ. . . ခင်ဗျားနဲ့ကျွန်ုပ် ရင်းနှီးခဲ့တာကြာပြီ။ ခင်ဗျားကို ဒီလိုဝတ်စားဆင်ယင်မှုမျိုးနဲ့ တစ်ခါမှ မတွေ့ဖူးတော့ ကျုပ်လည်း တအံ့တသြဖြစ်သွားတာပေါ့ဗျာ။ အင်း. . . ဒီလောက်သပ်ရပ်ခန့်ငြားနေပါလျက် တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေတာ ကျုပ်တော့ စဉ်းစားလို့တောင် မရဘူး"

ဟု ပြောလိုက်ရာ မင်းမြတ်ကျော်စွာလည်း သဘောကျစွာ တဟားဟား

www.burmeseclassic.com

ရယ်လေတော့၏။

ကျွန်ုပ်တို့နှစ်ဦးသည် စုံထောက်မင်းကြီး၏ပံ့ပိုးမှုကြောင့် မျက်နှာဖြူ အရာရှိကြီးများသာ ခံစားခွင့်ရှိမည့် အထက်တန်းကျကျ နေရာထိုင်ခုံများဖြင့် သက်တောင့်သက်သာ လိုက်ပါခွင့်ရရှိကြလေ၏။ ဝန်စည်စလွယ်ပစ္စည်းများကို သူ့နေရာနှင့်သူ နေရာချပြီး ထိုင်ခုံများတွင် အသီးသီးထိုင်ပြီး မကြာခင်မှာပဲ လော်ကယ်ရထားသည် နောက်ဆုံးအချက်ပေးဥသြသံနှင့်အတူ စတင်ထွက်ခွာ လေတော့၏။

BURMESE CLASSIC .com

ညနေခင်းအမှောင်သည်လည်း ဖျော့ဖျော့မျှသာ ကျန်ရှိတော့သည့် ညနေခင်းအလင်းရောင်ကို အဆုံးတိုင်ကွယ်ပျောက်သွားစေရန် အလုအယက် တိုးဝင်နေပြီဖြစ်၏။ နှစ်ယောက်သီးသန့်ထိုင်ခုံများဖြစ်သဖြင့် ကျွန်ုပ်တို့နှစ်ဦး လည်း လွတ်လပ်ပွင့်လင်းစွာ စကားပြောလိုက်၊ ကော်ဖီသောက်လိုက်ဖြင့် ခရီးထွက်ခြင်း၏အရသာကို အပြည့်အဝခံစားမိကြလေ၏။

မင်းမြတ်ကျော်စွာသည် မည်သို့သောအကြောင်းကိစ္စကိုမဆို တစ်ဖက် လူစိတ်ဝင်စားအောင် ပြောနိုင်စွမ်းသူဖြစ်သည်။ ကွမ်းခြံဘူတာမှ ရထားထွက် ခွာလာကတည်းက သူသည် ဘယ်တုန်းကမှ ပြောဆိုခဲ့ဖူးခြင်းမရှိသည့်အကြောင်း ကိစ္စများကို စိတ်ဝင်တစားပြောဆိုနေလေ၏။ ကျွန်ုပ်မှာ နားမလည်နိုင်ဖြစ် ရသော်လည်း တစ်စုံတစ်ရာ စောဒကမတက်ဘဲ ငြိမ်၍နားထောင်နေမိ၏။

မင်းမြတ်ကျော်စွာသည် ကျွန်ုပ်တို့အမှုအခင်းကိစ္စနှင့် အနည်းငယ်မျှ ပတ်သက်မှုမရှိသည့် ရှေးဟောင်းပစ္စည်းများနှင့် ထိုအရာများ၏နောက်ခံ သမိုင်းကြောင်းကိစ္စများကို အကိုးအကားများဖြင့် ပြောနေခြင်းဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်ဆန္ဒအရှိဆုံး စိတ်အားထက်သန်မှုအရှိဆုံးကိစ္စမှာ ကျွန်ုပ်တို့ ဆောင်ရွက်ရမည့်အမှုအခင်းနှင့်ပတ်သက်ပြီး မည်သို့မည်ပုံကြံစားဖော်ထုတ် မည်၊ ဘယ်လိုစွန့်စွန့်စားစားလုပ်ကိုင်မည်၊ ကျွန်ုပ်တို့၏ပြိုင်ဘက်အိုင်ပီများ အံ့သြသွားအောင် ဘယ်လိုစွမ်းဆောင်ပြလိုက်မည် ဟူသော အတွေးစိတ်ကူး များကို ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ဆိုသည်ကနောက်ကိစ္စ။ လတ်တလောမှာတော့ ဟုတ်ဟုတ်. . . မဟုတ်ဟုတ် ထိုစကားများကို အားပါးတရ ပြောနေလိုက်ချင်သည်။

မင်းမြတ်ကျော်စွာကိုလည်း ကျွန်ုပ်ကထိုသို့ပြောလိမ့်မည်ထင်၏။ သို့သော်လည်း လက်တွေ့မှာတော့ ကျွန်ုပ်ထင်သလိုဖြစ်မလာသည့်အတွက် ကျွန်ုပ်မှာ အောင့်သက်သက်ငြိမ်နေရတော့၏။

မင်းမြတ်ကျော်စွာသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာစသည့်





သမိုင်းကြောင်းများကိုသာမက အခြားသော ကမ္ဘာ့နိုင်ငံအချို့က ထူးခြား ဆန်းကြယ်သည့် ရှေးဟောင်းပစ္စည်းများအကြောင်း ထိုအရာများ၏ အစွမ်း သတ္တိများ စသည်ဖြင့် နာရီများစွာ ကြာမြင့်သည်အထိ ပြောနေလေ၏။

သို့ဖြင့် ကျွန်ုပ်တို့လိုက်ပါလာသော လော်ကယ်ရထားသည် ကြားဘူတာ များကို ဖြတ်သန်းခဲ့သလို အချိန်မှာလည်း ညဉ့်နက်ပိုင်းသို့ တဖြည်းဖြည်း ရောက်မှန်းမသိရောက်လာတော့၏။

မင်းမြတ်ကျော်စွာသည် လွန်စွာဘုန်းတန်ခိုးကြီးမြင့်သလို ရာဇဝင်တွင် အလွန်ကြီးကျယ်ထင်ရှားခဲ့သည့်ပန်ထွာဘုရင်မအကြောင်းကို ဝတ္ထုဇာတ်လမ်း သဖွယ် ပြောပြသည်မှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှသည့်အပြင် ကျွန်ုပ်လည်း နှိုးသည်ပြင်ဆင်ပေးလိုက်သည့် လက်ဖက်ရည်သောက်ဖို့ကိုပင် မေ့လျော့ နေမိ၏။

၎င်းအကြောင်းအရာအဆုံးသတ်တော့မှ လက်ဖက်ရည်သောက်ဖို့ သတိရသွားပြီး ခါတ်ဘူးဟဲမှ လက်ဖက်ရည်ကို ကပျာကယာငှဲ့ထည့်ရင်း ကိုယ်စီသောက်လိုက်ကြ၏။

ပြီးနောက် ဖန်ခွက်များကိုသိမ်းဆည်းလိုက်ပြီး ဆေးတံအိုးအတွင်း ဆေး တစ်ဆုံဖြည့်ကာ နှစ်ဖွာသုံးဖွာ မီးညှိဖွာရှိုက်လိုက်သည်နှင့် လွန်စွာပြီးပြည့်စုံ သည့်အရသာကို ရရှိလိုက်သကဲ့သို့ ခံစားရတော့၏။ လက်ဖက်ရည်ကကျကျ၊ ဆေးရွက်ကြီးဖွာရှိုက်ရသည့်က လေးလေးပင်ပင်။ လွန်စွာပန်းတင့်လှသည့် အရသာမျိုးဖြစ်၍ မည်သည့်အရာနှင့်မှ အစားထိုးမရလောက်အောင် ကျေနပ် မှုကို ပေးစွမ်းနိုင်သည့်အရသာမျိုးဖြစ်သည်။

မင်းမြတ်ကျော်စွာလည်း ကျွန်ုပ်ကဲ့သို့ပင် ၎င်းအရသာကို နှစ်ခြိုက်စွာ ခံစားသူဖြစ်၏။ သူလည်း ပိုလိုစီးကရက်ကို ဖွာရှိုက်ရင်း ငြိမ်သက်နေပုံက ၎င်းခံစားမှုအပေါ် မိန်းမောနေခြင်းပင်ဖြစ်၏။ သို့ရှိနေရာမှ သူသည် ခရီးဆောင်အိတ်ကိုဖစ်ဖွင့်ပြီး တစ်စုံတစ်ခုကိုဆွဲယူလိုက်ရာ ထိုအရာမှာ အတော်အတန်ထူထဲသည့်စာအုပ်တစ်အုပ်ဖြစ်၏။

စာအုပ်အနေအထားမှာ လွန်စွာရှေးကျပုံရယ်၊ စာအုပ်မျက်နှာဖုံး ဖြစ်သော်လည်း အရောင်အဆင်းက မွဲခြောက်လျက်ရှိ၏။ အတွင်းစာရွက်သား များမှာလည်း လွန်စွာဝါကျင့်လျက်ရှိရာ အကိုင်အတွယ်ကြမ်းပါက စာရွက် သားများပင် ကွန့်ကြေကောက်ကွေးသွားနိုင်၏။

ကျွန်ုပ်၏နားမလည်နိုင်မှုများမှာ ထိုအခိုက်အတန့်မှာပဲ တိကျရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com

သည့်အမြင်ကို ရရှိလိုက်လေ၏။ ၎င်းစာအုပ်မှာ ကျွန်ုပ်တို့အမှုအခင်းနှင့် ပတ်သက်ပြီး မည်မျှအထောက်အပံ့ရနိုင်ကြောင်း၊ ထို့ပြင် လွန်စွာထူးဆန်းဖွယ် အကြောင်းအရာများကိုလည်း ၎င်းစာအုပ်မှတဆင့် ကျွန်ုပ်သိရှိရတော့၏။

"အိုင်ပီကတော့ ထင်မှာပဲ။ ကွမ်းခြံဘူတာက ရထားစထွက်ကတည်းက ပြောလာတဲ့ကျွန်တော့်စကားတွေက မှုခင်းလမ်းကြောင်းနဲ့ ဘယ်လိုမှ မပတ်သက်ဘဲ အင်မတန်ငြီးငွေ့ပြီး အိပ်ငိုက်ဖို့ကောင်းတဲ့ ရှေးဟောင်းပစ္စည်း အကြောင်းတွေ၊ အဲ့ဒါတွေနဲ့ပတ်သက်ပြီး ရာဇဝင်အခင်းအကျင်းတွေ ဖြစ်နေလို့ ကျွန်တော့်ကို အတော်စိတ်ပျက်နေမယ်ထင်ရဲ့။ တကယ်တော့ အဲ့ဒီအကြောင်း အရာတွေကိုပြောခဲ့တာ အိုင်ပီ့ကို ဒီစာအုပ်နဲ့ပတ်သက်ပြီး အသေအချာ ရှင်းပြချင်လို့ပြောခဲ့တာလေ။ ကျွန်တော်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး အတော် ဦးနှောက်ခြောက်နေကာ၊ ဒီစာအုပ်ကိုဖတ်ရှုလေ့လာလိုက်တော့မှ အတော့်ကို စိတ်ကျေနပ်မှုရသွားခဲ့တယ်"

BURMESE CLASSIC .com

ဟုပြောပြီး ထိုစာအုပ်ကို ကျွန်ုပ်မြည်းစမ်းဖတ်ရှုရန် ပေးလေ၏။

ကျွန်ုပ်လည်း ကျားပါးစပ်မီးအိမ်အလင်းဖြင့် စာအုပ်ကို ခပ်ရှုပ်ရှုပ် လှန်လှော်ဖတ်ရှုလိုက်၏။ သို့သော်လည်း သဘောတရားလောက်သာသိလို၍ မိနစ်အနည်းငယ်အတွင်း အပေါ်ယံသဘောမျိုး ဖတ်ရှုလိုက်ခြင်းဖြစ်သည်။

စာအုပ်မှာ မားအကြောင်းနှင့်ပတ်သက်၍ ရုပ်ပုံများနှင့်တကွ အသေး စိတ်ရေးသားပြုစုထားခြင်းဖြစ်သည်။ မင်းမြတ်ကျော်စွာက ရေနွေးကြမ်း သောက်ရင်းပြောလာမည့် ကျွန်ုပ်စကားကို စောင့်ဆိုင်းနေလေ၏။

ကျွန်ုပ်မှာ ထိုစာအုပ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ဝေဖန်ပြောဆိုရန် ဉာဏ်မမီသလိုရှိနေလေရာ မင်းမြတ်ကျော်စွာကိုသာ ရှင်းပြဖို့ အမူအယာ ဖြင့်ပြောလိုက်ရ၏။

ထိုအခါ မင်းမြတ်ကျော်စွာသည် ကျွန်ုပ်တစ်ခါမှမကြားဖူး၊ မသိဖူးသော မားအကြောင်းကို အကျယ်တဝင့်ရှင်းပြလေ၏။

"ဇေယျတု ဇေယျာ ဝရဇိန်၊ ရွှန်းရွှန်းတိန်သာ၊ သီရိန္ဒာရေ. . .
ချက်ဖွေးဖွေးညီ၊ ကနက်ထီးကို၊ စင်းသီပြန့်တင်၊ သီလဝင်ဟု
သံရှင်ရဟတ်၊ မားတော်လွတ်၍၊ မိုးထွက်စည်စည်၊

လမင်းလှည်းသို့၊ ဖွင့်မည့်ဇမ္ဗူ၊ နန်းညွှန့်လူတို့ဖို့. . . ဆိုတဲ့ တေးယပ်နဲ့ အညီစီရင်ပြုလုပ်ထားတဲ့ မားမျိုးသာ အိမ်ရှေ့မင်းသားတွေအတွက် ရည်ရွယ် တဲ့မားမျိုးပေါ့။ ဘုရင်မင်းမြတ်ကနေ မင်းညီမင်းသား မှူးမတ်သေနာပတိအထိ





ကိုင်ဆောင်ကြတဲ့ မားတွေဟာ လွယ်လွယ်နဲ့မားဖြစ်လာတာ မဟုတ်ဘူး။ ဆိုပါတော့ အိုင်ပီရယ်။ ဘုရင်မင်းမြတ်ကိုင်ဆောင်တဲ့ မားဆိုပါတော့။ အသွား နှစ်ဖက်ရှိတယ် မဟုတ်လား။ ရတနာရည်၊ စံတည်ထားတဲ့ သန်လျက်သွားကို ငွေးဖျားပုံနှိုင်း အကုန်တိုင်းပြီး လယ်ပိုင်းတည့်တည့် အရှိမားပြွတ် အပြန် ဆက်ပြီး အချိုးအစားညီအောင် မားတော်လုပ်က ဂရုစိုက်ပြီး လုပ်ကြရ၏ လို့ဆိုသတဲ့"

ဟု မင်းမြတ်ကျော်စွာက ကဗျာအကိုးအကား အဘောက်အထားများနှင့် တကွ ရှင်းပြလေ၏။ ကျွန်ုပ်မှာ အနည်းငယ်မျှပင် ဝင်ရောက်ဆွေးနွေးနိုင်ခြင်း မရှိခဲ့ပါ။ မားဆိုလျှင် ပြီးလွယ် စီးလွယ်သဘောလောက်သာ နားလည်ထား သူမို့ ကိုယ့်ကိုယ်ကိုပင် ရှက်မိသည်။

"ကိုကျော်စွာပြောမှပဲ မြန်မာ့မားလုပ်ပုံလုပ်နည်းတွေဟာ ဒီလောက် သိမ်မွေ့နက်နဲပါလားလို့ သိရတော့တယ်"

ကျွန်ုပ်သည် မိမိသိသည့် အရှိတရားကို မရှက်မကြောက် ဖွင့်ဟဝန်ခံ လိုက်ရာ မင်းမြတ်ကျော်စွာက ကျွန်ုပ်ကိုဖေးမသည့်သဘောဖြင့် ဦးခေါင်းကို ယမ်းလျက်. . .

"ဒီလိုလည်း မဟုတ်သေးပါဘူး အိုင်ပီရယ်။ ပညာရပ်တစ်ခုဆိုတာ အကြောင်းအကျိုးတိုက်ဆိုင်မှုမရှိရင် နီးစပ်မှုမရှိရင် ဘယ်လိုလုပ်သိနိုင်မှာလဲ။ ကျွန်တော်ကလည်း အဲ့ဒီစာအုပ်ကို ဖတ်ရှုမှတ်သားထားလို့သာ သိနေတာပါ။ တကယ်တော့ အိုင်ပီ၊ မားကောင်းမားမြတ်တစ်လက်ဖြစ်ဖို့ဆိုတာ သိပ်တော့ လွယ်လှဘူး။ မားတွေကိုလည်း မားရဲ့ပုံပန်းသဏ္ဍာန်ကိုကြည့်ပြီး အမည် အမျိုးမျိုးမှည့်ခေါ်ကြတယ်။ ငါးရှဉ့်ခေါင်းမား၊ ငှက်ကြီးတောင်မား၊ ကိုးသချိုင်း မားစသဖြင့်ပေါ့။ နောက်ပြီး မားရဲ့အဆင့်အတန်းကိုလည်း ခွဲခြားထားသေး တယ်။ မားအနိမ့်အမြင့်ကိုလိုက်ပြီး မားနက်မာယာ၊ မားဆောက်ရွှေအိမ်ဖြူ မားမိုးကြိုးဆင့်ပိတ်ပြူ. . . ဒါတွင်မကသေးဘူး။ မားပြုလုပ်ထွက်ရှိတဲ့အရပ် ဒေသအလိုက် အခေါ်အဝေါ်တွေက ကွဲပြားပြန်တယ်။

လင်းဇင်းမား၊ မျက်နှာမည်းမား၊ ပနန်ရွာမား၊ ပျော်ဘွယ်မား စသဖြင့် ပါ။ ဘုရင်နဲ့အိမ်ရှေ့မင်းသားတို့ ကိုင်ဆွဲတဲ့မားကို လက်သုံးတော်မားလို့ ခေါ်သလို ထီးနန်းအစဉ်အဆက် ဘုရင်တို့ကိုင်ဆွဲတဲ့မားကိုတော့ နန်းစဉ်မား ပြီး အလေးအမြတ်ထားသတ်မှတ်ကြတယ်။ ကျွန်တော့်စိတ်ကို အစွဲဆွဲ ဆောင်နိုင်တဲ့မားအမျိုးအစားကတော့ ကိုးသချိုင်းဆိုတဲ့ မားမျိုးပဲ အိုင်ပီ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီဓားမျိုးက သချိုင်းကိုးဌာနကရတဲ့ သံတွေနဲ့စီရင်ပြုလုပ်ထားတာပေါ့။ အဲ့ဩဖွယ်ကောင်းလောက်အောင် အစွမ်းထက်တဲ့ဓားမျိုးပေါ့။ အချို့က အင်းအိုင်မန္တန်တွေနဲ့ အကျအနမန်းမှုတ်ပြီး အဆောင်ဓားတွေလုပ်ကြတယ်။ အိုင်ပီကြားဖူးလားမသိဘူး။ ယိမ်းနွဲ့ပါးဓားအကြောင်းလေ၊ သက္ကရာဇ် ၁၀၄ ခုနှစ်က သိုဟန်စော်ဘွားကို မင်းကြီးရန်နောင်တိုက်ခိုက်တာ လူပါမက ဓားရိုးတိုင်နဲ့ ကြမ်းငါးချောင်းပါပြတ်တဲ့ဓားလို့ ရာဇဝင်တွင်လောက်အောင် ထင်ရှားခဲ့တာပေါ့"

"အင်း. . . ဒီအကြောင်းတွေကိုနားထောင်ရတာလည်း အတော့်ကို စိတ်ဝင်စားမိပါရဲ့ဗျာ။ ဒါနဲ့ ကိုကျော်စွာ၊ ဓားအကြောင်းကို ဒီလောက်လေ့လာထားပုံထောက်ရင် ကျုပ်တို့နဲ့ဘယ်လိုများပတ်သက်နေလို့လဲ။ အဲ့ဒါကို ကျုပ် ဆက်စပ်စဉ်းစားလို့မရဘူး။ ဟဆိတ်လောက် ကျုပ်ကိုရှင်းပြပါလား"

ဟု မေးလိုက်ရာ၊ ၎င်းက ရေနွေးပန်း နှစ်လုံးကို လှမ်းယူလိုက်ပြီး

"လောလောဆယ်အခြေအနေမှာတော့ ကျွန်တော့်အနေနဲ့ ပိုင်ပိုင်နိုင်နိုင် မပြောနိုင်သေးဘူး အိုင်ပီ။ အတိုင်းအတာကစ်ခုထိ ပြောရမယ်ဆိုရင်တော့ စက်ရှင်မင်းကြီးအသတ်ခံရတဲ့ဒဏ်ရာဟာ ကျွန်တော်လေ့လာနေတဲ့ဓားတွေနဲ့ တစ်မျိုးတဖုံပတ်သက်လာလိမ့်မယ်ဆိုတာပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်နားမလည်နိုင်ဖြစ်နေသည့် အတွေးများမှာ ပို၍ပင် မနောက်ကျိရှုပ်ထွေးသွားတော့၏။ အချိန်မှာလည်း အတော်ညဉ့်နက်လာပြီမို့ အနည်းငယ်မေးစက်လိုသဖြင့် ကျွန်ုပ်လည်း မည်သည့်စကားမျှ အထွန့်မတက်တော့ပါ။

ကျွန်ုပ်တို့နှစ်ဦးသည် အမှုအခင်းဖြစ်ပွားရာ ပြည်မြို့သို့ စိတ်အားထက်သန်မှုဖြင့်ရောက်ရှိခဲ့ကြသော်လည်း ခရီးရောက်မဆိုက်မှာဘဲ ရုတ်ခြည်းဖြစ်တည်လာသည့် စိန်ခေါ်မှုနှင့် ထပ်မံရင်ဆိုင်ရတော့၏။

လောလောလတ်လတ် လုပ်ကြံခံရသည့် လူသတ်မှုတစ်ခုပင်ဖြစ်၏။

♣ ♣ ♣





## အခန်း(၉)

ဘူတာတွင်းသို့ ပြည်ရထားဆိုက်လျှင်ဆိုက်ချင်းပင် ကျွန်ုပ်တို့အား ဆံတော်ဂတ်မှ ဌာနအုပ်နှင့်ပုလိပ်သားနှစ်ဦးလာရောက်ကြိုဆိုကြသဖြင့် ကျွန်ုပ်တို့မှာ များစွာအဆင်ပြေသွား၏။ စုံထောက်မင်းကြီးသည် ကျွန်ုပ်တို့ရောက်လာမည့်သတင်းကို ကြိုတင်အကြောင်းကြားထားဟန်တူ၏။

ကျွန်ုပ်တို့လည်း ၎င်းတို့နှင့်အတူ ဆံတော်ဂတ်သို့လိုက်ပါခဲ့ကြ၏။ လမ်းခရီးတွင် ဌာနအုပ်နှင့် ပဋိသန္ဓာရစကားမျှပြောရင်းက မကြာမီမှာပဲ ကျွန်ုပ်တို့လည်း သေသူ၏အလောင်းများထားရာ ဆေးရုံရင်ခွဲရုံသို့ သွားရောက်ကြ၏။

ရင်ခွဲရုံအတွင်းဝင်လိုက်သည်နှင့် အလောင်းစင်ပေါ်တွင် ယှဉ်လျက်တင်ထားသောအလောင်းနှစ်လောင်းကို တစ်ပြိုင်တည်းတွေ့ရလေ၏။ တစ်လောင်းမှာ စက်ရှင်မင်းကြီးဂျွန်ဝီလီယံဖြစ်ပြီး နောက်တစ်လောင်းမှာ ခန္ဓာကိုယ်တုတ်ခိုင်ပြီး ခြေဆံလက်ဆံကြီးမားသည့် မြန်မာလူမျိုးတစ်ဦး၏ အလောင်းဖြစ်သည်။

ဌာနအုပ်က ထိုသူမှာ လူဆိုးစာရင်းဝင် လူမိုက်တစ်ဦးဖြစ်ပြီး သူ၏အမည်မှာ ဇော်ချင်း ဖြစ်ကြောင်းရှင်းပြလေ၏။

ကျွန်ုပ်ရင်ထဲ၌ မေးခွန်းပေါင်းများစွာ ထုတ်နေမိချိန်တွင် မင်းမြတ်ကျော်စွာက အေးအေးဆေးဆေးပင် အလောင်းများအနီးသို့သွက်လက်စွာ တိုးကပ်သွားပြီး ဒဏ်ရာများကို ကျကျနနကိုင်တွယ်ကြည့်ရှုရင်းဖြင့် သူသည် လက်ဝါးပြင်ခန့်အရွယ်အစားရှိသည့် မှတ်စုစာအုပ်လေးကိုဖွင့်၍ ရေးမှတ်နေပြန်၏။

ဆံတော်ဂါတ်ဌာနအုပ်နှင့် ကျွန်ုပ်မှာ မင်းမြတ်ကျော်စွာလုပ်သမျှကို



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်ပြီး အကဲခတ်နေမိသည်။ မင်းမြတ်ကျော်စွာသည် အချိန်တော်ကြာ
လေ့လာကြည့်ရှုပြီးနောက် သူ၏မှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပြီး ကုတ်အင်္ကျီ
ထဲသို့ထည့်လိုက်လေ၏။

ပြီးနောက် သူ၏အမူအကျင့်အတိုင်း ပိုလိုစီးကရက်ကို မီးညှိဖွာရှိုက်
လိုက်ပြီး. . .

"အင်း. . . လူသတ်သမားက အတော့်ကိုသွေးအေးပုံရတယ်။ ပြီးတော့
လက်ဆလက်နလည်းတော်တဲ့ တိုက်ခိုက်ရေးသမားတစ်ဦးပဲ။ ကျွန်တော်ဘာ
ကြောင့် အဲဒီလိုကောက်ချက်ချနိုင်သလဲဆိုရင် အသတ်ခံရတဲ့သူတွေရဲ့ ဒဏ်
တွေကြောင့်ပဲ။ မင်းကြီးလည်မျိုကို ဓားနဲ့လှီးလိုက်တာ တစ်ချက်တည်း
ပေမယ့် အသံပြွန်ကို ထိထိမိမိရှိအောင် အားစိုက်လိုက်ပုံရတယ်။ တစ်ချ
ကောင်းလုပ်ကြံသွားတာဖြစ်တယ်။ ဇော်ချင်းကတော့ အလွယ်နဲ့အညံ့
မရဘူး။ အပြန်အလှန်တိုက်ခိုက်ခုခံရင်း ရတဲ့ဒဏ်ရာမျိုးပေါ့။ ဒါကြော
လက်ဖျံရိုးမှာ ဓားဒဏ်ရာတစ်ချက်၊ နံကြားမှာတစ်ချက်၊ နံကြားက ဓားချက်
အသည်းအထိ ထိုးဖောက်သွားလိမ့်မယ်ထင်တယ်။ ကျုပ် အနိုင်
ကောက်ချက်ချနိုင်တာကတော့ ဒီလူသတ်မှုမှာ လူသတ်သမားဟာ တစ်ယော
တည်းပဲ။ ပြီးတော့ ဒီလူနှစ်ယောက်ကိုသတ်တဲ့ဓားကလည်း တစ်ချောင်းတ
ဖြစ်ရမယ်"

ဟူ၍ မှတ်ချက်ပြုလိုက်ရာ မျက်လုံးမျက်ဆံပြူးလျက် မင်းမြတ်ကျော်စွာ
တအံ့တသြကြည့်လေ၏။ ကျွန်ုပ်မှာ ကြိတ်၍ပြုံးလိုက်မိသည်။ အကြောင်း
မိတ်ဆွေကြီးသည် ခရီးရောက်မဆိုက်ပင် ဆံတော်ဂါတ်ဌာနအုပ်အား အံ့
တုန်လှုပ်သွားအောင် အစွမ်းအစပြလိုက်သောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် ရုတ်ခြည်းပင် အတွေးတစ်ချက်ရရှိလိုက်သဖြင့် ၎င်း
မရိပ်မိစေရန် ပြုံးလိုက်ပြီး ၎င်းဌာနအုပ်ပိုပြီးအံ့သြသွားစေရန် စကား
ထောက်လိုက်၏။ အမှန်တော့ ကိုယ့်လူ၏ ကိုယ်စကို တစ်ပါးသူရှေ့
ဂုဏ်ရှိန်မြှင့်လိုက်ခြင်းဖြစ်သည်။

"တဆိတ်လောက်ရှင်းပါဦး ကိုကျော်စွာ။ ဒီက ဌာနအုပ်နဲ့ ကျွန်
လည်းသိထားရအောင် ဘယ်လိုအကြောင်းအချက်များအပေါ်မှာ အ
မှတ်ချက်ပြုရတာလဲ"

"ဒီလိုလေဗျာ" ဟု မင်းမြတ်ကျော်စွာက စကားကိုအစပျိုးလိုက်
"ပထမအချက်က သေဆုံးသူနှစ်ဦးရဲ့ အဆင့်အတန်းကွာခြား





တစ်ဦးက စက်ရှင်တရားသူကြီး၊ နောက်တစ်ဦးက အပေအတေလူဆိုးလူမိုက်၊
ဂုဏ်ရည်အဆင့်အတန်းချင့်က အလွန်ကွာခြားနေတယ်။ သူတို့နှစ်ဦးဟာ
အသက်ရှင်စဉ်က တိုက်ရိုက်မဟုတ်ရင်တောင်မှ သွယ်ဝိုက်ပြီးတော့ဖြစ်ဖြစ်
ဆက်နွယ်မှုရှိကြလိမ့်မယ်။ အဓိက ကတော့ လူသတ်တဲ့နေရာမှာ အသုံးပြုတဲ့
ဓားပေါ့။ ဆရာတို့သတိထားမိမလားတော့မသိဘူး။ သေဆုံးသူနှစ်ဦးရဲ့ ဓား
ဒဏ်ရာတွေလေ။ နှစ်ဦးစလုံးရဲ့ဒဏ်ရာတွေက မီးလောင်ထားသလို အညို
အမဲစွဲနေကြတယ်"

ဟု ရှင်းပြလေရာ ထိုအခါမှ ဌာနအုပ်လည်း တအံ့တသြအမူအယာဖြင့်
အလောင်းနှစ်လောင်းအနီး အလျင်အမြန်တိုးကပ်သွားပြီး ဒဏ်ရာများကို
အသေအချာကြည့်ရှုလေ၏။ ကျွန်ုပ်လည်း ၎င်းနောက်နားတွင်ရပ်ပြီး အသေ
အချာကြည့်ရှုရာ မင်းမြတ်ကျော်စွာ၏ သုံးသပ်ချက်မှာ ဟုတ်မှန်ကြောင်း
တွေ့ရလေ၏။

မင်းကြီး၏လည်မျိုတွင် မီးလောင်ကျွမ်းထားသကဲ့သို့ ညိုမည်းနေသည်
ကိုတွေ့ရသလို လူမိုက်ဇော်ချင်း၏ လက်ဖျံရိုးနှင့် နံကြားရှိဒဏ်ရာများနှင့်
ညိုနေသည်ကို တွေ့ရလေ၏။

ထိုတစ်ချက်တည်းနှင့်ပင် ဆံတော်ဂါတ်မှ ဌာနအုပ်သည် မင်းမြတ်ကျော်စွာ
အား လွန်စွာအထင်ကြီးလေးစားသွားပြီး သူ့အနေဖြင့် ဉာဏ်မမီနိုင်သည့်
ကိစ္စအချို့ကို မေးမြန်းလေ၏။ မင်းမြတ်ကျော်စွာကလည်း အနည်းငယ်မျှ
ဝင်လေဟပ်သည့် အမူအယာမျိုးမရှိဘဲ သူသိသမျှကို ရိုးသားစွာရှင်းပြလေ၏။

ထို့နောက်မှာတော့ ဌာနအုပ်က ကျွန်ုပ်တို့တည်းခိုနေထိုင်ရမည့် ဆံတော်
ဂါတ်ဝင်းဆီသို့ လိုက်ပါပို့ဆောင်ပေးလေ၏။ လမ်းခရီးတွင် မင်းမြတ်ကျော်စွာက
"ဒါနဲ့ ဌာနအုပ်ကြီး၊ လူမိုက်ဇော်ချင်းရဲ့အလောင်းကို ဘယ်မှာတွေ့ရတာလဲ"
"ငပုကျောက်ဆောင်နားမှာပါဆရာ။ ကျောင်းကြီးရပ်မှာ ငပုကျောက်
ဆောင်ဆိုတာ ရှိကယ်လေ။ သူ့အလောင်းကို တွေ့တာက ပုစွန်နှိုက်တဲ့သူ
တွေပေါ့"

(ငပုဟူ၍ အမည်တွင်ခြင်းမှာ တစ်ချိန်က ငပုဟူသော ပုဂ္ဂိုလ်တစ်ဦးမှာ
ငါးဖမ်းနေရာတွင် ပထမဦးဆုံး ပုစွန်ရှာဖွေတွေ့ရှိရာ တစ်နေ့တွင် ၎င်းပုစွန်
ရှာဖွေနေစဉ် ကျောက်ရင်း ပိထိသေဆုံးသွားသဖြင့် ၎င်းကျောက်ဆောင်ကို ငပုကျောက်ဆောင်ဟု
ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။

စာရေးသူ )


www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်ကျော်စွာသည် ထိုအချက်ကိုမှတ်သားလိုက်ပြီး ကျွန်ုပ်ထံပေးအပ်ထားသည့် ဆရာဝန်၏ဆေးမှတ်ချက်စာရွက်စာတမ်းများကို ယူကြည့်လေ၏။ အတန်ကြာကြည့်ရှုပြီးနောက် ဌာနအုပ်ဘက်သို့လှည့်၍ . . .

"အလောင်းတွေကို လိုအပ်သလို စီစဉ်လို့ရပါပြီ ဌာနအုပ်မင်း"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့လိုက်ပါလာသည့် ရဲယာဉ်လုံးသည် မြို့မဂါတ်ဝင်းအတွင်း ချိုးကွေ့လိုက်ပြီး ဂါတ်ရုံးအဝတွင် ရပ်၏။ ဌာနအုပ်မှဦးဆောင်ပြီး ဂါတ်ရုံးအတွင်း ဝင်လာပြီး ဌာနအုပ်ရုံးခန်းအတွင်းဝင်လိုက်သည်နှင့် ကျွန်ုပ်အား စောင့်ဆိုင်းနေသူတစ်ဦးကို တွေ့လိုက်ရ၏။

လွန်စွာ အချိုးအဆစ်ပြေပြစ်ပြီး စွဲမက်ဖွယ်လှပသော အမျိုးသမီးတစ်ဦးဖြစ်သည်။ အသက်အရွယ်မှာ နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ခန့်သာ ရှိပါလိမ့်မည်။ သို့သော်လည်း ရှိုက်ကြီးဖိုငယ်အသွယ်သွယ်ဖြင့် ယောကျ်ားများ၏ အာရုံခံစားမှုကိုမြင်သည့်ခဏမှာပဲ ဆွဲဆောင်နိုင်သည့် ဘိုကပြားမလေးဖြစ်၏။

မင်းမြတ်ကျော်စွာမှာ တည်တည်ငြိမ်ငြိမ်ရှိနေသော်လည်း မတည်မငြိမ်နှင့် ယောက်ယက်ခတ်သွားသူမှာ ကျွန်ုပ်ပင်ဖြစ်၏။ အမှန်အတိုင်းဝန်ခံရလျှင် ကျွန်ုပ်စိတ်ခံစားမှုမှာ ၎င်းဘိုကပြားမလေး၏ ရှိုက်ကြီးဖိုငယ်အလှတရားများအောက်တွင် ဝပ်ဆင်းသွားသောကြောင့်ဖြစ်သည်။

တကယ်ဖြစ်သင့်သည်က လူပျိုကြီးမင်းမြတ်ကျော်စွာ ဖြစ်သည်။ ကျွန်ုပ်မှာ အိမ်ထောင်သည်တစ်ဦးဖြစ်၍ ပြောရလျှင် ၎င်းကိစ္စများနှင့်စိမ်းသူမဟုတ်ပါ။ အမြဲပင်လက်ပွန်းတတီးရှိနေသူဖြစ်ရာ မိမိအဖြစ်ကို မိမိတွေးမိပြီး အောင့်သက်သက်ဖြစ်သွား၏။

တစ်ဆက်တည်းပင် ကြားဖူးနားဝစကားလေးကို သတိရလိုက်မိ၍ တစ်ကိုယ်တည်း ကြိတ်ပြုံးမိ၏။ စားရသည့်ကလေး တော်ကိုတော်တယ် ဟူသော စကားလေးပင်ဖြစ်၏။

ဌာနအုပ်ကိုသန်းနိုင်က ၎င်းဘိုမလေးကိုမြင်သည်နှင့် ရုတ်ခြည်းပင် ရှိုးကျိုးသည့်အမူအယာဖြင့် နှုတ်ဆက်ပြီး ကျွန်ုပ်တို့နှစ်ဦးနှင့်မိတ်ဆက်ပေး၏။

၎င်းဘိုမလေးမှာ အခြားသူမဟုတ်ပေ။ စက်ရှင်တရားသူကြီး ဂျွန်ဝီလီယံ၏ဇနီးဖြစ်၏။ အမည်မှာ ရှယ်လီစတုန်းဟူ၍ ဖြစ်၏။ သို့သော် တရားဝင်ဇနီးတော့မဟုတ်။ တရားဝင်ဇနီးမှာ အင်္ဂလန်တွင်ရှိပြီး ကလေးနှစ်ဦးပင် ရရှိထား၏။





စက်ရှင်မင်းကြီးဂျွန်ဝီလီယံသည် ၎င်းဘိုကပြားမိန်းကလေး ရှယ်လီစတုန်းကို မြန်မာပြည်၌ မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး တစ်နှစ်အကြာတွင် ဇနီးအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ခြင်းဖြစ်သည်။ တိကျရှင်းလင်းစွာဆိုရလျှင် လူအများရှေ့တွင် ပွဲတက်ဇနီးမယားအဖြစ် အတိအလင်းကိုယ်ထင်ပြလိုက်ခြင်းဖြစ်သည်။

၎င်းတို့အနောက်တိုင်းဥပဒေ ထုံးတမ်းစဉ်လာနှင့်အညီ လက်ထပ်ခြင်းမပြုခဲ့သည့်အတွက် သူမကို တရားဝင်ဇနီးမယားဟူ၍ သတ်မှတ်၍မရပေ။ ထိုခေတ်အခါက မြန်မာနိုင်ငံ၌ လာရောက်တာဝန်ထမ်းဆောင်ကြသည့် မျက်နှာဖြူပုဂ္ဂိုလ်ကြီးများသည် မြန်မာ့မြေပေါ်က ရွှေ ငွေ ကျောက်သံပတ္တမြားစသည့် တန်ဖိုးကြီးရတနာပစ္စည်းများကို ၎င်းတို့အိတ်ထဲသို့ရောက်ရှိရန် ပရိယာယ်မျိုးစုံဖြင့် ကြံစည်လုပ်ဆောင်ကြသလို ၎င်းတို့သွေးသားသောင်းကျန်းဖို့အတွက်လည်း ရာထူးအရှိန်အဝါကိုသုံးပြီး အပျော်မယားအမြောက်အမြားထားကြသည်မှာ မထူးဆန်းသော ကိစ္စပင် ဖြစ်၏။

ရှယ်လီစတုန်းဟူသော ကပြားမလေးမှာလည်း ထိုသို့သော မိန်းကလေးမျိုးဖြစ်သည်။ မစ္စတာ ဂျွန်ဝီလီယံသည် လွန်စွာပါးရည်နပ်ရည်ရှိသည့် မျက်နှာဖြူအရာရှိကြီးဖြစ်သည်။ သို့သော်လည်း ၎င်း၏လူရည်လည်ခြင်းမှာ ကပြားမလေးရှယ်လီစတုန်း၏ ပရိယာယ်အောက်တွင် ရုန်းထွက်နိုင်စွမ်းမရှိဖြစ်ခဲ့ရ၏။

လှုပ်လေ မြုပ်လေ၊ ရုန်းလေ နစ်လေ ဟူသကဲ့သို့ ဖြစ်သွားပြီး အဆုံးမှာတော့ ဘိုမလေးရှယ်လီစတုန်း၏ဆန္ဒအတိုင်း သူမကို ပွဲတက်မယားအဖြစ် အတိအလင်းပွဲထုတ်ခဲ့ရလေ၏။

အင်စပက်တော်မင်းမြတ်ကျော်စွာသည် ထိုဖြစ်စဉ်များကို စေ့စေ့ပိုင်ပိုင် ကာလများကတည်းက သိရှိထားပြီးဖြစ်၏။ ရှယ်လီစတုန်းကိုလည်း ရန်ကုန်မှာကတည်းက နှစ်ကြိမ်သုံးကြိမ်ခန့် တွေ့ဖူးမြင်ဖူးနေပြီ ဖြစ်၏။ ကျွန်ုပ်ကတော့ ထိုအခါမှသာ တွေ့မြင်ဖူးခြင်းဖြစ်သည်။ အထက်ပါဖြစ်စဉ်ကို မင်းမြတ်ကျော်စွာက ကျွန်ုပ်အား နောက်တစ်နေ့တွင် ပြောပြခဲ့လေရာ ကျွန်ုပ်မှာနားထောင်ရင်း တအံ့တသြဖြစ်ရလေ၏။

ဌာနအုပ်ကိုသန်းနိုင်က ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေးသော်လည်း သူမသည် မျက်ဝန်းကိုစွေ၍ တစ်ချက်ကြည့်လိုက်ပြီး ဝတ်ကျေတန်းကျေအနေမျိုးသာ တုန့်ပြန်သဖြင့် ကျွန်ုပ်မှာ အောင့်သက်သက်ဖြစ်သွားရ၏။ မင်းမြတ်ကျော်စွာကတော့ အသိအမှတ်ပြုပြုံးပြလေ၏။

www.burmeseclassic.com


သူမသည် တရားမဝင် ပွပွနွေးနွေးမုဆိုးမအဖြစ်သို့ လတ်တလော ရောက်ရှိသွား၍ထင်သည်။ အပူသည်တို့၏ သဘာဝအတိုင်း ခပ်ဝေးဝေး ခပ်ငိုင်ငိုင်ရှိနေ၏။ အထူးခြားဆုံးမှာ သူမ၏နှုတ်ခမ်းနှင့်မျက်လုံးဖြစ်၏။ နှုတ်ခမ်းမှာ မာနတရားများကို ထုတ်ဖော်နေသလို မျက်လုံးများကလည်း လင်သားအတွက် ငိုကြွေးပူဆွေးရန် မျက်ရည်အလုံအလောက်မရှိသကဲ့သို့ ခြောက်ခမ်းနေပုံရ၏။ ဖြဲ၍ဆိုရသော် မိမိလင်သားစွန့်လွှတ်လိုက်ရသည် ကိုပင် ထိုက်ထိုက်တန်တန်ငိုကြွေးရန်မလိုတော့ကြောင်း ပြသနေသကဲ့သို့ ဖြစ်၏။

ကျွန်ုပ်မှာသာ အောင့်သက်သက်ဖြစ်သွားသော်လည်း အကြောင်း ထားသည့် မိတ်ဆွေကြီးမင်းမြတ်ကျော်စွာကတော့ အနည်းငယ်မျှအမူအယ မပျက်ဘဲ သူသိလိုသမျှကို ပြေပြစ်ချောင်သည့်စကားများပြောဆိုမေးမြန်းပြီးနော

“မင်းကြီးရုပ်အလောင်းကို မင်းကတော်စိတ်တိုင်းကျ သင်္ဂြိုဟ်လို့ရပါ မကြာခင်မှာဘဲ တရားခံအစစ်အမှန်ကို လက်ရဖမ်းမိရမယ်လို့ ကျွန် ကတိပြုပါတယ်”

ဟု ပြောလိုက်ရာ မင်းကတော်ရှယ်လီစတုန်းက နှုတ်ခမ်းထောင့် ကလေးတွန့်သွားရုံ ပြုံးလိုက်ပြီး ထိုင်ရာကထကာ မည်သူ့ကိုမှ နှုတ်မဆက် ပြန်သွားလေ၏။ သူမထွက်သွားရာလမ်းတလျှောက်တွင် မျက်နှာချင်း ဆုံမိကြသည့် ပုလိပ်သားအချို့မှာ သူမကို လေးစားရိုကျိုးစွာ ဦးညွှတ် လေရာ ထိုမြင်ကွင်းကိုကြည့်ရင်း မင်းမြတ်ကျော်စွာက အဓိပ္ပါယ်ဖော်ရ သည့် အပြုံးမျိုး ပြုံးလိုက်သည်ကို ဖြတ်ကနဲ ကျွန်ုပ်သတိပြုမိလိုက်၏။

ထို့နောက် မင်းမြတ်ကျော်စွာနှင့် ကျွန်ုပ်သည် မြို့မဂါတ်တဲရှိ ဌာနအုပ် စီအက်စ်အိုများနှင့် စကားစမြည်းပြောဆိုပြီးနောက် ကျွန်ုပ်တို့တည်းခိုရာ ဆံတော်ဂါတ်သို့ ပြန်ခဲ့တော့၏။ ဆံတော်ဂါတ်ဝန်းထဲရှိ ကျွန်ုပ်တို့တ ဆောင်သို့ရောက်သည်နှင့် ကျွန်ုပ်တို့နှစ်ဦးသာလျှင် ရှိတော့ရာ ကျွန်ုပ် တစ်လမ်းလုံး ဘဝင်မကျဖြစ်နေသည့် အတွေးကို ဖောင့်အီးမထားနိုင် သဖြင့် ပွင့်လင်းစွာ မေးလိုက်တော့၏။

“အိုင်ဆေး ကိုကျော်စွာ၊ ကျုပ်စိတ်ထဲမှာ မင်းကတော်ဘိုမလေးကို အတော့်ကို ဘဝင်မကျဖြစ်မိတယ်ဗျာ။ သူ ဘယ်လိုခံစားနေရတယ် သူ့နေရာမှာတွေးပြီး ကျုပ်စာနာ နားလည်ပါတယ်။ သို့ပေမယ့် သူ ယော အမှုအခင်းအတွက် တကူးတက ရောက်လာတဲ့အင်းစိန်စီအိုင်ဒီက ကျုပ်





တော့ အသိအမှတ်ပြုဖို့ ကောင်းပါတယ်။ အခု သူ ဆက်ဆံပုံက ကျုပ်တို့ကို မတွေ့သလို မတန်သလို အရပ်စကားနဲ့ပြောရရင် အဖတ်မလုပ်ချင်သလို အမူအယာမျိုးဖြစ်နေတော့ ကိုကျော်စွာကတော့ ဘယ်လိုနေမယ် မသိဘူး။ ကျုပ်တော့ အတော့်ကို အောင့်သက်သက် ခံရတယ်ဗျာ”

ဟုပြောလိုက်သည်နှင့် မင်းမြတ်ကျော်စွာသည် မည်သို့ကြောင့်မှန်းမသိ၊ ရုတ်ခြည်းပင် တဟားဟားရယ်တော့၏။ ကျွန်ုပ်စကားများက ရယ်စရာ မဟုတ်ပါဘဲ ရယ်နေသည့် သူ့ကိုကြည့်ရင်း ကျွန်ုပ်မှာ နားမလည်နိုင်ဖြစ် ရပြန်၏။

သို့သော်လည်း ထိုသို့အားပါးတရ ရယ်ပြီးသည်နှင့် ပြောလာသည့် စကားများကိုကြားရစဉ်မှာတော့ ၎င်းအကြိမ်ရယ်သူမှာ မင်းမြတ်ကျော်စွာ မဟုတ်တော့ဘဲ ကျွန်ုပ်သာလျှင်ဖြစ်သွားရတော့၏။

မင်းမြတ်ကျော်စွာသည် ကျွန်ုပ်အထက်တွင်ဖော်ပြခဲ့ပြီးသည့် စက်ရှင် မင်းကြီးနှင့် ၎င်းအမျိုးသမီးတို့၏ ပွဲတက်လင်မယားအဖြစ် ပေါင်းသင်းနေ ထိုင်ကြသည့်ဖြစ်စဉ်ကို အသေးစိတ်ပြောပြလေ၏။ ထိုအကြောင်းကို ပြော ပြီးနောက်. . .

“တကယ်တော့ အိုင်ပီရယ်၊ အခုအချိန်မှာ သူ့ရင်ထဲမှာ စက်ရှင်မင်း ကြီးသေလို့ ပူဆွေးသောကဆိုတာထက် အဲဒီပုဂ္ဂိုလ်ကြီးကျန်ခဲ့တဲ့ ပစ္စည်းဥစ္စာ တွေ လက်လွှတ်ဆုံးရှုံးလိုက်ရလို့ ယူကျုံးမရခံစားနေရတာက ပိုပြီးပြင်းထန် နေပါလိမ့်မယ်။ မင်းကြီးမှာ တရားဝင်ဇနီးမယားရှိနေတယ်လေ။ အခုလောက် ဆိုရင် အဲဒီအမျိုးသမီး အင်္ဂလန်ကနေ ထွက်တောင်ထွက်လာနေရောပေါ့။ ရှယ်လီစတုန်းလိုပဲ မစ္စတာ ကွန်ဝီလီယံရဲ့အမည်မဖော် မယားငယ်တွေလည်း သူမလိုပဲ ယူကျုံးမရဖြစ်နေကြမယ်ထင်ပါရဲ့ဗျာ။ အဲဒီလိုအချိန်မှာ သူမတို့ လုပ်နိုင်တာဆိုလို့ တစ်ခုတည်းပဲရှိတယ်။ အင်္ဂလန်က ရောက်လာမယ့်မင်းကြီးရဲ့ တရားဝင်မျက်နှာဖြူမကြီး မြန်မာပြည်မရောက်ခင် ရနိုင်သမျှကို အမိအရ ယူထားကြဖို့ပေါ့။ မစ္စစ်ရှယ်လီစတုန်းဟာ သူမျှော်မှန်းသလောက် မရလိုက် ဘူးထင်ပါရဲ့ အိုင်ပီရယ်။ အိုင်ပီ ရိပ်မိလိုက်မလားမသိဘူး။ ကျွန်တော်က မင်းကတော်လို့သုံးနှုန်းပြီး ပြောလိုက်တဲ့အခါမှာ သူ့နှုတ်ခမ်းထောင့်စွန်းကလေး တွန့်သွားရုံပြုံးလိုက်တာလေ။ ဟဲ ဟဲ ဘယ်လိုပြောရမလဲဆိုရင် မချိပြုံးလေးပေါ့ဗျာ”

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

တစ်ခုသော စနေနေ့ညဦးသန်းခေါင်ယံအချိန်တွင် ဖြစ်သည်။

လမထွက်သော်လည်း ကြယ်ရောင်တွေ တဖျတ်ဖျတ် တောက်လျက် ရှိသဖြင့် ကောင်းကင်တွင် အလင်းပျပျ ရှိနေလေ၏။ တိမ်ဖြူတစ်အုပ်သည် နှေးကွေးလေးလံစွာဖြင့် ရွေ့လျားနေကြ၏။

လွန်စွာချောင်ကျသော လူနေရပ်ကွက်တစ်ခု၏ ခြေတံရှည်ပျဉ်ထောင် အိမ်လေးအတွင်း၌ မီးတိုင်တစ်တိုင် ထွန်းညှိထားလေ၏။ အခြားအိမ်များမှာ ရပ်ခလေ့ထုံးစံအကိုင်း အမှောင်ရိပ်သန်းသည်နှင့် မီးမှိတ်အိပ်စက်ကြစမြဲ ဖြစ်ရာ နေအိမ်တိုင်းလိုလို မဲမှောင်တိကျဆိတ်လျက်ရှိ၏။

၎င်းအိမ်လေးတစ်အိမ်သာ ညဉ့်နက်သည်အထိ မီးတိုင်ကို မငြိမ်းဘဲ ရှိနေသည်မှာ ထူးခြားသလို ဖြစ်နေ၏။

ထိုအိမ်လေးသည် ဝင်းတံခါး၊ အိမ်မကြီးတံခါးများကို ပိတ်ထားသော် လည်း ပြတင်းပေါက်များကိုတော့ ဖွင့်ထားသဖြင့် အတွင်းက မီးတိုင်အလင်း ရောင်မှာ ပြတင်းပေါက်အပြင်သို့ ဖျော့တော့စွာကျရောက်နေလေ၏။ အိမ်ထဲ ရှိနေသူသည် ၎င်းမီးတိုင်လေးကို မည်သည့်အချိန်တွင် ငြိမ်းသတ်လိုက်မ ဟူသောကိစ္စမှာ အထူးအဆန်းမဟုတ်သော်လည်း တစ်ဦးတစ်ယောက် သတိထားစောင့်ကြည့်ပါက လွန်စွာစိတ်ဝင်စားဖွယ်ကောင်းပါလိမ့်မည်။

၎င်းအိမ်ထဲတွင်ရှိနေသူများမှာ အသက်သုံးဆယ်အရွယ်

ပျှင်ဖြစ်၏။ သူမသည် ညဦးပိုင်းကပင် ထို

အောင် မပြတ်ထွန်းညှိထားခြင်းဖြစ်သည်။

ငါးငယ်သစ်လွင်တောက်ပသော ဝတ်စားဆင်ယင်မှု လေးပြင်ဆင်ထား၏။ ထိုမှ့သာမက မျက်နှာချေ ပေါင်

အမှုး





များဖြင့် သူမ၏အလှကို ရုပ်လုံးကြွအောင် ပြင်ဆင်ချယ်သထားပြန်၏။

အသက်သုံးဆယ်ဟူသော သက်တမ်းသည် မိန်းမသားတစ်ဦးအဖို့ သွေးသားဆူဖြိုးမှု၊ ခန္ဓာကိုယ်ကြံ့ခိုင်မှုအမြင့်မားဆုံးအသက်အရွယ်ဟု ယူဆ ရမည်ဖြစ်၏။ သူမသည် ပင်ကိုယ်အားဖြင့် အသားအရည်ညိုစိမ့်စိမ့်ရှိပြီး တောသူတောင်သားပီပီ လုံးကြီးပေါက်လှအချိုးအဆစ်မျိုးရှိလေရာ ပုရိသ များ၏ဘဝင်ကို ငြိုစေအောင် ဆွဲဆောင်နိုင်ယည်မှာ မထူးဆန်းလှပေ။

သို့သော်လည်း သူမသည် မိမိ၏ အနှိုတရားအလှအပများကို အလွဲ သုံးစားမလုပ်။ တစ်ဦးတစ်ယောက်အပေါ်တွင်သာ အပုံးစုံပုံအပ်ထားခဲ့၏။ သူမသည် မီးတိုင်အလင်းကို အမှိန့်မသုန်ကြည့်ရင်း အကြိမ်ကြိမ်ပင့်သက် ရှိုက်နေမိ၏။ အချိန်မှာလည်း ညဉ့်နက်သည်ထက်နက်လာပြီဖြစ်ရာ အချိန် လင့်လာသည်နှင့်အမျှ တံထိုနေ့တစ်နေ့လုံး အတွေးဖြင့် ကြည်နူးခံစားခဲ့ရ သည့်ပုံရိပ်များမှာ ခဲလေသမျှ သဲရေကျဟူသကဲ့သို့ ဖြစ်သွားတော့မလားဟု စိုးရိမ်ပူပန်မိလေ၏။

မလှမ်းမကမ်းတွင် ခင်းကျင်းထားသည့် ဖင်းဖြူဖျာအိပ်ယာခင်းကိုလည်း မကြာခဏအကြည့်ရောက်မိပြန်၏။ ကြာတော့ ကြည့်ရမှာကိုပင် ရှက်ရွံ့လာ မိ၏။ ညဦးပိုင်းအချိန်တုန်းကတော့ ထိုအိပ်ယာခင်းကို အကြိမ်ကြိမ်ကြည့်မိ လေတိုင်း ရှန်းကြွလာသည့် ပီတိအဟုန်ကို ခံစား၍ မဝန့်င်အောင်ဖြစ်ခဲ့ရ၏။

"အင်း. . . ကိုကျော်ကြီး. . . ကိုကျော်ကြီး အိမ်ထောင်ကျခါစတုန်းက တော့ ကျွဲမျှော့ကြီးတွေလို ခွာပါဦးဆိုလို့တောင် ခွာလို့မရတဲ့လူက အိမ်ထောင် သက်လေး နည်းနည်းရရှိသေးတယ်၊ အချိုးကပြောင်းသွားလိုက်တာ။ အခု တော့ သူ့သဘောထားတွေက ငါ့ဒအပေါ်မှာ အိမ်သာတစ်လုံးလို သဘောမျိုး ထားနေပါ့ရော့လား။ ကျန်တဲ့အချိန်မှာ ရှိတယ်လို့တောင်မထင်ဘဲ အိမ်သာ တက်ချင်တဲ့အချိန်ကျမှ ငါ့ကိုသတိရပြီး ပြန်ပြေးလာသလိုဖြစ်နေပြီ။ ငါ့မှာ တော့ သူအမြဲတမ်း အိမ်သာတက်ချင်ပါစေလို့ ဆုတောင်းရမလိုဖြစ်နေပြီ။ ငါ့ကိုများ သွေးသားမရှိတဲ့ အရုပ်လိုသဘောထားတာ ရင်နာလိုက်တာနော်။ အခုလည်းကြည့်ပါဦး။ တစ်ပက်မှာ တစ်ရက်လောက်ပြန်လာတဲ့သူက ကိုယ် လာမယ့်နေမှာ ဝီရိယရှိရှိလေးနဲ့ နေမဂင်ခင်အရောက်လာပါတော့လား။ တစ်ပတ်တစ်ခါလာ၊ တစ်ညအိပ် မနက်ကျတော့ သုံးဖို့ဖွဲ့ဖို့လေး ပေးကမ်းပြီး ပြန်သွား။ ဒီကြားထဲ စိတ်အခန့်မသင့်ရင် ဆူပူကြိမ်းမောင်းသွားသေးရဲ့။ သူတို့ကတော့ ယောကျ်ားသားတွေဆိုတော့ ဈေ့တဲ့နေရာမှာ ကွေ့သလိုခြေ



www.burmeseclassic.com

www.burmeseclassic.com

ဆေးသွားလို့ရပေမယ့် ငါတို့မိန်းမသားတွေမှာတော့ သူတို့လို ဖြေဆေးချင် တိုင်းဆေးလို့ရတာမဟုတ်ဘူး။ တယ်လည်း မမျှတဟဲ့လောကကြီးပါလားနော်။ အခုလည်းကြည့်ပါဦး။ ပြောတုန်းကတော့ စောစောလာခဲ့မယ်ဆိုပြီး ညဥ့်နက် ပိုင်းရောက်နေပြီ မီးအလင်းမပြတ်အောင်ထွန်းလိုက်ရတဲ့ မီးတိုင်တွေလည်း အချောင်းပေါင်းမနည်းတော့ဘူး. . . ဟူး. . . "

သူမသည် အထက်ပါစကားများကို တစ်ကိုယ်တည်းကြားသာရုံ ခပ်တိုးတိုး ညည်းရင်း သင်းဖြူးဖျာခင်းထားသည့် အိပ်ယာပေါ်တွင် ခြေပစ်လက်ပစ် လှဲချလိုက်လေ၏။ တစ်ကိုယ်တည်းကြားသာရုံ ညည်းညူပြောလိုက်သော်လည်း ညဥ့်တိတ်ဆိတ်မှုအတွင်း၌ ၎င်းအသံမှာအနည်းငယ်လျှံထွက်သွားလေရာ အကယ်၍များ အနီးတဝိုက်တွင် တစ်ဦးတစ်ယောက်ရှိနေပါက ထိုအသံကို အသေအချာကြားလိုက်မိမှာသေချာသည်။

အမှန်တကယ်လည်း သူမညည်းညူလိုက်သည့် ၎င်းအသံကို တိုက်ဆိုင်စွာ ကြားလိုက်သူတစ်ဦးရှိ၏။ သူမ ညည်းညူခြင်းမပြုခင် အခိုက်အတန့်လေးမှာပဲ အနက်ရောင်အရိပ်သဏ္ဍာန်တစ်ခုသည် အတော်အတန်မြင့်မားသည့် သူမတို့ အိမ်အောက်သို့ ရိပ်ကနဲ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ထို့နောက် သူမအိပ်ယာရှိရာ အောက်တည့်တည့်မြေပြင်တွင် အတန်ကြာ ငြိမ်သက်လျက်ရှိနေရာ သူမ၏တစ်ကိုယ်တော် ရင်ဖွင့်သံကိုကြားလိုက်ခြင်း ဖြစ်၏။ ၎င်းအရိပ်သည် အတန်ကြာငြိမ်သက်လျက်ရှိရာ သူမအိပ်ယာရှိရာ အပေါ်ကြမ်းခင်းဆီမှ အမျိုးအမည်ဖော်ပြရန်ခက်ခဲသော သူမညည်းတွားသံ များကို နားစွင့်ရင်း လွန်စွာ စိတ်မသက်မသာ ခံစားနေရ၏။

ဝါးကြမ်းခင်းဖြစ်သောကြောင့် အိပ်ယာပေါ်၌ လူးလိမ့်လိုက်တိုင်း ဂျိုးဂျိုး ဂွတ်ဂွတ်အသံများထွက်ပေါ်နေပြန်၏။ ထိုအမျိုးသမီးသည် အိပ်ယာပေါ်၌ တလူးလူးတလိမ့်လိမ့်ရှိနေရာမှ ဝါးကြမ်းခင်းမှထွက်ပေါ်နေသည့်အသံနှင့်အတူ ထူးခြားစွာကြားလိုက်ရသည့်အသံတစ်သံကြောင့်. . .

"ဟင်. . . ကို. . . ကိုကျော်ကြီးများလားမသိဘူး"

သူမသည် အိပ်ယာမှ ကပျာကယာထလိုက်ပြီး အပြင်ဘက်သို့ငြိမ်၍ နားစွင့်လိုက်လေ၏။ နှုတ်ကလည်း. . .

"ကိုကျော်ကြီး ရှင်ပြန်လာပြီလား၊ ရောက်နေရင်လည်း အသံပြုလိုက် ဦးလေ။ ရှင့်အသံမကြားရတော့ ကျွန်မလည်း တံခါးမဖွင့်ရဲဘူး"

ဟု လှမ်းအော်လိုက်၏။ တကယ်တော့ သူမကြားလိုက်ရသည့်အသံမှာ





သူမရှိရာကြမ်းခင်းအောက်မြေပြင်တွင် ဝပ်တွားခိုကပ်နေသည့် သဏ္ဍာန်ရိပ် တစ်ခုက ရုတ်ခြည်းရွေ့လျားလိုက်ရာ ၎င်းအနီး ထောင်ထားသောပေါက်တူး တစ်လက်ကို ခလုတ်တိုက်မိရာမှ ထောက်ကနဲ ထွက်ပေါ်သွားသော အသံဖြစ်သည်။

အမျိုးသမီးသည် မည်သည့်အသံမှ ထပ်မကြားရသဖြင့် ဇဝေဇဝါဖြစ် သွားပုံရ၏။ သူမအထင်လွဲချော်သွားပြီဟု သဘောပေါက်လိုက်ပြီး ဟူးကနဲ ပင့်သက်တစ်ချက်ရှိုက်ရင်းက တောင့်မတ်သွားသည့်ခန္ဓာကိုယ်ကို ခြေပစ် လက်ပစ်လှဲချလိုက်လေ၏။ ထိုစဉ်. . .

"ဒေါက်"

"အို"

"ရှင်. . . ရှင်"

ဖွင့်ထားသည့်ပြတင်းပေါက်မှ လွှားကနဲ ခုန်ဝင်လာသည့် မဲမဲသဏ္ဍာန် ရိပ်မှာ သူမရှိရာအိပ်ယာနှင့် လက်တစ်ကမ်းအကွာတွင် ကျရောက်လာခြင်း ဖြစ်၏။ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး လှုပ်ရှားမှုမှာလွန်စွာမြန်ဆန် လှပသဖြင့် ဘာဟူ၍ သဲကွဲစွာ မသိလိုက်ရသော်လည်း ထိုအရာမှာ လူသား တစ်ဦးပင်ဖြစ်ကြောင်း ၎င်းအခိုက်အတန့်မှာပဲ သိရှိလိုက်လေ၏။

သူမသည် အထိတ်တလန့်အော်ဟစ်ရန် ဟန်ပြင်လိုက်စဉ်မှာပဲ ၎င်းအနက် ရောင်လူက သူမရှိရာ အိပ်ယာပေါ်သို့ လျှပ်တပြက်ရောက်ရှိလာပြီး သူမ ခန္ဓာကိုယ်ကို နောက်ဖက်မှ သိုင်းဖက်လျက် လက်ဖဝါးဖြင့် သူမပါးစပ်ကို ဖိပိတ်လိုက်လေရာ သူမနှုတ်က အသံတစ်စပင် ထွက်ခွင့်မရတော့ပေ။

သူမခန္ဓာကိုယ်မှာလည်း ၎င်းအနက်ရောင်လူ၏ ရင်ခွင်တွင်း၌ထိုင်လျက် အနေအထားဖြင့် နစ်မြုပ်သွားလေရာ သူတို့နှစ်ဦး၏ ဝရုန်းသုန်းကား ရုန်းကန် မှုကြောင့် အိပ်ယာခင်းမှာ တွန့်ကြေလုံးထွေးသွားတော့သည်။ သူမသည် လွန်စွာကြံ့ခိုင်သန်စွမ်းသည့်အားအစွမ်းဖြင့် တွန်းထိုးရုန်းကန်သော်လည်း ထိုသို့ရုန်းကန်လေ၊ သူမခန္ဓာကိုယ်က အနက်ရောင်လူ၏ရင်ခွင်တွင်း၌ ပို၍ နစ်မြုပ်လေဆိုသလိုဖြစ်နေတော့၏။

အနက်ရောင်လူ၏ကျယ်ပြန့်သော ရင်အုပ်နှင့်သန်မာသော လက်မောင်း သားတွေက သူမကို အနည်းငယ်မျှရုန်းကန်၍မရအောင် ချုပ်နှောင်လိုက် လေပြီ။ အစပိုင်းတွင် သူမသည် အပြင်းအထန်တွန်းထိုးရုန်းကန်သော်လည်း တဖြည်းဖြည်း မည်သို့ဖြစ်သွားသည်မသိ။ ၎င်းရုန်းကန်နေခြင်းကို လျှော့ ချလိုက်ပြီး ချုပ်နှောင်ထားသူအနက်ရောင်လူ၏ ရင်ခွင်တွင်းသို့ သူမဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

အလျော့ နစ်သထက်နစ်ဝင်သွားအောင် ဘိုးလေတော့၏။

"ဟာ. . . ဘယ်လိုကြီးလဲဟ"

အနက်ရောင်လူသည် ထိုအဖြစ်ကို ရိပ်မိလိုက်သဖြင့် နားမလည်နိုင်အောင်ဖြစ်သွား၏။ ထိုအမျိုးသမီးသည် မိန်းမတို့၏ ပရိယာယ်ဖြင့် မိမိကို လှည့်စားနေပြီလား။ မိမိချုပ်နှောင်ထားသည်ကို ပရိယာယ်ဖြင့် ရုန်းထွက်ပြီး မိမိကို အကြပ်ရိုက်စေဖို့ အကွက်ဆင်လိုက်ခြင်းလား။

သို့စဉ်းစားနေစဉ်မှာပဲ ထိုအမျိုးသမီး၏အပြုအမူတွေက တဖြည်းဖြည်းသိသာထင်ရှားလာလေရာ အနက်ရောင်လူသည် တစ်ကိုယ်လုံး ကျဉ်စက်နှင့်အတို့ခံလိုက်ရသလို တဆတ်ဆတ်တုန်ခါသွားတော့၏။ အမျိုးသမီးက သောင်နာနာအသံလေးဖြင့် ခိုးခိုးခစ်ခစ်ရယ်လျက် သူ့မျက်နှာကို အနက်ရောင်လူ၏နှုတ်ခမ်းနှင့် တို့ထိပွတ်သပ်လိုက်ရာ အနက်ရောင်လူမှာ ◌ ပါးမျက်နှာချေ၊ ပေါင်ဒါအနံ့ကြောင့် ရုတ်ခြည်းပင် ဖိုအန်ချင်စိတ်ဖြစ်သွားလေသည်။

"ဟိုက်. . . ဒီအမျိုးသမီးလုပ်ပုံနဲ့တော့ ပြဿနာပဲ။ မဖြစ်ဘူး. . . မဖြစ်ဘူး ဒီကိစ္စကိုတော့ ပြတ်ပြတ်သားသား ငြင်းရမယ်။ ငါ့ရည်ရွယ်ချက်တွေ လွဲချော်သွားလို့မဖြစ်ဘူး"

အနက်ရောင်လူသည် အလုံးစုံသဘောပေါက်နားလည်သွားပြီ ဖြစ်သည်။ ကိမ်အောက်တွင် မိမိပုန်းခိုဝပ်တွားနေစဉ်က ထိုအမျိုးသမီး၏ တလူးလူးတလိမ့်လိမ့်ညည်းညူသံများကို အထင်းသားကြားခဲ့ရသည်။ ထိုအဖြစ်ကိုရုတ်ခြည်းသတိရလိုက်မိသလို လတ်တလော သူမအပြုအမူများနှင့် ဆက်စပ်လိုက်လျှင် ထိုအမျိုးသမီးသည် လင်ယောကျ်ားမရှိခိုက် အချင်ကြုံတုန်း ရာသောင်းကျန်းလိုစိတ်များ ရုန်းကြွလာခြင်းဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။

အနက်ရောင်လူသည် ထိုအမျိုးသမီးအား ချုပ်နှောင်ထားသည့်လက်ကိုအထိတ်တလန့်လွှတ်လိုက်ပြီး ခပ်ငိုက်ငိုက်ဆောင်းထားသော သက္ကလပ်ဦးထုပ်ကိုပင့်လျက် ပြူးကျယ်သည့်မျက်ဝန်းဖြင့် ကြည့်နေလေ၏။ နှုတ်ကလည်း. . .

"ဒီမှာ. . . အမျိုးသမီး. . . ခင်. . . ခင်ဗျား ဘယ်. . . ဘယ်လိုဖြစ်သွားတာလဲ။ ဒါ. . . ဒါ မဖြစ်သင့်တဲ့ကိစ္စလေ။ ကျုပ် ဒီ. . . ဒီကို ရောက်လာတာ ဒါမျိုးလုပ်ဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာတာမဟုတ်ဘူး"

ဟူ၍ အထစ်ထစ်အငေါ့ငေါ့ထွက်သွားလေ၏။ ထိုအခါ အမျိုးသမီးက ခိုးခိုးခစ်ခစ်ရယ်လျက် တိုလူအနီးတိုးကပ်သွားပြီး မျက်နှာကို အသေအ





ကြည့်လိုက်ရာ မှေးစင်းနေသည့် သူမမျက်ဝန်းတွေက ရုတ်ခြည်းပင် ဝိုင်းစက်သွား၏။

"အို. . . ရှင်. . . ရှင် ကြည့်စမ်း၊ ကျွန်မကိုပွေ့ဖက်ပြီး ချုပ်နှောင်ထားပုံက တကယ်ကြံ့ခိုင်သန်စွမ်းတဲ့လူငယ်လေးတစ်ယောက်လို့ ထင်ထားတာ။ အခုတော့ ရှင်က သက်ကြီးရွယ်အိုကြီးဖြစ်နေပါလား။ အင်း. . . ဒါပေမယ့် ရှင့်အသံကတော့ အသက်အရွယ်နဲ့မသိုက်အောင် တကယ့်ကို နုပျိုနေသလိုပဲ။ ကိစ္စမရှိပါဘူးလေ။ ဟင်း. . . ဟင်း. . . ဟိုစကားလေ၊ ယောကျ်ားဆိုတာ ဖွဲတစ်ဆုပ်နိုင်ဝဲ့အထိ စွမ်းကြတယ်ဆိုတာလေ။ ဦးကြီးအနေအထားက ဖွဲတစ်ဆုပ်မပြောနဲ့ နွားတရှဉ်းလောက်အားကောင်းမောင်းသန်ရှိတာ သေချာပါတယ်။ ကဲပါလေ မိတ်ဆက်စကားတွေပြောပြီး အချိန်တွေဖြုန်းတီးမနေဘဲ စားရက်ကြုံလို့ မတ်ဆိတ်ပျားစွဲ ဆိုတဲ့ဇာတ်ထုပ်ကလေးကို နှစ်ကိုယ်ယှဉ်တွဲပြီးကကြရင် မကောင်းဘူးလား ဦးကြီးရယ်။ ခစ် ခစ် ခစ်"

"ဗျာ"

အာမေဋိတ်အသံနှင့်အတူ အနက်ရောင်လူ၏နှုတ်ခမ်းမွှေးနှစ်စမှာ ထောင်တက်သွား၏။ ရုတ်ခြည်းပင ချွေးများစိမ့်ထွက်လာပြီး ခန္ဓာကိုယ်က နောက်သို့လက်တစ်ကမ်းအကွာ ဆုတ်သွား၏။ သူသည် ပြူးကျယ်သော မျက်ဝန်းဖြင့် ထိုအမျိုးသမီးကိုကြည့်နေစဉ်မှာပဲ အမျိုးသမီးက အပေါ်ရုံဆွဲတာ အင်္ကျီကို ဖြေလျှော့လိုက်ပြီဖြစ်၏။

ကိုယ်ကြပ်အင်္ကျီလေးမှာ သူမ၏ ရှိုက်ကြီးဖိုယ် အနိမ့်အမြင့် ဟူသမျှကို အစွမ်းကုန်ဖွင့်ထုတ်ထားသလို ရှိနေလေရာ ထိုသူအဖို့ ရုတ်ခြည်းပင် နှလုံးခုန်ရပ်သွားတော့မလို ဖြစ်သွားတော့၏။

ထိုသူသည် တစ်ကိုယ်လုံးနတ်ကျသလို တဆတ်ဆတ်တုန်ရီနေရာမှ ဘယ်လိုမှ ထင်မှတ်မထားသည့်အဖြစ်ကြောင့် လွန်စွာမခံချိမခံသာဖြစ်သွား၏။ သူသည် ဆောက်တည်ရာမဲ့တုန်လှုပ်သွားသော အသိတရားများကို အလျင်အမြန်စုစည်းလိုက်ပြီး ထိုကိစ္စကို ချက်ချင်းအဆုံးသတ်ရန် စိတ်ပိုင်းဖြတ်လိုက်၏။

"ဒီမှာ. . . အမျိုးသမီး၊ ခင်ဗျား ကျုပ်ကို ဘာကောင်များထင်နေလဲ။ ကျုပ် ဒီကိုရောက်လာတာ ခင်ဗျားလင်မရှိတုန်း ကြာကူလီရိုက်ချင်လို့ ရောက်လာတာမဟုတ်ဘူး။ ကျုပ် ခင်ဗျားလင် ကျော်ကြီးဆိုတဲ့ကောင်နဲ့ စစ်ယောက်ချင်းစာရင်းရှင်းဖို့ ရောက်လာတာ။ ရှင်းပြီလား"


www.burmeseclassic.com

www.burmeseclassic.com

"အို. . . အံ့ဩစရာပါလား။ ကျွန်မကို မနောက်ပါနဲ့ဦးကြီးရယ်။ တကယ်တော့ ကျွန်မဘဝဟာ သိပ်ကိုသနားစရာကောင်းပါတယ်ရှင်။ ကျွန်မလင် ကိုကျော်ကြီးက ကျွန်မဆီကို တစ်ပတ်မှာ တစ်ရက်လောက်ပြန်လာတာပါ။ ဒါတောင်မှ မှန်မှန်ပြန်လာချင်တာမဟုတ်ဘူး။ ဒီနေ့က သူပြန်လာရမယ့်နေ့လေ။ တကယ်ဆိုရင် နေမဝင်ခင်အချိန်ကတည်း ရောက်အောင်လာသင့်တာပေါ့။ အခုတော့ကြည့်ပါဦး။ ညဉ့်သန်းခေါင်ယံအထိ ကျွန်မမှာ မအိပ်နိုင်၊ မစားနိုင် မျှော်နေရတာ။ အခုအတိုင်းဆိုရင် ဒီညအဖို့ သူပြန်မလာတော့ဘူးဆိုတာ သေချာနေပြီလေ"

အမျိုးသမီးစကားသံတွေက တိုးသဲ့သဲ့ဖြစ်သော်လည်း ဆာလောင်နေသည့် ကလေးငယ်တစ်ဦးက မုန့်စားဖို့အခွင့်အရေးကို အသနားခံတိုးလျှိုးတောင်းပန်နေသလို ထင်မှတ်ရ၏။ သူမသည် ထိုသို့ပြောလိုက်ပြီး ပြုံးကြောင်ကြောင်ကြည့်နေဆဲဖြစ်သည့် အနက်ရောင်လူကို မခိုးမခန့်ပြုံးလျက်. . .

"ကဲပါ. . . ဦးကြီးရယ်၊ အိုးကမပူ စလောင်းကပူမနေစမ်းပါနဲ့။ ဟို အကြောင်းပြ ဒီအကြောင်းပြ စကားတွေနဲ့ အချိန်ဖြုန်းနေတာ နမြောဖို့ ကောင်းပါတယ်။ လက်ခုပ်သံမြည်ဖို့ဆိုတာ တစ်ဖက်တည်းတီးလို့ရတာ မဟုတ်ဘဲ။ အခု ကျွန်မဖက်က အဆင်သင့်ဖြစ်နေတော့ ဦးကြီးကစလိုက်ရင် လက်ခုပ်သံတဖျောင်းဖျောင်း မြည်သွားပြီပေါ့ရှင့်"

ဟု ပြောလိုက်ပြီး ရုတ်ခြည်းပင် ကန္တွဲ့ကလျအမူအယာဖြင့် အနက်ရောင် လူကို ပွေ့ဖက်လိုက်လေ၏။

"ဟား. . . ဒီတဏှာရူးမကြီးနဲ့တော့ ဒုက္ခပါပဲ"

"ဒုန်း"

"အောင်မလေး"

ထိုအသံများမှာ စက္ကန့်ပိုင်းအတွင်းထွက်ပေါ်သွားသောအသံများ ဖြစ်သည်။ အနက်ရောင်လူသည် လွန်စွာစိတ်ရှုပ်ထွေးသည့်အမူအရာဖြင့် နေရာမှ ရုတ်ခြည်းထလိုက်ပြီး ထိုအမျိုးသမီးကို အံကြိတ်ကြည့်နေလေ၏။ သူသည် သူ့အားပွေ့ဖက်လာသည့် အမျိုးသမီး၏လက်မောင်းကို ဆောင့်တွန်း လိုက်သည်ကြောင့် အမျိုးသမီးမှာ ပိုးလိုးပက်လက် ယဲကျသွား၏။

မိန်းမသားတို့၏စိတ်သဘောထားကို မိန်းမသားအချင်းချင်းပင် နားလည် ကြမည်ထင်ပါသည်။

အနက်ရောင်လူသည် ရုတ်ခြည်းပင် အမူအယာပြောင်းသွားသည့်





အမျိုးသမီးကို ထပ်မံ၍ မည်သို့ရင်ဆိုင်ရမည်မှန်းမသိအောင် ဖြစ်သွား၏။ လွန်စွာရက်စက်ကြမ်းကြုတ်သည့်ကျားလို တိရစ္ဆာန်မျိုးဖြစ်ပါစေ သူသည် အသက်လု၍ မကြောက်မရွံ့ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ဝန်လေးမည်မဟုတ်ပေ။ ထိုအမျိုးသမီးကိုတော့ သူသည် ဘယ်လိုမှရင်ဆိုင်နိုင်စွမ်းမရှိသလို ရင်ဆိုင်ဖို့ မဆိုထားနှင့် ကြည့်နေရင်းမှာပင် ကျောချမ်းအောင်ကြောက်နေမိသည်။

ထိုအချိန်မှာလည်း သူသည် ထိုအမျိုးသမီး ရုတ်ခြည်းပြောင်းလဲသွားသည့် အမူအယာကိုကြည့်ရင်း လွန်စွာတုန်လှုပ်သွားလေ၏။ အဘယ်ကြောင့် ဆိုသော် အမျိုးသမီး၏ မျက်ဝန်းများက စောစောတုန်းကလို တဏှာရမ္မက် လောင်မြိုက်နေသည့်မျက်ဝန်းမျိုးမဟုတ်ဘဲ ဒေါသဖြင့် မီးဝင်းဝင်းတောက်သည့် မျက်လုံးမျိုးပြောင်းလဲသွားသောကြောင့် ဖြစ်သည်။ မျက်နှာပြင်မှာလည်း တင်းမာခက်ထန်သွားပြီး မုန်ယိုနေသည့်ဆင်ရိုင်းပမာ ရုတ်ခြည်းအန္တရာယ် ပြုလိုသည့် အရိပ်အငွေ့များသိသာစွာ ထင်ဟပ်လာလေ၏။

"ကြည့်စမ်း. . . ကြည့်စမ်း၊ ဒီလောက်အပေးအကမ်းရက်ရောနေတဲ့ ကျုပ်ကို ရှင်က ဒီလိုဆက်ဆံတယ်ပေါ့ ဟုတ်လား။ ကျုပ်ကို ရှင် ဘယ်လို ကောင်မများမှတ်နေလဲ။ ဒီနားတဝိုက်မှာ မလေးရှင်ဆိုတဲ့ကျုပ်အကြောင်းကို စုံစမ်းကြည့်လိုက်ဦး။ ကျုပ်လင်မရှိတဲ့အချိန်ကိုမှ ချောင်းမြောင်းပြီး ကျုပ် အိမ်ပေါ်ရောက်လာတဲ့ရှင့်ကို ခေါင်းတစ်ခြား ကိုယ်တစ်ခြား ဖြစ်သွားအောင် ကျွန်မလုပ်ပြမယ်"

ဟုပြောပြီး မလေးရှင်ဟူသော အမျိုးသမီးသည် နေရာမှ လူးလဲထပြီး ပြေလျှော့နေသောထမီကို ပိုသီဖတ်သီဝတ်ကာ ပြတင်းပေါက်ရှိရာသို့ပြေးသွား လေ၏။ အနက်ရောင်လူလည်း ၎င်းအမျိုးသမီးဘာလုပ်တော့မည်ကို မှန်းဆ သိလိုက်သောကြောင့် ခါးကြားမှဓားကို ဆွဲထုတ်လိုက်ပြီး ထိုအမျိုးသမီး ပြတင်းပေါက်နားမရောက်လုရောက်ခင်မှာပဲ အတင်းချုပ်နှောင်လိုက်၏။

"အို"

ထိုတစ်ကြိမ်မှာတော့ အမျိုးသမီးသည် ဘယ်လိုမှထင်မှတ်မထားသည့် တုန့်ပြန်မှုကြောင့် မျက်ဝန်းများပြူးကျယ်သွားတော့၏။ သူမအား တင်းကြပ်စွာ ပွေ့ဖက်ပြီးလည်မျိုသို့ တေ့ထောက်လာသည့် ဓားသွားကြောင့်ဖြစ်သည်။ အနက်ရောင်လူသည် တလက်လက်တောက်ပနေသည့် မျက်ဝန်းက အဆုံးသွန် ရက်စက်စွာပြုလုပ်ဖို့ အသင့်ဖြစ်နေသလို. . . ။

"ရှင်. . . ရှင် ဘယ်လိုလူလဲ။ ဒီ. . . ဒီဓားကြီးနဲ့ ကျွန်မကို ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com


မလို့လဲ"

"အေး. . . ခင်ဗျားကိုတော့ ဘာမှမလုပ်ဘူး။ ဒါပေမယ့် အော်လား ဟစ်လားမလုပ်ဖို့တော့ ခင်ဗျားစိတ်ကို ထိန်းချုပ်ထားရမယ်။ နို့မဟုတ်ရင်တော့ အခု ခင်ဗျားလည်မြိုပေါ် မေးတင်နေတဲ့ဓားသွားက ဘစ်ဆုံးဖောက်ဝင်သွားလိမ့်မယ်"

"ဒါဆို ရှင် ဒီကို ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

"သိပ်ကိုမေးသင့်တာပေါ့။ မင်းတစ်သက်လုံးသိထားသင့်တဲ့မေးခွန်းပဲလေ။ ခင်ဗျားက ကျုပ်ကို မသိနိုင်ပေမယ့် ခင်ဗျားယောက်ျားကျော်ကြီးကတော့ ကျုပ်ကိုကောင်းကောင်းသိတာပေါ့။ မိုးမှောင်ဆိုတဲ့နာမည်ကို ခင်ဗျားကြားဖူးမယ်ထင်ပါရဲ့"

"ဟင်. . . ရှင်. . . ရှင်က မိုးမှောင်။ ဟို. . . ဟို မြို့လယ်ပိုင်းက နှစ်ဆောင်ပြိုင်အိမ်ကြီးက ဦးမိုးမောင်ဟုတ်လား"

ထိုသို့အလန့်တကြားပြောလိုက်ပြီးသည်နှင့် အမျိုးသမီးသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး ခန္ဓာကိုယ်က ရုတ်ခြည်းပင် ကဲဆန့်ကရိဖြစ်သွားလေ၏။ သူမသည် အထစ်ထစ်အငေါ့ငေါ့လေသံဖြင့် အနက်ရောင်လူကိုကြည့်လိုက်ရာ ထိုလူက အေးစက်စက်ပြုံးလျက်. . .

"ဟား ဟား ဟား ခင်ဗျားက လူကိုတော့ မမြင်ဖူးပေမယ့် ကျုပ်နာမည်ကိုတော့ ကောင်းကောင်းသိနေတာပဲ။ သေချာတာပေါ့ဗျာ။ ကျုပ်ဟာမိကျောင်းရဲ့ရွာက မိုးမှောင်ပေါ့။ ဇော်ချင်းတို့၊ ကျော်ကြီးတို့ တာတေတို့အလစ်အငိုက်ချောင်းပြီး လုပ်ကြံသတ်ဖြတ်တာကို ခံလိုက်ရလို့ သေဆုံးသွားခဲ့တဲ့ မိုးမှောင်ဆိုတာ ကျုပ်ပဲ။ ဟဲ. . . ဟဲ ဘယ်လိုလဲ အမျိုးသမီး။ ရာဇဝင်ကြွေးကို သွေးနဲ့ဆပ်ဖို့ တမလွန်ကနေနိုးထလာပြီး ရောက်လာတဲ့ကျုပ်ကို ခင်ဗျားတစ်ဝကြီးကြည့်ထားပေတော့"

ကျော်ကြီးမိန်းမ မလေးရှင်သည် တမလွန်ကနိုးထလာသည်ဟူသောစကားကြောင့် တမဟုတ်ချင်း ခြေဖျားလက်ဖျားများ အေးစက်သွားလေ၏။

"အို. . . ကျွန်မ မသိဘူး ရှင်. . . ရှင် အခုချက်ချင်း အိမ်ထဲကထွက်သွားပါ။ ဒီဝန်းကျင်မှာ ကျော်ကြီးမိန်းမ မလေးရှင်ဆိုတဲ့ကျွန်မကို ဘယ်သူမှ မော်ကြည့်တာမဟုတ်ဘူး။ ရှင် ဒုက္ခမရောင်ချင်ရင် အခုချက်ချင်းထွက်သွားစမ်း"

"တယ်လည်းစွမ်းနေပါလား ကျော်ကြီးမိန်းမပီသပါပေတယ်ဗျာ။ ဒီမှာ အမျိုးသမီး ကျုပ်ပြန်ထွက်သွားဖို့ လာတာမဟုတ်ဘူး။ ခင်ဗျားကို ကျုပ်နောက်ဆုံးသတိပေးမယ်။ ကျုပ်စကားကို နားမထောင်ဘဲ ကလန်ကဆန်လုပ်လို့ကတော့ ကျုပ်သက်ညှာမှာမဟုတ်ဘူးနော်"

ကင်းတင်းမာမာပြောလာသည့် အနက်ရောင်လူ၏စကားကြောင့် မလေးရှင်ခမျာ ရှေ့မတိုးရဲနောက်မဆုတ်သာ ဖြစ်သွား၏။ သူမသည် ဇောချွေးများပြန်နေသော မျက်နှာဖြင့် ပြူးပြူးပြဲပြဲ ကြည့်နေရာမှ. . .

"ရှင်. . . ရှင်က ကိုကျော်ကြီးနဲ့တွေ့ချင်တာလား"

"သိပ်ကိုသေချာကာပေါ့"

"ဒါဆိုရင် ရှင်အလာကောင်းပေမယ့် အခါနှောင်းသွားပြီ။ ဒီညအဖို့ ကျွန်မယောက်ျားပြန်လာမှာ မဟုတ်တော့ဘူး။ ပြီးတော့ သူက တစ်ပတ်မှတစ်ခါလောက်ပြန်လာတာ။ ဒါကောင်မှ မှန်မှန်ပြန်လာတာ မဟုတ်ဘူး"

ထိုအခါ အနက်ရောင်လူက နှုတ်ခမ်းမွှေးနှစ်ဖက်တွန့်ကွေးသည်အထိ ပြုံးလိုက်ပြီး. . .

"မိုးမှောင်ဆိုတဲ့ကျုပ်ဟာ မသေချာတဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး။ အထူးသဖြင့် အခုလိုကိစ္စမျိုးတွေမှာပိုပြီး သတိထားတယ်။ ခင်ဗျားယောက်ျားကျော်ကြီး လာကိုလာလိမ့်မယ်။ အခု ကျင်ဟုတ်အရက်ဆိုင်မှာ အရက်သောက်နေတယ်။ ပြီးရင် မီးရထားဝင်းထဲက ဦးကျော်ကျော်အသုဘမှာ ဖဲရိုက်လိမ့်မယ်။ စက်သူဌေးငွေတိုးပေးလိုက်တဲ့ ငွေကြေးကလေးတွေရှိနေတယ် မဟုတ်လား။ ပြီးမှ ခင်ဗျားဆီကို ရောက်လာမှာ။ ဟင်း ဟင်း ခင်ဗျားကို ငွေကြေးကလေးအနည်းငယ်ထောက်ပံ့ပြီး ဖဲ ဖဲ ခင်ဗျားတောင့်တနေတဲ့ဆန္ဒတွေကို"

"အို. . . တော်. . . တော်ပါတော့၊ နားရှက်စရာစကားတွေ ကျွန်မ မကြားချင်ဘူး"

သူမ၏ ဆောင့်ကြီးအောင့်ကြီးစကားသံကြောင့် အနက်ရောင်လူသည် ထိန်းနေသည့်ကြားကပင် အားပါးတရ ရယ်လိုက်မိ၏။ ထိုအသံမှာ အနည်းငယ်ကျယ်လောင်သွားပုံရ၏။

ထိုအခိုက်မှာပဲ. . .

"ဟော့. . . လေးရှင်. . . လေးရှင်"

ဟူ၍ လေးလေးပင်ပင် ထွက်ပေါ်လာသည့် အသံကိုကြားလိုက်ရ၏။ သေချာပြီ။ အသံမှာ ခြံဝဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အနက်ရောင်လူသည် မလေးရှင်ကို အကဲခတ်ကြည့်လိုက်လေ၏။ မလေးရှင်၏အမူအယာများမှာလည်း စောစောကလောက် တည်ငြိမ်မှုမရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com

စောစောကတော့ သူ့လင်ပြန်လာတော့မည်မဟုတ်ဟု ယူဆထားပုံရ၏။ ခုတော့ ဘယ်ပုံဘယ်နည်းဖြင့် ပြန်ရောက်လာပါလိမ့်။ အနက်ရောင်လူပြောသည့်အတိုင်း အရက်သောက် ဖဲဝိုင်းထိုင်ပြီးမှ ပြန်လာခဲ့တာလား။ ဖြစ်နိုင်လျှင် ကိုကျော်ကြီးကို အော်ဟစ်အသိပေးလိုက်ချင်သည်။

သူမသည် မကြုံတတ်အောင်ရှိနေရာမှ မျက်ဝန်းမှ မျက်ရည်များ ပြည့်လျှံလာတော့၏။ ရင်ထဲ၌လည်း တလှုပ်လှုပ်တထိတ်ထိတ်ဖြစ်နေ၏။ အားငယ်ဖိုးနွဲ့သောအကြည့်ဖြင့် အနက်ရောင်လူကြီးကိုကြည့်လိုက်ရာ ပို၍ပင် အခက်တွေ့သွား၏။ မျက်ခြည်မပျက်စောင့်ကြည့်နေသည့် ထိုလူကြီး၏ မျက်ဝန်းကို ရင်မဆိုင်ဝံ့စွာ ခေါင်းငုံ့လိုက်မိသည်။

"ဟော့. . . မလေးရှင် ငါခေါ်နေတာ မကြားဘူးလား သေနာမ၊ အိပ်လိုက်ကာ ကုလားသေ ကုလားမော"

အိမ်တံခါးဝက ပတ်ကြမ်းတို က်လိုက်သည့်အသံဖြစ်သည်။ လျှာလေးအာလေးပြောလိုက်သံကို အကဲခတ်ရင်း အတော်ပင်ရေချိန်လွန်လာပြီဟု ယူဆ၍ရ၏။

"ရှင်. . . ကိုကျော်ကြီး၊ ကျွန်မနိုးနေပါတယ်။ ရှင် ဟုတ်မဟုတ် နားစွင့်နေလို့ပါ။ ဒီအချိန်ကြီးဖြစ်နေလို့ ရှင်ပြန်မလာလောက်တော့ဘူး ထင်နေတာ"

ပြောရမည့်စကားထက် နည်းနည်းအပိုပါသွားသည်။ သူမစကားများတွင် ပြန်မလာစေချင်သည့် အငွေ့အသက်များ ထင်ဟပ်နေကြောင်း သိသာလျှင် စကားနှစ်ခွထွက်အောင် မိန်းမပရိယာယ်ဖြင့် အကွက်ဆင်လိုက်ခြင်းဖြစ်သည်။

အနက်ရောင်လူကလည်း ပျင်သည်၊ မြန်သည်၊ သဘောပေါက်သည်။ ဓားဖျားဖြင့်လည်ပင်းကိုထောက်ရင်း အမိပွါယ်ပါပါကြည့်ကာ မျက်ရိပ်ပြသည်။

"အောင်မာ. . . ကိုယ့်မယားအိမ်ပြန်လာတာများ အချိန်းအချက် အခါပေးနေရဦးမှာလားကွ။ တံခါးမြန်မြန်ဖွင့်စမ်း"

မလေးရှင်သည် လွန်စွာအခက်တွေ့နေသည့်မျက်ဝန်းဖြင့် အနက်ရောင်လူကိုကြည့်၏။ ထိုပုဂ္ဂိုလ်ကြီးက တံခါးဆီသို့သွားရန် မေးဆတ်ပြသဖြင့် သူမလည်း ဘယ်လိုမှမနေသာတော့ဘဲ တုန်ရင်သောခြေလှမ်းဖြင့် လျှောက်သွားလေ၏။

ဓားသမားကလည်း အလွတ်မပေးဘဲကပ်၍ လိုက်သွား၏။ တံခါးကျင်ချောက်ကနဲ ဖွင့်လိုက်ပြီး တံခါးရွက်ကိုဆွဲ၍ ဖွင့်လိုက်စဉ်မှာပဲ ဓားသမားသည် သူ၏ကိုယ်ကို တံခါးရွက်ကြားသို့ ဝင်လိုက်၏။





"ရှင်. . . ဘာလို့များပြန်လာရတာလဲ ကိုကျော်ကြီးရယ်"

အမျိုးသမီးက ငိုသံဖြင့် ကတုန်ကရီဆီးပြောလိုက်ရာ ကျော်ကြီးမှာ မျက်မှောင်တစ်ချက်ကျုံ့သွားပြီး. . .

"ဘာကွ. . . ကိုယ့်မယားအိမ်ပြန်လာတာတောင် ဘာလို့ပြန်လာရသလဲ ဟုတ်သလား။ ငါ နားရင်းရိုက်တာ ခံရဦးမယ်။ ဦးကျော်ကျော်အသုဘမှာ ငါဖဲနိုင်ခဲ့လို့ မင်းသက်သာတယ်မှတ်။ ဖဲများရှုံးခဲ့လို့ကတော့ နင် အခုသောက်ချိုးမျိုးနဲ့ဆိုရင် ဖဲရှုံးလို့ ညစ်တဲ့ညစ်တွေက မင်းအပေါ် ပုံကျသွားလို့ တစ်ကိုယ်လုံး စက္ကူလုံး ဖြစ်သွားမယ်"

ဟု ကြိမ်းလားဝါးလားလုပ်ပြီး အိမ်အတွင်းလှမ်းဝင်လာ၏။ ထိုအချိန်မှာပဲ တံခါးရွက်မှာ အလိုအလျောက်ပိတ်သွားရာ ကျော်ကြီးမှာ တအံ့တသြဖြစ်သွားပြီး ချက်ချင်းလှည့်ကြည့်လိုက်ရာ အနက်ရောင်ဝတ်စုံဖြင့် တံခါးရွက်ကို ကျောကပ်ရပ်နေသူတစ်ဦးကို တွေ့လိုက်ရ၏။

သူသည် အံ့သြသွားသလို ရုတ်ခြည်းပင် ဒေါသထွက်သွားပြီး မယားဖြစ်သူမလေးရှင်ကို မီးတောက်မတတ် မျက်လုံးဖြင့် မြူကြည့်ရင်း တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်၏။

"ကြည့်စမ်း. . . မှောက်မ၊ ဒါကြောင့် နင်က ငါ့ကို ပြန်မလာစေချင်တာပေါ့ ဟုတ်လား။ ငါမရှိတုန်း နင်လင်ငယ်နဲ့ ကမြင်းနေတာ ဘယ်လောက်ကြာပြီလဲ ပြောစမ်း. . . သေနာမ. . . ဂမ်းနာမ။ ကျော်ကြီးကို နွားလုပ်ချင်တဲ့ကောင်မ တွေ့ကြသေးတာပေါ့"

ဟု ဒေါသတကြီးပြောရင်း မလေးရှင်ကို လည်ပင်းညှစ်ရန် ဟန်ပြင်လိုက်ရာ မလေးရှင်က အထိတ်တလန့်နောက်ဆုတ်လိုက်ရင်း. . .

"ကို. . . ကိုကျော်ကြီး. . . ရှင်. . . ရှင်. . ."

ဟု အထိတ်တလန့်ပြောနေစဉ်မှာပဲ အနက်ရောင်လူက ကျော်ကြီး၏ ပုခုံးတစ်ဖက်ကို ဆုတ်ကိုင်ဆွဲလှည့်လိုက်ရာ ကျော်ကြီးခန္ဓာကိုယ်မှာ နောက်သို့ လည်ထွက်သွားပြီး ထိုလူနှင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။

"ဟေ့ကောင် ကျော်ကြီး. . . မင်း သွေးရူးသွေးတန်းစကားတွေ ပြောမနေနဲ့၊ ငါ မင်းမိန်းမနဲ့ကမြင်းဖို့မပြောနဲ့၊ မင်းမိန်းမကို စိတ်နဲ့တောင် ပြစ်မှားတဲ့ကောင်မဟုတ်ဘူး။ ငါ ဒီကို ရောက်နေတာ မင်းကိုလာစောင့်နေတာကွ။ ကျော်ကြီး. . . ငါဘယ်သူလဲဆိုတာ သေချာကြည့်စမ်း"

မီးတိုင်အလင်းရောင်ကြောင့် ကျော်ကြီးလည်း ထိုသူကို သဲကွဲပြတ်သားစွာ


www.burmeseclassic.com

www.burmeseclassic.com


မြင်တွေ့ရခြင်းမရှိဖြစ်နေရာမှ ထိုလူက ဆောင်းထားသော သက္ကလပ်ဦးထုပ် အဝိုင်းကို ချွတ်လိုက်သဖြင့် ထိုသူ၏မျက်နှာကိုကြည့်ရင်း သူ၏ပါးစပ်မှာ တဖြည်းဖြည်းဖွင့်ဟသွားလေ၏။

"ဟင်. . . ခင်. . . ခင်ဗျား ဟို. . . ဟိုလူကြီး. . . ဟိုလူကြီး. . .တာ မဖြစ်နိုင်ပါဘူး။ အဲဒီလူကြီးက သေသွားပြီပဲ"

ဟု အထစ်ထစ်အငေါ့ငေါ့ပြောလေရာ အနက်ရောင်လူမှာ သဘောကျ တဟားဟားရယ်လေ၏။ သို့ရယ်ပြီးနောက်. . .

"အေး. . . ကျော်ကြီး. . . ကျော်ကြီး အုပ်စုဖွဲ့ မိုက်ရူးရဲတဲ့ကောင် တယ်လည်းသတ္တိကြောင်နေပါလား။ အခု မင်း ငါ့ကိုမှတ်မိသွားပြီမဟုတ်လား မိုးမှောင်ဆိုတဲ့ ငါ့ဝိညာဉ်က ်င်းနဲ့တွေ့ဖို့ နိုးထလာတာလေကွာ။ ဝိညာဉ် တမလွန်မှာ အထီးကျန်ပြီးပျ ်းနေလို့ မင်းတို့ကို အဖော်လာခေါ်တာပေါ့ကွ ဟိုရောက်ရင် မင်းလည်းပျော်သွားမှာပါ။ မင်းရဲ့မိတ်ဆွေကြီးတွေလည်း မင်း မျှော်နေကြတယ်လေ။ ဟဲ ဟဲ စတ်ရှင်မင်းကြီး ဗွန်ဝီလီယံနဲ့ မင်းသူငယ်ချင်း ဇော်ချင်းတို့ပေါ့"

သွေးအေးအေးပြောဆောသည့် ထိုပုဂ္ဂိုလ်ကိုကြည့်ရင်း ကျော်ကြီးသည် ဘယ်လိုမှယုံကြည်၍မရလောက်အောင် ဖြစ်နေတော့၏။ ထိုသူ၏စကားများထွ တမလွန်ဟူသော အသုံးအနှုန်းမှာ သူ့အကြောအချဉ်များကို တောင့်တ အေးစက်သွားသလို တုန်လှုပ်ခြောက်လန့်သွားစေ၏။

ဖြစ်နိုင်လျှင် ထိုနေရာမှ အလျင်အမြန်ပြေးထွက်သွားလိုသည်။ မ မလေးရှင်ပြောသလို ထိုညမှာ ပြန်မလာခဲ့လျှင်လည်း အကောင်းသား။ ထိုလူ တံခါးပေါက်ကို ပိတ်၍ရပ်ထားသဖြင့် အပြင်ထွက်ဖို့ဘယ်လိုမှမဖြစ်နိုင်တော့

တမလွန်မှနိုးထလာသည့် မိုးမှောင်ဟူသော ပုဂ္ဂိုလ်က ရှေ့သို့တဖြည်းဖြ တိုးလာနေပြီဖြစ်ရာ သူသည် နောက်သို့ရွှေ့ကာရွှေ့ကာဖြင့် ဆုတ်နေရ ထိုသူ့လက်ထဲက ဓားသွားမှာလည်း မီးမှားဝင်းလက်သလို အရောင်တလက်လ ရှိနေ၏။

လက်နက်မဲ့နေသည့်မိမိအဖို့ အရေးနိမ့်မည်မှာ သေချာနေပြီ။ မ တတ်အောင်ရှိနေစဉ်မှာပဲ ရုတ်ခြည်းပင် အတွေးတစ်ချက်ရလိုက်၏။ မတ နိုင်လေပြီ။ ကမ္ဘာမီးလောင် သားကောင်ချနင်းဟူသကဲ့သို့ မိမိဇနီးမလေးမှ ကိုပင် ဓားစာခံလုပ်ရပေတော့မည်။

သို့သော်လည်း ထိုလူသည် လွန်စွာပါးနပ်၏။ မလေးရှင်၏ခန္ဓာကိုယ်

ဘာကွယ်ခြင်းမပြုခင်မှာဘဲ မလေးရှင်၏လက်ကိုလိမ်ကာ ၎င်း၏ရင်ခွင်မှာ ထပ်လိုက်၏။ ကျော်ကြီးအဖို့ အရာရာသည် မျှော်လင့်ချက်မဲ့သလို ဖြစ်သွား တော့၏။

"ခင်. . . ခင်ဗျား လက်လွှတ်စပယ်မလုပ်နဲ့နော်၊ ခင်ဗျားက ကျုပ်ကို တစ်ဖက်သတ်စွပ်စွဲနေတာ။ ခင်ဗျားပြောတဲ့ပြဿနာထဲမှာ ကျုပ်မပါဘူး။ ခမိကတရားခံက ကိုငွေတိုး။ စက်သူဌေးကိုငွေတိုးပါ"

"ဘာကွ. . . ခြော်. . . မင်းက အုပ်စုလိုက် အနိုင်ကျင့်စော်ကားတုန်းက တော့ တကယ့်သူရဲကောင်းကျနေတာပဲ။ အခု ကိုယ့်အလှည့်ရောက်မှ ဟိုလူ့ ဒီလူ့လွှဲချနဲ့။ ယောက်ျားပဲကွာ ဟုတ်ရင်ဟုတ်တယ်လို့ ဝန်ခံစမ်းပါ။ ကိုသတ်တဲ့ကောင်တွေကို ငါကမမှတ်မိဘဲနေမလားကွ ဟား ဟား ဟား ား မင်း ခုနက ပြောလိုက်တာလည်း မမှားပါဘူး။ ဒီ ငွေတိုးဆိုတဲ့လူယုတ် လည်း မကြာခင် သူ့အလှည့်ရောက်တော့မှာပါ။ မင်းနဲ့ဇော်ချင်းက နိုယာပေါ့ကွာ။ တာတေနဲ့ငွေတိုးကတော့ ဂျူနီယာပေါ့။ မပူပါနဲ့၊ မင်းတို့ လေးယောက်စလုံး တမလွန်မှာ ဆုံတွေ့ဖို့ ငါ တာဝန်ယူပါတယ်"

ဟု ပြောပြီးသည်နှင့် ရှေ့သို့လျှပ်တစ်ပြက်ခုန်ဝင်လိုက်ရာ ကျော်ကြီး လည်း အတွေ့အကြုံရှိသူပီပီ နောက်သို့လျှင်မြန်စွာ ခုန်ဆုတ်လိုက်၏၊ သို့သော်လည်း စက္ကန့်ပိုင်းမျှ နောက်ကျသွားလေပြီ။

"ဒုတ်"

"အား"

"အောင်မလေး"

တစ်ပြိုင်နက်တည်း ထွက်ပေါ်သွားသည့်အသံများအဆုံး၌ မလေးရှင် သောအမျိုးသမီးသည် ရုတ်ခြည်းပင် ပျော့ခွေကျသွားပြီး သတိလစ် မေ့မျော ားလေရာ ထိုလူက သူမကို လွှတ်ချလိုက်ပြီး ကျော်ကြီးဆီသို့ ခုန်ဝင်လိုက် န်၏။

"ရော့. . ."

"အား"

ဓားကိုဝေ့ကာ စလွယ်သိုင်းပိုင်းလိုက်၏။ ဒုတ်ကနဲ မြည်သံနှင့်အတူ ားသွားက ကျော်ကြီး၏ ပုခုံးကို ထိခတ်သွား၏။ သို့သော် ထိချက်အားပျော့ ားပုံရ၏။ အကျီမှာ တိကနဲပြတ်သွားပြီး ပုခုံးသားမှာမူ ဖွေးသွား၏။

ရုတ်ခြည်းသွေးမထွက်သေးသဖြင့် အသားတင်ကွာကျသွားသကဲ့သို့

www.burmeseclassic.com

ဖြူဖွေးသွားခြင်းဖြစ်သည်။ သို့သော် ခဏချင်းမှာပဲ သွေးများပန်းထွက်လာရာ ကျော်ကြီး၏ အကျီအဖြူရောင်က တမဟုတ်ချင်း သွေးများရွဲနစ်စွန်းထင်သွားတော့၏။

ကျော်ကြီးသည် ကြေးစားလူမိုက်ပီပီ တိုက်ရည်ခိုက်ရည်မြင့်မားသူဖြစ်သော်လည်း တစ်ဖက်လူ၏ လျှပ်တပြက်တိုက်ကွက်ကို အနည်းငယ်မျှပင် ရှောင်တိမ်းနိုင်ခြင်းမရှိခဲ့ပေ။ သူသည် ဘယ်လိုမှရပ်တည်၍ မရတော့ဘဲ နေရာမှာ ဘိုင်းကနဲ လဲကျသွားတော့၏။ ထိုအခါ ဓားသမားက သူ၏ရင်ဘတ်ကို ခြေဖြင့်ဖိနင်းထားလိုက်၏။

"ခင်. . . ခင်ဗျား. . . ကျုပ်. . . ကျုပ်ကို ဘာမှမလုပ်ပါနဲ့ဗျာ။ ကျုပ် ကျုပ်အသက်ကို ချမ်းသာပေးပါ။ ဘကယ်တော့ ကျုပ်ဆန္ဒမပါဘဲ စက်သူဌေးက အတင်းအကြပ်စေခိုင်းလို့ ဝင်ပါခဲ့ရတာပါ။ ကျုပ်. . . ကျုပ်တောင်းပန်ပါတယ်"

ဟူ၍ ကတုန်ကရီပြောရင်း လက်အုပ်ချီကာ တောင်းပန်လေ၏။ ဓားသမားမှာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး လေသံတင်းတင်းဖြင့်. . .

"ဪ. . . မင်းကိုချမ်းသာပေးရမယ် ဟုတ်လား။ တော်တော်ရယ်ရတဲ့ကောင်ပဲ။ မင်းလို လူယုတ်မာတစ်ယောက်ကို ဆက်ပြီးအသက်ရှင်ခွင့်ပေးလိုက်ရင် လူကောင်းသူကောင်းတွေကို မင်းတို့ဘယ်လောက်များ ဒုက္ခပေးနေဦးမလဲဆိုတာ မတွေးဝံ့စရာပဲ။ ကဲ. . . ကဲ ငါလည်းအချိန်မရှိဘူး။ တမလွန်မှာ မင်းကိုလက်ကမ်းနေတဲ့ ဇော်ချင်းဆိုတဲ့ကောင်ဆီ သွားပေဦးတော့. . . ကဲကွာ. . ."

"အား. . ."

မချိမဆန့်အော်သံကြီးမှာ ည၏အမှောင်ထုထဲသို့ နက်ရှိုင်းစွာ တိုးဝင်ပျောက်ကွယ်သွားတော့၏။

♣ ♣ ♣





## အခန်း(၁၁)

စက်သူဌေးငွေတိုး၏ပြည့်ပြည့်ဖောင်းဖောင်းမျက်နှာကြီးသည် ထိုအချိန်မှာတော့ ဖြူဖပ်ဖြူလျော်ဖြစ်နေတော့၏။ စိုးရိမ်တုန်လှုပ်လျက် ကြောက်လန့်နေသည်မှာ သိသာလှပေ၏။

သူသည် ဦးခေါင်းကို အကြိမ်ကြိမ်ခါယမ်းလျက် နေမထိထိုင်မသာဖြစ်နေ၏။

"ဒီအခြေအနေမျိုးထိဖြစ်လာတာ ငါ့အတွက် မကောင်းဘူး။ ကိုယ်ကလက်ဦးမှုမယူနိုင်ရင် သူကလက်ဦးသွားလိမ့်မယ်"

အထက်ပါစကားများကိုပြောနေသည်မှာလည်း အကြိမ်ပေါင်းမရေတွက်နိုင်အောင်ရှိနေလေပြီ။ တစ်ယောက်တည်း ညည်းညူသလို၊ အိပ်မက်ယောင်နေသလို နှုတ်မှတဖွဖွရွတ်ဆိုနေတော့၏။

"ခုလောက်ဆို ဒီတရားခံကို မိဖို့ကောင်းနေပြီ။ ဘာလို့မမိရသေးတာလဲ။ ပုလိပ်စုတ်တွေ အင်္ဂလိပ်တွေပေးတဲ့လစာကို ညာယူဖို့ပဲသိတယ်။ ဘာမှအရည်အချင်းမရှိကြဘူး"

ဟူ၍ အပြစ်တင်ကြိမ်းသံကြီးမှာ ဧည့်ခန်းတစ်ခုလုံးဟိန်းထွက်သွားလေ၏။ ဆောက်တည်ရာမဲ့တုန်လှုပ်နေသည့်ခံစားမှုကြောင့် အသံမှာကတုန်ကရီဖြစ်နေလေ၏။

ဧည့်ခန်းထဲတွင်အတူထိုင်နေကြသူနှစ်ဦးမှာ ၎င်းအားအကဲခတ်သောမျက်လုံးများနှင့်ကြည့်နေလေ၏။ တစ်ဦးမှာ လက်ရင်းတပည့်တာနော့ဖြစ်ပြီး ကျန်တစ်ဦးမှာ လွန်စွာအချိုးအဆစ်ပြေပြစ်လှပသည့် သက်ထက်စံပယ်သော အမျိုးသမီးဖြစ်သည်။ ထိုအမျိုးသမီး၏လှပသောမျက်နှာလေးမှာ လင်ယောကျ်ား၏ ပရိဒေဝသောကအပူကို မျှဝေခံစားနေသလို သိသာစွာတင်းမာခက်ထန်လျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com

တာနေဒဟုသောလက်ရင်းတပည့်မှာလည်း သခင်အားရကျွန်ပါးဝသည့်
ဟန်အတိုင်း လက်ဖဝါးနှစ်ဖက်ကို ဆုတ်ချည်ဖြန့်ချည်ဖြင့် တောက်တခေါက်
ခေါက် ကြိမ်းမောင်းနေလေ၏။ မည်သို့ဆိုစေ စက်သူဌေးဌေးတိုးအဖို့ မိမိအပါး၌
အမြဲလိုလို တာနေဒရှိနေသည့်အတွက် စိုးရိမ်စိတ်များ အတန်သင့်လျော့ပါး
သွားစေ၏။

တာနေဒ၏အမိုက်ရာဇဝင်ကို ယုံကြည်သောကြောင့်ဖြစ်သည်။ တာနေဒ
သည် လက်ယဉ်သည်။ သွက်သည်။ မိုက်စရာရှိလျှင် တဇောက်ကန်းတရူးထိုး
လုပ်သူဖြစ်၏။ သေဆုံးသွားကြပြီဖြစ်သည့် ဇော်ချင်းနှင့်ကျော်ကြီးမှာ
တာနေဒ၏အားကိုးအားထားပြုရာတပည့်နှစ်ဦးဖြစ်သည်။ သို့သော်လည်း
အရည်အချင်းမှာတော့ တာနေဒ၏ခြေဖျားကိုပင်မီကြသူများမဟုတ်။

သို့ကြောင့်လည်း စက်သူဌေးဌေးတိုးက သူ့အပါးတွင် အနီးကပ်ခေါ်ထား
ပြီး ပေးကမ်းမြှောက်စားထားခြင်းဖြစ်သည်။ မနေ့ညက အသတ်ခံလိုက်ရသည့်
ကျော်ကြီးမှာလည်း လူမိုက်လောကတွင် ထိပ်ထိပ်ကြဲပြောင်မြောက်သူဖြစ်သည်။

ထိုသူကိုမှ ရင်ဆိုင်သတ်ဝံ့သူသည် နုယ်နုယ်ရရသတ္တိမျိုးတော့မဟုတ်နိုင်။
အင်မတိအင်မတန်သွေးအေးသူသာဖြစ်ရမည်။ ကျော်ကြီးသည် စက်သူဌေး
ဌေးတိုးနှင့် တိုက်ရိုက်မဟုတ်သော်မှ သွယ်ဝိုက်ပြီး ပတ်သက်မှုရှိ၏။ တစ်နည်း
ဆိုရသော် လက်ဝေခံလူမိုက်တစ်ဦးဖြစ်သည်။

လူသတ်သမားသည် မိမိနှင့်ဆက်နွယ်သူများကိုမှ လုပ်ကြံသတ်ဖြတ်
နေခြင်းဖြစ်သည်။ အမှဲ့ခြေ ခြေသလို တစ်ယောက်ပြီးတစ်ယောက်သတ်နေ၏။
မင်းကြီးဝွန်ဝီလီယံကိုသတ်သည်။ ဇော်ချင်းကိုသတ်သည်။ ပြီးတော့ ကျော်ကြီးကို
သတ်ပြန်၏။ သတ်ပုံသတ်နည်းမှာ တစ်ပုံစံတည်းလိုလိုဖြစ်နေသည်မှာ ထူးဆန်း
လှ၏။

စနစ်တကျအကွက်ချ၍ တစ်ယောက်ပြီးတစ်ယောက် လုပ်ကြံသတ်ဖြတ်
နေသလို သတ်သည့်နေရာမှာလည်း လွန်စွာအချိန်ကိုက်သည်။ ဘယ်သူဘယ်
နေရာမှာရှိသည်။ ဘယ်အချိန်မှာရှိသည်။ အလွန်တိကျ၏။

ဘာကြောင့်များ ထိုသို့စွမ်းဆောင်နိုင်သလဲဟူသည်မှာ မစဉ်းစားတတ်
အောင်ဖြစ်ရလေ၏။

ဤအတိုင်းဆိုပါက မိမိတို့အလှည့်ရောက်ရတော့မည်ကဲ့သို့ရှိနေပေပြီ။
ရန်သူသည်မိမိတို့ရှေ့က ပေါ်လာမည်လား။ နောက်ကရောက်လာမည်လား။
ဘေးကထွက်လာမည်လား။ မမှန်းဆနိုင်ချေ။ ထို့ထက်ပို၍ တုန်လှုပ်ရသည်မှာ





၎င်း၏ပစ်မှတ်က မိမိကိုလား။ သို့မဟုတ် တာနေဒကိုလား။

စက်သူဌေးဌေးတိုးသည် တွေးရင်းဖြင့် လွန်စွာတုန်လှုပ်ချောက်ချားနေ
တော့၏။ ၎င်း၏အခါပြန်မျက်နှာကို မပြတ်အကဲခတ်ကြည့်နေသူမှာ သူ၏ဇနီး
သက်ထက်စံဖြစ်၏။

သူမသည် နာမည်လှသလောက် လူကလည်း လွန်စွာချောမောလှပသည်။
ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအဆစ်ပြေပြစ်သည်။ ရှိက်ကြီးဖိုငယ်
အသွယ်သွယ်ကလည်း တင်းတင်းရင်းရင်းရှိသည်။ သို့ကြောင့်လည်း စက်သူဌေး
ဌေးတိုးက သူမကို ဒုတိယဇနီးအဖြစ် တရားဝင်ချီးမြှင့်နေရာပေးထားခြင်း
ဖြစ်သည်။

ယောက်ျားတို့၏ဘုန်း လက်ရုံး မိန်းမတို့၏ဘုန်း ဆံထုံးဆိုသည့်အတိုင်း
သက်ထက်စံ၏ဆံပင်မှာ ပေါ့တုန်းရောင်တောက်လျက် လွန်စွာရှည်လျားဖြောင့်
စင်း၏။ ကြီးမားလှသောဝါးဘီးကြီးဖြင့် ဘီးစပတ် ပတ်ထားသည်။ တစ်အုံ
တစ်မကြီးရှိလေ၏။

ရှင်မတောင်သနပ်ခါးရေကြဲကို ခပ်ပါးပါးပင် လူထားသဖြင့် သူမ၏
အသားမှာ ဖြူနုနေသည်ထင်ရ၏။ သူမမျက်နှာအမူအယာကို သတိထား
အကဲခတ်ကြည့်ရှုလျှင် အနည်းငယ်ထူးခြားမှုကိုတွေ့ရမည်ဖြစ်၏။

သူမလင်ယောကျ်ားစက်သူဌေးနှင့် လက်ရုံးတပည့်တာနေဒတို့မှာ
သောကဗျာပါဒဖြင့် ဆောက်တည်ရာမဲ့အော်ဟစ်ပြောဆိုနေကြသော်လည်း
သူမကမူ မဆိုသလောက်သာမျက်နှာတင်းမာလျက် ထူးထူးခြားခြား တုန်လှုပ်
မှုမျိုးမရှိပေ။ အိခြေရရ မှင်သေသေဖြင့် ခင်ပွန်းသည်၏စကားကိုနားထောင်
နေလေ၏။

"ဒီလူသတ်ကောင်ကို မဖော်ထုတ်နိုင်သရွေ့ တို့တွေအထူးသတိထား
နေရလိမ့်မယ်။ တောက်. . . ဒီပုလိပ်စုံထောက်တွေ အသုံးမကျလို့ပေါ့ကွာ။ ကဲ. . .
တာနေဒ. . . တို့လုံခြုံရေးအတွက် ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲ"

ဆက်တီကုလားထိုင်မှာ ထိုင်နေရင်းက သူ၏ခန္ဓာကိုယ်မှာ ယိမ်းထိုး
နေလေ၏။ ဆောက်တည်ရာမရသလို စိတ်လှုပ်ရှားမှုမှာလည်း ပြင်းထန်စွာ
ရှိပုံရ၏။

"ကျွန်တော်ဒီလိုစဉ်းစားမိတယ် ဆရာ"

"ဆိုစမ်းပါဦး"

"ကျွန်တော်တို့အလစ်အငိုက်ကို အာရုံစိုက်နေတဲ့ရန်သူကို လှုပ်တပြက်


www.burmeseclassic.com

www.burmeseclassic.com

အာရုံတွေပြောသွားအောင် လှည့်စားလိုက်ချင်တယ်။ ထိပ်တိုက်ရင်ဆိုင်ဖို့ နောက်တစ်လှမ်းဆုတ်ပြီး အချိန်ယူလိုက်တဲ့သဘောပေါ့ ဆရာရယ်။ ဒီစကား ပြောရတာ ကျွန်တော့်အတွက်မဟုတ်ပါဘူး။ ဆရာ့အသက်အန္တရာယ်အတွက် စိုးရိမ်လို့ပါ။ ကျွန်တော်က ဆရာ့အတွက်ဆိုရင် ရှေ့ကအသေခံဝံ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အလစ်မှာ ဆရာခြေချော်လက်ချော်ဖြစ်သွားမှာကို အလွန် စိုးရိမ်မိတယ်"

တာနောစကားများမှာ အကျိုးအကြောင်းညီညွတ်မှုရှိသဖြင့် စက်သူဌေး ဌေးတိုးက ၎င်းစိတ်ကူးကိုအသေအချာမေးလိုက်ရာ. . .

"ကျွန်တော်တို့ ဒီမြို့က တိတ်တဆိတ်ရှောင်ထွက်သွားဖို့ပါ"

ဟု ပြောလိုက်ရာ တလျှောက်လုံးငြိမ်နေသည့် သက်ထက်စံမှာ ရုတ်ခြည်းပင် မျက်ခုံးပင့်သွားပြီး. . .

"ဘယ်လို. . . ကိုတာနော၊ ရှောင်ရမယ် ဟုတ်လား။ အဲ့ဒီစိတ်ကူးကို တော့ ကျွန်မတော့ သိပ်ပြီးဘဝင်မကျချင်ဘူး။ တကယ်တော့ ရန်သူဟာ ဘယ်လိုပုံစံမျိုးနဲ့လာပြီး လုပ်ကြံပါစေ၊ သူလုပ်သမျှကို ကျွန်မတို့က ငြိမ်ခံ နေမှာ မဟုတ်ဘူး။ ကိုယ်ကတောင် လက်ဦးမှုယူနိုင်ပါသေးတယ်။ ကျွန်မတို့မှာ ရှိတဲ့ခြောက်လုံးပြူးသေနတ်တွေကို ဘာလုပ်ဖို့ထားမှာလဲ"

ဟု ဒေါနှင့်မောနှင့်ပြောလေ၏။ စက်သူဌေးဌေးတိုးမှာ အတန်ကြာစဉ်းစား ကြံစည်နေ၏။ သူသည် စီးပွားရေးသမားပီပီ လွန်စွာဥာဏ်များသူဖြစ်သလို ကိစ္စတစ်ခုကို ချင့်ချိန်တွေးဆရာမှာလည်း အကွက်စေ့သူဖြစ်သည်။

သူသည် အတန်ကြာမျှ ငြိမ်သက်တွေးတောပြီးသည်နှင့်. . .

"အသက်လေး ပြောတာမှန်ပါတယ်။ ဒါပေမယ့် ကိုကြီးအမြင်ပြောရရင် ဘယ်လိုကိစ္စမျိုးမှာဖြစ်ဖြစ် ဖြစ်နိုင်ချေရှိတဲ့ အခြေအနေတွေကိုလည်း ထည့်သွင်း စဉ်းစားရမယ်ထင်တယ်။ ရန်သူနဲ့ကိုကြီးတို့အဖြစ်က တောမုဆိုးနဲ့သားကောင်လို ဘယ်သူက တောမုဆိုးလဲ၊ ဘယ်သူကသားကောင်လဲဆိုတာ မကွဲပြားသလို ဖြစ်နေတယ်၊ လတ်တလောအခြေအနေအရပြောရရင် ကိုကြီးတို့က သားကောင် အဖြစ်မျိုးရောက်နေတယ်။ ဘာလို့လဲဆိုတော့ သူကအမှောင်ထဲမှာနေပြီး အလင်းထဲမှာရှိနေတဲ့ကိုကြီးတို့ လှုပ်ရှားမှုကို မပြတ်စောင့်ကြည့်နေတာ၊ အလင်းထဲကလူက အမှောင်ထဲကလူကို မမြင်နိုင်ဘူးမဟုတ်လား။ ဒါပေမယ့် ကိုကြီးရယ်၊ အသက်လေးတို့မှာ လက်နက်လည်းရှိတယ်။ ကိုကြီးမှာလည်း ခြောက်လုံးပြူးတစ်လက်၊ အသက်လေးမှာလည်း တစ်လက်ရှိတယ်။ ပြီးတော့ ပုလိပ်ဆိုတာလည်း ကိုယ့်ခါးပိုက်ထဲထည့်ထားသလို နိုင်းလို့ရတာပဲလေ။ အသက်လေးတို့ လုံခြုံရေးအတွက် အချိန်မရွေး အစောင့်ချခိုင်းလိုက်ပေါ့"

"အဲ့ဒီကိစ္စကိုလည်း ကိုကြီးစဉ်းစားမိပါတယ်။ ပြီးတော့ လက်ရှိဖြစ်ပျက် နေတဲ့အခြေအနေကိုလည်း ဘေးဖယ်ထားလို့မရဘူး။ အထူးသဖြင့် မြန်မာ့ နိုင်ငံရေးအခြေအနေတွေပေါ့။ အခုဆိုရင် အမျိုးသားရေးနိုးကြားဆိုတဲ့ ကြွေးကြော် သံတွေနဲ့အတူ နိုင်ငံရေးမှာအတော်လေးလှုပ်လှုပ်ရှားရှားဖြစ်နေတယ်။ ပုလိပ် ဖက်က နိုင်ငံရေးမှာ အာရုံစိုက်မှုတွေများလာရင် ကိုကြီးတို့ဘက်မှာ လစ်ဟာ သွားနိုင်တယ်။ ဒီကောင်တွေက ပေးတာယူ ကျွေးတာစားရမယ်ဆိုရင် ဇက် ပိုးနင့်ပြီး အသေခံစားမယ့်ကောင်တွေ။ စားပြီးနားမလည်လုပ်သွားရင် ကိုကြီးတို့ ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

ထိုအခါ လက်ပါးစေ တာနောကလည်း ဦးခေါင်းကို လေးလေးပင် ညိတ်လျက်ထောက်ခံပြောဆိုပြန်၏။

"ကျွန်တော်လည်း အဲ့ဒီအရေးတွေကိုမြင်လို့ အခုလိုတိုက်တွန်းမိတာ ပေါ့ဆရာ။ တောမီးလောင် တောကောင်လက်ခမောင်းခတ်ဆိုသလို ဟိုက ထပွက်၊ ဒီကထပွက်နဲ့ဖြစ်နေတာ။ ဒီလိုအချိန်မှာ ဆရာနဲ့ဆရာကတော်တို့ ရှောင်တိမ်းဖို့အခွင့်အခါကောင်းလို့ ကျွန်တော်တော့ယူဆတယ်"

ထိုအခါမှာတော့ စက်သူဌေးကတော်သက်ထက်စံသည် ပြောလျှင်လည်း ထူးမည်မဟုတ်တော့သည့်အခြေအနေကို ရိပ်မိလိုက်သဖြင့် ငြိမ်ရှုနားထောင် နေတော့၏။ စက်သူဌေးဌေးတိုးကလည်း နဖူးကြောများတွန့်ကာ စဉ်းစားနေပြီးမှ-

"ငါတော့ ဒီလိုဆုံးဖြတ်ချင်တယ်။ ငါတို့တွေ ရန်ကုန်ကိုသွားပြီး ခေတ္တ ရှောင်နေကြမယ်။ နားနားနေနေသဘောနဲ့ တစ်လကိုးသီတင်းလောက်သွား နေကြမယ်။ တာနော. . . ဒီအချိန်မှာ မင်းက ငါနဲ့အနီးဆုံးမှာရှိနေတာ အကောင်းဆုံးပဲ။ မင်းပါလိုက်ခဲ့ရမယ်"

ဟု ခိုင်ခိုင်မာမာပြောလိုက်ရာ သူဌေးကတော်သက်ထက်စံမှာ ထိုသို့ မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မည်ဟု ထင်မထားသည်ကြောင့် တအံ့တသြ ဖြစ်သွားပြီး. . .

"အို. . . ကိုကြီးဆုံးဖြတ်ချက်ကလည်း မြန်လိုက်တာ။ ဘယ်နေ့ဘက်ရက် ဆိုတာလည်း ပြောပါဦး"

"နောက်အကျဆုံး သုံးရက်ပဲ"

♣ ♣ ♣





www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

နှင်းပြေပြေကျနေသေ အမှောင်ညသည် ငိုက်မျဉ်းလျက်ရှိ၏။ ညဉ့်နက်
သန်းခေါင်ကျော်ပြီမို့ ရွှေဆံ ဘက်စေတီတော်မြတ်ကြီး၏ မြောက်ဖက်စောင်း
တန်းရှိလမ်းမကြီးမှာ လူသူကင်းမဲ့နေ၏။

စောင်းတန်း၏မုခ်ဦးရှေ့၌ ထီးထီးကြီးရှိနေသောခြင်္သေ့ရုပ်တုကြီးနှစ်ရု
မှာ နှင်းမှုန်ထုကြားတွင် ခပ်ရေးရေးထင်ဟပ်နေလေ၏။ ခေတ္တရာခြင်္သေ့
လွှမ်းမှာသတ်ရာပြောက်လှသည့်ခြင်္သေ့ရုပ်တုကြီးနှစ်ရုပ်ဖြစ်သည်။ ရုပ်တု
ကြည့်ရှုမှုနှင့်အားမာန်ပါသည်ကို တွေ့ရသလို ကြီးမားထည်ဝါမှုကို ခံစားသိ
နိုင်ပါလိမ့်မည်။ ကြည့်သည့်ခဏအတွင်း၌ပင် ကြည့်ရှုသူ၏ရင်တွင်း၌ ခံစား
တစ်မျိုးကို သိသာစွာရရှိခံစားမိ၏။

မြန်မာ့ယဉ်ကျေးမှုသင်္ကေတ၊ မြန်မာ့ဇာတိမာန်ဟူသော နီရဲသွေးများသ
ခန္ဓာကိုယ်အတွင်း အဟုန်ပြင်းစွာလှည့်ပတ်သွားသလို ခံစားနေရလေ
ထူးခြားသည်မှာ မြန်မာနိုင်ငံ၏တနံတလျားရှိစေတီပုထိုးများရှေ့၌ ယုလုပ်သ
ခြင်္သေ့ရုပ်တုများနှင့်မတူသောအချက်ပင်ဖြစ်၏။

လက်ယာဘက်ခြင်္သေ့ကြီး၏ပါးစပ်ထဲ၌ ကျားသတ္တဝါကို ကိုက်ချီထာ
လက်ဝဲဘက်ခြင်္သေ့ပါးစပ်ထဲမှာတော့ ချေသတ္တဝါကို ကိုက်ချီထား၏။ ထို့အပ
ခြင်္သေ့ရုပ်တုကိုလည်း အဖို၊ အမဟူ၍ ခွဲခြားထားလေရာ လက်ယာဘက်ခြင်္သေ့
အဖိုဖြစ်ပြီး လက်ဝဲဘက်ခြင်္သေ့မှာအမဖြစ်၏။

အဖို၏ပါးစပ်ထဲ၌ ကျားသတ္တဝါကို ကိုက်ခဲထားဟန်သင်္ကေတကျေ
ခြင်္သေ့ဖိုတွင်ရှိအပ်သောအားမာန်နှင့်ရဲစွမ်းသတ္တိလက္ခဏာကို ဖော်ပြထားသ
ရှိ၏။ ထိုကဲ့သို့မြန်မာ့ဗိသုကာလက်ရာမွန်များကို လေးစားဖွယ်၊ ဂုဏ်ယူဖွ
ကြည်ညိုဖွယ်ရှိသော ညတစ်ညတွင် သူရူးတစ်ယောက်သည် ပြည်ရွှေဆံတော်





ဘုရား၏လမ်းမပေါ်၌ တစ်ယောက်ထီးတည်း ခြေစုံရပ်လျက်ရှိနေလေ၏။

ထိုသူ၏ဦးခေါင်းပေါ်တွင် ဦးထုပ်အစုတ်ကြီးတစ်လုံးကို နဖူးအထိ ဆွဲချ
ဆောင်းထား၏။ စုတ်ပြတ်ဟောင်းနွမ်းလှသည့် ကုတ်အင်္ကျီကို ကြယ်သီးမပါ
ရင်ဘတ်ဗလာကျင်းထားပြီး လုံချည်ကိုမူ ခါး၌နံငယ်ပိုင်းသာသာ စီးထား၏။
အပေါက်အပြဲများကလည်း ပုဆိုးတစ်ကွင်းလုံးတွင် ဖျောက်ဆိတ်ကြယ်ပမာ
ထင်ရ၏။

အရောင်အဆင်းကင်းမဲ့သော ညစ်ပတ်ပေရေသော အစုတ်စုတ်အနွမ်းနွမ်း
များဝတ်ထားသည့် သူရူးသည် ချမ်းရအေးရကောင်းမှန်းမသိလေသလော
မပြောတတ်။ သူသည် ထိုမျှအေးချမ်းလှသည်ကို ဒမှုမထားဘဲ ဘုရားခြေ
တော်ရင်းရှိ လမ်းမကြီးပေါ်တွင် မတုန်မလှုပ်ရပ်နေ၏။

ထိုသို့ရပ်နေရာမှ ခြင်္သေ့ရုပ်တုကြီးနှစ်ရုပ်အား မော့ကြည့်ရင်း ဟဟားဟား
တဝါးဝါး ရယ်မောနေပြန်၏။ သို့ရယ်နေရင်းက မည်သို့စိတ်ကူးပေါက်သည်
မသိ။ ထိုအရူးသည် ဘုရားမှစွန့်ပစ်ထားသည့် အမှိုက်ခြင်းထဲမှ ပန်းစည်းများ
ပန်းခြောက်များဖြင့် ခြင်္သေ့ရုပ်ကြီးအား ပစ်ပေါက်လေတော့၏။

ထိုသို့အားပါးတရပစ်ပေါက်ပြီးနောက် သဘောကျစွာရယ်ရင်း ဟိုပြေး
လိုက် ဒီပြေးလိုက်လုပ်နေပြန်၏။ သူသည်အူမြူးစွာရယ်မောရင်း အော်ကြ
တစ်ကျယ်လေသံဖြင့်. . .

"သကျမျိုးမည်၊ မှန်သည်မယွင်း၊ တောင်မင်းသူမိန်၊ ဖြေရင်းနှိမ်က၊
ဝရင်နိစက်သွား၊ ဟား ဟား ဟား"

ဟု တဘောင်လိုလို စနည်းလိုလို စာချိုးကိုရွတ်ဆိုရင်း ကွေးနေအောင်
ရယ်လေ၏။ သူ့အဖြစ်ကိုလည်း လွန်စွာသဘောကျကျေနပ်သွားပြီး ဤသို့
ရွတ်ဆိုပြန်၏။

"အဟဲ. . . ဖေသားကလေး၊ ကြိတ်လိုက်စမ်း၊ တို့ပတ်. . . တို့ပတ်. . .
ဆတ်. . . ဗေထိ. . . အောင်မယ်. . . အံ့မယ်. . . ခြင်္သေ့နှင့်သမင်နည်းတူကို
မြင်လျှင် သမင်မှာယောဟကာ. . . ဟဲ ဟဲ"

ဟူ၍တစ်မျိုး ရွတ်ဆိုလိုက်၊ ရယ်လိုက်လုပ်နေပြန်၏။ တစ်ခါကျပြန်
တော့ အင်္ဂလိပ်ဆရာတို့၏လေသံမျိုးဖြင့်. . .

"ခြင်္သေ့တဲ့ပီပီ၊ ရေဝတီဆိုတဲ့ကျားနှင့်ညားခဲ့လေပြီ၊ ဟား ဟား"

စသဖြင့် သိုက်စာလိုလို၊ တဘောင်လိုလို၊ သိဒ္ဓိလမ်းပြလိုလို ရွတ်ဖတ်
နေစဉ်မှာပဲ လမ်းမတစ်လျှောက် ခပ်မှန်မှန်လျှောက်လာသည့် ပုဂ္ဂိုလ်တစ်ရောင်


www.burmeseclassic.com

www.burmeseclassic.com

ပုလိပ်များရောက်လာတော့၏။ ပုလိပ်များသည် ခြသေ့်ရုပ်ကြီးရှေ့၌ ကွေးနေအောင် ကနေသောအရူးကို စူးစမ်းကြည့်လိုက်ပြီး တစ်ယောက်သောပုလိပ်က-

"တောက်. . . ဒီအရူးတော့ကွာ၊ ကိုယ့်ဘာသာရူးချင်သလို မရူးဘဲ အလကားနေရင်း အမှိုက်တွေဖွထားတယ်။ ကြည့်စမ်းပါဦး၊ ပန်းစည်းတွေပြန့်ကြဲနေတာ မြင်မကောင်းဘူး။ ငါလုပ်လိုက်ရ သေတော့မှာပဲ"

ဟု ကြိမ်းမောင်းပြီး အရူး၏ခေါင်းကို လက်ခေါက်ဖြင့်ခပ်ဆတ်ဆတ်လေး ခေါက်လိုက်ပြီး နှင်ထုတ်လိုက်ရာ အရူးကလည်း လွန်စွာကြောက်ရွံ့ဟန်ဖြင့် လက်အုပ်လေးချီရင်း တွန့်ကာဆုတ်ကာ ပြေးထွက်သွား၏။ ထိုအခါ နောက်ပုလိပ်တစ်ဦးက. . .

"ဘယ်ကအရူးကြီးလဲကွ"

ပထမပုလိပ်က. . .

"ဘယ်ကဘယ်လို ရောက်လာတဲ့အရူးလဲမသိပါဘူးကွာ။ ကမ်းနားဆိပ်ကပေါ့။ အမြဲလိုလိုတော့ မတွေ့ရဘူး။ တစ်ခါတစ်လေမှ တွေ့ရထတ်တယ်။ အင်းပေါ့လေ၊ အရူးဆိုတော့လည်း စိတ်ရူးပေါက်ရာလျှောက်သွားနေမှာပေါ့"

ဟု ပြောလိုက်စဉ်မှာပဲ ၎င်းတို့မောင်းထုတ်လိုက်သောအရူးမှာ တုံ့ချီတုံ့ချီခြေလှမ်းများဖြင့် အနောက်ဘက်စောင်းတန်းသို့ပင်ရောက်ရှိနေပြီဖြစ်၏။

ထိုအရူးသည် အနောက်ဘက်စောင်းတန်းရှိ ခြသေ့်ရုပ်ကြီးရှေ့သို့အရောက်တွင် ခေတ္တရပ်နားလိုက်၏။ ပြီးနောက် အရူးဆိုသည့်အမူအယာအတိုင်း တောင်မြောက်လေးပါးသို့ကြည့်လိုက်ပြီး ဘုန်းကြီးလမ်းထောင့်သီးပင်ကျောင်း၊ ကုဋ္ဌာရုံကျောင်းတို့တွင် အကြည့်ကိုရပ်တန့်လိုက်၏။

ထိုအခါမှာတော့လည်း သူ၏အမူအယာများမှာ အရူးတစ်ယောက်လိုဟွာယာခတ်မနေတော့ဘဲ တည်တည်ငြိမ်ငြိမ်ဖြင့်လျှောက်လှမ်းသွားလေရာ ကိုက်သုံးဆယ်ခန့်လျှောက်သွားပြီးစဉ်မှာတော့ တိုးသဲ့သဲ့ထွက်ပေါ်လာသည့် မြင်းခွာသံကို သတိပြုမိသွား၏။ သူသည် တည်တည်ငြိမ်ငြိမ်ဖြင့်ပင် လျှောက်မြဲလျှောက်နေလိုက်၏။

သူ့နောက်ကျောအရပ်ဆီမှထွက်ပေါ်လာသည့် မြင်းခွာသံမှာ တဖြည်းဖြည်းနီးကပ်လာပြီး သူ့အနီး၌ တုန့်ကနဲရပ်လိုက်လေ၏။ သူသည် အနည်းငယ်မျှထူးခြားဟန်မရှိဘဲ ၎င်းမြင်းပေါ်ကလူကို အေးစက်စက်မျက်ဝန်းဖြင့်ကြည့်လိုက်ရာ မြင်းပေါ်ကလူက သဘောကျစွာ တဟားဟားရယ်လိုက်ပြီး. . .

"ကိုယ့်လူက ရဲစွမ်းသတ္တိပြည့်ဝသလို ပါးရည်နပ်ရည်ရှိတဲ့နေရာမှာလည်း တကယ့်ပြိုင်စံရှားပဲဗျာ။ အင်း. . . ကြားရတဲ့သတင်းတွေကတော့ အလွန့်ကိုအားပါးတရရှိလိုက်တာဗျာ။ ဖြစ်နိုင်ရင် အခုအချိန်မှာ စက်သူဌေးငွေတိုးနဲ့ သူ့လက်ပါးစေဟာနောတို့ ဘယ်လောက်တုန်နေကြတယ်ဆိုတာ ကိုယ့်လူကိုပြလိုက်ချင်ပါရဲ့"

ဟု ပြောလိုက်ရာ အရူးသည် တဒင်္ဂငိုင်တွေသွားရာမှ ထိုလူကိုကြည့်လိုက်၏။ ထိုလူမှာ သူနှင့်တွေ့လေတိုင်း အနက်ရောင်ဝတ်စုံဖြင့်သာတွေ့ရစမြဲဖြစ်သည်။ ထို့ပြင် မျက်လုံးနှင့်ပါးစပ်ပေါက်ကိုသာ လှစ်ဟထားသည့်အနက်ရောင်ခေါင်းစွပ်နှင့်ဖြစ်သောကြောင့် မည်သူမည်ဝါဟူ၍ မသိရပေ။ ထိုသူကလည်း အနည်းငယ်မျှပြောပြခြင်းမပြုခဲ့။

ထိုမျှသာမက မိမိနှင့်တွေ့လေတိုင်း မြင်းပေါ်မှမဆင်းဘဲ ပြောစရာရှိသည်များကိုပြောပြီး ပြန်သွားစမြဲဖြစ်သည်။ ပဟေဠိဆန်သည့်ထိုအနက်ရောင်လူအပေါ်တွင် များစွာဘဝင်မကျဖြစ်မိသော်လည်း ၎င်း၏ပံ့ပိုးကူညီမှုကြောင့် မိမိဆန္ဒများပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ၎င်းကိုများစွာကျေးဇူးတင်မိသည်။

မကြာခင်မှာ မိမိဆန္ဒများအလုံးစုံပြည့်ဝတော့မည်ဖြစ်ရာ ထိုကိစ္စမှာလည်း ၎င်းအနက်ရောင်ပုဂ္ဂိုလ်အပေါ်တွင် များစွာမှုတည်လျက်ရှိ၏။ သို့ကြောင့်လည်း ထိုလူလာရောက်တွေ့ဆုံမည့်နေ့ကိုစောင့်မျှော်ရင်း အရူးတစ်ယောက်လို သွားလာနေခြင်းဖြစ်သည်။

"ကျုပ်လည်း ခင်ဗျားကို ဘယ်အချိန်မှာ ဘယ်လိုရောက်လာမလဲလို့မျှော်နေတာ။ ပြီးတော့. . ."

သူက စကားကိုရပ်လိုက်ပြီး မြင်းပေါ်ကလူကို တစ်ချက်အကဲခတ်ကြည့်လိုက်ရာ သူ၏အရိပ်အကဲကို သတိထားမိလိုက်သည့်မြင်းပေါ်ကလူက ဒုတိယအကြိမ်မြောက်ရယ်လိုက်ပြန်၏။ ရယ်ပြီးနောက်. . .

"ပြီးတော့ ဘာဖြစ်လဲ၊ ဆက်ပြောလေဗျာ ဟား ဟား ဟား။ ပြောဖို့ခင်ဗျား မဝံ့မရဲဖြစ်သွားတယ်မဟုတ်လား။ ကဲပါလေ၊ ကျုပ်ကပဲ ခင်ဗျားပြောချင်တဲ့စကားကိုပြောပေးပါ့မယ်။ ခင်ဗျားက ကျုပ်အပေါ်မှာ သံသယဖြစ်နေတယ် မဟုတ်လား။ ကျုပ် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကိုလည်း သိပ်သိချင်နေတယ်။ အတင်းအကြပ်မေးလို့ ကျုပ်စိတ်ဆိုးသွားမလား။ တကယ်လို့ စိတ်ဘဝင်မကျဖြစ်သွားပြီး ပုလိပ်ဘက်ကိုသတင်းပေးလိုက်မလား စသဖြင့်ပေါ့ဗျာ"







www.burmeseclassic.com

www.burmeseclassic.com

ဟု တဲ့ဘိုးပြောလိုက်သဖြင့် ထိုလူမှာနှုတ်ခမ်းထောင့်စွန်းကလေးတွန့်ကွေးပြုံးလိုက်ပြီး ပန်ခံသလိုဖြင့် ဦးခေါင်းညိမ့်လိုက်၏။ ထိုအချိန်မှာတော့ စောစောတုန်းကလို အရူးသဏ္ဍာန်ဟူ၍ အနည်းငယ်မျှ မတွေ့ရတော့ပေ။ ထိုသူသည် ဦးထုပ်အစုတ်ကြီးကို ဦးခေါင်းမှချွတ်လိုက်ပြီး ရင်မှာပိုက်ထားရင်းက-

"ဒါပေမယ့် ကျုပ်တစ်ခုတော့ ယုံကြည်ထားတာရှိတယ်။ ကျုပ်ကို အခုလို ပံ့ပိုးပေးတာ ခင်ဗျားမှာကြီးမားတဲ့ရည်ရွယ်ချက်ရှိကိုရှိရမယ်"

"သိပ်ရှိတာပေါ့ဗျာ၊ အတိုချုပ်ပြောရရင် ဒီလူတွေဟာ ဘယ်လိုလူစားမျိုးတွေဖြစ်တယ်ဆိုတာ ခင်ဗျားဘဝနဲ့ရင်းပြီး ကိုယ်တွေ့ကြုံရသလို ကျုပ်လည်း ခင်ဗျားနဲ့ဘဝတူလို ခံစားခဲ့ရလို့ပဲ။ ကျုပ်တို့မြန်မာပြည်သူလူထုဟာ တိုင်းတစ်ပါးသားတွေရဲ့ကျွန်ပြုအုပ်ချုပ်တာကိုခံရလို့ မွဲပြာကျနေရတဲ့ဘဝအခြေအနေမှာ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးရဲ့မျက်နှာကိုမှမထောက်၊ သခင်အားရကျွန်ပါးဝတဲ့လုပ်ရပ်တွေနဲ့ - သူခိုး၊ ဂျပိုး၊ လူပေ၊ လူတေတွေကိုအုပ်စုဖွဲ့ပြီး ကိုယ့်လူမျိုးအပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျ၊ မျက်နှာဖြူမျိုးသားစွာနေထိုင်ကြတဲ့ကိုယ့်လူမျိုးအပေါ်မှာတော့ ဘုရားလိုကိုးကွယ်၊ တံတိုးလက်ဆောင်ပေး တိုင်းတစ်ပါးသားတွေအပေါ်မှာတော့ ဘုရားလိုကိုးကွယ်၊ သမီးကညာပျိုလေးတွေကို သွေးသားသောင်းကျန်းချင်တိုင်းသောင်းကျန်း ... တကယ့်ဘုန်းဖူးသိက်တူးတဲ့အမျိုးဖျက် လူယုတ်မာတွေ၊ ဒီအုပ်စုတောက် . . . တကယ့်ဘုန်းဖူးသိက်တူးတဲ့အမျိုးဖျက် လူယုတ်မာတွေ၊ ဒီအုပ်စုရှိနေသမျှ ကျုပ်တို့ပြည်သူတွေအဖို့ သက်သာစရာတစ်ကွက်မှ မရှိဘူး။ လူ့လောကကြီးမှာ ဒီလူတွေတစ်နေ့တစ်ရက်တစ်မနက်ရှိနေခြင်းဟာ လောကကြီးအတွက် အကုသိုလ်တွေ အတုံးလိုက်အတစ်လိုက်ကျူးလွန်ဖို့ ရှင်သန်နေတာဖြစ်လို့ ဒီလူတွေကို အမှဲ့ခြွေ ခြွေနေတဲ့ခင်ဗျားကို ကူညီပေးနေတာပေါ့"

အရူးလိုဝတ်ဆင်ထားသည့်ပုဂ္ဂိုလ်မှာ ဘယ်လိုမှထင်မှတ်မထားသည့် စကားကိုကြားလိုက်ရသဖြင့် မြင်းပေါ်က အနက်ရောင်လူကို တအံ့တဩဖြင့် အတန်ကြာအောင်စိုက်ကြည့်နေလေ၏။ ၎င်းစကားအရသေချာနေသည်မှာ ထိုသူသည်လည်း စက်သူဌေးဌေးကိုးနှင့် တိုက်ရိုက်မဟုတ်သော်မှ သွယ်ဝိုက်၍သော်လည်းကောင်း ပတ်သက်မှုရှိပေလိမ့်မည်။

"အခုအခြေအနေတိုင်းဆိုရင် သူတို့အပေါ်မှာ ခင်ဗျားလက်ဦးမှုရသွားပြီလို့ ယူဆလိုက်ပေဟော့။ ဒါပေမယ့် ပွဲကမပြီးသေးဘူးနော်၊ အရေးကြီးဆုံးနဲ့ အဆုံးသတ်လုပဖို့ပဲကျန်တော့တယ်။ ကျုပ်ပင်ခုတ်ကျုပ်ငုတ်မကျန်စေနဲ့ဆိုတဲ့ စကားလိုပေါ့။ အခု ခင်ဗျားက လက်ဝဲခံလူမိုက်ဇော်ချင်းနဲ့ကျော်ကြီးဆိုတဲ့





အပင်တွေကိုရှင်းပြီးသွားပြီ။ ခင်ဗျားရှင်းဖို့ကျန်တဲ့လူတွေက အချိန်မရွေး ရှင်သန်နိုင်တဲ့အငုတ်တွေပဲ။ အငုတ်ကိုအမြစ်ကနေ ဖျက်ဆီးပစ်ပြီးရင်တော့ ခင်ဗျားရာဇဝင်ကြွေးဟာ ဆုံးသွားပြီ"

"ခင်ဗျားဆိုလိုတဲ့အငုတ်ဆိုတာ စက်သူဌေးဌေးတိုးနဲ့လူမိုက်တာနော မဟုတ်လား"

"သိပ်ကိုသေချာတာပေါ့ဗျာ၊ ကျုပ် အထူးမှာကြားလိုတာက အခုဆိုရင် ပုလိပ်ဌာနတွေအားလုံး ယောက်ယက်ခတ်သလိုအလုပ်ရှုပ်နေကြတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေကတစ်မျိုး၊ ခင်ဗျားလုပ်ကြံသတ်ဖြတ်လိုက်တဲ့လူသတ်မှုက ဆက်တိုက်ဆိုသလိုဖြစ်သွားတော့ ပြည်ခရိုင်ဝန်အရာရှိကြီးက ဆံတော်ရှင်ဂါတ်ကပုလိပ်တွေကို ဆူလိုက်ကြိမ်းလိုက်တာ ပွက်လောကိုရိုက်နေတာပဲ။ အထူးသဖြင့် စက်ရှင်မင်းကြီးဂျွန်ဝီလီယံအသတ်ခံရတဲ့ကိစ္စက ဗြိတိသျှဘုရင်မကြီးနားထဲအထိရောက်သွားတော့ မြန်မာပြည်က မျက်နှာဖြူအရာရှိတွေ မျောက်မီးခဲကိုင်မိသလိုဖြစ်သွားကြတာပေါ့။ ဒါကြောင့် လူသတ်တရားခံကို အမြန်ဆုံးဖမ်းမိနိုင်ဖို့ ရန်ကုန်က အင်းစိန်စီအိုင်ဒီပုလိပ်မင်းကြီးက စုံထောက်အကျော်အမော်နှစ်ဦးကို ပြည်မြို့ကိုလွှတ်လိုက်တယ်လေ။ အခုလောက်ဆိုရင် အဲဒီစုံထောက်နှစ်ယောက်လည်း သေသူတွေရဲ့အလောင်းကို စစ်ဆေးပြီးကြရောပေါ့"

"ဟုတ်လား . . . အခုလိုထူးခြားတဲ့သတင်းကို ယူဆောင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ဒါနဲ့ အဲဒီစုံထောက်နှစ်ယောက်နာမည်တွေက ဘယ်သူလဲ"

"အိုင်အိုသန်းစိန်နဲ့ အင်စပတ်ပော်မင်းမြတ်ကျော်စွာ"

ထိုအမည်များကိုကြားလိုက်ရသည်နှင့် အရူးဟန်ဆောင်ထားသူမှာ ရုတ်ခြည်းပင်တွေကွေငေးဖြစ်သွားလေ၏။ အတန်ကြာငိုင်တွေစဉ်းစားပြီးနောက် ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး . . . .

"အင်း . . . ကျုပ်က ဘယ်သူများလဲလို့၊ စုံထောက်လောကမှာပြိုင်စံရှားတဲ့ အင်စပတ်တော်မင်းမြတ်ကျော်စွာဖြစ်နေတာကိုး။ ဒီကိစ္စမှာ အဲဒီစုံထောက်ပါလာရင် အတော့်ကိုသတိထားရလိမ့်မယ်။ ဒီလူက အမှုလိုက်တဲ့နေရာမှာ အင်မတန်ထူးချွန်ကျွမ်းကျင်တယ်။ ကျုပ်အဖို့တော့ ကျားကုပ်ကျားခဲ့ရိုပ်ရမယ့် အခြေအနေပဲ"

"ဒီလောက်အထိ အစိုးရိမ်မလွန်ပါနဲ့ဗျာ။ ခင်ဗျားလည်း အိုင်အေတန်း



www.burmeseclassic.com

www.burmeseclassic.com

အထိ ပညာသင်ခဲ့တာပဲ။ ရဲစွမ်းသတ္တိအရာမှာလည်း အထူးပြောစရာမရှိဘူး။ လက်ရုံးရည်၊ နှလုံးရည် သူနိုင်ကိုယ်နိုင်ကြဲရမှာပေါ့ဗျာ"

ဟု ပြောပြီး အနက်ရောင်ဘောင်းဘီအိတ်ကြားမှ စာအိတ်ရှည်ကြီး တစ်လုံးကို ဆတ်ကနဲ ဆွဲထုတ်လိုက်ပြီးနောက်. . .

"ကဲ. . . မိတ်ဆွေ. . . ကျုပ်တို့စကားပြောတာ လိုတာထက်ပိုကြန့်ကြာသွားပြီထင်တယ်။ ဒီ့ထက်မက စကားတွေအများကြီး ပြောချင်ပါတယ်ဗျာ။ ကံမကုန်လို့ပြန်ဆုံနိုင်မယ့် အခွင့်အခါမျိုးကြုံကြိုက်ခဲ့ရင်တော့ တကယ့်စားသောက်ဖွယ်တွေစားသောက်ရင်း အားပါးတရပြောချင်ပါရဲ့။ အစစအရာရာ သတိဝီရိယထားရမယ့်အချိန်မှာ ဒီလောက်နဲ့ကျေနပ်လိုက်ရအောင်။ ရော့. . . ဒီစာထဲမှာ ထုံးစံအတိုင်း ခင်ဗျားအတွက် အစီအစဉ်တွေအသေးစိတ်ရေးထားတယ်။ ကဲ. . . ကျုပ်သွားပြီ"

ဟု ပြောပြီး ယွက်ခွာရန် မြင်းဇက်ကြိုးကို လှုပ်ခါလိုက်ရာ ထိုအခါမှ အရှုးဟန်ဆောင်ထားသည့်ပုဂ္ဂိုလ်လည်း ကစ်စုံတစ်ခုကို သတိရလိုက်ဟန်ဖြင့် လက်ပြထားလိုက်ပြီး. . .

"တဆိတ်လောက်ရပ်ပါဦး မိတ်ဆွေရာ၊ ကျုပ် တစ်ခုသတိရမိလို့၊ ဒီတစ်ပွဲဟာ ကျုပ်အတွက်နောက်ဆုံးဖြစ်ချင်ဖြစ်မှာဆိုတော့ ပွဲပြီးသွားတဲ့ နောက်မှာ မိတ်ဆွေနဲ့ကျုပ်တွေ့ဖို့လိုပါဦးမလား"

ထိုအခါမျက်နှာဖုံးရှင်က နှုတ်ခမ်းသားလေးကို ထင်ထင်ပေါ်ပေါ်ဖြုံလိုက်ပြီး. . .

"ဩော်. . . ကိုယ့်လူက အခုအချိန်အထိ အနှောင်အဖွဲ့ဆိုတာကို စဉ်းစားနေတုန်းပဲကိုး။ ဒီမှာ ခင်ဗျားခေါင်းထဲ အမိကထည့်ထားရမှာက ကိစ္စပြီးတာနဲ့ ကိုယ့်လွတ်လမ်းကို ဦးဆုံးစဉ်းစားရမယ်။ ခင်ဗျားအိန္ဒိယနိုင်ငံကိုထွက်ခွာဖို့ စီစဉ်ထားပြီးပြီမဟုတ်လား။ အဲ့ဒီကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်ရမယ်။ မိတ်ဆွေနဲ့ကျုပ်နဲ့ဆိုတာက ကျုပ်ပြောခဲ့သလို ကံမကုန်ရင်ပေါ့ဗျာ။ အဲ. . . တစ်ခုသတိပေးလိုက်မယ်နော်။ သံယောဇဉ်နှောင်တွယ်နေလို့ကြန့်ကြာနေရင်တော့ လွတ်မြောက်နိုင်တဲ့အခွင့်အရေးတွေဆုံးရှုံးသွားလိမ့်မယ်။ အထူးသဖြင့် ခင်ဗျားအပေါ်မှာ နက်နက်ရှိုင်းရှိုင်းတွယ်တာမြတ်နိုးနေတဲ့ စံပါယ်မြိုင်ဆိုတဲ့ သံယောဇဉ်မျိုးပေါ့ ကိုယ့်လူရယ် ဟဲ ဟဲ. . . ဘယ်လိုလဲ အချက်ကို ဒဲ့ထိသွားပြီမဟုတ်လား။ ကျုပ်က ခင်ဗျားတွေဝေနေမှာစိုးလို့ သတိပေးလိုက်တာပါဗျာ။ မမေ့မလျော့လုပ်ရမယ့်ကိစ္စကို ထပ်ပြီးသတိပေးလိုက်ဦးမယ်။ ကျုပ်





ပေးတဲ့စာတွေအားလုံးဖျောက်ဖျက်ပစ်လိုက်ပါ။ ကဲ. . . သွားပြီ ကိုယ့်လူရေ"

စကားအဆုံးသတ်လိုက်ခြင်းနှင့်အတူ မျက်နှာဖုံးရှင်၏မြင်းညိုကြီးမှာ အဟောနှင့်ကာပြေးထွက်သွားတော့၏။ သူသည်မှောင်ရိပ်ထဲ၌ ကျောက်ရုပ်ကြီးတစ်ရုပ်ပုံလို မလှုပ်မယှက်ငြိမ်သက်စွာကျန်ရစ်ခဲ့ရာ အတော်လေးကြာမှ ကိုယ့်အဖြစ်ကိုယ်သတိပြုမိပြီး နေရာမှအားချင်းရှောင်ခွာခဲ့တော့၏။

♣ ♣ ♣


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

တောရဆောက်တည်သူ ၏မွေရိပ်၊ တရားရိပ်ဖြစ်သော အင်ကြင်းမြိုင် တောရသည် အင်ကြင်းပင်များပွင့်စွာပေါများလှသဖြင့် အေးချမ်းလှပေ၏။

တောမြိုင်ကြီးတစ်ခိုတွင် သီလရှင်ကျောင်းတလေးများ ဝိုင်းဝိုင်းလည် လျှက်ရှိ၏။ သစ်သားကျောင်းငယ်များ၊ ဝါးတဲကျောင်းများစသဖြင့် တွေရ မည်ဖြစ်ပြီး ထိုကျောင်းကလေးများမှာ တစ်ကျောင်းနှင့်တစ်ကျောင်း နီးနီး စပ်စပ်မဟုတ်။ တစ်ခေါ်မကာ ဝေးကွာစွာရှိနေကြ၏။

တစ်ခုသောဝါးကျောင်းကလေးအတွင်း၌ လူနှစ်ယောက်သည် မျက်နှာ ချင်းဆိုင်လျက် ထိုင်နေကြ၏။ သူတို့နှစ်ဦးရှေ့၌ ထွန်းထားသောဆီမီးတိုင်ခွက် ကလေးမှာ တောက်ပမှုအားလျော့နေသည်ကြောင့် ကျောင်းကလေးမှာ ခပ်ပျပျအလင်း သာထင်ဟပ်နေ၏။

ထိုင်နေကြသူနှစ်ဦးမှာလည်း မီးရောင်အလင်းကဲ့သို့ ကြည်ကြည်လင်လင် မရှိ။ ခင်မှိုင်းမှိုင်းခပ်ငိုင်ငိုင်ရှိနေကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း စိတ်မသက် မသာကြည့်နေရသလိုဖြစ်နေကြ၏။

ရှေ့၌ရှိသောသီလရှင်ကြီးမှာ အသက်အားဖြင့်ငါးဆယ်ကျော်ခန့်ရှိနေပြီ ဖြစ်၏။ ပါးရည်နားရည်များသိသိသာသာတွန့်စပြုနေပြီဖြစ်သလို ဦးပြည် ကတုံးပေါ်တွင်မှ ဖြူတချို့ နက်တချို့ဆံပင်များပြည့်လျက်ရှိ၏။

ထိုသီလရှင်ကြီး၏ရှေ့၌ ထိုင်နေသူလူရွယ်မှာ အသက်အစိတ်ခန့်ရှိ လိမ့်မည်။ လူရွယ်မှာကြံ့ခိုင်သန်စွမ်းမှုအမြင့်မားဆုံးအသွင်အပြင်ဖြင့် ကျားကျား လျားလျားရှိလှပေ၏။ ဗလကောင်းကောင်း၊ ရင်အုပ်ကားကား၊ မျက်လုံးမျက် ဖန်နှင့်မျက်နှာအကျသည် လွန်စွာခန့်ညားး၏။ ဖြူစင်သောအသားအရည် မြင့်မားသောအရပ်အမောင်းမှာ လွန်စွာခန့်ညားလှသဖြင့် မင်းညီမင်းသား





များ၏အနွယ်တော်များကဲ့သို့ ထင်မှတ်ရ၏။

သီလရှင်ကြီးသည် စလင်မျက်မှန်ပေါ်မှကျော်ကာ လူရွယ်ကို မျက်လွှာပင့် ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့်. . .

"ဒကာလေးက ဒီလိုပဲ တစ်သက်လုံး အမှောင်ထဲမှာနေတော့မှာလား။ ရွှေလျှောက်ဘာတွေများလုပ်ဦးမှာလဲကွယ်"

ဟု မေးလေ၏။ အသံမှာ ရင်တွင်းဖြစ်တည်နေသည့်ခံစားမှုကြောင့် တုန်ရီလျက်ရှိ၏။ မေ့ဖြင့်မေ့လျှော့နေသော်လည်း လောကီသံယောဇဉ်များ မပြတ်ကင်းသေးမှန်းသိသာလှ၏။ ပူမှု၊ ဆွေးမှု၊ ဗျာပါဒအမှုများက သီလရှင် ကြီး၏ရင်မှာ စွဲမြဲနေဆဲပါလား။

လူရွယ်မှာ အနည်းငယ်မျှခွန်းတုန့်မပြန်ဘဲ မတုန်မလှုပ်ရှိနေဆဲပင်။ သီလရှင်ကြီးကဆက်၍. . .

"ဒကာလေးရဲ့ဘဝကို စဉ်းစားမိတိုင်း ဆရာလေးမှာရင်မချိအောင် ဖြစ်ရတယ်။ အရင်ကဆိုရင် ဒကာလေးရဲ့ဘဝက ဒီအနေအစားမျိုးလား။ မိဘလက်ထဲမှာ ရွှေပေါ်မြတင် အရာရာအားလုံးပြည့်စုံခဲ့တာ။ ခုတော့ ရှောင်ရ တိမ်းရ၊ ပြေးလွှားနေရတဲ့ဘဝ။ ဆရာလေးဘယ်လိုဖြေနိုင်ပါ့မလဲ"

ထိုအခါမှာတော့ ရေခဲတုံးပမာငြိမ်သက်နေသည့် လူရွယ်မှာ လှုပ်လှုပ် ခတ်ခတ်ဖြစ်သွားပြီး ကြီးမားလေးလံသောလေပူတစ်ချက်ကို အားပါးတ မှုတ်ထုတ်လိုက်၏။

သူသည် ဆရာလေးစိတ်ကျေနပ်မည့်စကားများကို ပြောလိုက်ချင်သည်။ ဘယ်လိုစကားမျိုးပြောရမည်ဟု ရွေးချယ်မရအောင် အခက်ကြုံနေလေ၏။

ဆရာလေးပြောသလို သူ့ဘဝသည် မတောင့်မတ မကြောင့်ကြခဲ့ရဘဲ အရာရာပြည့်စုံခဲ့သည်။ အခုလို ဝရမ်းပြေးဘဝ၊ စားရတော့လည်း တစ်လုပ် တစ်ဆုပ်၊ နေရတော့လည်း စုတ်စုတ်နုပ်နုပ်ဘဝမျိုး ရင်ဆိုင်ရလိမ့်မည်ဟု အနည်းငယ်မျှပင် ထင်မှတ်မထားမိခဲ့။

သို့သော်လည်း သူသည် လက်ရှိဘဝကို စိတ်ပျက်ဝမ်းနည်းခြင်းမဖြစ်မိ။ ကျေနပ်သည်။ လောက၌ သူလုပ်ချင်သောအရာကို လုပ်ကိုင်နေရသည်ဟူ၍ သာခံယူသည်။ သူ့မှာမပြီးဆုံးသေးသည့်တာဝန်တွေရှိသည်။ ဇာတိမာန်တွေ ရှိသည်။ ထိုအရာများမပြီးဆုံးသရွေ့တော့ ဆက်လုပ်နေဦးမည်ဖြစ်သည်။ သံဓိဋ္ဌာန်လည်းအခိုင်အမာချထားပြီဖြစ်သည်။

"တပည့်တော်အတွက် စိတ်သောကမဖြစ်ပါနဲ့ ဆရာလေးရယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမှာ အရင်ဘဝက ရွေထီးဆောင်းခဲ့တာတွေကို ပြန်တမ်းတနေလို့ မဖြစ်တော့ဘူးလေ။ ဒူးနေရားဒူး တော်နေရာတော်ဆိုသလိုပေါ့။ ကြုံသလို ကြိုက်ရတော့မယ် မဟုတ်လား။ ကုသိုလ်ကံတရားပဲပေါ့"

"အဲ့ဒီစိတ်တွေ ဒကာလေးကြုပ်ကြုပ်မွေးလို့ ခက်နေတာပေါ့။ ကလဲ့စား ချေခြင်းရဲ့အဆုံးသတ်နိဂုံးဟာ မဆုံးနိုင်တဲ့သံသရာခရီးကို အသက်သွင်းပေး လိုက်တာနဲ့ အတူတူပဲ။ ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့။ တရားနဲ့ဆင်ခြင် စမ်းပါ။ ဒကာကြီးနဲ့ ဒကာမကြီးတို့ဟာ သူတို့ရဲ့ကြွေးဟောင်းကို ဆပ်ခဲ့ကြ ရတာပါ။ အဲ့ဒီလို နှလုံးသွင်းဆင်ခြင်လိုက်ရင် ဒကာလေးရင်ထဲမှာ အမုန်း တရားတွေကင်းစင်သွားပြီး ထာဝရငြိမ်းအေးမှုကို ခံစားရရှိသွားလိမ့်မယ်။ ဒီလို နှလုံးသွင်းဆင်ခြင်လိုက်ပါ ဒကာလေးရယ်"

"ကျေးဇူးတင်ပါတယ် ဆရာလေး။ ဒါပေမယ့် တပည့်တော်မှာ ဒီလိုစိတ်မျိုး နည်းနည်းလေးမှထားလို့မရဘူး ဖြစ်နေတယ်။ အဖေ၊ အမေ၊ အစ်မတွေရဲ့ မျက်နှာတို့မြင်ယောင်မိတိုင်း တပည့်တော်သွေးတွေပွက်ပွက်ဆူပြီး ရှုန်းကြွ လာတယ်။ ငွေများလို့တရားနိုင်ဆိုသလို အနိုင်ကျင့်ခံရတာတွေ၊ နောက်ဆုံး အဖေနဲ့အမေကိုသတ်တဲ့အထိပေါ့ ဆရာလေးရယ်။ အဆုံးစွန်ပြောရင် ပြိတ္တာ တွေရဲ့ အနိုင်ကျင့်စော်ကားတာကို ခေါင်းငုံ့မခံချင်တဲ့ခံစားချက်ပဲ။ ဇာတိ သွေး ဇာတိမာန်ကိုတော့ ဒင်းတို့သိအောင်ပြကိုပြရမယ်"

သီလရှင်ကြီးသည် မျက်ကြောများရှုံ့သွားပြီး နားထင်စပ်နှစ်ဘက်ဆီသို့ အရေအစင်းများတွန့်သွားပြီး မေးစင်းသွားသောမျက်ဝန်းဖြင့် လူရွယ်ကို ကြည့်လေ၏။ မှိန်ဖျော့သောမီးခွက်အလင်းက မျက်မှန်၏စလင်မှန်ပေါ်သို့ ထုရောက်လျက်ရှိ၏။ သီလရှင်ကြီးသည် ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းကိုရှိုက်လိုက်ပြီး. . .

"အဲ့ဒီလိုသာ လက်စားချေနေကြရင်တော့ သံသရာဟာ ဆုံးပါဦးတော့ မလား ဒကာလေးရယ်။ ရန်ကိုရန်ချင်းမတုန့်တာအကောင်းဆုံးလို့ ဒီဃိတိ ကောသလမင်းကြီးဝတ္ထု၊ ဒီဃာဝုသတိုးသားဇာတ်မှာ မြတ်စွာဘုရားဟောကြား ထားတယ်မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးထားလို့မပျောက်နိုင် မပြေနိုင် ရှည်ဟျားစွာရန်ငြိုးဖွဲ့ခြင်းကိုမပြုပါနဲ့။ ချစ်သားဒီဃာဝု ရန်ကို ရန်တုန့်မှုသဖြင့် ရန်ငြိုးထားခြင်းဟာ ရန်ကိုဘယ်တော့မှငြိမ်းပျောက်ခြင်း မရှိဘူး။ ချစ်သားဒီဃာဝု ရန်ကိုရန်ငြိုးမထားသူသာလျှင် ရန်တို့ဟာငြိမ်း ပျောက်ပြီး ရန်နဲ့ဝေးမယ်တဲ့ ဒကာလေးရဲ့၊ ဒါဟာ ဘုရားဟောခဲ့တာ၊





မတုန့်နှင်းချင်စမ်းပါနဲ့"

နှလုံးစိတ်ဝမ်းအေးချမ်းစေလိုသဖြင့် ဆရာလေးသည် လူရွယ်နားလည် လွယ်မည့်စကားများဖြင့် ပြောဆိုဆုံးမလေ၏။ သို့သော်လည်း လူရွယ်မှာ အနည်းငယ်မျှ နှလုံးသွင်း၍မရ၊ သွေးကိုထိသဖြင့် မချိအောင် နာနေဆဲ။ နှလုံးသားဖြင့် ဆရာလေးကို တိုးလျှိုးတောင်းပန်စကားပြောလေ၏။

"သည်းခံပါဆရာလေးရယ်၊ တရားလမ်းကြောင်းကို ဓမ္မဒိဋ္ဌာန်ကျကျ ညွှန်ပြတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် နှုတ်သိမ်းဖို့ မလွယ်တော့ပါ ဘူး။ ပြိတ္တာအစိုးရဆိုတာက သူတို့နဲ့သူတို့ရဲ့လက်ပါးစေတွေလောက်သာ အစိုးရတာပါ။ ဒီစနစ်ဆိုးကြီး ကြီးစိုးနေသမျှ တိုင်းပြည်နဲ့လူမျိုးဟာ ဆန်ကောထဲ စီးဖြူးသီးထည့်လိုမ့်သလို ခံနေကြရတော့မှာပါ။ ဒါကိုတော့ တပည့်တော် ခေါင်းငုံ့မခံနိုင်ဘူးလေ"

ဝါးကျောင်းတဲကလေး၏ပြတင်းပေါက်ကို ကဲလားဒေါက်ခံ၍ ဖွင့်ထား၏။ သီလရှင်ဆရာကလေးသည် တဲကျောင်းအပြင်သို့ငေးကြည့်ရင်း မိမိအစ်မ မပန်းရုံ မျက်နှာကို တစိမ့်စိမ့်မြင်ယောင်နေမိ၏။ မိမိတို့မှာ ညီအစ်မနှစ်ယောက်သာ ရှိ၏။

အစ်မဖြစ်သူက အစ်ကိုကြီးဦးမိုးမှောင်နှင့်လက်ထပ်လိုက်သောအခါ မိမိသည်လည်း အစ်မပန်းရုံတို့နှင့်အတူတကွ နေထိုင်ခဲ့၏။ မိဘများမရှိသဖြင့် အစ်ကိုကြီးဦးမိုးမှောင်ကို အဖအရာ၊ အစ်မကြီးပန်းရုံကို အမိအရာထား၍ အားကိုးခဲ့ရသည်။ အစ်ကိုကြီးနှင့်အစ်မကြီးတို့ကလည်း မိဘသဖွယ် စောင့်ရှောက် ကြသဖြင့် အပူအပင်ကင်းမဲ့စွာနေထိုင်ခဲ့ရ၏။

စေတနာကောင်းလှသည့်အစ်ကိုကြီးနှင့်အစ်မကြီးတို့၏ မျိုးဆက်သွေး သမီးနှင့်သားမှာလည်း မိမိလက်ပေါ်၌ ကြီးပြင်းခဲ့ရသည်။ မိမိရင်၌ မလွယ်ခဲ့ရ သော်လည်း ရင်မှပေါက်ဖွားလာသည့်သားသမီးများကဲ့သို့ ချစ်ခင်ယုယခဲ့ရသည်။

အစ်ကိုကြီးနှင့်အစ်မကြီးတို့ လူယုတ်မာတစ်စု၏ မတရားအနိုင်ကျင့် စော်ကားမှုကြောင့် သေဆုံးခဲ့ရပြီး မကြာခင်မှာပဲ သမီးလေးနန်းကြော့ခိုင် လည်း ကိုယ့်ကိုယ်ကိုအဆုံးစီရင်သွားလေရာ ထိုစဉ်က မိမိသည် ကံကြမ္မာဆိုး ကြီးကို ရင်ဆိုင်နိုင်စွမ်းမရှိလောက်အောင် တုန်လှုပ်ချောက်ချားခဲ့ရ၏။ ကမ္ဘာ မြေကြီးသည် အိုးခြမ်းပဲ့လေးလောက်မျှ မကြွင်းကျန်ဘိသကဲ့သို့ ပြိုကျသွား လေပြီဟု ယူကျုံးမရဖြစ်ခဲ့ရသည်။

အဆုံးမတော့ မိမိသည် ဖင်းပရိဒေဝသောကဟူသမျှကိုကျော်ခိုင်းပြီး အေးချမ်းလှသည့်တရားဓမ္မရိပ်သို့ ရာသက်ပန်ပြေးဝင်ခိုလှုံလိုက်တော့မှ ထို


www.burmeseclassic.com

www.burmeseclassic.com


သောကမီးများမှာ တဖြည်းဖြည်းလျော့ပါးသွားခြင်းဖြစ်သည်။

သို့သော်ငြားလည်း မိမိသည် ဗီကလေးပေါ်၌ လုံလုံလျားလျားကြီး သံယောဇဉ်ဖြတ်လို့မရသေး။ ၎င်းအတွက် အမြဲပင်စိုးရိမ်ကြောင့်ကြနေမိသည်။ ထိုကလေးကို အေးချမ်းတည်ငြိမ်မှုဖြင့် ဘဝခရီးကို လျှောက်လှမ်းစေချင်လှသည်။

"ထားပါတော့ ဒကာလေးရယ်။ ဒကာလေးရဲ့ခံယူချက်၊ အတွေးအခေါ်တွေက အခုလောက်စိတ်ထက်သန်နေမှတော့ ဆရာလေးအတိုက်အခံလုပ်ပြီး ပြောမနေတော့ပါဘူး။ ဒါပေမယ့် တစ်ခုကိုတော့ ဆရာလေးအလေးအနက် ပြောချင်တယ်"

ဟု စကားကိုအစပျိုးလိုက်ပြီး လူရွယ်ကို ဖျတ်ကနဲ အကဲခတ်လိုက်ပြီးမှ ဆက်၍. . .

"စံပါယ်မြိုင်ဆိုတဲ့မိန်းကလေးအပေါ် မှာတော့ ဒကာလေးအလေးအနက်ထားစေချင်တယ်။ ဒီကလေးမလေးဟာ အလွန့်အံ့ဩစရာကောင်းလောက်အောင် ဒကာလေးအပေါ် မှာ သံယောဇဉ်ကြီးတဲ့မိန်းကလေးဖြစ်နေလို့ပေါ့"

တကယ်တော့ ဆရာလေးသည် လူရွယ်၏ခံစားမှုများကို လမ်းကြောင်းပြောင်းလိုက်ခြင်းဖြစ်၏။ ထိုမိန်းကလေးအပေါ် ထားသည့် လူရွယ်၏သံယောဇဉ်ကိုလည်း သိထား၏။ သို့ဆိုလျှင် လူရွယ်အဖို့ သူ့အတွေး၊ သူ့ယုံကြည်ချက်တွေ ပြောင်းကောင်းပြောင်းလာနိုင်၏။

ထိုမိန်းကလေးနှင့်သာ နေရာထိုင်ခင်းအတည်တကျဖြစ်သွားလျှင် လူရွယ်၏ ဘဝတည်ငြိမ်သွားမည်ဟု ယုံကြည်ထားပုံရ၏။

"အဲ့ဒီကိစ္စအတွက်လည်း ပြည့်ပြည့်စုံစုံပြင်ဆင်ပြီးစီစဉ်ထားပါတယ်။ မပြီးပြတ်သေးတဲ့ကိစ္စလေးတွေကြောင့် ဒီလိုပဲကြည့်နေရတာပါ။ အဲ့ဒီကိစ္စတွေပြီးတာနဲ့တပြိုင်နက် စံပါယ်မြိုင်ကိုခေါ်သွားမှာပါ"

ဦးခေါင်း ဆတ်ကနဲ ထောင်လာသည်။ မျက်မှောင်ကြုံ့ကာ စူးစိုက်ကြည့်နေရာမှ လေသံသဲ့သဲ့မေး၏။

"ကလေးမလေးကိုဒကာလေးက ဘယ်ကိုများခေါ်သွားမယ်လို့ စိတ်ကူးထားလဲ"

သူ ရုတ်ခြည်းမဖြေ။ သီလရှင်ဆရာလေး၏မျက်နှာကိုသာ ကြည့်ကြည့်နေ၏။ စိတ်ထဲမှာလည်း ချိန်ဆနေမိသည်။ မိမိ၏အဖြေကို ဆရာလေး လက်မခံနိုင်ဘဲ ကန့်ကွက်လာမှာကို စိုးရိမ်မိသောကြောင့် ဖြစ်သည်။

ခုခါ၌ သူ့ရည်ရွယ်ချက် ပျက်ပြားသွားမှာကို လွန်စွာစိုးရိမ်မိသည်။ ဆရာလေးက အားမလိုအားမရဖြင့် ထပ်မေးလာသဖြင့် သူလည်း ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး။

"ဒီလိုပါ ဆရာလေး. . . ဒီနိုင်ငံမှာ တပည့်တော်အနေနဲ့ ဘယ်လိုမှ ဆက်နေဖို့မလွယ်တော့ပါဘူး။ ဖြစ်နိုင်မယ့်နည်းလမ်းတစ်ခုအရဆိုရင် အိန္ဒိယနယ်စပ်ရှိပါတယ်။ အဲ့ဒီကို ရှောင်ရင်းတိမ်းရင်း သွားမယ်လို့ တပည့်တော်စဉ်းစားထားပါတယ်။ စံပါယ်မြိုင်လည်း လိုက်လိမ့်မယ်လို့ ယုံကြည်ပါတယ်"

ဟုပြောလိုက်ရာ ဆရာလေးမှာ အတန်ကြာနှုတ်ဆိတ်သွားပြီးမှ တိုးသဲ့သဲ့ လေသံဖြင့်. . .

"ဘယ်နေ့ ဘယ်ရက်လောက်ကို သွားမှာလဲကွယ်"

"ရက်အတိအကျပြောဖို့ ခက်ပါသေးတယ်။ ဒီတစ်ရက်နှစ်ရက်အတွင်း တပည့်တော် ရန်ကုန်သွားရဦးမယ်။ ကိစ္စတစ်ခု ကျန်နေသေးလို့. . . အဲ့ဒါပြီးရင်တော့ ပြီးပါပြီ"

သီလရှင်ဆရာလေး၏ မျက်နှာမှာ ရုတ်ခြည်းပင် အိုမင်းရင့်ရော်သွား၏။ ထိုလူရွယ်လုပ်တော့မည့် အလုပ်များကို သိနေပုံရ၏။ မဆုံးနိုင်သည့် မိုက်မဲမှုအတွက် ယူကျုံးမရ ဖြစ်နေဟန်ရှိ၏။

"မင်း. . . ဒါတွေကို စွန့်လွှတ်ဖို့ကောင်းပြီ. . . မင်းအဖို့ အန္တရာယ်ကြီးလှပါရဲ့ကွယ်. . . ဆရာလေးစိတ်မကောင်းအောင် မလုပ်ပါနဲ့လား"

"သည်းခံပါဆရာလေးရယ်. . . ဒါနောက်ဆုံးပါပဲ. . . ပြီးတာနဲ့ ထွက်သွားမှာပါ"

"မင်း ဒီအားကို လက်ခံလိုက်တာကိုက မှားပါတယ်ဒေ။ ကိုကြီးမကွန်လွန်ခင်ကတည်းက ဒီမိစ္ဆာခွင်းအားနဲ့ ပတ်သက်ပြီး မကြာခဏ ပြောပြလေ့ရှိတယ်ကွယ့်. . . တောင်ကိုးတောင်၊ မိုးကိုးမိုး၊ သွေးကိုးသွေးနဲ့ အဲ့ဒီအားကို ထုလုပ်ခဲ့တာတဲ့။ ပြီးတော့ ညသန်းခေါင်ယံမှာ မန္တန်စုပ်ပြီး သိဒ္ဓိတင်ထားဆိုပဲ။ အဲ့လောက်အစွမ်းထက်တဲ့အား မင်းလက်ထဲရောက်တော့မှ အင်း. . . သတ္တဝါတွေ ဘယ်ချမ်းသာတော့မလဲကွယ်"

တရားမေ့နှင့် အေးချမ်းသောအရိပ်၌ ပြေးဝင်ခိုလှုံပါသော်လည်း တူတော်မောင်အတွက် စိတ်သောက မငြိမ်းချမ်းနိုင်လောက်အောင် ထိခိုက်နေပုံရ၏။

"ဆရာလေးရယ်. . . ဒီတစ်ကြိမ်တော့ တပည့်တော်ကို နားလည်ပေးစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


"တဖထေရာ၊ သပြေညာ၊ တေဇာထွန်းပ၊ ဖက်မသာငြား၊ လက်ယာဖျား စကြာဓားပြခဲ့မည်။ မောရဂီဝါ၊ ဇယန္တာနှင့် ကြိုးကြားဝမ်းတုတ်၊ တရားမအပ် စကားစပ်သူတို့၊ ဓားပြတ်ကြီးလုပ်ကြ၊ အထုပ္ပတ္တိကပ် ညွှန်းမှိုင်၍ မော်ကွန်း တိုင်ရှိပါငဲ့။ လောကီထိပ်မိုး မဟာအယိ၊ ဘာမထိတဲ့၊ သာဏီမျိုး၊ အစိုးတရ တန်းခိုးပြဆိုသလို. . . မင်း. . . ဘယ်အထိအောင် တန်ခိုးတွေပြနေဦးမှာလဲ ကလေးရယ်. . ."

♣ ♣ ♣

## အခန်း(၁၄)

ပြည်ကမ်းနားတလျှောက်တွင် မှောင်စပြုနေပြီဖြစ်၏။ ထိုအချိန်တွင် အမိုးသမီးကြီးသုံးဦးသည် ရေချိုးဆိပ်မှ တတ်လာကြ၏။

ချောင်းကမ်းပါးတွင် ခုန်ပေါက်ပြေးလွှားရင်း ဆော့ကစားနေကြသည့် ကလေးငယ်တစ်အုပ်ရှိကြ၏။ ကလေးများမှာ အဝတ်မပါ ဗလာကိုယ်တုံးလုံး ဖြစ်ကြ၏။ သူတို့သည် ကလေးများ၏သဘာဝအတိုင်း တစ်ယောက်နှင့် တစ်ယောက် တွန်းထိုးရင်း ပြေးလွှားခုန်ပေါက်ရင်း အော်ဟစ်ရင်းဖြင့် ဆူညံစွာ ဆော့ကစားနေကြ၏။

ထိုအခိုက်တွင် သူရူးသူနှမ်းတစ်ယောက်သည် ကမ်းနားလမ်းအတိုင်း ဖြည်းဖြည်းလျှောက်လာ၏။ အရူးမှာ ကတ်ဦးထုပ်အဟောင်းအနွမ်းစုပ်ချာကြီးကို နဖူးအောက်အထိဆွဲချကာ မျက်နှာတစ်ဝက်နီးနီးဖုံးအောင် ဆောင်းထား၏။

ဝတ်ထားသည့် အင်္ကျီမှာလည်း အစုပ်စုပ်၊ အနုပ်နုပ်၊ အပေါက်အပြဲ တွေကလည်း ဖွာလန်ကြဲလျက်ရှိပြီး မည်းတူးညစ်နွမ်းနေလေ၏။ ပုဆိုးမှာ တွက်ပင်မပေါ်တော့။

ထိုမျှစုတ်ချာညစ်နွမ်းရသည့်အထဲ ၎င်းလက်ကောက်ဝတ်တွင် အိန္ဒိယ မိန်းမများဝတ်ဆင်လေ့ရှိသည့် ဖန်လက်ကောက်များကို ဝတ်ဆင်ထား ၏။ ဖန်လက်ကောက်များမှာ လက်နှစ်ဖက်စလုံးတွင် ဝတ်ဆင်ထားသဖြင့် လှုပ်လှဲ့၍ လမ်းလျှောက်လိုက်တိုင်း ဖန်လက်ကောက်သားချင်း ပွတ်တိုက် ညံသံထွက်ပေါ်နေတော့၏။

တချွင်ချွင် တချွတ်ချွတ်မြည်လျက်လျှောက်လာစဉ် ဆော့ကစားနေကြသည့် ကလေးအုပ်စုနှင့်နီးကပ်စွာ ရောက်ရှိလာလေရာ ကလေးများမှာ ၎င်းကို



www.burmeseclassic.com

www.burmeseclassic.com

သတိထားမိသွားပြီး. . .

"ဟေ့. . . ဟေ့. . . ဟိုမှာ. . . အရူးကြီးကွ"

ဟု ကလေးတစ်ယောက်က လက်ညှိုးထိုးကာအော်လိုက်၏။ ထိုအခါ ကလေးများမှာ ကြောက်သလို လန့်သလိုဖြင့် ၎င်းအနီးတိုးကပ်လာပြီး. . .

"ဗျို့. . . အရူးကြီး. . . ကျုပ်တို့ကို သီချင်းဆိုပြပါဦး"

နောက်ကလေးတစ်ဦးက တစ်မျိုးတောင်းဆိုပြန်၏။

"ဟာကွာ. . . သီချင်းဆိုတာထက် ကတာပိုကြည့်ကောင်းပါတယ်"

"ဟုတ်တယ်. . . ဟုတ်တယ်. . . အရူးကြီး ကပြစမ်းပါကွာ"

ဟု အားလုံးက တစ်ညီတစ်ညွတ်တည်းတောင်းဆိုကြလေ၏။ အရူးကြီးမှာပြုံးလျက်သားရှိနေပြီး အရူးများ၏သဘာဝအတိုင်း ဂနာမငြိမ်သည့် မျက်ဝန်းဖြင့် ကလေးများကိုကြည့်လေ၏။ သို့ကြည့်နေစဉ်မှာပဲ အတန်ငယ်သတိထားမိသွားသည့် ကလေးတစ်ဦးက. . .

"ဟေ့ကောင်တွေ. . . ဒီအရူးကြီးက ဟို. . . အရူးကြီးလို ကတတ်မှာ မဟုတ်ဘူးကွ။ ဟိုအရူးကြီးကမှ ကတတ်တာ"

နောက်ကလေးတစ်ဦးက ဘဝင်မကျသည့်လေသံဖြင့်. . .

"မဟုတ်ပါဘူးကွာ၊ ဒီအရူးကြီးက တို့စ,နေကျအရူးကြီးပါ"

"မဟုတ်ပါဘူးကွာ၊ ဟိုအရူးကြီးမှာ ဒီအရူးကြီးလို ဖန်လက်ကောက်တွေ ဝတ်ထားတာမဟုတ်ဘူး"

တစ်ယောက်တစ်ပေါက် ငြင်းခုန်နေကြသော်လည်း အရူးကြီးမှာ မည်သူ့ကိုမှရန်မမူ၊ ပါးစပ်ကိုဖြဲ၍ တဟဲဟဲသာရယ်နေ၏။ သို့ရယ်ရင်းက ဖန်လက်ကောက်များကို တချွင်ချွင်လှုပ်ခပ်ရင်း သွားလိုသည့်နေရာကို ခြေလှမ်းကြီးများဖြင့် ဆက်လျှောက်သွားလေ၏။

ထိုအခါ ကလေးများမှာ မျက်လုံးပြူးမျက်ဆံပြူးသွားပြီး. . .

"ဟိုက်. . . အရူးကြီးက ဟို သရဲချောက်တဲ့လှေပျက်ကြီးဆီသွားနေတယ် ဒီအရူးကြီးလည်း သရဲနဲ့ဖက်အိပ်ချင်လို့နဲ့တူတယ်"

ထိုအချိန်မှာပဲ အရူးကြီးသည် ကမ်းပါးမှမြစ်ဆိပ်ဆီသို့ ရောက်ရှိသွားပြီဖြစ်၏။ သူဦးတည်သွားနေသည်မှာ သရဲအလွန်ချောက်သည်ဟု နာမည်ကြီးသောလှေပျက်ကြီးဆီသို့ ဖြစ်၏။ ၎င်းလှေပျက်ကြီးမှာ မကောင်းဆိုးဝါးတွေ နားခိုရာလှေကြီးဟူ၍ တစ်သီးတစ်သန့်စွန့်ပစ်ထားခြင်းဖြစ်သည်။

ကလေးတစ်ယောက်ကမူ အသံကုန်ဟစ်၍. . .





"ဗျို့. . . အရူးကြီး၊ အဲ့ဒီလှေကြီးဆီကို မသွားနဲ့၊ ခင်ဗျားကို သရဲက ကုတ်ချိုးလိမ့်မယ်"

ဟု လှမ်းအော်လိုက်၏။ ထိုအခါ အရူးကြီးမှာ အားပါးတရအော်ဟစ်ရယ်လိုက်ပြီး ၎င်းလှေကြီးရှိရာသို့ လျှောက်မြဲတိုင်းဆက်လျှောက်သွားလေ၏။

လွန်စွာနာမည်ကြီး၍ ကြောက်လန့်စရာကောင်းသည့် လှေပျက်ကြီးမှာမူ မှောင်မဲအရိပ်ထဲ၌ သရဲသဘက်တစ်ကောင်ပမာ စင်းစင်းကြီးလဲလျောင်းနေလေ၏။

ညဉ့်တစ်ဝက်ကျိုးလောက်မှ မေးကန်အိပ်ပျော်သွားသည့် ကျွန်ုပ်သည် ကြက်အိပ်ကြက်နိုးဆိုသလိုဖြစ်နေရာ လင်းကြက်တွန်သံကြားရသည်နှင့် အိပ်ယာမှ လူးလဲထလိုက်၏။ သွားတိုက်၊ မျက်နှာသစ်ပြီးသည်နှင့် ဧည့်ခန်းဆောင်သို့ထွက်လာပြီး လသာဆောင်မှာ ကုလားထိုင်ချပြီး ထိုင်နေလိုက်၏။

ကျွန်ုပ်သည် ကောင်းကင်ကိုကြည့်လိုက် မြတ်ခါးဆီသို့ လှမ်းမျှော်ကြည့်လိုက်ဖြင့်ရှိနေရာမှ တစ်စုံတစ်ယောက်အတွက် စိုးရိမ်မှုသို ဖြေသိမ့်နေရ၏။ ထိုသူမှာ မိတ်ဆွေကြီးမင်းမြတ်ကျော်စွာဖြစ်၏။

နေမွန်းတည့်ချိန်လောက်ကတည်းက ထွက်သွားသည်မှာ တစ်ညလုံး ပြန်လည်ရောက်ရှိမလာသဖြင့် ကျွန်ုပ်မှာလွန်စွာစိုးရိမ်ပူပန်နေမိသည်။ မည်သို့သွားမည်ဟုလည်း ပြောမသွားသည်ကြောင့် ဘယ်လိုက်လို့ လိုက်ရှာရမှန်းမသိဖြစ်နေ၏။ အကျိုးအကြောင်း တစ်စုံတစ်ရာသိရလျှင်တော့ အတိုင်းအတာတစ်ခုအထိ စိတ်အေးနိုင်သေး၏။

ကျွန်ုပ်သည် စိတ်မောစွာပင့်သက်ရှိုက်လိုက်မိသည်။ အတွေးအာရုံ၌မူ တစ်နေ့လည်လုံးယောက်ယက်ခတ်သွားသည့် မိမိအဖြစ်အပေါ် ပြန်လည်ယောင်ရင်း တွေးတောသုံးသပ်မိပြန်၏။

ခရိုင်ပုလိပ်မင်းကြီးက ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာအား အရေးပေါ်ခေါ်ခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်ကြောင့် ကျွန်ုပ်မှာ ခေါင်းနားပန်ကြီး၏။ မင်းမြတ်ကျော်စွာကိုလည်း ဘယ်သို့လိုက်ရှာရမှန်းမသိ။ အမှုအခင်းအတ်သက်၍လည်း ကျွန်ုပ်တို့မှာဘာကိုမှ မယ်မယ်ရရ ကောက်ချက်မချ သေး။

လူသတ်မှုကလည်း တစ်မှုမှနှစ်မှု၊ နှစ်မှုမှသုံးမှုတိုးလာခဲ့ပြီး ကျွန်ုပ်တို့ ဆက်ပြီးရက်ပိုင်းအတွင်းဆက်တိုက်ဆိုသလိုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ကောက်ချက်ချနိုင်တာဟူ၍ ၎င်းလူသတ်မှုသုံးခုကို ကျူးလွန်ခဲ့သည့်တရားခံမှာ


www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းဟူ၍သာဖြစ်၏။ သို့ယူဆချက်မှာလည်း မိမိတို့၏ ထင်မြင်
သာဖြစ်သည်။ သက်သေအထောက်အထားခိုင်ခိုင်မာမာဖြင့် ပြောဆို၍မရသေး

တစ်နေ့ကသေဆုံးသွားသည့် လူမိုက်ကျော်ကြီးအလောင်းကိုသွားရောက်
စစ်ချက်ယူစဉ်က မျက်မြင်သက်သေရှိကြောင်းသိရသောအခါ ကျွန်ုပ်တို့နှ
လည်း သေဆုံးသူတိုစစ်ချက်ယူပြီး ၎င်းမျက်မြင်သက်သေရှိရာသို့အပြေးအလွှ
ရောက်ရှိခဲ့၏။ သို့သော်လည်း ကျွန်ုပ်တို့သွားမောကြီးဖြစ်ခဲ့ရ၏။

အကြောင်းကား ထိုမျက်မြင်သက်သေကျော်ကြီး၏ အမှိုးသမီးမလေး
မှာ အသိတရားလွတ်ကင်းပြီး ရူးသွပ်နေသည်ကိုတွေ့လိုက်ရသောကြော
ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အဖို့တရားခံကို ခြေရာကောက်နိုင်မ
အခွင့်အရေးတစ်ခု လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း မင်းမြတ်ကျော်စွာကတော့ မကြာခင်မှာ အသက်အန္တရာ
ဆုံးရှုံးဖွယ်အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည့် ပုဂ္ဂိုလ်နှစ်ဦးကို ကြို
ခန့်မှန်းပြောဆိုလေ၏။ ထိုသူတို့မှာ လွန်စွာဂုဏ်ရှိန်အဆင့်အတန်းမြင့်
သည့် စက်သူဌေးဌေးတိုးနှင့် ထိုသူ၏လက်ရုံးတပည့်လူမိုက်တာနေသာတို့ဟူ
ပြောဆို၏။

မင်းမြတ်ကျော်စွာသည် ကျွန်ုပ်တို့ပြည်မြို့သို့ရောက်ရှိပြီး နောက်တစ်
မှာပဲ အသတ်ခံရသူမစ္စတာဂျွန်ဝီလီယံမှအစပြု၍ ဆက်နွယ်ပတ်သက်
သူများတို့ လှို့ဝှက်စွာလေ့လာစုံစမ်းခဲ့ပြီး ထိုသို့ကောက်ချက်ချနိုင်ခဲ့ခြင်းဖြစ်သည်

"အိုင်ဗီရေ . . တရားခံကိုဒီကြားထဲ အမြန်ဆုံးဖော်ထုတ်နိုင်ဖို့ အ
ကြီးတယ်။ ဒါမှတောတ်ရင်လည်း အန္တရာယ်ကျရောက်မယ့် လမ်းကြောင်း
ဟန့်တားနိုင်ဖို့ ကြိုတင်တာကွယ်မှုတွေပြုလုပ်ထားရလိမ့်မယ်"

ဟု သုံးသပ်ပြီး ဌာနအုပ်တိုသန်းနိုင်အား မည်သို့ဆောင်ရွက်ထာ
ညွှန်ကြားခဲ့လေ၏။ မင်းမြတ်ကျော်စွာ၏အစီအစဉ်ကို ကြားလိုက်ရသ
ဌာနအုပ်တိုသန်းနိုင်မှာ လွန်စွာပျော်ရွှင်သွားပြီး ၎င်းကိစ္စကို အားချင်
ဆောင်ရွက်တော့၏။

ထိုကိစ္စဆောင်ရွက်ရသည့်သူ့အဖို့ နတ်ရေကန်ထဲလိမ့်ကျသွားသ
ပျော်ရွှင်သွားရခြင်းမှာ စက်သူဌေးဌေးတိုး၏လုံခြုံရေးအတွက် အနီးကပ်စော
ကြည့်ခွင့်ရသွားသောကြောင့်ဖြစ်သည်။ ၎င်းက စက်သူဌေးဌေးတိုးနှင့်သွ
ရောက်တွေ့ဆုံပြီး မိမိဦးဆောင်သည့်ပုလိပ်အဖွဲ့မှာ ၎င်းတို့လုံခြုံရေးကို တ
တဆိတ်တာကွယ်စောင့်ရှောက်မည်ဟူ၍ မျက်နှာချိုသွေးပြောဆိုလေရာ





သူဌေးဌေးတိုးက ဝမ်းမြောက်ဝမ်းသာညည်ခံပြီး လက်ဆောင်ပစ္စည်းများပေးလေ၏။

ထို့နောက်ပိုင်းနေ့ရက်များမှစ၍ ဌာနအုပ်ကိုသန်းနိုင်သည် ပုလိပ်သား အချို့ကို နေ့ညကျွတ်ခဲ့ပြီး စက်သူဌေးဌေးတိုး၏ နေအိမ်ဝန်းကျင်ကဝိုက်တွင် အစောင့်ချထားလေ၏။ ၎င်းပုလိပ်သားများကို မထင်မရှားရှိနေစေဖို့ အရပ်ဝတ်ဖြင့် တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

အစောင့်တာဝန်ယူရသည့် ပုလိပ်သားများမှာလည်း လိုလိုလားလားပင် တာဝန်ထမ်းဆောင်ကြ၏။ ထိုကိစ္စကြောင့် ကြားထဲမှအရှိန်အဝါကြီးမြင့်သွားသူမှာ စက်သူဌေး၏တပည့်လူမိုက်တာနေသာဖြစ်၏။ တာနေသာသည် ညနေစောင်းသည်နှင့် ကမ်းနားလမ်းမကြီးပေါ်က ထိပ်တန်းစားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ သွားရောက်ပြီး စားကောင်းသောက်ဖွယ်များကို စားသောက်ရင်း ဌာနအုပ်ကိုသန်းနိုင်နှင့်တွေ့ဆုံ၏။

သို့တွေ့ဆုံသည့်အခါ ဌာနအုပ်ကိုသန်းနိုင်က ထိုနေ့တစ်နေ့တာအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်ရင်းက မသင်္ကာဖွယ်တွေ့ရှိရသည့် အချက်အလက်များ၊ ထူးခြားဖြစ်စဉ်များကို ပုလိပ်မင်းကြီးထံတင်ပြအစီရင်ခံနေသကဲ့သို့ လူမိုက်တာနေသာကို ရှင်းပြရလေ၏။ တာနေသာကလည်း လွန်စွာအဆင့်တန်းမြင့်လှသည့်စားကောင်းသောက်ဖွယ်များနှင့်ဧည့်ခံလေရာ ဌာနအုပ်ကြီးမှာ လွန်စွာအကြိုက်တွေ့နေတော့၏။

ဌာနအုပ်ကိုသန်းနိုင်မှာ တာဝန်ပိုင်းအရ ကျွန်ုပ်တို့နှင့်နီးကပ်စွာရှိနေရသူဖြစ်၍ ကျွန်ုပ်တို့မှာလည်း ထိုရက်ပိုင်းအတွင်း ထူးခြားစွာပြောင်းလဲသွားသည့် သူ့ကိုသတိထားမိကြ၏။ လူကဲခတ်ရာတွင် လွန်စွာထူးချွန်သော မင်းမြတ်ကျော်စွာက ထိုအဖြစ်ကိုရိပ်မိပြီး ဤသို့မှတ်ချက်ပြုတော့မှ ကျွန်ုပ်လည်း ကောင်းစွာသဘောပေါက်နားလည်ခဲ့ရ၏။

"အိုင်ဗီရေ . . . ကျွန်တော့်စကားတစ်ခွန်းက လူတစ်ယောက်ရဲ့ဘဝကို အခုလောက်ပြောင်းလဲသွားလိမ့်မယ်လို့ ထင်မထားမိဘူး။ အင်း . . . ကုသိုလ်ပဲရမလား။ အကုသိုလ်ပဲရမလားတော့မသိဘူး"

ဟုပြောပြီး ဌာနအုပ်ကိုသန်းနိုင်၏ ရုတ်ခြည်းပြောင်းလဲသွားသည့် ဖြစ်တည်မှုအလုံးစုံကို ရှင်းပြလေရာ ကျွန်ုပ်မှာ အံ့ဩလွန်းသဖြင့် ပါးစပ်ဟောင်းလောင်းပင် ဖြစ်သွားလေ၏။

စက်သူဌေးဌေးတိုးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်းသတိပေးလိုက်သည့်မင်းမြတ်ကျော်စွာ၏ စကားတစ်ခွန်းသည် ဌာနအုပ်ကိုသန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

အတွက် အိုင်ယာလန်ထီပေါက်လိုက်သလို နေ့ချင်းညချင်း ပြောင်းလဲသွားခြင်းဖြစ်၏။ ဌာနအုပ်ကိုသန်းနိုင်မှာ ဟိတ်ဟန်မရှိသလို စကားပြောလျှင် ဖော်ရွေသည့်အပြုံးဖြင့် ပြောတတ်သူဖြစ်ရာ ၎င်းအားလက်အောက်ငယ်သားများ၏ ချစ်ခင်လေးစားခြင်းကို ရရှိသူဖြစ်သည်။

ရာထူးအဆင့်တူသူများအပေါ်တွင်လည်း မလိုမုန်းထားစိတ်မျိုးမရှိ။ သူတတ်နိုင်သမျှကူညီသူဖြစ်၏။ သူသည် ဆံတော်ရှင်ပုလိပ်ဌာနတွင် မစ္စတာဗွန်ဝီလီယံလုပ်ကြံခံရသည့်အမှုအခင်းမှအစပြု၍ နောက်ဆက်တွဲလူသတ်မှုများကို စုံစမ်းဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့နှင့်အတူ အထူးတာဝန်ပေးအပ်ခြင်းခံထားရသူဖြစ်၏။

ကျွန်ုပ်သည် လွန်ခဲ့သောတစ်နေ့ ရုံးပိတ်ရက်ညနေခင်းအချိန်က ပုံရိပ်များကို မေ့ပျောက်မရအောင် အမှတ်ထင်ထင်ဖြစ်ခဲ့ရ၏။ ထိုစဉ်က ဌာနအုပ်ကိုသန်းနိုင်သည် လွန်စွာသစ်လွင်ခန့်ညားသော ဝတ်စားဆင်ယင်မှုဖြင့် ကျွန်ုပ်တို့တည်းခိုဆောင်သို့ရောက်ရှိလာ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်ုပ်တို့နှစ်ဦးမှာ လေသာဆောင်တွင် ကုလားထိုင်ကိုယ်စီဖြင့် ကော်ဖီသောက်နေချိန်ဖြစ်၏။

ဌာနအုပ်ကိုသန်းနိုင်၏လက်ထဲတွင် အဆင်အသွေးလှပသည့်ရောင်စုံစက္ကူများဖြင့်ထုပ်ပိုးထားသည့် ပစ္စည်းအချို့ပါလာလေ၏။ ထုံးစံအတိုင်း သူသည် ကျွန်ုပ်တို့အား ၎င်းနှီးဖော်ရွေစွာ နှုတ်ဆက်လိုက်ပြီး လက်ထဲမှ ပါကင်အထုပ်များကို စားပွဲပေါ်သို့တင်လိုက်၏။ မင်းမြတ်ကျော်စွာမှာပြုံးလျက် ဦးခေါင်းညိမ့်ရင်း အသိအမှတ်ပြုနှုတ်ဆက်လိုက်၏။

ကျွန်ုပ်က ကြွေကရားထဲမှ အသင့်ဖျော်ပြီးသားကော်ဖီကို အလွတ်ဖန်ခွက်ထဲငှဲ့ထည့်လိုက်ပြီး ဧည့်ခံ၏။ ဌာနအုပ်ကြီးက ကျွန်ုပ်ဧည့်ခံသည့်ကော်ဖီကို အနည်းငယ်သောက်လိုက်ပြီး အိတ်ထဲက စီးကရက်ဗူးကိုထုတ်ကာ ဗူးထဲမှ စီးကရက်တစ်ပြပ်ထုတ်ယူလိုက်ပြီး မီးညှိဖွာရှိုက်ပြီးနောက် ထိုဗူးကို မင်းမြတ်ကျော်စွာထံ ဟရိုတသေကမ်းပေးရင်း ဧည့်ဝတ်ပြုလေ၏။

မင်းမြတ်ကျော်စွာမှာ မည်သို့မျှဟန်မပျက်သော်လည်း ကျွန်ုပ်မှာတော့ ၎င်းစီးကရက်ဗူးကိုကြည့်ရင်း ရုတ်ခြည်းပင် မျက်မှောင်တွန့်သွား၏။ ထိုအကြည့်က မင်းမြတ်ကျော်စွာနှင့်ဌာနအုပ်ကြီးထံ တပြိုင်တည်းကျရောက်သွားပြန်၏။

"သုံးဆောင်ပါ ဆရာကျော်စွာ၊ အဲဒီဂိုလ်းဖလိပ်စီးကရက်က ဆရာနှစ်နှစ်ခြိုက်ခြိုက်သောက်သုံးတဲ့ ပိုလိုစီးကရက်ထက် အဆင့်အတန်းမနိမ့်ပါဘူး။





အင်မတန်လည်း အရသာထူးကဲပါတယ်။ ဆရာ့အတွက် အဲ့ဒီစီးကရက်မျိုး တစ်ထောင့် (ဗူးတစ်ဒါဇင်)ပါလာပါသေးတယ်။ အနုဒဖောက်ပြီးသားဗူးကိုတော့ ကျွန်တော်တို့ကော်ဖီသောက်စကားပြောရင်း သုံးဆောင်ကြတာပေါ့ ဟဲ ဟဲ"

ထိုသို့ပြောလာသော်လည်း ကျွန်ုပ်မှာ ရေရေရာရာသဘောမပေါက်နိုင်ဖြစ်နေ၏။ ဌာနအုပ်ကြီး၏သွက်လက်မြူးကြွနေသည့် အပြောအဆို၊ လှပသစ်လွင်နေသည့်ဝတ်စားဆင်ယင်မှု၊ အထူးသဖြင့် ၎င်းဧည့်ခံလိုက်သည့် ဂိုလ်းဖလိပ်စီးကရက်မှာ ကျွန်ုပ်အား အထူးပင်စိတ်ဝင်တစားဖြစ်စေ၏။ အကြောင်းကား ၎င်းစီးကရက်အမျိုးအစားမှာ တော်ရုံငွေရှိရုံဖြင့် အနားပင်မကပ်နိုင်သည့် လွန်စွာတန်ဖိုးမြင့်မားသောစီးကရက်ဖြစ်သောကြောင့်ဖြစ်သည်။

ဌာနအုပ်မင်းကိုသန်းနိုင်ကို ကျွန်ုပ်အကဲခတ်မိသလောက် သူသည် ဆေးလိပ်ဖွာရှိုက်သည့်အလေ့အကျင့်မျိုးမတွေ့ရသလောက်ဖြစ်သည်။ ထိုစဉ်မှာတော့ သူသည် တကယ့်ဆိုက်ဂိုက်အပြည့်ဖြင့် ဂိုလ်းဖလိပ်စီးကရက်ကို ဖွာရှိုက်နေသည့်အတွက် ကျွန်ုပ်မှာနားမလည်နိုင်ဖြစ်ရလေ၏။

သို့သော်လည်း ၎င်းနားမလည်မှုများမှာ အချိန်တခဏအတွင်း အံ့သြမှုအဖြစ်သို့ပြောင်းလဲသွားတော့၏။ ကျွန်ုပ်သည် ပါးစပ်အဟောင်းသားဖြင့် နားထောင်ရင်း သူတို့နှစ်ဦးကို တစ်လှည့်စီကြည့်နေမိတော့၏။ မိတ်ဆွေကြီးမင်းမြတ်ကျော်စွာကတော့ သူ့ကိုယ်ပိုင်ဟန်အတိုင်း တစ်ပါးသူ၏ စကားကို တလေးတစားနားထောင်ပြီး မလိုအပ်ဘဲ စကားထောက်ခြင်း၊ ပြန်လှန်မေးခွန်းထုတ်ခြင်း၊ စိတ်မဝင်စားသလို အူတိအူကြောင်အမူအယာမျိုးလုပ်ခြင်းမရှိဘဲ ဌာနအုပ်စကားပြီးဆုံးသည်အထိ တလေးတစားနားထောင်လေ၏။ ဌာနအုပ်ကြီး၏စကားအဆုံးသတ်တော့မှ ပြောလိုသည့်စကားများကို တည်တည်ငြိမ်ငြိမ်ပြောလေ၏။

"ကျွန်တော်တို့အပေါ်မှာ စိတ်ရင်းစေတနာနဲ့ အခုလိုလာရောက်ပြောဆိုတဲ့ဌာနအုပ်ကြီးကိုကျေးဇူးတင်ပါတယ်။ အသိအမှတ်လည်းပြုပါတယ်။ တကယ်တော့ ကျွန်တော်တို့အပေါ်ထားတဲ့ ဌာနအုပ်ကြီးရဲ့စေတနာတွေ လွဲချော်နေပြီထင်တယ်။ ဒီနေရာမှာ ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲ ရိုးသားစွာ စကားတစ်ခွန်းတော့ပြောချင်ပါတယ် ကိုသန်းနိုင်"

ဟု ပြောလိုက်ပြီး ဖန်ခွက်ထဲမှ လက်ကျန်ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး ၎င်းဧည့်ဝတ်ပြုသည့်ဂိုလ်းဖလိပ်စီးကရက်ကိုဖွာရှိုက်ခြင်းမပြုဘဲ သူ့ကိုယ်ပိုင် ပိုလိုစီးကရက်ကိုသာ ထုတ်ယူမီးညှိပြီးနောက် စကားကို


www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြောလေ၏။

"အထူးသဖြင့် စက်သူဌေးငွေတိုးနဲ့ သူ့လက်ရုံးတပည့်တာနေဒတို့ အကြောင်းကိုပေါ့။ သူတို့ဟာ ကျွန်တော်တို့စုံစမ်းဖော်ထုတ်ရမယ့် လူသတ်မှုနဲ့ တိုက်ရိုက်မဟုတ်သော်မှ သွယ်ဝိုက်ပြီးပတ်သက်နေတယ်လို့ ကျွန်တော်ယူဆ တယ်။ ဒါကို ဌာနအုပ်မင်းလည်း သိထားတယ်။ ကျွန်တော်တို့ထက်ပိုပြီး အတွင်းကျကျသိနေတာက ကာယကံရှင်တွေဖြစ်တဲ့သူတို့နှစ်ဦးပဲ။ ဘာကြောင့် လည်းဆိုတော့ လူသတ်မှုဖြစ်ပွားဖို့ မြစ်ဖျားခံခဲ့တာ သူတို့ကြောင့်ဖြစ်နေလို့ပဲ"

"အဲ့ဒီလိုယူဆလိုက်လို့ သူတို့ကို လူသတ်တရားခံတွေလို့ စွပ်စွဲလိုက် တာမဟုတ်ဘူးနော်။ ဘယ်လိုအမှုအခင်းမျိုးဖြစ်ပစေ၊ ကျွန်တော်တို့စုံထောက် တွေအသုံးပြုတဲ့အများဆုံးနည်းလမ်းက သံသယအမြင်နဲ့ လူမျက်မြင်ပစ္စည်း သက်သေအထောက်အထားဆိုပြီး အမြင်နှစ်မျိုးနဲ့ ဆုံးဖြတ်ကြတယ်။ စက်သူဌေး ငွေတိုးနှင့်သူ့တပည့်တာနေဒတို့ကို ကျွန်တော်တို့ဟာ သံသယအမြင်နဲ့ ဆုံးဖြတ် ကြတယ်။ ဒီအကြောင်းကို ကျွန်တော်ကိုယ်တိုင် ခရိုင်ဝန်ပုလိပ်မင်းကြီးကို အစီရင်ခံခဲ့တာ ကိုသန်းနိုင်လည်း မျက်မြင်ကြားခဲ့ရတော့ ကျွန်တော်အကျယ် တဝင့်ပြောမနေတော့ပါဘူး။

ပြီးတော့ အသတ်ခံလိုက်ရတဲ့မျက်နှာဖြူအရာရှိ ဂျွန်ဝီလီယံဟာလည်း သူ့သေတွင်းသူတူးကဲ့လုပ်ရပ်မျိုးတွေ ကျူးလွန်ခဲ့တာ အထင်အရှားပဲလေ၊ တွေးကြည့်ရင် မြူတစ်မှုန်စာလောက်တောင် သနားစရာမရှိဘူး။ သို့ပေမယ့် ဥပဒေဆိုတာရှိနေသေးတော့ တရားတာ၊ မတရားတာထက် ဥပဒေကြောင်း အရ အရေးယူဖို့ဆိုတာ ကျွန်တော်တို့ရဲ့တာဝန်ဖြစ်နေတယ်မဟုတ်လား။ နောက်ပြီး ဂျွန်ဝီလီယံနဲ့တရင်းတနှီးဆက်ဆံပဲ့ယဲ့မှာ စက်သူဌေးငွေတိုးဟာ ဆက်ဆံမှုအများဆုံးပဲ။ ဂျွန်ဝီလီယံလိုပုဂ္ဂိုလ်မျိုးက လာဘ်လာဘကို မက်မော တယ်။ စက်သူဌေးငွေတိုးလိုပုဂ္ဂိုလ်မျိုးက မျက်နှာဖြူအရာရှိတွေကို လာဘ်ထိုး စားကောင်းသောက်ဖွယ်တွေနဲ့ဧည့်ခံ၊ မဟုတ်တာလုပ်တဲ့နေရာမှာလည်း ဝါသနာတူစရိုက်တူဆိုတော့ ငွေတိုးမဟုတ်တာလုပ်သမျှ ဂျွန်ဝီလီယံက တရား ဥပဒေကို မျက်ကွယ်ပြုပြီး ကာကွယ်ပေး၊ သူတို့အတွဲညီတာလည်း ညီသင့် တာပေါ့လေ။

ဒီအမှုအခင်းကြီးပေါ်ပေါက်လာခြင်းဟာလည်း သူတို့ရဲ့မဟုတ်တာ လုပ်ခဲ့ကြရာက ဖြစ်ပေါ်လာတဲ့ အငြိုးအတေးကြောင့်ပဲ။ ကျွန်တော်တို့အထူး သတိထားရမှာက ဒီအမှုကိုကျူးလွန်နေတဲ့လူသတ်တရားခံဟာ ပညာအခြေခံ





နဲ့ဉာဏ်အမြော်အမြင်ကြီးတဲ့လူတစ်ယောက်ဖြစ်နေလို့ပဲ။ ပြီးတော့ ဆက်သွယ် ရေးလမ်းကြောင်းကောင်းအောင် ကြားခံလူတစ်ယောက်ပါဝင်ကူညီနေတယ်လို့ ကျွန်တော်ယူဆတယ်။ ကျွန်တော်သုံးသပ်မိတာကိုပြောရရင် တရားခံဟာ မြန်မာနိုင်ငံသားလူငယ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ရာဇဝင်ကြွေးကို အဆုံးတိုင် လက်တုန့်ပြန်ဖို့ ဆုံးဖြတ်ထားလိမ့်မယ်။ ဒါကြောင့်လည်း ကျွန်တော်က စက်သူဌေးငွေတိုးမှာ အန္တရာယ်ကျရောက်နိုင်တယ်လို့ ဘောတ်ချက်ချရတာပေါ့"

ဟု တောက်လျှောက်ပြောလာသည့်စကားကို အဆုံးသတ်လိုက်ပြီး စီးကရက် ကိုဖွာရှိုက်ရင်း အတန်ကြာငြိမ်သက်နေလေ၏။ ဌာနအုပ်ကိုသန်းနိုင်မှာ သူ ထင်သလိုဖြစ်မလာသည့်အတွက် အားတုံ့အားနာအမူအယာဖြင့် . . .

"ဆရာကျော်စွာသုံးသပ်တာမှန်ပါတယ်။ သူဌေးမင်းကလည်း သူ့အန္တရာယ် ကိုသိနေလို့ ကျွန်တော်တို့အဖွဲ့ကို အထူးပဲအားကိုးအားထားပြုနေပါတယ်။ ဆရာကျော်စွာတို့နှစ်ယောက်ကို အခုလိုလက်ဆောင်ချီးမြှင့်တာလည်း ကျေးဇူး တုန့်ပြန်တဲ့သဘောပါ။ အမှန်အတိုင်းဝန်ခံရရင် ဒီရက်ပိုင်းအတွင်းမှာ သူဌေးမင်း ချီးမြှင့်ပေးကမ်းတဲ့ပစ္စည်းတွေ၊ ငွေကြေးတွေကြောင့် ကျွန်တော်ဟာ နတ်ပြည် ရောက်နေသလို ပျော်ရွှင်နေမိတယ်။ ဒီလိုဖြစ်ရတာလည်း ဆရာကျော်စွာရဲ့ ညွှန်ကြားမှုကြောင့်ပါ။ ဒီအကြောင်းကို သူ့ကိုပြောပြတော့ သူကအားရဝမ်း သာနဲ့ ဆရာတို့နှစ်ဦးကို အခုလိုလက်ဆောင်ပစ္စည်းတွေပေးပို့ပြီး သူ့ကိုယ်စား တောင်းခံခဲ့ဖို့မှာကြားလိုက်တာပါ"

"ကောင်းပါပြီ ကိုသန်းနိုင်၊ ကျွန်တော်တို့ကိုတရင်းတနှီးဖိတ်ကြားတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ သူ့ရဲ့အသက်အန္တရာယ်ကိုလည်း တရားဥပဒေ နဲ့အညီ ကာကွယ်ပေးသွားပါ့မယ်။ ဒါပေမယ့် ကိုယ်ပြုခဲ့တဲ့အကုသိုလ်ကံက လွန်ကိုကြီးမားနေရင်တော့ မတတ်နိုင်ဘူးပေါ့ဗျာ။ အဲ့ဒီစကားတွေကို သူဌေးမင်းငွေတိုးကိုပြန်ပြောလိုက်ပါ။ သူဧည့်ဝတ်ပြုလိုက်တဲ့လက်ဆောင်ပစ္စည်း တွေကို လက်မခံနိုင်တာ ခွင့်လွှတ်ပါဆိုတာလည်းပြောရင်း အဲ့ဒီပါကင်ထုပ် တွေကိုပြန်ပေးလိုက်ပါတယ်လို့. . . "

ကျွန်ုပ်သည် ထိုစဉ်က မင်းမြတ်ကျော်စွာနှင့် ဌာနအုပ်ကိုသန်းနိုင်တို့ ပြောဆိုခဲ့ကြသည့် အထက်ပါစကားများကို ပြန်လည်ကြားယောင်မိရင်း အားပါး ရချီးကျူးလိုက်မိသည်။ စကားဝိုင်းကလေးမှာ ဘာမှမထူးခြားသလိုထင်ရသော် လည်း အသေအချာ အကဲခတ်ကြည့်ပါက ပြောနေသူနှစ်ဦး၏ စရိုက်သဘာဝကို မြူအမဲကွဲပြားသွားသလို ထင်သာမြင်သာရှိလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုနောက်ပိုင်းနေ့ရက်မှစ၍ မင်းမြတ်ကျော်စွာသည် ဌာနတွင် တစ်နေ့ ပြည့်အောင်ရှိမနေတော့ဘဲ အချိန်တိုင်းပင် အပြင်ထွက်နေတော့၏။ မည်သို့ သွားမည်ဟုလည်း မှာကြားခြင်းမပြုခဲ့သဖြင့် ကျွန်ုပ်မှာမျှားစွာအခက်တွေ့ ရ၏။ နေ့လည်က ခရိုင်ပုလိပ်မင်းကြီးခေါ်တွေ့သည့်အခါ ကျွန်ုပ်ကအဆ ပြေအောင် အလုပ်တာဝန်ဖြင့် သွားလာနေကြောင်း ဖြောင့်ကွယ် ကွယ်ရ၏

ပုလိပ်မင်းကြီးမှာ စိတ်ကောင်းဝင်နေသည်လားမဆိုနိုင်။ နောက်တစ်နေ့ တွင် မင်းမြတ်ကျော်စွာအားတွေ့လိုကြောင်း၊ အမှုနှင့်ပတ်သက်၍ ထူးခြား ဖြစ်စဉ်များကို အပြည့်အစုံတင်ပြအစီရင်ခံရမည်ဟူ၍သာ မှာကြားလိုက်သဖြ ကျွန်ုပ်မှာ စိတ်သက်သာမှုရရှိခဲ့၏။ ထိုတပ်ကြိမ်စိတ်သက်သာပေမယ့် နောက် တစ်နေ့မှာ မင်းမြတ်ကျော်စွာ က ဒီနေ့လို မပြောမဆိုအပြင်ထွက်သွားပါက ကျွန်ုပ်တစ်ယောက်တည်း ခေ ဆင်းနင်းခံရသလို ရင်ဆိုင်ရမှာသေချာသည်

အခုလည်း တစ်ညလုံးပြန်မလာသည့်မိတ်ဆွေကြီးအတွက် စိုးရိမ်စွ စောင့်မျှော်နေမိသည်။ ကျွန်ုပ်သည် သို့လောသို့လောတွေးတောရင်း ခြံဝသို့ အမှတ်မထင်ကြည့်လိုက်မိရာ. . .

မှုန်ရိုးတဝါးအလင်းထဲ သိသာစွာမြင်လိုက်ရသည့်လူတစ်ယောက်ကို တွေ့လိုက်၏။ ပုံသဏ္ဌာန်မှာ သဲသဲကွဲကွဲမရှိ။ ဦးထုပ်ကိုငိုက်၍ ဆောင်းထာ သဖြင့် မျက်နှာကိုကောင်းစွာ မတွေ့ရသလို ဝတ်ထားသည့်အဝတ်များမှာလည် ဖွာလန်ကြဲကာ စုတ်ပြတ်နေ၏။ ထူးခြားသည်က လက်တွင်စွပ်ထားသော ဘာမှန်းမသိသော ကွင်းများဖြစ်သည်။ လူကောင်းသူကောင်းတော့ ဖြစ်နိုင် ဖွယ်မရှိဟု တွေးနေဆဲမှာပဲ ထိုသူသည် ဘာကိုမှ ဂရုမစိုက်ဘဲ မိမိရှိရာ တည်းခိုဆောင်ဆီသို့ စိုက်စိုက်မတ်မတ် ဝင်လာ၏။

သူ့အိမ်သူ့ယာထဲဝင်လာသကဲ့သို့ ရဲရဲတင်းတင်းခြေလှမ်းမျိုးလျှောက် လှမ်းလာရာ ကျွန်ုပ်လည်း ဘယ်လိုမှငြိမ်နေ၍ မဖြစ်တော့သည်ကြောင့်. . .

"ဟေ့. . . ဘယ်သူလဲ၊ ပြန်ထွက်သွားစမ်း"

ကျွန်ုပ်က ဆင်ဝင်အောက်မှာရပ်၍ ခပ်ထန်ထန်မာန်မဲပြီးနှင်ထုတ်လိုက် သော်လည်း ထိုသူကမူ ကြောက်လန့်ခြင်းအလျှင်းမရှိသည့်အမူအယာဖြ ရှေ့သို့သာလျှောက်မြဲလျှောက်လာပြီး ကျွန်ုပ်ကိုပင်လက်ပြနှုတ်ဆက်လိုက် သေး၏။

ကျွန်ုပ်သည် ဘယ်လိုမှသည်းမခံနိုင်တော့။ စိတ်ထဲ၌လည်း အော့ သက်သက်ဖြစ်သွား၏။





"ဟေ့ကောင်. . . သော့က်ရှူး၊ ဒါ မင်းပထွေးအိမ်မဟုတ်ဘူးကွ။ သေချင်း ဆိုးနဲ့သော်သွားချင်လို့လား။ တောက်. . . အခုသွားမလား၊ မသွားဘူးလား"

ဒေါသဖြင့် ဟိန်းထသွားသော ကျွန်ုပ်၏အသံကြောင်း ထိုလူမှာ နောက် ဆုန့်သွားခြင်းမပြုသည့်အပြင် ကျွန်ုပ်ကိုကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ် မောလေ၏။ သို့ရယ်မောနေရင်း ပြောလာသည့်စကားကြောင့် ကျွန်ုပ်မှာ အံ့ဩခြင်း၊ တွေဝေခြင်းတို့ဖြင့် အူကြောင်ကြောင်ဖြစ်သွားတော့၏။

ထိုသူမှာ အခြားသူမဟုတ်ပေ။ ဘယ်လိုမှ ရုပ်ဖမ်းအကဲခတ်၍ မရလောက် အောင် ရုပ်ပြောင်းရုပ်လွှဲလုပ်ထားသည့် မိတ်ဆွေကြီးမင်းမြတ်ကျော်စွာပင် ဖြစ်ပေတော့၏။

"ဗို့. . . စုံထောက်ကြီး၊ ကျွန်တော့်ကို အထဲဝင်ခွင့်ပြုပါဦးဗျာ။ တစ်နေ့ လုံးဘာမှလည်းမစားရသေးဘူး။ တစ်မေ့မှလည်း မအိပ်ရသေးဘူး။ စားစရာ အကြွင်းအကျန်လေးများရှိသေးရင် စွန့်ကြပါဦးဗျာ"

ထိုအခါမှ ကျွန်ုပ်လည်းသတိဝင်လာပြီး တံခါးဝတွင်ပိတ်ရပ်သလိုရှိ နေသည့် ကျွန်ုပ်ခန္ဓာကိုယ်ကို လူဝင်သာအောင် ဘေးဖယ်ပေးလိုက်ပြီး. . .

"ဘယ်လိုများဖြစ်နေတာလဲ ကိုယ့်ဆရာရယ်။ ရှိသမျှအပူတွေကို ကျွန်ုပ် ခေါင်းပေါ်တင်ပြီး တစ်နေ့လုံးပျောက်နေလိုက်တာ။ ပြည်ကိုတော့ အတူရောက် လာပါရဲ့၊ ပြီးတော့ ကျုပ်ကိုအထီးကျန်သလို တစ်ယောက်တည်းထားခဲ့ပြီး ကိုယ့်ဆရာကတော့ သွားချင်ရာသွားနေတယ်။ အကြိုးရှိရင်လည်းပြောပါဗျာ။ တော့ဖြုတ်သလိုကြီး တော့ မလုပ်ပါနဲ့"

ဟု နောက်သလိုအတည်လိုလို ပုံစံဖြင့်ပြောလိုက်ရာ မိတ်ဆွေကြီးကတည်းခို ဆောင်အတွင်းလှမ်းဝင်လာပြီး သဘောကျစွာ ရယ်လေ၏။ သို့ရယ်ပြီးသည်နှင့်-

"အကြိုးလည်းမရှိပါဘူး။ တော့ဖြုတ်တာလည်း မဟုတ်ပါဘူး။ ကျွန်တော်က အိုင်ပီကို စိတ်မပင်ပန်းစေချင်တဲ့စေတနာပါဗျာ။ တရားခံက အင်မတန် ဖျင်တယ်။ ပါးနပ်တယ်။ ရဲစွမ်းသတ္တိလည်းရှိသလို တိုက်ခိုက်မှုစွမ်းရည်လည်း မြင့်မားတယ်။ ကျွန်တော်တို့ကြုံတွေ့ခဲ့ရတဲ့တရားခံတွေလို သမာရိုးကျ ခြေရာ လို့မရဘူးလေ။ သူက ကျွန်တော်တို့ကို သားကောင်ကိုအလစ်ချောင်းနေတဲ့ ဆိုးလိုမျိုးစောင့်ကြည့်နေတယ် မဟုတ်လား"

ဟု ရယ်မောကာပြောရင်း သူ၏စုပ်ချာနေသည့် ဝတ်စားဆင်ယင်မှု တွေကို တစ်ခုပြီးတစ်ခုဖယ်ရှားပြီးနောက်. . .

"ကဲ. . . အိုင်ပီ ကျွန်တော့်မှာပြောစရာစကားတွေ အများကြီးရှိတယ်။


www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ကျွန်တော်တို့မှာ အချိန်သိပ်မရှိဘူး။ ကဲပါလေ၊ ကျေးဇူးပြုပြီး စားစရာအကြွင်းအကျန်လေးတွေ စီစဉ်ပေးပါဦး။ သူတောင်းစားရုပ်ပေါက်နေတဲ့ ကျွန်တော့်မျက်နှာပေါ်က မျက်နှာချေတွေကို သွားခွာလိုက်ဦးမယ်"

ဟုပြောပြီး ရေချိုးခန်းရှိရာ ထွက်ခွာသွားစဉ်မှာပဲ ကျွန်ုပ်လည်း ကော်ဖီနှင့် မုန့်များစီစဉ်ဖို့ မီးဖိုချောင်ရှိရာသို့ အလျင်အမြန်ထွက်ခဲ့၏။

လေသာဆောင်ဝရံတာတွင် ကျွန်ုပ်တို့နှစ်ဦးဆုံမိကြသောအခါ မင်းမြတ်ကျော်စွာသည် ယခင်ရုပ်ရည်အတိုင်း သပ်ရပ်ခန့်ညားစွာရှိနေလေ၏။ သူသည် ကျွန်ုပ်ကို မည်သည့်စကားမျှမဆိုသေးဘဲ စာတစ်စောင်ကို စိတ်ဝင်တစားရေးနေလေ၏။ သို့ရေးပြီးသည်နှင့် ကော်ဖီနှင့်မုန့်များကို မြိန်ယှက်စွာ စားသောက်ပြန်၏။

အကြောင်းတိစွာတစ်ခုခုအတွက် ကြောင့်ကျနေသလို စိတ်မြန်လက်မြန် စားသောက်နေသည့် သူ့ကိုကြည့်ရင်း ကျွန်ုပ်၏စူးစမ်းချင်စိတ်များမှာ ပို၍ပင် ကြီးထွားလာလေ၏။

သူသည် အတော်အတန်အာသာပြေအောင်စားသောက်ပြီးနောက် လက်မှနာရီကိုကြည့်လိုက်ပြီး. . .

"ကဲ. . . အိုင်ပီရေ ကျွန်တော်တို့စကားပြောဖို့ ဆယ့်ငါးမိနစ်လောက်ပဲ အချိန်ရမယ်။ ကျွန်တော်ကပဲ စပြောပါ့မယ်"

ဟု စကားကိုအစပျိုးလိုက်ပြီးနောက် ပိုလိုစီးကရက်ကို မီးညှိပြီးနှစ်ဖွာ သုံးဖွာခန့် အားပါးတရဖွာရှိုက်ပြီး စကားကိုဆက်လေ၏။

"ဒီလိုဗျာ ကျွန်တော်အခုလို စိတ်လွတ်ကိုယ်လွတ်လှုပ်ရှားနိုင်တာ အိုင်ပီ ရှိနေလို့ပေါ့။ ဟဲ ဟဲ. . . ပြောရရင် အိုင်ပီ့ကို နောက်တန်းမှာ ကာကွယ်နိုင်အောင်ပေါ့ဗျာ။ ဒါမှလည်း ခရိုင်ပုလိပ်မင်းကြီးတို့၊ ဌာနအုပ်ကိုသန်းနိုင်တို့နဲ့ မပြတ်ဆက်သွယ်မှုရှိမယ်လေ။ နို့မဟုတ်ရင် ကျွန်တော့်မှာ စိတ်သွားတိုင်း လှုပ်ရှားခွင့်ရမှာမဟုတ်ဘူး။ ပုလိပ်မင်းကြီးတို့လို အထက်အရာရှိကြီးတွေဟာ ကိုယ့်လက်အောက်ငယ်သားတွေ ဘယ်လိုစွမ်းဆောင်နေကြတယ်ဆိုတာ မသိဘူး။ ထစ်ကနဲဆို ရုံးခန်းထဲခေါ်မယ်။ ဆူမယ်၊ ကြိမ်းမယ်။ ကျွန်တော်တွေလို ဆဲဆိုကြိမ်းမောင်းမယ်ဆိုတာလောက်ပဲ သိကြတယ်။ တကယ်ဆိုရင် အဲဒီ အချိန်တွေမှာ ကိုယ့်အလုပ်အပေါ် အာရုံစိုက်လိုက်ရင် ဘယ်လောက်အကျိုးရှိမလဲ။ ဒါကြောင့် ကျွန်တော်က အဲဒီအပိုင်းတွေကို အိုင်ပီနဲ့လွှဲထားလိုက်တော့ အခုလို တရားခံရဲ့လှုပ်ရှားမှုကို အသေအချာခြေရာခံမိတာပေါ့ဗျာ"

"ဟိုက်. . . ကြားရတာ အလွန့်ကို မင်္ဂလာရှိလိုက်တာဗျာ။ အိုကေ. . . အိုင်ပီကျော်စွာ၊ ဒါဆိုရင် ကျုပ်သေနတ်ကို အဆင်သင့်ပွတ်တိုက်ထားရတော့မယ်ပေါ့။ လုပ်. . . လုပ်စမ်းပါဦး။ ကျုပ်တို့ တရားခံကို ဘယ်တော့သွားဖမ်းမလဲ"

"အခုပဲ သွားဖမ်းမယ်"

ကျွန်ုပ်သည် သားကောင်ကို ပစ်ခတ်တော့မည့်မုဆိုးကဲ့သို့ ရုတ်ခြည်းပင် စိတ်အားတက်ကြွသွားပြီး နေရာမှ ရုတ်ခြည်းထရပ်လိုက်၏။ ထိုစဉ်မှာပဲ-

"ကြိုက်ပြီဗျာ၊ ကျွန်တော်က အဲဒီလိုအသင့်ဖြစ်နေတာမျိုးမှ သဘောကျတာ ဟား ဟား ဟား။ ဒါပေမယ့် တံသေကံမ အပိုင်တွက်လို့မရသေးဘူး အိုင်ပီရ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာအံ့အားသင့်စွာကြည့်ရင်း အူတူတူ ပြန်ထိုင်လိုက်ရ၏။

"ဘာတွေလဲ ကိုကျော်စွာရယ်၊ မောင်ရင်က ရှုပ်းမလိုနဲ့ ရှုပ်ရှုပ်သွားပြန်ပြီ"

ဟု စိတ်မသက်မသာညည်းရင်း ပြောလိုက်ရာ မင်းမြတ်ကျော်စွာက ပြုံးလျက်က. . .

"ဒီလိုဗျ၊ လူသတ်သမားက သိပ်လျင်သိပ်ပါးနပ်တော့ ကျွန်တော်တို့ လက်မတင်လေးနောက်ကျသွားနိုင်တယ်။ နောက်ပြီး အသတ်ခံရတဲ့လူတွေရဲ့ အကုသိုလ်ကံကကြီးနေရင်တော့ အဲဒီလူသတ်မှုကို ကျွန်တော်တို့ဘယ်လိုမှ တားဆီးနိုင်မှာမဟုတ်ဘူး။ ရှင်းအောင်ပြောရရင်တော့ ကံကြမ္မာက စီရင်သွားတဲ့သဘောပဲ"

ဟု အဆုံးသတ်ပြောလိုက်ပြီး ကျွန်ုပ်အား အထုပ်အပိုးများ ပြင်ဆင်ခိုင်းပြန်ရာ. . .

"ဘယ်လိုကြီးလဲ ကိုကျော်စွာ. . . တရားခံဖမ်းရမှာနဲ့ အထုပ်အပိုးပြင်ဆင်တာနဲ့ ဘယ်လိုမှမပတ်သက်ဘူးထင်တယ်"

"အများကြီးပတ်သက်တာပေါ့။ တရားခံက ပြည်မြို့မှာ ဖမ်းရမှာ မဟုတ်ဘူး။ ရန်ကုန်မှာ ဖမ်းရမှာဗျ"

"ဗျာ"

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

ဖိုးစိန်လမ်းဟူသောလမ်းမကြီးမှာ တစ်ချိန်တုန်းက ဇာတ်မင်းသားကြီး ဦးဖိုးစိန်အား ဂုဏ်ပြုမှည့်ခေါ်ထားသောလမ်းမကြီးဖြစ်သည်။ ထိုလမ်းမှာ ကန်တော်ကြီးစောင်းတွင်တည်ရှိပြီး အကွေ့အကောက်ထူပြောလှ၏။ လမ်းမကြီးမှာ ပျို့အန်လာသည့် အာရုဏ်ဦးအလင်းကို စောင့်မျှော်ရင်း ငိုက်မျဉ်းသလိုရှိနေလေ၏။

လူကုံထံအသိုင်းအဝိုင်းများသာ နေထိုင်သည့်အရပ်ဒေသဖြစ်၍ ဆိတ်ငြိမ်လျက်ရှိပြီး အစဉ်သဖြင့် လူသွားလူလာကင်းမဲ့သလို ခြံဝန်းတစ်ခုနှင့်တစ်ခုမှာလည်း ကျယ်ဂန်းလှပြီး အကြောင်းမဲ့ ကူးလူးဆက်ဆံခြင်းမရှိသည့်အတွက် နက်ရှိုင်းသည့်တောနက်ကြီးအတွင်းရောက်နေသလို ထင်မှတ်ရလေ၏။

သို့လူသူကင်းမဲ့နေသည့်လမ်းပေါ်၌ လူတစ်ယောက်သည် သွက်လက်မြန်ဆန်သောခြေလှမ်းကြဲများဖြင့် လျှောက်လှမ်းလာနေ၏။ ထိုသူသည် အထိုက်အလျောက်ကြီးမားသည့် ကွက်ကျဲရက် ဝါးခြင်းတစ်ခြင်းထမ်းထားပြီး ခြင်းထဲ၌မူ နှင်းဆီ၊ မေမြို့၊ သစ္စာ၊ သပြေ၊ ဒေါနစသဖြင့် အမျိုးအမည်များပြားသော ပန်းများရှိလေ၏။

ထိုသူသည် ပန်းခြင်းတောင်းကို ပုခုံးပေါ်တင်လျှောက်လာသော ပန်းသည်များကဲ့သို့ အော်ဟစ်ရောင်းချခြင်းမရှိဘဲ တိတ်ဆိတ်စွာလျှောက်လှမ်းနေသည်မှာ ထူးဆန်းသလိုဖြစ်နေ၏။

ဝတ်စားဆင်ယင်ပုံကလည်း အထင်သေးရက်စရာမရှိ၊ အတွင်းရှပ်အင်္ကျီကလည်ကတုံးနှင့်အပေါ်အင်္ကျီကလည်း ခေါက်ရိုးမကျိုးသော ပင်နီတိုက်ပုံနှင့်ဖြစ်သည်။ ၎င်းနှင့်တွဲဖက်ဝတ်ဆင်ထားသည့် ဒဲနက်ရောင်ရှမ်းဘောင်းဘီကလည်း သစ်လွင်လှသည်။





သူသည် တောင်နှင့်မြောက်တန်းနေသောလမ်းအတိုင်း ခပ်သုတ်သုတ်လျှောက်လာရင်း ခြံပေါက်ဝန်ပါတ်များကို ဂရုတစိုက်ကြည့်ရှုလေရာ ထိုနံပါတ်များမှာ သူ့တောင်းထဲကပန်းများထက် သူ့အဖို့အလွန်အရေးကြီးနေသလို ထင်မှတ်ရ၏။

သို့လျှောက်လှမ်းလာရင်း တစ်ခုသောခြံရှေ့သို့အရောက်တွင် ခြေလှမ်းများအား တုန့်ကနဲရပ်တန့်သွား၏။ သူသည်ခြံဂိတ်ကိုလည်းကောင်း၊ ခြံတံခါးကိုလည်းကောင်း၊ ခြံဝန်းကိုလည်းကောင်း၊ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကိုလည်းကောင်း စေ့စပ်စွာကြည့်၏။

ခြံအမှတ်၊ အိမ်ပုံစံနှင့် ခြံဝန်းအနေအထားမှာ သူ့ခေါင်းထဲ၌ အလွတ်ကျက်မိထားသည့်အတိုင်း ကွက်တိဖြစ်နေသောကြောင့် လှစ်ခနဲ ဝမ်းသာသွား၏။ ထို့နောက် သူသည်ခြံ၏တံခါးအနီးသို့ တဖြည်းဖြည်းတိုးကပ်လိုက်ပြီး ခြံထဲသို့ သတိကြီးစွာထား၍ အကဲခတ်လိုက်၏။

လူရိပ်လူစမတွေ့မရသဖြင့် သစ်သားတံခါးကို ကိုင်ကာ တွန်းဖွင့်ဖို့ဟန်ပြင်လိုက်စဉ်မှာပဲ. . .

"ဟေ့ကောင်. . . မင်းခြေလှမ်းကို နေရာမရွေ့ ရပ်နေလိုက်စမ်း"

စံပါယ်ရုံအကွယ်မှ ခပ်ထန်ထန်ထွက်ပေါ်လာသည့်အသံကြောင့် သူ လက်တွန့်သွား၏။ သူသည် လွန်စွာရိုးကျိုးသည့်လေသံဖြင့်

"ကျွန်. . . ကျွန်တော် ပန်းသည်ပါခင်ဗျာ၊ ဒီအိမ်က မမလေးက ခရီးရောက်မဆိုက် အန္တရာယ်ကင်း၊ ဘေးကင်းစေဖို့ ဘုရားပန်းတွေ ဝေဝေဆာဆာ ပူဇော်ချင်တယ်ဆိုပြီး မှာထားလို့ပါ။ ဒီကပြီးရင် မွှေတိဂုံကို ပန်းတွေပို့ရဦးမှာမို့လို့ အခုလို စောစောထွက်လာခဲ့တာပါ"

ဟူ၍ အကျိုးသင့်အကြောင်းသင့်ရှင်းပြလိုက်ရာ စောစောကအသံသာ ကြားရပြီး လူကိုမတွေ့ရသေးသည့်အသံရှင်သည် လွန်စွာကြီးမားသောစံပါယ်ရုံအကွယ်မှာ လှစ်ခနဲ ထွက်လာ၏။

ပန်းသည်လူငယ်သည် သူ့မျက်နှာကို အမှောင်ရိပ်ကျသည့် ခြံစည်းရိုးတံတိုင်းနှင့်မသိမသာကွယ်လိုက်ပြီး အသံရှင်ကို အကဲခတ်လိုက်ရာ သူ့မျက်နှာမှာ ရှုတ်ခြည်းပင်တင်းမာလို့သွား၏။ မေးကြောများထောင်ထလာပြီး လက်သီးကို ခပ်တင်းတင်းဆုပ်လိုက်ပြီး စူးရဲသောမျက်ဝန်းဖြင့် ကြည့်လိုက်၏။

ထိုသူမှာ ကတုံးဆံပင်နှင့်ဖြစ်ပြီး လူပုံက ဂင်တိုတို၊ ဝဖိုင့်ဖိုင့်၊ နှမည်နှင့်လိုက်အောင် မျက်နှာပေါက်ဆိုးလှသူဖြစ်သည်။ ထိုသူအနီးသို့ရောက်လာစဉ်



www.burmeseclassic.com

www.burmeseclassic.com

မှာပဲ ပန်းသည်လူငယ်က သူ့ခန္ဓာကိုယ်ကို အမှောင်ရိပ်အတွင်းပိုင်းသို့ပို၍ တိုးဝင်လိုက်၏။

"ပန်းပို့တာတော့ ဟုတ်ပြီ။ မင်း မမလေးက ဘာမှာထားသေးလဲ"

"ပန်းသည်လာရင် မမလေးပန်းဝယ်မလားလို့ မှာထားပါတယ်ခင်ဗျာ"

လူငယ်သည် စကားကို အနည်းငယ်မျှ တုန်ရီမှုမရှိအောင် ထိန်းချုပ်ရင်း ယဉ်ကျေးစွာပြောလိုက်ရာ တစ်ဖက်လူမှာ မယုံကြည်နိုင်သေးသည့် အကြည့် မျက်လုံးများဖြင့် စူးစိုက်ကြည့်ပြန်၏။ အတန်ကြာမှ. . .

"မင်းစကားအရတော့ သေချာပါတယ်။ ငါက မင်းကို ဒီအချိန်မျိုးမှာ ရောက်လာလိမ့်မယ် ထင်မထားဘူး"

ဟု တွန့်ဆုတ်ဆုတ်လုပ်နေပြန်သဖြင့် ပန်းသည်လူငယ်ကလည်း အသင့် စဉ်းစားထားပြီးဖြစ်သည့် စကားဖြင့်. . .

"ဒီလိုရှိပါတယ် အစ်ကိုကြီးရာ၊ ကျွန်တော်တို့အလုပ်သဘောအရ သူများ တွေလို အိပ်ယာထဲကွေးနေလို့မရဘူးလေ။ ဝီရိယရှိရှိနဲ့ မနက်မိုးမလင်းခင်မှာ ကိုယ့်ပန်းတွေကို ဈေးကွက်ထဲအရောက်ပို့ရတာ မဟုတ်လား။ အခု ကျွန်တော့် တောင်းထဲမှာ ပါလာတဲ့ပန်းတွေဟာ မမလေးအကြိုက်တွေ့စေမယ့် ပန်းတွေပါ ကဲပါ. . . အစ်ကိုကြီးရာ၊ ခြံအပြင်ကြီးမှာဆိုတော့ မြင်မကောင်းပါဘူး။ တံခါး လေးတစ်ဆိတ်လောက်ဖွင့်ပါဦး"

ဟူ၍ ခပ်ယယပြောလိုက်ရာ လိုလူလည်းသော့ဖွင့်လိုက်ပြီး ရင်ဆေး သစ်သားတံခါးကို တစ်ကိုယ်စာ ဟလိုက်လေ၏။ ပန်းသည်လူငယ်သည် မျက်နှာကို တောင်းနှင့်ကွယ်ပြီး အတွင်းသို့သွက်လက်စွာ ဝင်လိုက်၏။ တစ်ဆက်တည်းပင် ပန်းတောင်းအတွင်းရှိ ပန်းများကြားသို့ လက်နှိုက်ကာ တောင်းကိုအသာချလိုက်၏။

ပန်းသည်လူငယ်၏လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ လွန်စွာမြန်ဆန် လှ၏။ သူသည် တစ်ဖက်သို့လှည့်ကာ တံခါးပြန်ပိတ်နေသောထိုလူ၏ နံသို့ ဖြတ်ကနဲ ခုန်ဝင်သွားပြီး ထိုလူ၏နောက်မှ လည်ပင်းကိုသိုင်းဖက်လျက် အားကုန် ဆွဲချလိုက်၏။

"ဟာ. . . အား. . . အီး"

ထက်မြက်လှသောအရာတစ်ခုသည် ထိုသူ၏လည်ပင်းအတွင်း နက်နက် အထိ နစ်မြုပ်ပွတ်ဆွဲခြင်းကို ခံလိုက်ရသဖြင့် အာခမေဒိုက်သံနှင့်အတူ လဲကျ သွားလေ၏။ မျက်လုံးမှက်ဆံအပြူးသားဖြင့် ပန်းသည်လူငယ်ကို မသွေးနွေးသွေး ပန်း





ကြည့်နေလေရာ ပန်းသည်လူငယ်က သူ့မျက်နှာကိုမြင်သာအောင်ပြလိုက်ပြီး-

"ကဲ. . . ဘယ်လိုလဲ၊ လူမိုက်ကြီးတာနော၊ တော်တော်အရသာရှိသွားပြီ ဟုတ်လား။ ဟား ဟား ဟား သူများအပေါ်မှာ နှမသားချင်းမစာနာ လွန်ဖို့ဝန်မလေးတဲ့ ခင်ဗျားတို့ကို လွယ်လွယ်နဲ့အလွတ်ပေးမယ်ထင် လား။ သူ့ကြွေးရှိရင် ပြန်ဆပ်ရမယ်ကွ၊ အခု ငါဘယ်သူ့အကြွေးဆပ်တယ် င်လဲ။ ဦးမိုးမှောင်နဲ့ ဒေါ်ပန်းရုံတို့ရဲ့ကြွေးလေ။ မင်းတို့ရက်ရက်စက်စက် ကြံတာကိုခံလိုက်ရတဲ့မိသားစုပေါ့။ ကျုပ်က ကျုပ်မိသားစုအတွက် ရာဇဝင် ကြွေးကို သွေးနဲ့ဆပ်ဖို့ ခင်ဗျားတို့ဆီရောက်လာတဲ့လှိုင်ဘွားဆိုတာ ခင်ဗျား သွားပြီ မဟုတ်လား"

ဟု ပြောနေစဉ်မှာပဲ လူမိုက်ကြီးတာနောသည် ဝေဒနာကို မချိမဆန့် ညည်းညူရင်းက ငြိမ်သက်သွားတော့၏။ ထိုအခါ ပန်းသည်လူငယ်သည် ရက်စွာအားရကျေနပ်သည့် အကြည့်နှင့်အတူ နှုတ်ခမ်းထောင့်စွန်းလေးကို ဘုစွာတွန့်ကွေးပြုံးလိုက်ပြီး အိမ်အဝင်တံခါးမကြီးဆီသို့ အမှောင်ရိပ်ခိုကာ လျှင်အမြန်ချဉ်းကပ်သွားလေ၏။

"ဟင်"

လူငယ်သည် သတိဝီရိယကြီးစွာဖြင့် တံခါးရွက်ကို စူးစမ်းလေ့လာရာ ဂျွစွာအံ့ဩသွား၏။ တံခါးရွက်မှာ တွန်းကြည့်ရုံနှင့် ကျွီကနဲ ပွင့်သွားသော ကြောင့်ဖြစ်သည်။ သူသည် စဉ်းစားမရအောင် ဖြစ်သွား၏။

တံခါးကို ဘာကြောင့်အတွင်းက ကျက်ထိုးမထားရပါလိမ့်။ နမောနမဲ့ထိုး ပိတ်လို့ ကျက်မမိသွားလို့လား။ သို့မဟုတ် တာနောကို အိမ်ထဲအိမ်ပြင် ဝင်အထွက်လုပ်နိုင်ရန် တမင်စေ့ထားတာမျိုးလား။ သို့တည်းမဟုတ် ရန်ကုန် ထိတော့ မိမိတို့ရန်သူလိုက်လာနိုင်စရာအကြောင်းမရှိဟူသော သဘောမျိုးနှင့် ပေါ့ပေါ့ဆဆနေလေရော့သလား။

ဖြစ်နိုင်ချေရှိသည်များမှာ တွေးမည်ဆိုလျှင် တမေ့တမောရှည်လျားသွား ပါလိမ့်မယ်။

လူငယ်သည် အချိန်ကြာကြာတွေဝေနေ၍မဖြစ်တော့ပြီမို့ အိမ်ထဲ ခပ် သွက်သွက်ဝင်လိုက်ပြီး အခြေအနေကို အကဲခတ်လိုက်ကာ ဧည့်ခန်းဟုယူဆ သော်လည်း ပရိဘောဂအသုံးအဆောင်ဟူ၍ အနည်းငယ်သာတွေ့ရ၏။

သူ၏အကြည့်က အိမ်၏ခြေရင်းဘက်ရှိ လှေကားဆီသို့ ဖျတ်ကနဲ ရောက်သွား၏။ လျှင်သောအသိနှင့်သွက်လက်သောလှုပ်ရှားမှု တစ်သား



www.burmeseclassic.com

www.burmeseclassic.com

တည်းကျရောက်သလို သူသည် ၎င်းလှေကားခြေရင်းသို့ ရှတ်ခြည်...
ရောက်ရှိသွား၏။ လှေကားမှာ အပေါ်ထပ်သို့ တက်သည့်ကစ်ခုတည်း...
တစ်ဆစ်ချိုးလှေကားဖြစ်သည်။

သူသည် စက္ကန့်တိုင်း မိနစ်တိုင်းကို တန်ဖိုးရှိစွာအသုံးချနိုင်ဖို့...
ကြီးသည်။ အနည်းငယ်မျှ လွဲချော်၍မဖြစ်သလို ဆုံးရှုံးသွားလို့လည်း...
သည်ကြောင့် အပေါ်ထပ်ဝရံတာဆီသို့ အလျှင်အမြန်တတ်ခဲ့လေ၏။

မကြာခင်မှာ နံနက်အာရုဏ်အလင်းသန်းလာတော့မည်။ လူငယ်...
ခြေဖွ၍ စကြိုလမ်းအတိုင်းလျှောက်လှမ်းခဲ့ရာ အတော်အတန်ကျယ်ဝန်း...
အခန်းကျယ်ကြီးသုံးခန်းကိုတွေ့လိုက်ရ၏။ အိမ်ကြီးမှာ မှန်အိမ်ယ...
ထွန်းထားသည်ကြောင့် တစ်အိမ်လုံးလင်းလျက်ရှိသဖြင့် ကံကြမ္မာက ...
ပေးမထားသလို ဖြစ်နေတော့၏။ သို့သော်လည်း ၎င်းအလင်းရောင်ကြေ...
အန္တရာယ်မှာ အချိန်မရွေးကျရောက်နိုင်သဖြင့် လွန်စွာသတိထားပြီး လှ...
နေရ၏။

လူငယ်သည် အခန်းသုံးခန်း၏အနေအထားကို လျှင်လျှင်မြန်မြန်...
အကဲခတ်လိုက်၏။ ပထမအခန်းမှာ သူ့အတွက် စိတ်ဝင်စားဖွယ်မရှိ...
လည်း ဒုတိယအခန်းကတော့ သူ့အာရုံကို ဖမ်းစားနိုင်ခဲ့၏။ အခန်းတွ...
ပီမို ကုလားထိုင်စသဖြင့် ခန့်ခန့်ညားညားတွေ့ရ၏။ လွန်စွာအထက်...
ကျသည့် အဝတ်အထည်များတို့ အကျီချိတ်များဖြင့် ချိတ်ဆွဲထားလေ...
၎င်းအခန်းမှာ လူနေခန်းဟု တွက်ဆလိုက်၏။

ထိုအချက်ကိုပို၍ ခိုင်မာစေသည့်အခန်းအလယ်ရှိ နှစ်ယောက်...
ကုတင်ကြီးဖြစ်သည်။ လွန်စွာပါးလွှာသည့်ဇာခြင်ထောင်တို့တွေ့ရပြီး မီးရော...
အလင်းဖြင့် ကုတင်ပေါ်ခင်းထားသည့် ထုထည်ကြီးမားသောမွေ့ယာကြီး...
တွေ့လိုက်ရ၏။

"ဟင်"

သူ့အမြင်အာရုံမှားမှားသလားဟု အသေအချာကြည့်လိုက်သည်။ သေ...
သည်။ ကုတင်ပေါ်၌ လူတစ်ယောက်အိပ်စက်နေသည်မှာ လုံးဝသေချာ...

"အင်း. . . ကြည့်စမ်းပါဦး၊ လူအများအပေါ်မှာ မတရားခေါင်းပုံဖြ...
အမြတ်ကြီးစားပြီး နတ်စည်းစိမ်ခံစားနေလိုက်ကြတာ။ ဟင်း. . . ဟင်း...
ခံစား. . . ခံစား ကိုယ့်လူ၊ ကိုယ့်လူခံစားဖို့ စက္ကန့်ပိုင်းလေးပဲရှိပါတော့တယ်...
မကြာခင် ကိုယ့်လူတို့ ငရဲစည်းစိမ်တစ်လှည့်ခံစားဖို့ တိုယ်အရောက်ပို့ပေးပါမယ်...





လူငယ်သည် အကြိမ်ကြိမ်ရာဇဝင်ကြွေးဆပ်ခဲ့သည့် ဆောင်မားကို
...ကိုင်ရင်း ၎င်းကုတင်အနီးသို့ သစ်ရွက်ပမာ ပေါ့ပါးသည့် ခြေလှမ်းဖြင့်
...ပ်ခဲ့လေ၏။ သူသည် ဒုတိယအကြိမ် အံ့ဩသွားပြန်၏။ ထို့အတူ
...က်တိုလည်း လေးဝင်စွာရှုထုတ်လိုက်မိသည်။

"တော်သေးတာပေါ့၊ အသေအချာကြည့်လိုက်မိလို့၊ မဆင်မခြင်သာ
...လိုက်မိရင် ဒီအဖြစ်က တစ်သက်လုံးနောင်တရစရာဖြစ်သွားမှာ"

...ခြင်ထောင်အတွင်းအိပ်ပျော်နေသူမှာ သူတွေ့လိုသူမဟုတ်ဘဲ အမျိုး
...တစ်ဦးဖြစ်နေသောကြောင့် ဖြစ်သည်။ အမျိုးသမီးသည် အိပ်မောကျ
...န်တွင်၏။

သူသည် ထိုနေရာမှ အတော်လှမ်းလှမ်းဆီသို့ စက္ကန့်ပိုင်းအတွင်း ဆုတ်ခွာ
...၏။ ပြီးနောက် တတိယအခန်းဆီသို့ ဦးတည်ရွေ့လျားလိုက်၏။ ခန်းဆီးတို
...သို့ဆွဲ၍ အတွင်းသို့ငဲ့ကြည့်လိုက်ရာ တော့ခိုင်းလျက်အနေအထားဖြင့်
ကြည့်စားပွဲဘွင်ထိုင်နေသူတစ်ဦးကို တွေ့လိုက်ရ၏။

လူငယ်၏မျက်ဝန်းအိမ်က ထိုအခိုက်မှာပဲ တွန့်ကနဲ ကျုံ့သွား၏။
...ကိုင်းအနေအထားမှာပင် ထိုသူကို ကောင်းစွာခွဲခြားသိလိုက်၏။ သံသရာ
...လုံးတိုင် ဘယ်တော့မှ မေ့မရသည့် ထိုသူကိုမြင်လိုက်သည်နှင့် လူငယ်၏
...သားများမှာ ရုတ်ခြည်းပင် ရှုန်းကြွသွားလေ၏။

...လှုပ်တစ်ချက်လှုပ်တွက်သွားသည့်ဒါသကို အလျှင်အမြန်ထိန်းချုပ်လိုက်ပြီး
...ငယ်သည် အခန်းတွင်းသို့ တရွေ့ရွေ့ဝင်ရောက်သွား၏။ ကျောခိုင်းထိုင်
...သူ၏ နောက်ကျောတွင်ရပ်လျက် ထိုသူကို စူးစိုက်ကြည့်လိုက်ရာ ထိုသူမှာ
...ရင်းအင်းများကို စိတ်ဝင်တစားတွက်ချက်နေကြောင်းသိလိုက်ရ၏။

လူငယ်သည် ရပ်မြဲရပ်လျက် ထိုသူကို စိမ်ပြေနပြေ အရသာခံကြည့်
...လေ၏။ ထိုအခိုက်မှာပဲ တိုင်ဆိုင်သည်ဟု ယူဆရမလား၊ ကံကြမ္မာကပဲ
...တီးလိုက်သလားမဆိုနိုင်။ အံ့ဩဖွယ်တိုက်ဆိုင်မှုတစ်ခုဖြစ်သွားလေ၏။

ထိုသူသည် စာရင်းအင်းကို အချိန်ကြာမြင့်စွာ အာရုံစူးစိုက်ပြီး တွက်ချက်
...သည်ထင်၏။ သူသည် ကလောင်တံကိုချပြီး ဇာက်ကြောလျှော့သလိုဖြင့်
...ခေါင်းကို ကုလားထိုင်နောက်တန်းပေါ်မှီလျက် နောက်သို့လှန်လိုက်ရာ
...အားအပေါ်မှ အုပ်စီးသလို ငုံ့ကြည့်နေသည့် ပြုံးဖြီးဖြီးမျက်နှာတစ်ခုကို
...တွေ့လိုက်ရ၏။

တွေ့လိုက်သည့်ခဏမှာပဲ သူသည် ဟင်ကနဲ အာမေဋိတ်အသံထွက်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး မျက်ဝန်းက ကြက်သေ,သေသလို ပြူးကြောင်ကြောင် ဖြစ်သွား၏။ သို့သော်လည်း စက္ကန့်အနည်းငယ်အတွင်း သူသည် အံ့ဩတုန်လှုပ်သည့်အရှ အယာဖြင့် ကုလားထိုင်မှ ဝုန်းကနဲ ခုန်ထလိုက်ပြီး. . .

"မင်း. . . မင်း. . . ဘယ်. . . ဘယ်သူလဲ၊ သူ. . . သူခိုး၊ မင်း သူခိုး မဟုတ်လား"

ဟု လက်ညှိုးထိုးရင်း ကတုန်ကရီပြောလေတော့၏။ လူငယ်မှာ ထိုသူ၏ အဖြစ်ကို သဘောကျစွာပြုံးလျက်ကြည့်နေဆဲပင်ဖြစ်၏။ ထိုသူက သို့ပြော နေရင်း တစ်စုံတစ်ရာကိုသတိရသွားဟန်ဖြင့်. . .

"တာ. . . တာနေခဘယ်ရောက်သွားလဲ။ ဟော့ကောင်. . . တာနေခ. . . ခွေးမသား အရေးအကြောင်းဆို ဘယ်ရောက်နေမှန်းမသိဘူး. . . တာနေခ"

ဟူ၍ ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်ရာ လူငယ်မှာ ကဆုန်ပေါက် သလို ဂနာမငြိမ်ဖြစ်နေပုံကြောင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ သို့ရယ်ပြီးနောက်. . .

"ဘာကြောင့်များ ဒီလောက်တုန်လှုပ်နေရတာလဲ သူဌေးမင်းရယ်၊ ခင်ဗျားနဲ့ ကျုပ်က သူစိမ်းတွေမဟုတ်ပါဘူး။ တစ်နယ်တည်းသားတွေပါဗျာ၊ ဘယ်သူလည်းဆိုတာ သေချာကြည့်ပါဦးဗျာ။ ခင်ဗျားရဲ့သိဟောင်းကျွမ်းဟောင်း ထဲကများ ဖြစ်နေမလားလို့. . ."

"ဟော့ကောင်. . . မင်း. . . ငါ့ကို အကြောင်းလာရှိက်မနေနဲ့၊ မင်းကို ငါမသိဘူး။ သိစရာအကြောင်းလည်းမရှိဘူး။ မင်း အခုချက်ချင်းထွက်သွားစမ်း။ မင်း ငါ့ကို ဘာကောင်များထင်နေလို့လဲ"

"အိုး. . . ဟိုး. . . ကျုပ် ခင်ဗျားကို သိပ်ပြီးအထင်ကြီးပါတယ်ဗျာ၊ ကျုပ်အထင်ကြီးအားကျတဲ့ပုဂ္ဂိုလ်တွေထဲမှာ ခင်ဗျားက ထိပ်ဆုံးပဲ။ ဒါပေမယ့် လူကောင်းသူကောင်းအဖြစ်မျိုးမဟုတ်ဘူး။ အင်မတန်ယုတ်မာကောက်ကျစ်တဲ့ လူယုတ်မာအဖြစ်နဲ့ပေါ့"

"ဘာ. . . ဘာကွ"

သူဌေးမင်းဟူသော ပုဂ္ဂိုလ်သည် မခံမရပ်နိုင်အောင်ဒေါသဖြစ်နေလေပြီ။ သူသည် ဝမ်းခေါင်းသံကြီးဖြင့် သူ၏လက်ရုံးတပည့်တာနေခကို အော်ဟစ်ခေါ် လိုက်ရာ ထိုအဖြစ်ကိုကြည့်ရင်း လူငယ်မှာ လှောင်ပြောင်ရယ်မောရင်း. . .

"ဗျို့. . . သူဌေးမင်း. . . . ခင်ဗျားဘယ်လိုအော်အော် ခင်ဗျားတပည့် တာနေခက ခင်ဗျားဆီလာနိုင်တော့မှာမဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျားအလွန်





တန်ထိုးထားတဲ့တပည့်ကို ခင်ဗျားတွေ့ရမှာပါဗျာ။ ခင်ဗျားတွေ့ရမယ့်နေရာက လူ့ပြည်မှာမဟုတ်ဘူး။ ငရဲပြည်မှာ။ သူက လူ့ပြည်မှာ မပြီးပြတ်သေးတဲ့ အကုသိုလ်အလုပ်တွေကို ငရဲပြည်မှာ ဆရာတပည့်နှစ်ယောက် အတွဲညီလုပ် ဖြစ်ဖို့ ခင်ဗျားကိုစောင့်နေလေရဲ့"

ဟုပြောရင်း ထိုသူအနီးသို့ တရွေ့ရွေ့တိုးကပ်သွားလေ၏။ လူငယ်ပြော လိုက်သည့်စကားကို ထိုသူသည် ရုတ်ခြည်းပင် သဘောပေါက်သွားပြီး ဆောက်တည်ရာမရလောက်အောင် တုန်လှုပ်ချောက်ချားသွားလေ၏။

"မင်း. . . မင်း. . . တာနေခကို. . . တာနေခကို. . ."

"ဟား ဟား ဟား. . . မဆိုးဘူး သူဌေးမင်း၊ ခင်ဗျားသဘောပေါက်လွယ် သားပဲ။ ကျုပ်ဘယ်သူဖြစ်တယ်ဆိုတာလည်း ခင်ဗျား ရိပ်မိလောက်ရောပေါ့။ ခက်တာပဲ။ ခင်ဗျားတို့ကို ကျုပ်က ပြည်မှာပဲတွေ့ချင်တာ။ ခင်ဗျားတို့ ရန်ကုန်ကိုချိန်းတော့ ရန်ကုန်အထိလာတွေ့ရတာပေါ့ဗျာ"

"ဟော့ကောင်. . . မင်း. . . ရှေ့မတိုးနဲ့နော်။ မင်းနဲ့ငါ့ကြားမှာ တွေ့စရာ ဘာအကြောင်းမှမရှိဘူး။ မင်းဘယ်သူဆိုတာလည်း ငါမသိဘူး"

"ဟား. . . တကယ့်အာဂသူဌေးမင်းပါလား။ ကဲပါလေ၊ ခင်ဗျားက ကြောင်လိမ်နေမှတော့ ကျုပ်ကလည်း ပြောင်ပဲပြောရတော့မှာပေါ့။ ဦးမိုးမှောင် ဒေါ်ပန်းရုံဆိုတာတော့ ခင်ဗျားသိမှာပေါ့။ ပြီးတော့ သူတို့သမီးချောလေး နန်းကြော့ခိုင်။ ခင်ဗျားသွေးသားသောင်းကျန်းတာကို အရှက်တကွဲအကျိုးနဲ ရင်ဆိုင်လိုက်ရပြီး လူ့လောကကြီးထဲက အရှက်နဲ့အသက်ကိုလဲသွားတဲ့ မိန်း ကလေးလေ။ ဘယ်လိုလဲ။ သူတို့ကိုတော့ သူဌေးမင်းသတိမရဘူးလို့ငြင်းရင် ကျုပ်က ဟောဒီအိမ်ကြီးပြိုကျသွားအောင် ရယ်ရလိမ့်မယ်"

ထိုအခါမှာတော့ သူဌေးမင်းငွေတိုးသည် ဘာတစ်ခွန်းမှမပြောနိုင် လောက်အောင် ဆွံ့အသွားသလို ဖြစ်သွားလေ၏။ အသွေးအသားတွင်း၌ စိမ့်၍ ရှန်းကြွလာသည့်ကြောက်စိတ်ကြောင့် ခန္ဓာကိုယ်က ရေလောင်းထား သလို ရွဲရွဲစိုစို နေတော့၏။

"မင်း. . . မင်း. . . လှိုင်. . . လှိုင်ဘွား။ မင်း သေပြီမဟုတ်လား"

"ဟား ဟား ဟား ခင်ဗျားတို့ လူယုတ်မာတစ်စုကို လက်တုန့်ပြန်ဖို့ ကံကြမ္မာက ကျုပ်ကို သေရာကနိုးထစေခဲ့တာလေ"

လူငယ်သည် စကားပြောရင်းက ရှေ့သို့တိုးမြဲတိုး၍ ချဉ်းကပ်နေလေရာ သူဌေးမင်းငွေတိုးမှာ ထိတ်လန့်တုန်ရီလျက် နောက်သို့ဆုတ်မြဲဆုတ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ဆုတ်ရင်း ပြေးပေါက်ကိုလည်း ချောင်းလေရာ ပြေးလမ်းမှာ လူငယ်က ပိတ်ဆို့ထားသဖြင့် မကြံတတ်အောင်ဖြစ်နေလေ၏။

လူငယ်ကိုင်ဆောင်ထားသည့်ဓားကလည်း အလင်းရောင်အောက်တွင် တဝင်းဝင်းတလက်လက် ရှိနေ၏။ လူသတ်မှုကိုဘက်တိုက်ကျူးလွန်ခဲ့သည့် ဓားဖြစ်မည်ဟု သူတွက်ဆလိုက်၏။ သို့ဆိုလျှင် မိမိကိုလည်း. . .

'သူဆက်မတွေးဝံ့တော့။ သူသည် နောက်သို့တစ်လက်မမျှ ဆုတ်နိုင်ခြင်း မရှိတော့ပေ။

သူ၏ကျောမှာပြတင်းပေါက်ဘောင်နှင့် ကပ်နေပြီဖြစ်၏။ အထိတ်တလန့်ဖြင့် အောက်သို့ငုံ့ကြည့်လိုက်ရာ မြင်လိုက်ရသည့်မြင်ကွင်း ကြောင့် စိတ်အားတက်ကြွသွား၏။ ပြတင်းပေါက်၏အောက်တည့်တည့်တွင် ဖွဲအိတ်များထပ်ထားသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

လွတ်မြောက်ခွင့်ရရှိဖို့ ကစ်ခုတည်းသောနည်းလမ်းမှာ ထိုအိတ်များပေါ် တည့်တည့်ကျအောင် ခုန်ချနိုင်မှသာဖြစ်ပေတော့မည်။

ရုတ်ခြည်းပင် ခုန်ချဖို့ဟန်ပြင်လိုက်၏။ သို့သော်လည်း သူ့အကြံကို စောစီးစွာရိပ်မိနေသည့် လူငယ်က စက္ကန့်ပိုင်းမျှ လက်ဦးမှုရယူလိုက်ရာ-

"အား"

"ဘုန်း"

ဓားသွားကြီးက တစ်အိမ်လုံးဟိန်းလွင့်သွား၏။ သူဌေးကြီးငွေတိုးသည် အံ့ဩထိတ်လန့်သည့် မျက်လုံးကြီးကို အစွမ်းကုန်ပြူးလျက် လူငယ်ကိုကြည့် နေရင်းက ခနရာမှာပင် ဒူးညွှတ်ကျသွားတော့၏။

လူငယ်သည် ထိုသူ၏အထိတ်တလန့်မျက်နှာကြီးကို အံ့ယောက်ကာ အရသာခံလျက်ကြည့်နေပြီးနောက် တစ်စုံတစ်ခုကိုသတိရမိလိုက်သဖြင့် နေရာမှ ဆတ်ကနဲ ထလိုက်၏။ သူသည် ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်သွား၏။ ကိုယ့် ခံစားချက်အပေါ် ဦးစားပေးပြီး ဘာလို့သတိလက်လွတ်နေခဲ့ရပါလိမ့်။

ထိုနေရာမှ ဆုတ်ခွာရန် ဟန်ပြင်လိုက်စဉ်မှာပဲ သူ့အမို့ကြီးတင်ပြင်ဆင် ခွင့်မရှိလောက်အောင် နောက်ကျသွားပြီဖြစ်၏။

"ရှင် အဲဒ်နေရာက နည်းနည်းလေးမှ ရွေ့မယ်မကြံနဲ့နော်။ ကျွန်မ သေနတ်ဘဲက ကျည်ဆံက ရှင့်နှလုံးသားတည့်တည့်ကို ချိန်ထားတယ်။ ရှင် လှုပ်ယောက်ကို အချိန်အနည်းငယ်ခြားပြီး ရှေ့ဆင့်နောက်ဆင့်သတ်လိုက်တာ ကျွန်မမျက်မြင်ပဲ"





နောက်ကျောဘက်ဆီမှ နီးကပ်စွာထွက်ပေါ်လာသည့် အမျိုးသမီးအသံ ကြောင့် လူငယ်သည် ထိုအတိုင်းငြိမ်နေလိုက်ရ၏။ လူငယ်သတိပြုမိလိုက် သလိုပင် ထိုအမျိုးသမီးမှာ လူငယ်တွေ့ခဲ့ရသည့် ကုတင်ပေါ်တွင် အိပ်မော ကျနေသော အမျိုးသမီးဖြစ်ကြောင်း သံသယဖြစ်ဖွယ်မရှိပေ။

လူငယ်၏လျင်သောအသိက တစ်စုံတစ်ခုကို သတိပြုမိလိုက်၏။ ယိ အမျိုးသမီးသည် အဘယ်ကြောင့် ယခုမှထွက်ပေါ်လာရပါသလဲ။ တကယ် ဆိုလျှင် မိမိနှင့်ငွေတိုးအော်ကြီးဟစ်ကျယ်ပြောနေကတည်းက ရောက်ရှိလာ သင့်၏။ ပွဲပြီးသည့်အထိချောင်းမြောင်းစောင့်ဆိုင်းနေသည်မှာ မည်သို့သော အကြံအစည်ကြောင့်လဲ။

အခြားအကြောင်းတစ်ခုမှာ အမျိုးသမီးသည် သူ့ကိုယ်သူ တည်ငြိမ်မှု ရှိအောင် အဘင်းထိန်းချုပ်နေသည်မှာ သိသာ၏။ သူမသည် မိန်းမသား ပီပီ မျက်မြင်တွေ့လိုက်ရသော သွေးထွက်သံယိုမြင်ကွင်းကြောင့် လွန်စွာ ကြောက်လန့်နေသဖြင့် ပြောလိုက်သည့်စကားသံမှာ သိသိသာသာတုန်ရီနေ၏။ လူငယ်သည် ထိုအချက်ကို ပိုင်ပိုင်နိုင်နိုင်အသုံးချရန် ဆုံးဖြတ်လိုက်ပြီး အမျိုး သမီးနှင့်မျက်နှာချင်းဆိုင် အနေအထားသို့ ခန္ဓာကိုယ်ကိုလှည့်လိုက်စဉ်. . .

"ဒိုင်း"

"အား"

ပေါက်ကွဲသံသည် တစ်အိမ်လုံးကိုသာမက ဦးဖိုးစိန်လမ်းတလျှောက်လုံး ကိုပင် မြည်ဟိန်းသွားတော့၏။


www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၆)

ထိုနေ့မနက်ခင်းသည် ကျွန်ုပ်ဘဝအတွက် လွန်စွာကျက်သရေယုတ်သော မနက်ခင်းဟူ၍ သတ်မှတ်ရမလားမဆိုနိုင်။ တစ်ညလုံးမအိပ်ဘဲခရီးဆက်ခဲ့ရသဖြင့် မူးဝေနောက်ကျိနေသော ဦးခေါင်းမှာ မနက်ခင်းရန်ကုန်သို့ရောက်သည်နှင့် ဆယ်ပေါင်တူနှင့်အထုခံရသလိုအဖြစ်မျိုး ရင်ဆိုင်ရတော့၏။

ပထမဆုံးထုလိုက်သူမှာ မေရီမိုးမြင့်ဟူသော ကျွန်ုပ်၏အိမ်သူသက်ထားဖြစ်သည်။ မအိပ်မနေ ခရီးဆက်ခဲ့ရ၍ ပင်ပန်းလာသည့်လင်ယောကျ်ားကို နွေးထွေးစွာဆီးကြိုဖို့အသိတရားမရှိဘဲ အိမ်အဝရောက်သည်နှင့် အမောဆို့စေမည့်မေးခွန်းပေါင်းများစွာဖြင့် ဆီးကြိုလိုက်သောကြောင့်ဖြစ်သည်။

ကျွန်ုပ်မှာ စိတ်ထဲဘဂင်မကျဖြစ်သွားသော်လည်း ယောကျ်ားဟူသမျှ နောက်တန်းကဟူသည့် ထုံးကိုနှလုံးမူလျက် မေးလာသည့်မေးခွန်းများကို ဘဝင်မကျသည့်လေသံမျိုးမပေါ်လွင်အောင် ချိုသာစွာဖြေလိုက်ရာ ထိုအခါကျမှ မအိမ်ကြီးရှင်က မျက်နှာရှစ်ခေါက်ချိုးဖြင့် ကျွန်ုပ်အားပြစ်တင်ပြောဆိုတော့၏။

ထိုအခါမှာတော့ ကျွန်ုပ်၏သည်းခံနိုင်မှုစွမ်းရည်မှာ ငယ်ထိပ်က ဖောက်ထွက်သွားပြီး ထိုနေရာ၌ လေဆင်နှာမောင်းလို ပြင်းထန်သော ဒေါသအစိုင်အခဲများ အလုံးအရင်းဝင်ရောက်လာပြီး သူမအပေါ် အစွမ်းကုန်ဖောက်ခွဲလိုက်တော့၏။

ကျွန်ုပ်သည် အလိုက်ကန်းဆိုးမသိသော ထိုမိန်းမကို နေရာမှာပင် ရိုက်သတ်ချင်လောက်အောင် ဒေါသဖြစ်မိသည်။ အားပါးတရ ဆဲဆိုမာန်မဲရင်းက လက်ကိုလည်း အကြိမ်ကြိမ်ရွယ်မိသည်။ သို့သော်လည်း ကျွန်ုပ်စိတ်ကိုပြန်ကာ ထိန်းရင်း စိတ်လျှော့ခဲ့သဖြင့် ရိုက်နှက်သည်အထိ မကျူးလွန်ခဲ့သည်မှာ သူမ



ကို့တံကောင်းသွားခြင်းဖြစ်သည်။

သူမကတော့ သက်ဖဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအပြည့်အုပ်ပြီး တသိမ့်သိမ့် ငိုကြွေးရင်းက ကျဆင်းလာသည့်မျက်ရည်များဖြင့် ကျွန်ုပ်၏ဒေါသတို ငြိမ်းသွယ် တာကွယ်ထားလေ၏။

မိန်းမများ၏ နှလုံးအိမ်ထဲ၌ လွန်စွာအမြင်ကတ်စရာကောင်းသည့် ဘဝင်မြှင့်သည့်စိတ်ကို မည်သည့်တန်ခိုးရှင်ကများ စီရင်ထည့်သွင်းလိုက်ပါသလဲ။ ကျွန်ုပ်တို့ယောကျ်ားများမှာ သူမတို့၏ ငုင်းဘဝင်စိတ်မြှင့်ခြောင့် လွန်စွာ ဒုက္ခကြီးစွာခံစားကြရ၏။

ကျွန်ုပ်၏ဇနီးစိုးမိုးကြည်သည် တာဝန်အရ မြည်သို့ထွက်ခွာသည့်နေ့၌ ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်ရာထူးအဆင့်တူ အက်စ်အိုင်ဝီဇနီးများသို့ မကြာခဏသွားရောက်လည်ပတ်ပြီး ကြွားလုံးထုတ်လေ၏။ စုံထောက်ကြီးရွေးချယ်စေလွှတ်သည့် ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာတို့လည်း သူရဲကောင်းကြီးများလိုတစ်မျိုး၊ ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကဲ့သို့သည်း ဂုဏ်ဖော်ပြောလိုပြော၊ အလန်ကွာတာမိန်းလို လူစွန့်စားကြီးများဟုသည်း နှိုင်းခန်းဖွင့်လိုဖွင့် စသဖြင့် သူမမှတ်မိသမျှ လူစွမ်းကောင်းကြီးများနှင့် ကြွားလုံးထုတ်ပြောဆိုပြီး ဘာန်ရေးထုတ်လေ၏။

အဆိုးဝါးဆုံးမှာ လူသတ်တရားခံဖမ်းဆီးပြီး အင်းစိန်စစ်အိုင်ဒီသို့ပြန်ရောက်သည်နှင့် စုံထောက်မင်းကြီးပေါလ်စလေဒင်က ကျွန်ုပ်တို့အား အခမ်းအနားဖြင့် ဂုဏ်ပြုပြီး နာမည်ကောင်းတံဆိပ်ချီးမြှင့်မည်ဖြစ်သလို ရာထူးအဆင့်ထိုးတိုးမြှင့်ပေးမည်ဟူသော ကြွားလုံးဖြစ်၏။

ထိုအခါ သူမသည်လည်း ကျွန်ုပ်နှင့်ရာထူးအဆင့်တူ တစော်များတွင် ခေါင်းတစ်လုံးမြင့်သလို အားပါးတရ မော်ကြွားလိုက်မည်ဟု ကြံမိဝါးထားရာ သို့ကြောင့်မို့လည်း ခရီးရောက်မဆိုက်ဆိုသလို သူမက ရင်းတိုစွာကို လောတကြီးမေးမြန်းခြင်းဖြစ်၏။

အလွန်အကျူးကြွားလုံးထုတ်ပြီး ဘဝင်မြင့်နေသည့်သူမကို စိတ်၌ကျေနပ်ခဲ့သော်လည်း ကျွန်ုပ်အနေဖြင့် အတိုင်းအတာတစ်ခုအထိတော့ ခွင့်လွှတ်ပေးပါသေး၏။ ကျွန်ုပ်ဘယ်လိုမှ သည်းမခံနိုင်ဖြစ်ရသည်မှာ ကျွန်ုပ်အား အသိမကျသည့်ပုံစံဖြင့် ပြောလာသည့်စကားများပင်ဖြစ်၏။

ထိုစကားများထဲမှ အချို့ကို အကျဉ်းရုံးပြောရလျှင် ကျွန်ုပ်တို့မှာ လူသတ်တရားခံအား ဖမ်းဆီးနိုင်စွမ်းမရှိဘဲ ပြန်ရောက်လာသဖြင့် လွန်စွာညံ့ဖျင်း



www.burmeseclassic.com

ကြောင်း၊ ထိုအခွင့်အရေးမျိုးနောက်တစ်ကြိမ်ရရှိနိုင်မှာမဟုတ်တဲ့အတွ
နမြောဖို့ကောင်းကြောင်း၊ ထိုသတင်းကို အတ်စ်အိုင်ပီကတော်များကြား
ဝါက သူ့မအဖို့ ရှက်လွန်းလို့ခေါင်းပင်ဖော်ဝံ့တော့မည်မဟုတ်ကြောင်း စသ
တဗျစ်တောက်တောက် ညည်းတွားပြောဆိုသည့်စကားများပင်ဖြစ်၏။

ကျွန်ုပ်သည် ရက်တာလအတန်ကြာ ဝေးကွာခဲ့ရသည့် အိမ်သူသက်ထာ
တွေ့ချင်စောဖြင့် နံနက်စာကိုပင် စားသောက်ခြင်းမပြုတော့ဘဲ အိမ်
အလောတကြီးပြန်လာခဲ့၏။ အမောတကြီးရောက်ရှိလာသည့် ကျွန်ုပ်ရင်
ဇနီးသည်က ဆောင့်ကြီးအောင့်ကြီးကြိုဆိုလိုက်ရာ ကျွန်ုပ်လည်း ဒေါ
မောကြီးတုန့်ပြန်ပြီး နေအိမ်မှ အားချင်းပြန်ထွက်ခဲ့လေ၏။

ထိုအချိန်တွင် မနက်ခင်းလင်းအာရုဏ်မှာ အတော်အတန်ပွင့်လင်း
ဖြစ်၏။ နံနက်၇နာရီဟူသောအချိန်မှာ ရန်ကုန်မြို့ကြီးအတွင်း၌ လက်
လက်စားများဖြင့် လွန်စွာသက်ဝင်လှုပ်ရှားလျက်ရှိ၏။ ခမ်းထဲ၌ ကကြုတ်
ဆာလောင်နေသော်လည်း ရင်၌ဖြစ်တည်နေသည့် ဒေါသအဆိုင်အခဲက
လောင်မှုကို ဖုံးကွယ်ထားသလို ရှိနေ၏။ ဆာသော်လည်း စားချင်စိတ်

"အင်း. . .ကိုကျော်စွာလည်း တစ်ညလုံးမအိပ်ဘဲ ခရီးပန်းလာ
ရတဲ့အချိန်လေးမှာ တရေးတမောအိပ်နေမယ်ထင်ပါရဲ့၊ ငါသွားလို့သင့်
ပါ့မလား"

ကျွန်ုပ်သည် လက်မှနာရီကိုကြည့်လိုက်ပြီး စိတ်မောစွာ ပင့်သက်ရှို
လိုက်မိ၏။ ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာချိန်းထားသည်မှာ ရုံးချိန်မတိုင်
နံနက် ၈နာရီခွဲမှုဖြစ်၏။ ယခုမှ ၇နာရီရှိသေး၍ စောလွန်းနေသဖြင့် ကျွန်ုပ်
ချီတုန်ချတုန်ဖြစ်နေမိ၏။ သို့သော်ဖြတ်ရခက်နေစဉ်မှာပဲ လွန်စွာအတင်
သော အငှားယာဉ်တစ်စီးက ကျွန်ုပ်အနီးထိုးရပ်ပြီး ဒရိုင်ဘာကုလားက
စွာဖြင့် ဖိတ်ခေါ်လေရာ ကျွန်ုပ်သည်း တွေဝေမနေတော့ဘဲ ၎င်းကား
ငှားပြီး မင်းမြတ်ကျော်စွာနေထိုင်ရာ ကျောက်မြောင်းရပ်သို့ ထွက်ခွာခဲ့တော့

"ဟာ. . . ဘယ်လိုဖြစ်ရပြန်တာလဲ"

ကျောက်မြောင်းရပ်ရှိ မင်းမြတ်ကျော်စွာတိုက်ခန်းသို့ ရောက်သည်
ကျွန်ုပ်မှာ အံ့ဩမှုနှင့်ထိပ်တိုက်ကြုံရပြန်၏။ တံခါးမှာ သော့ခတ်ထား
မင်းမြတ်ကျော်စွာအပြင်သွားနေသည်မှာ သေချာနေ၏။ သည်မျှခရီးပန်း
သူတစ်ယောက်က အနည်းငယ်မျှအနားမယူနိုင်လောက်အောင် ဘာအရေး
များအရေးတကြီး ဖြစ်ပေါ်လာလို့လဲ။



ကျွန်ုပ်ကြာကြာစဉ်းစားခွင့်မရလိုက်ပါ။ ကျွန်ုပ်အတွေးကို တံခါးရွက်
အတွင် ညှပ်ထားသည့်စာတစ်စောင်က ရုတ်ခြည်း ဖြတ်တောက်လိုက်သော
ကြောင့် ဖြစ်သည်။

ဗိုလ်မှူး. . . အိုင်ပီသန်းစိန်

ဘယ်လိုလဲ ကိုယ့်ဆရာကြီးရဲ့၊ အိုင်ဗိုဇနီးလက်သံကြောင့် အိုင်ပီ
ကြီးတစ်ခုလုံး ဆယ်ပေါင်တူနဲ့အထုခံရသလို ကြိမ်းစပ်နေပြီ မဟုတ်လား။
မပြည်စ်ပါနဲ့ဗျာ။ မင်းကြီးပေါလ်စလေဒင်နဲ့တွေ့တဲ့အခါ ဆယ်ပေါင်တူနဲ့
ထက် အဆမတန်ပြင်းတဲ့ဆင်းနင်းသလိုမျိုးအနင်းခံရဦးမှာပါ။ ပြီးရင်
အိုင်ပီမိတ်ဆွေကြီးတွေဖြစ်တဲ့ မင်းပုညတို့ သိန်းဇော်တို့ရဲ့စကားတွေ
ကြောင့်လည်း အိုင်ပီကို နာရင်းရိုက်တာထက် နာကျင်ခံစားရဦးမယ်။

ဒီတရားခံမမိသ၍တော့ အိုင်ပီရင်ဆိုင်ရမယ့်အဖြစ်က မတွေးဝံ့
စရာပဲနေ၊ အခု ကျွန်တော်တို့နှစ်ယောက်ပြန်လာတာ တရားခံဖမ်းဖို့
မဟုတ်လား။ မိတ်မကောင်းရပါ အိုင်ပီရေ၊ ကျွန်တော်တို့လက်မတင်လေး
လွတ်ကျ သွားတယ်။

ဒီစာကိုဖတ်မိတာနဲ့ ကန်တော်ကြီးစောင်းက ဦးဖိုးစိန်ရဲ့ယမ်း
အမှတ်( )ကို အားချင်းလိုက်လာခဲ့ပါ။

မိတ်ဆွေကြီး

ကျွန်ုပ်သည် စာကိုဖတ်ပြီးသည်နှင့် မြင်းဇောင်းမှထွက်လိုက်သည့် မြင်း
ပမာ ၎င်းညွှန်းထားသည့် ကန်တော်ကြီးစောင်းရှိ ဦးဖိုးစိန်ယမ်းသို့ ထွက်ခွာ
ခဲ့၏။ ၎င်းနေအိမ်သို့ရောက်သည်နှင့် အံ့အားသင့်ဖွယ်ကောင်းသလို
ကြည်နူးဖွယ်ကောင်းသောမြင်ကွင်းကို တွေ့လိုက်ရ၏။

အင်စပက်တော် မင်းမြတ်ကျော်စွာသည် ကျွန်ုပ်ထက်တစ်နာရီခန့်
စောစွာရောက်ရှိနေပုံရ၏။ ကျွန်ုပ်ရောက်လာလျှင် အဆင်သင့်ဖြစ်စေဖို့
ကော်ဖီပုလိပ်အားလေးကို မှာထားသဖြင့် ကျွန်ုပ်မှာ လွယ်လွယ်ကူကူ ဝင်ခွင့်
ရ၏။ အစောင့်ပုလိပ်များကိုသာတွေ့ရပြီး စီအိုင်ဒီစုံထောက်များဟူ၍
ကျွန်ုပ်နှင့်မင်းမြတ်ကျော်စွာ နှစ်ဦးသာလျှင်ရှိကြလေ၏။

လွန်စွာသွေးပျက်ဖွယ် နှစ်ဆလောင်းပြိုင်လူသတ်မှုမှာ ထိုနေ့မနက်လင်း
အရုဏ်သန်းချိန်မတိုင်မီအချိန်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


မြို့တွင် အသတ်ခံရသူတစ်ဦးနှင့် အိမ်ကြီးဝေါ်တွင် အသတ်ခံရသူ တစ်ဦးဖြစ်၏။ အသတ်ခံရသူများ၏အရေးကိုကြားလိုက်ရသောအခါ ကျွန်ုပ် လွန်စွာအံ့ဩမိသဖြင့် ပါးစပ်ဖင် ဟောင်းလောင်းပွင့်သွား၏။

"ဘယ်လိုလဲ အိုင်ပီ၊ ကျွန်တော်ပြောသလို ကျွန်တော်တို့လက်မတင်ပေ နောက်ကျသွားတယ်ဆိုတာ အခုမှတ်မြင်ပဲ မဟုတ်လား။ အင်း. . . တကယ် တော့ နောက်ကျတယ်လို့မယူဆဘဲ ကံကြမ္မာကစီရင်ဖန်တီးလိုက်တာလို့ ကျွန်တော်တော့ ယူဆတယ်"

ဟု မင်းမြတ်ကျော်စွာက ကျွန်ုပ်ကို နှုတ်ဆက်ရင်းပြောလေ၏။ သူသည် စောစီးစွာရောက်ရှိခဲ့ပြီး သေဆုံးသူများကို သေချာစွာကြည့်ရှုလေ့လာပြီးဖြစ်၍ သူ၏သုံးသပ်ချက်များကို ကျွန်ုပ်အားရှင်းပြသဖြင့် ကျွန်ုပ်မှာ အချိန်မကုန်ဘဲ သိသင့်သိထိုက်သည်များကို သိလိုက်ရ၏။

တွေ့ဆုံမေးမြန်းဖို့ တစ်ဦးသာလျှင် ကျန်ရှိတော့ကြောင်းပြောပြီး ကျွန်ုပ်တို့ နှစ်ဦးသည် အောက်ထပ်ဧည့်ခန်းဆီသို့ ဆင်းလာခဲ့ကြ၏။ ထိုသူမှာ သေဆုံးသူ စက်သူဌေးဝေတိုး၏ဇနီး သက်ထက်စံဟူသောအမျိုးသမီးဖြစ်၏။ သူမကလည်း ကျွန်ုပ်တို့နှင့်တွေ့ဆုံရန် စောင့်ဆိုင်းနေပုံရ၏။

သူမနှင့် မျက်နှာချင်းဆိုင်ထိုင်မိသည်နှင့် ကျွန်ုပ်က သွားလေရာအမြဲ ပါလေ့ရှိသည့် မှတ်စုစာအုပ်၊ ဆေးတံနှင့်ဆေးအုံးတို့ကို ထုတ်၍ စားပွဲပေါ် တင်လိုက်၏။ မေးမြန်းသည့်ကိစ္စကိုတော့ ထုံးစံအတိုင်း မင်းမြတ်ကျော်စွာက ပင် ဦးဆောင်၏။

"ဒေါ်သက်ထက်စံတို့က ဒီရန်ကုန်မှာ အနေများပုံမရဘူးထင်တယ်"

ဟု မင်းမြတ်ကျော်စွာက ရင်းနှီးဖော်ရွေသောလေသံဖြင့် စကားကို အစပျိုးလိုက်သည်နှင့် သက်ထက်စံဟူသောအမျိုးသမီးက လွန်စွာစွဲဆောင်မှု ရှိလှသည့် မျက်လုံးရွဲကြီးများနှင့် တစ်ချက်ဝေ့ကြည့်လိုက်ပြီး. . .

"ဟုတ်ပါတယ်၊ ကျွန်မတို့က ပြည်ကပါ။ ပြည်မှာပဲ အနေများပါတယ် အထိုင်စီးပွားရေးက ဟိုမှာပဲရှိတာလေ။ စက်သူဌေးမင်းဝေတိုးဆိုရင် ပြည် ခရိုင်တစ်ခုလုံးမသိသူမရှိသလောက်ပဲ။ ရန်ကုန်မှာ ဒီအိမ်ကြီးကို ဝယ်ထား တာကြာပါပြီ။ အခြေချနေထိုင်ဖို့ ရည်ရွယ်ချက်နဲ့ဝယ်တာမဟုတ်ပါဘူး တစ်ခါတရံ ခရီးထွက်ရင်းအပန်းဖြေအနားယူလိုတဲ့သဘောမျိုး ဝယ်ခဲ့တာပါ အခုလည်း ကိုကြီးက အလွန်အလုပ်များလွန်းတော့ ကျန်းမာရေးအတွက် အနားယူဖို့ ဒီကိုရောက်လာတာပါ"

"ဪ. . . ဟုတ်တာပေါ့လေ၊ လုပ်ငန်းရှင်တွေဆိုတာ ဦးနှောက်နဲ့ ခန္ဓာကိုယ်ကို ထိုက်သင့်သလို အနားပေးသင့်တာပေါ့။ အေးဗျာ. . . ကျွန်တော် တို့လည်း တာဝန်အရသာမေးနေရပေမယ့် သေဆုံးသူပွေ့အတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိပါတယ်။ ဒါနဲ့ တစ်ခုလောက်စဉ်းစားကြည့်ပါလား ဒေါ် သက်ထက်စံ၊ ဘယ်အချိန်လောက်မှာများ အခင်းဖြစ်ပွားသလဲဆိုတာ"

အမျိုးသမီးက အကြည့်ကို ကျွန်ုပ်တို့နှစ်ဦးထံသို့ တစ်ချက်ဝေ့ကြည့် လိုက်၏။ ထိုအကြည့်ကာလသည် သူမအတွက် ပြောကွက်ပြောဟန်ကို တွေးတောဖို့ အချိန်ယူသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ ကျွန်ုပ်ဆေးတံတွင် မီးညှိနေခိုက် မှာပဲ သူမက စကားစတင်လိုက်၏။

"အင်း. . . ခန့်မှန်းခြေပြောရမယ်ဆိုရင်တော့ သုံးနာရီ သုံးနာရီခွဲလောက် ရှိမယ်ထင်ပါတယ်။ အဲဒီအချိန်မှာ ကိုကြီးက အသက်ရှူကြပ်သလို ရင်ဘတ်က အောင့်လို့ဆိုပြီး အိပ်ယာက ထပါတယ်။ ကျွန်မလည်း သူ့ကို နှိပ်နင်းပြုစု ပေးပြီး ဝေဒနာသက်သာသွားတော့ ပြန်အိပ်ဖို့ပြောပေမယ့် သူက အိပ်မပျော် မယ်အတူတူ လေကောင်းလေသန့်ရှူရင်း စာရင်းတွက်ဦးမယ်ဆိုပြီး ဂိုဘက် အခန်းကို ကူးသွားပါတယ်။ ကျွန်မလည်း ခရီးပန်းထားလို့ ပြန်အိပ်ပျော် သွားပါတယ်"

"ဒါနဲ့ ဒေါ်သက်ထက်စံတို့တစ်အိမ်လုံး မီးတွေထွန်းထားတယ်လို့ အပြင်မှာ ကြားခဲ့ပါတယ်။ ဘယ်လိုအကြောင်းများကြောင့်လဲ"

ဟု မင်းမြတ်ကျော်စွာက စကားကိုထောက်မေးလိုက်ရာ သူမကလည်း တွန့်ဆုတ်ခြင်းမရှိ ဖြေကြားလေ၏။

"ဪ. . . အဲဒါ ဟုတ်ပါတယ်။ ဒါပေမယ့် တစ်အိမ်လုံးဆိုတာထက် မီးအိမ်အားလုံးထွန်းထားတာ မဟုတ်ပါဘူး။ အောက်ထပ်ဧည့်ခန်းမှာတစ်လုံး၊ အပေါ်ထပ်မှာ မှန်အိမ်နှစ်လုံးတည်းပါရှင်။ ဘာကြောင့် အဲ့လိုထွန်းရသလဲ ဆိုရင် ခုတလော ကိုကြီးမလိုလားအပ်ဘဲ စိုးရိမ်ထိတ်လန့်နေတယ်။ အထူး သဖြင့် ဒီအမှောင်ကိုပေါ့။ ရိပ်ကနဲ မြင်တာနဲ့ ကြောက်လန့်နေတော့ မီးထွန်း ထားမှ စိတ်သက်သာရာ ရတယ်လေ"

"သရဲတစ္ဆေကြောက်တာမျိုးလား ဒေါ်သက်ထက်စံ"

မထင်မှတ်သည့် အမေးမေးကားဖြစ်သွားပုံရ၏။ တွေဝေတုန့်ဆိုင်းသွားပြီးမှ ခေါင်းခါလိုက်ပြီး. . .

"အသေအချာတော့ ကျွန်မ မသိဘူး။ ကိုကြီးကလည်း ကျွန်မကို ပြော



www.burmeseclassic.com

www.burmeseclassic.com

မပြောဘူးလေ"

"ဗြဲဝမှာအသတ်ခံရတဲ့ ဘာနောဆိုတာ ဒေါ်သက်ထက်စံတို့နဲ့ ဆွေမျိုးနီးစပ်တော်စပ်သူလား။ ဘယ်လိုရင်းနှီးမှုရှိသလဲ တဆက်လောက်. . ."

"ပတ်သက်မှုပဲရှိပါတယ်၊ သူက ကိုကြီးရဲ့လူယုံတပည့်တစ်ဦးပါ"

ထိုအခါမှာပေ့ာ မင်းမြတ်ကျော်စွာသည် စကားကိုခေတ္တရပ်နားလိုက်ပြီး စီးကရက်တစ်လိပ်ကိုထုတ်ယူမီးညှိလိုက်၏။ နှစ်ဖွာ သုံးဖွာခန့် ဖွာရှိုက်ပြီးမှ အဓိကအချက်များကိုမေးလေတော့၏။

"လူသတ်သမားနဲ့ ဒေါ်သက်သက်စံထိပ်တိုက်တွေ့ဆုံမိကြတယ်လို့ သိရပါတယ်။ ဒီလောက်ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်သမားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ခဲ့လို့ ဒေါ်သက်သက်စံရဲ့ ရဲစွမ်းသတ္တိကို ကျွန်တော် တကယ့်ကို ချီးကျူးလေးစားမိတယ်။ အဲဒီတွေ့ဆုံဖြစ်ပျက်ပုံလေးကို ကျွန်တော့်ကို ပြောပြပါဦး"

စကားပရိယာယ်ကြွယ်ဝစွာမေးလိုက်သည့် မင်းမြတ်ကျော်စွာကို ကျွန်ုပ် စိတ်ထဲမှကြိတ်၍ ချီးကျူးလိုက်မိ၏။ မင်းမြတ်ကျော်စွာသည် လူပျိုကြီးသာ ဖြစ်ပေမယ့် မိန်းမသားများကို အကြောတို လှုပ်ခါသွားအောင် စကားလုံးဖြင့် ဆွဲဆောင်လိုက်ခြင်းဖြစ်သည်။

ထိုအမျိုးသမီးကိုဝင့်၍ စကားဦးသန်းလိုက်ပြီး သူလိုရာဆွဲယူလိုက်ရာ အမျိုးသမီးမှာလည်း အိုင်တင်မခံနိုင်လောက်အောင် စကားလုံးများ အန်ကျလာတော့၏။

"ဟုတ်ပါတယ် အိုင်ပီကြီးပြောသလိုပါပဲ၊ ကျွန်မလည်း ရှိသမျှခွန်အားတွေကိုစုစည်းပြီး ရင်ဆိုင်ခဲ့တာပါ။ စကားသံတွေကို သတိပြုမိပေမယ့် ကျွန်မက သူ့တပည့်ဘာနောနဲ့ အချီအချပြောနေတယ်လို့ ထင်မိတာပေါ့။ နောက်တော့ ခမ်းခေါင်းသံကြီးနဲ့အော်လိုက်တဲ့အသံကြောင့် ကျွန်မလည်း အိပ်ယာက တဗျာကယာထလိုက်ပြီး အဲ့ဒီအခန်းကိုရောက်သွားတော့ တကယ့်ကို သွေးပျက်တုန်လှုပ်ဖွယ်ပါပဲ အိုင်ပီကြီးရယ်၊ ကိုကြီးမှာ သွေးအိုင်ထဲမှာ လဲကျသေဆုံးနေပြီလေ။ လူသတ်သမားက လဲကျနေတဲ့ ကိုကြီးမျက်နှာကို အနီးကပ်ကြည့်နေလေရဲ့။ ကျွန်မကို ကျောခိုင်းထားသလိုရှိနေတာက ကျွန်မအဟွတ်ကကောင်းတယ်လို့ ပြောရမှာပေါ့။ ကျွန်မလည်း လက်ထဲမှာပါလာတဲ့ ခြောက်လုံးပြူးသေနတ်နဲ့ သူ့ကိုချိန်ပြီး အညံ့ခံဖို့အော်ဟစ်ပြောပေမယ့် သူက ကျွန်မကို ရန်မူဖို့ဟန်ပြင်လိုက်တော့ ကျွန်မလည်း လက်ဦးမှုယူပြီး ပစ်လိုက်ရတာပါပဲရှင့်"





"ဘယ်နှစ်ချက်များပစ်လိုက်ပါသလဲ"

"တစ်ချက်တည်းပဲ ပစ်ခွင့်ရလိုက်တာပါ။ တကယ့်ကို ကြောင်တစ်ကောင်လို ပေါ့ပါးတဲ့လူတစ်ယောက်ပါပဲ။ ကျည်ဆံကလည်း သေလောက်တဲ့နေရာကို ထိမှန်သွားပုံမရဘူး။ အားကန် တစ်ချက်အော်ပြီး ပြတင်းပေါက်က ခုန်ချသွားတယ်လေ"

ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းမှုမှာ ထိုနေရာမှာပဲ အဆုံးသတ်သွားပြီဖြစ်၏။ မင်းမြတ်ကျော်စွာက အစ်ခံအနားအသိ လောင်ကျွမ်းနေပြီဖြစ်သည့် စီးကရက်ကို အနားသတ်ဖွာရှိုက်ပြီး ဆေးလိပ်ခံခွက်ထဲထိုးချေလိုက်ပြီးသည်နှင့် သူ့ဒွေးတော် သင်သက်စံကို အခြားမည်သည့်အပိုစကားမှ မပြောမနေတော့ဘဲ နှုတ်ဆက်ကာပြန်ခဲ့တော့၏။

ဗဟန်းဌာနအုပ်ကိုပေါက်က သူ၏ကိုယ်ပိုင်ကားစုတ်လေးဖြင့် ကျွန်ုပ်တို့နှစ်ဦးအား ပို့ဆောင်ပေးရာ ကန်တော်ကြီးစောင်းရှိ လမ်းဘေးစားသောက်ဆိုင်လေးရှေ့သို့အရောက်တွင် မင်းမြတ်ကျော်စွာက ကားကိုရပ်ခိုင်းလိုက်ပြီး ဌာနအုပ်တိုးပေါက်ကို အခင်းဖြစ်ပွားရာနေအိမ်သို့ ပြန်လွှတ်လိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် အမိုးဆိုင်လေးချ၍ ရောင်းချနေသည့် လဘက်ရည်ဆိုင်၌ထိုင်လိုက်ကြ၏။ ထိုအခါမှ ကျွန်ုပ်လည်း ဝမ်းထဲ၌ တကြုတ်ကြုတ်ခုက်မောင်းနေသည့်မီးရထားကြီးကို သတိပြုမိသွားပြီး ဟန်မင် မဆောင်နိုင်တော့ဘဲ လဘက်ရည်နှင့်အစားအသောက်များကို စိတ်ကြိုက် မှာယိုက်တော့၏။

လဘက်ရည်နှင့်အစားအသောက်များရောက်ရှိလာသော်လည်း မင်းမြတ်ကျော်စွာမှာ မိမိနှင့်မဆိုင်သလို ဥပေက္ခာပြုထားပြီး ကျွန်ုပ်ကိုလည်း ရှိမှလသည်ဟု သဘောမထားဘဲ စာတစ်စောင်ကို စိတ်ဝင်တစားရေးနေလေ၏။ ထိုအဖြစ်ကြောင့် ကျွန်ုပ်မှာ အောင့်သက်သက်ဖြင့် အစားအသောက်များကို တစ်ယောက်တည်း စားနေရ၏။

ထိုအဖြစ်ကိုကြည့်၍ ကျွန်ုပ်သည် ရန်ကုန်သို့မထွက်လာခင်ညက အဖြစ်ကို သတိရမိ၏။ ထိုစဉ်ကလည်း သူသည် လွန်စွာဆာလောင်နေပါလျက် အစားအသောက်ကို ဦးစားမပေးဘဲ စာတစ်စောင်ကို အာရုံစူးစိုက်ရေးသားနေခဲ့၏။ သို့တွေးမိစဉ်မှာပဲ သူသည် စာရေးသားခြင်းပြီးဆုံးသွားလေရာ ကျွန်ုပ်ကို တစ်ချက်ပြုံးကြည့်လိုက်ပြီး ရေးပြီးသည့်စာရွက်ကို လေးလေးပင်ချိုးခေါက် လိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် အစားအသောက်များကို ရေကြီးသုတ်ပြာစားသောက်လေရာ-

"ကဲ. . . အိုင်ဆေးကိုကျော်စွာ၊ ဒီတစ်ခါတော့ ကျုပ်စိတ်ထဲမှာ တင်းလာသမျှ ခင်ဗျားအပေါ် ဖောက်ခွဲရလိမ့်မယ်ထင်တယ်။ ခင်ဗျားလုပ်ပုံမှာ ကျုပ်ဒေါသကို ဆွနေသလိုဖြစ်နေပြီ။ ဟဲ. . . ပွင့်ပွင့်လင်းလင်းပြောဗျာ။ ပြည်မှာတုန်းကလည်း ကျုပ်နားမလည်ခဲ့ဘူး။ အခုလည်း ကျုပ်နားမလည်နိုင်တော့ဘူး။ ခင်ဗျား ကျုပ်ကို ပွင့်ပွင့်လင်းလင်းပြောသင့်ပြီထင်တယ်"

ကျွန်ုပ်လည်း တကယ့်ကို စိတ်ထဲရှိတဲ့အတိုင်း ဒေါနှင့်မောနှင့်ပြောလိုက်ရာ မင်းမြတ်ကျော်စွာက ကျွန်ုပ်မျက်နှာကို တစ်ချက်ပြူးကြည့်လိုက်ပြီး စားသောက်နေဆဲမှာပဲ အားပါးတရ ရယ်လေတော့၏။

"ကြိုက်ပြီ အိုင်ပီရာ၊ ကျွန်တော်ကလည်း အဲ့ဒီလို ပွင့်လင်းတာမျိုးမှ ကြိုက်တာ"

"ဟုတ်ပြီ၊ ကျုပ်က ပွင့်လင်းတယ်။ မပွင့်လင်းတာ ခင်ဗျား။ ခင်ဗျား ကျုပ်ကို ဘာတစ်ခုမှ မပွင့်လင်းလို့ ကျုပ်အခုလို ခေါင်းကို ဆင်နင်းခံနေရတာ။ ဒီတစ်ခါတော့ ကျုပ်သည်းမခံတော့ဘူး၊ ခင်ဗျားပွင့်ရင်ပွင့်၊ မပွင့်ရင်တော့ ကျုပ်ခေါင်းတင်မဟုတ်ဘူး။ ဖင်ပါ ပွင့်သွားလိမ့်မယ်"

ဟု ပြောမိပြောရာ ပြောလိုက်ပြီးမှ ကျွန်ုပ်တို့နှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အားပါးတရ ရယ်မိကြလေ၏။ ထိုစဉ်မှာပဲ အံ့ဩစရာမြင်ကွင်းကို တွေ့လိုက်ကြ၏။

ငှစ်သံတဝီးဝီးနှင့် မောင်းနှင်လာသော ဘော်စတင်ကားလေးတစ်စီးကို တွေ့လိုက်ရခြင်းဖြစ်သည်။

အသေအချာကြည့်လိုက်ရာ ကျွန်ုပ်တို့အင်းစိန်စီအိုင်ဒီက စုံထောက်ကြီးများဖြစ်သည့် အိုင်ပ်သိန်းဇော်၊ မင်းပုညနှင့် အောင်စိုးတို့ဖြစ်နေသည်ကို တွေ့ရလေ၏။ အိုင်ပီမင်းပုညက သူ၏ရှည်လျားသော ကလန်ကလားအရပ်ကြီးကို ကားပြတင်းပေါက်မှခေါင်းတိုးထွက်ရင်း ဝီစီသံတရွှီးရွှီး မှုတ်လာခြင်းဖြစ်သည်။

ကားမောင်းလာသူမှာ အရပ်ပုသလို လွန်စွာစိတ်မြန်လက်မြန်ရှိသည့် အိုင်ပီသိန်းဇော်ဖြစ်၏။ ဒူးရင်းသီးဆံပင်လိုထောင်နေသော အိုင်ပီအောင်စိုးကတော့ ကားနောက်ခန်းတွင် ပုလိပ်မင်းကြီးစတိုင်ဖြင့် အခန့်သားတွေ့လိုက်ရ၏။

"ကဲ. . . အိုင်ပီရေ ဒီအုပ်စုနဲ့လွဲသွားတာ ကျွန်တော်တို့အရမ်းကံကောင်းတယ်။ နို့မဟုတ်ရင် သူတို့စကားတွေကြောင့် အိုင်ပီနားရင်းရိုက်ခံရသလို





. . . လည့်လည်ဦးမှာ သေချာတယ်။ ကဲ. . . အိုင်ပီ ဒီဒုက္ခတွေငြိမ်းဖို့ ကျွန်တော်တို့ . . . တရားခံကို အမြန်ဆုံးသွားဖမ်းမှ ဖြစ်လိမ့်မယ်"

"ဟင်. . . တရားခံကို သွားဖမ်းမယ်။ လုပ်လိုက်ပြန်ပြီ ကိုကျော်စွာရယ်။ . . . ည်မှာတုန်းကလည်း ဒီလိုပဲ ပြောခဲ့တာမဟုတ်လား"

"ဒီလိုရှိတယ် အိုင်ပီရဲ့၊ ပြည်မှာတုန်းက ကျွန်တော်အခုလို စာတစ်စောင် . . . တယ် မဟုတ်လား။ အမိကအကြောင်းအရာက ကျွန်တော်တို့တရားခံကို . . . မ်းဖို့ ရန်ကုန်သွားပြီဆိုတဲ့အကြောင်း ခရိုင်ဝန်ပုလိပ်မင်းကြီးကို ပေးဖို့ . . . ပဲ။ အခုရေးတာက ကျွန်တော်တို့ဘရားခံကိုသွားဖမ်းဖို့ ပြည်ကို အားချင်း . . . ွက်သွားပြီဆိုတဲ့အကြောင်း စုံထောက်မင်းကြီး ပေါလ်စလေဒင်ကို ပေးဖို့စာပဲ"

"ဗျာ. . . ဘယ်. . . ဘယ်လို"

ကျွန်ုပ်သည် ထိုင်ရာမှ ဝုန်းကနဲထလိုက်သဖြင့် အနီးအပါးရှိလူများပင် . . . အံ့တသြကြည့်ကြလေ၏။ ကျွန်ုပ်ကဲ့သို့ပင် မင်းမြတ်ကျော်စွာလည်း ထလိုက် . . . း လွန်စွာပြတ်သားသည့်လေသံဖြင့်. . .

"ကဲ. . . အိုင်ပီ ကျုပ်တို့မှာ အချိန်မရှိဘူး။ အိုင်ပီ့ဇနီးကို အောင်လံလွှင့် . . . ်ငိုဖို့ ကျွန်တော်တို့အခုချက်ချင်းပြည်ကိုသွားမယ်။ အိုင်ပီအိမ်ကိုပြန်ပါ။ . . . ပေါ့ပေါ်ပါးပါးပစ္စည်းလောက်ယူပြီး အမြန်ကျွန်တော့်ဆီပြန်လာပါ။ အချိန် . . . နာရီဝက်။ ဒါပဲ"

ဟု ပြောပြီး လှည့်ထွက်သွားရာ ကျွန်ုပ်မှာ ကြောင်တောင်တောင်အမူ . . . အယာဖြင့် ပြေးလိုက်သွားပြီး. . .

"ကို. . . ကိုကျော်စွာ. . . ကျွန်. . . ကျွန်တော်. . ."

ဟု အထစ်ထစ်အငေါ့ငေါ့ရှိနေစဉ်မှာပဲ မင်းမြတ်ကျော်စွာက တည်တည် . . . ငြိမ်ငြိမ်အကြည့်ဖြင့်ကြည့်ရင်း. . .

"ကဲ. . . အိုင်ပီ၊ အရိုးရှင်းဆုံးစကားကိုပြောမယ်။ ဒီတစ်ခါကျမှ ကျုပ်တို့ . . . ခြတစ်လှမ်းဟာ သိပ်ကိုအရေးကြီးတယ်။ နှောင့်နှေးနေလို့မရဘူး။ အိုင်ပီ . . . အိမ်ပြန်ပါ။ နာရီဝက်အတွင်း ကျွန်တော့်ဆီအရောက်ပြန်လာပါ။ အလွန် . . . မြင့်ပဲ့အိုင်ပီ့ဇနီးကို ထိုက်ထိုက်တန်တန်စကားနဲ့ ဂုဏ်ပြုလိုက်ပါ။ နင့် . . . အတွက် ငါ့ဦးခေါင်းက အမြဲတမ်းအဆင်သင့်ပဲလို့"

♣ ♣ ♣


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

လရောင်သည် သစ်ပင်၏အခက်အလက်များကြားမှယိုစိမ့်၍ လွန်… လှပသော မိန်းမချောလေး၏မျက်နှာပေါ်သို့ ကျရောက်နေ၏။ ထိုမျက်… လေးက စိတ်အလိုမကျသည့်ဟန်ဖြင့် မျက်မှောင်ကလေးကြုတ်လျက် သူ… နဘေးတွင် ငေးငေးငိုင်ငိုင်ထိုင်နေသည့်လှငယ်၏မျက်နှာကို ကြည့်နေလေ…

လှငယ်သည်လည်း ယောကျ်ားပီပီ ခန့်ညားပြေပြစ်သူဖြစ်ရာ သူတို… နှစ်ဦးကို ထိုသို့ယှဉ်လျက် မြင်ရသူတိုင်း လွန်စွာလိုက်ဖက်ညီသည့်အတွဲ… ချီးကျူးပြောဆိုကြမှာ သေချာသည်။

"အစ်ကို. . . စံပါယ်မေးတာဖြေဦးလေ။ ဒီရက်ပိုင်း စံပါယ်အိပ်မ… တွေမကောင်းလွန်းလို့ အရမ်းကိုစိုးရိမ်နေတာ"

စံပါယ်မြိုင်ဟူသောမိန်းမချောလေးက ဘဝင်မကျသည့်လေသံဖြင့် ဒုတိ… အကြိမ်မြောက် မေးလိုက်ခြင်းဖြစ်သည်။ ထိုအခါမှ လှငယ်လည်း ငေး… တွေဝေနေရာမှ ခပ်ဆဲ့ပေ့ါသဘောမျိုးရယ်လိုက်ပြီး. . .

"မစိုးရိမ်ပါနဲ့ စံပါယ်ရယ်၊ ဓားသိုင်းလေ့ကျင့်ရင်း မမျှော်လင့်ဘဲ ပွတ်… သွားတာပါ။ စိုးရိမ်စရာမရှိပါဘူး။ ဆေးယည့်ပြီးပတ်တီးစည်းမထားရင်မဖြစ်လို့… စည်းထားရတာပါ"

စံပါယ်မြိုင်ဟူသောမိန်းကလေးက မယုံကြည်သောမျက်ဝန်းဖြင့် လှငယ်ကို… ခပ်မော့မော့ကလေးကြည့်လိုက်၏။ လှငယ်က နှစ်သိမ့်ပြုံးမျိုးပြုံးလိုက်သော်… လည်း စံပါယ်မြိုင်က မျက်ဆံကလေးကို ထောင့်ကပ်၍. . .

"အစ်ကိုရယ်၊ အစ်ကို အခုလိုခြေသလုံးအိမ်တိုင်နေတာကို စံပါယ်စိတ်… မချတော့ဘူး။ ခုလည်းပတ်တီးကြီးစည်းထားတာတွေ့ရတော့ စံပါယ့်ရင်ထဲမှာ… နင့်ခနဲ ခံစားရတယ်။ အစ်ကို. . . စံပါယ်ကိုပြောထားတဲ့အစီအစဉ်ကို အမြ…





…အကောင်အထည်ဖော်ပါတော့ အစ်ကိုရယ်"

လှငယ်သည် ရုတ်ခြည်းပင် မျက်မှောင်ကုတ်သွား၏။ စံပါယ်မြိုင်ပြော… သာကိစ္စမှာ မိမိအလွန်ဖြစ်ချင်သောဆန္ဒဖြစ်သော်လည်း ရန်ကုန်က ပြန်လာ… တည်းက တစ်စုံတစ်ခုအတွက်စိုးရိမ်ကြောင့်ကြနေမိသည်။

ဥပဒေအရိပ်မည်းကြီးကလည်း သူ့နောက်ကိုအုံနှင့်ကျင်းနှင့်လိုက်နေ… သပြီ။ အထူးသဖြင့် ဦးဖိုးစိန်လမ်းရှိအိမ်ကြီးပေါ်၌ နောက်ဆုံးတွေ့လိုက်ရ… သာ အမျိုးသမီးမျက်နှာကို စိတ်ထဲစွဲနေမိသည်။ မယုံသက်ာအကောင်းဆုံး… ာက်နှာ၊ အကြည့်။

မိမိကို အရင်းနှီးဆုံးနှိပ်စက်လိုက်သည့် ပဟေဠိပုစ္ဆာတစ်ပုဒ်လို ခံစား… ရ၏။ ထိုအမျိုးသမီးသည် မိမိကိုစောစီးစွာလုပ်ကြံလို့ရပါလျက်နှင့် စက်… မွေးခင်းငွေတိုးကို လုပ်ကြံပြီးမှ ဘာကြောင့်များမိမိကို သေနတ်နှင့်ပစ်… တာလဲ။ မည်သို့ဆိုစေ ထိုအမျိုးသမီးသည် မိမိအတွက်ကြီးစွာသောအန္တရာယ်… …နေ၏။

သူသည် စိတ်မောစွာဖြင့် ပင့်သက်ရှိုက်လိုက်ရာ သူ့အားအကဲခတ်… …ကြည့်နေသည့် စံပါယ်မြိုင်က. . .

"အစ်ကို. . . စံပါယ်ကိုတော့ပွင့်ပွင့်လင်းလင်းပြောစေချင်တယ်။ ပြောလ… …သင့်ပါပြီ အစ်ကိုရယ်"

"ဒီလိုပါ စံပါယ်ရယ်၊ စံပါယ်ကို အစ်ကိုခေါ်သွားရမယ့်ကိစ္စကို စဉ်းစား… လို့ပါ။ အဲဒီခရီးက ချောမွေ့တဲ့ခရီးဖြစ်မလာဘဲ စံပါယ်အတွက် ခယောင်း… …လိုဘဝမျိုးဖြစ်သွားရင် အစ်ကိုစိတ်ကောင်းမှာမဟုတ်ဘူး"

ထိုအခါ စံပါယ်မြိုင်က လှငယ်၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး-

"မခေါ်ချင်လို့မရတော့ဘူး။ ဖေဖေမေမေတို့ကို စံပါယ်အားလုံးဖွင့်ပြော… …ပြီ။ ဖေဖေမေမေတို့က စံပါယ့်ဆန္ဒကို ခွင့်ပြုကြတယ်"

ထိုအခါ လှငယ်သည် အထိတ်တလန့်ဖြစ်သွားပြီး. . .

"ဘယ်. . . ဘယ်လို. . . စံပါယ်ဖွင့်ပြောလိုက်ပြီ ဟုတ်လား။ ဒါ. . . …ရင် အစ်ကိုအသက်ရှင်လျက်ရှိနေတာကို ဦးနဲ့ဒေါ်ဒေါ်တို့သိသွားကြ… …ပါ"

"သိပြီပေါ့အစ်ကိုရယ်၊ စံပါယ်လည်းဆက်ပြီး ဖုံးမထားချင်တော့ဘူး။ …ကြောင့် အားလုံးကိုရှင်းပြလိုက်တယ်။ သူတို့လည်း အရမ်းဝမ်းသာသွား… …တယ်။ ဖေဖေဆိုရင် ကိုလှိုင်ဘွားမိဘတွေဟာ အလွန်ယဉ်ကျေးသိမ်မွေ့…


www.burmeseclassic.com

www.burmeseclassic.com

တယ်။ မျိုးချစ်စိတ်နဲ့ ဇာတိမာန်လည်း ချီးကျူးဖွယ်ကောင်းလောက်အောင် ထက်သန်ကြတယ်။ ဒါပေမယ့် သူတို့ ခမျာ သခင်အားရ ကျွန်ပါးဝတဲ့လူတစ်ယောက်ကြောင့် ဒုက္ခမရောက်သင့်ဘဲရောက်ခဲ့ရတယ်။ အတော့်ကိုစိပ်မကောင်းစရာပဲတဲ့ ကိုလိုင်ဘွားလိုတော်တဲ့လူငယ်လေးကို အလင်းရောင်ထဲမှာပဲရှိစေချင်တယ်လို့ ပြောတယ်။ ပြီးတော့ အခုလို အမှောင်ထဲရောက်နေတာ ဖေဖေစိတ်မကောင်းဘူး။ ဒီလိုပြောလို့ သမီးတို့ရဲ့အစီအစဉ်ကို ဖေဖေကန့်ကွက်တာမဟုတ်ဘူး နော်တဲ့။ သမီးတစ်ယောက်တည်းမို့ ဖေဖေတို့မိဘတွေအနေနဲ့ လွမ်းတော့လွမ်း နေတာပေါ့သမီးရယ်လို့ပြောတယ် အစ်ကို"

"စံပါယ့်မေမေဆန္ဒကကော ဘယ်လိုရှိလဲ"

စံပါယ်မြိုင်က ကြည်နူးကျေနပ်သည့်အပြုံးလေးဖြင့်. . .

"ဖေဖေ့ဆန္ဒနဲ့တစ်ထည်တည်းပေါ့ အစ်ကိုရယ်၊ သမီးဆန္ဒကို မပိတ်ပင်ပါဘူး။ ဒါပေမယ့် တစ်ခုတော့ မေမေတောင်းဆိုပါရစေတဲ့။ သမီးရောက်ရာအရပ်ကနေ မေမေတို့ကို စာရေးဆက်သွယ်ပါတဲ့"

လူငယ်သည် ရုတ်ခြည်းပင် ဦးခေါင်းငိုက်ဆင်းသွားလေ၏။ မိမိအပေါ် ထိုမျှသိတတ်ကောင်းမွန်သောမိသားစုအတွက် ဝမ်းနည်းကြေကွဲစွာခံစားလိုက်ရခြင်းဖြစ်သည်။

"ဘယ်လိုလဲ အစ်ကို၊ ကံကြမ္မာဟာ အစ်ကို့အတွက် အရာရာအဆင်သင့်ဖြစ်နေပြီလေ၊ စံပါယ့်ကိုထားခဲ့ဖို့ လုံးဝစိတ်မကူးနဲ့နော်"

ဟူ၍ ဝင်းလဲ့တောက်ပြောင်သည့်မျက်ဝန်းလေးဖြင့်ကြည့်ရင်းမေးလိုက်မှ ထိုအခါမှာတော့ လူငယ်သည် စံပါယ်မြိုင်ကို သူ့ရင်ခွင်အတွင်းဆွဲယူပွေ့ဖက်လိုက်ပြီး. . .

"စိတ်ချပါ စံပါယ်ရယ်၊ ကိုယ်လည်း စံပါယ်နဲ့ခွဲပြီးမနေနိုင်ပါဘူး"

ဟု ဆို့နစ်သောလေသံကိုထိန်း၍ ပြောလိုက်လေတော့၏။

♣ ♣ ♣





## အခန်း(၁၈)

အမှောင်သည် လင်းတစ်လှည့် မိုက်တစ်လှည့်။

လခြမ်းကွေးလေးသည် တိမ်လိုင်းများအကြား၌ လွင့်ချည်မျော့ချည် လွင့်မျောလျက်ရှိ၏။

ကျွန်ုပ်တို့အားလုံးသည် ဧရာဝတီမြစ်၏သောင်ခုံတစ်နေရာတွင် ရောက်နေကြ၏။ ထိုနေရာသည် လှေများ၊ မီးသင်္ဘောများ၊ မှော်လှေကြီးများ ဆိုက်ကပ်ရာဆိပ်ကမ်းနှင့် ကွာဝေးလွန်းသည်ကြောင့် တစပြင်ကဲ့သို့တိတ်ဆိတ်နေလေ၏။

တော်ရုံတန်ရုံသတ္တိလောက်ဖြင့် ထိုနေရာကိုလာဝံ့သူရှိမည် မဟုတ်ပေ။ ၎င်းသောင်ခုံ၏တစ်နေရာ၌ ကာလအားတန်ကြာကပင် ပျက်စီးယိုယွင်းပြီး စွန့်ပစ်ထားသော အညာဆန်လှေပျက်ကြီးတစ်စီးရှိ၏။

ထိုလှေပျက်ကြီးနှင့်ပတ်သက်၍ လွန်စွာနာမည်ကြီးသောအကြောင်းအချက်များရှိခဲ့၏။ တစ္ဆေအလွန်ခြောက်သည်ဟူသောအကြောင်းဖြစ်သည်။ ထို့ကြောင့် ညမဆိုထားနှင့် နေ့အချိန်မှာပင် မည်သူမှမကပ်ဝံ့ကြပေ။

ကျွန်ုပ်တို့တစ်ဖွဲ့လုံးသည် လူခြောက်တိတ်ချိန်လောက်ကတည်းကပင် ၎င်းလှေကြီးနှင့်မနီးမဝေးတွင်မှောင်ရိပ်ခို၍ ရောက်ရှိနေခဲ့ပြီးဖြစ်သည်။ မြို့မဂိတ်မှဌာနအုပ်ကိုသန်းနိုင်၊ ဆံတော်ဂိတ်တဲမှဌာနအုပ်ကိုကျော်လွင်နှင့်အတူ ပုလိပ်သားခြောက်ယောက်တို့သည် ကမ်းနားရှိ ချုံပုတ်များ၊ သပွတ်ခါးချုံနွယ်များအကြား၌ ပုန်းခိုနေကြ၏။

ကျွန်ုပ်သည်ပင် အလွန်ကြီးမားလှသော ကျောက်ဆောင်ကြီးတစ်ခောင်အကြား၌ မြေပြင်ပါးကင်းပါးနှင့်ခြင်ကိုပင် ဂရုမစိုက်နိုင်ဘဲ ငြိမ်သက်စွာချောင်းမြောင်းလျက်ရှိ၏။

ကျွန်ုပ်တို့အထဲတွင် ထူးခြားနေသူမှာ အင်စပက်တော် ဟန်းမြတ်ကျော်စွာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ ကင်းပုန်းမဝတ်၊ အတိုနှင့်ဘောင်းဘီကို အစုတ်ချာဆုံး၊ အနွမ်းဆုံး ဝတ်ထား၏။

"ဒီနေရာမှာ ကျွန်တော်အားလုံးကို အလေးအနက်မှာချင်တယ်။ လက်နက်ကိုတော့ အသင့်ကိုင်ထားကြပါ။ အဆောတလျှင် ပစ်ခတ်တာမျိုးမလုပ်ကြပါနဲ့။ ဒီတရားခံကို ကျွန်တော်ကိုယ်တိုက်ရင်ဆိုင်ပြီး လက်ရဖမ်းမယ်။ သူဟာ ဒုစရိုက်ဘုရားဖြစ်ပေမယ့် အင်မတန်ပ်လေးစားဖို့ကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ ခေတ်ပညာတတ်ကယ်။ မျိုးချစ်စိတ်ပြင်းသန်တယ်။ မဟုတ်မခံစိတ်ရှိတဲ့ ကျွန်တော်တို့နိုင်ငံသားတစ်ဦးပါ။ ရာဇဝင်ကြွေးဆပ်ချင်တဲ့စိတ်ကြောင့် တစ်ဖက်စွန်းရောက်သွားပြီး အခုလိုအမှုတွေ ကျူးလွန်သွားတာ အင်မတန်နှမြောဖို့ကောင်းပါတယ်။ ကျွန်တော်တို့ရဲ့ကျည်တစ်တောင့်က အဆုံးအဖြတ်ပေးတာထက် တရားဥပဒေက အဆုံးအဖြတ်ပေးစေချင်တယ်"

"နောက်တစ်ချက်က သူခုခံလာမယ်ဆိုရင် သတိထားဖို့က သူဟာ သိုင်းပညာအလွန်ထူးချွန်သလို သူအသုံးပြုမယ့်လက်နက်က လက်စွဲတော်ဓားဖြစ်တယ်။ ဒီဓားဟာ အစီအမံနဲ့လုပ်ထားတဲ့ ဓားဖြစ်လို့ပြတ်ရှတဲ့နေရာမှန်သမျှ မီးသင့်လောင်ကျွမ်းသလို ညှိုမည်းသွားတာချည်းပဲ။ ကျွန်တော့်အထင်တော့ ဒီဓားရဲ့ဓားသွားမှာအလွန်ပြင်းထန်တဲ့အဆိပ်သွင်းထားတယ်လို့ထင်တယ်၊ ဒါကြောင့် ဓားထိရှမခံရအောင် ရှောင်နိုင်သမျှရှောင်ကြပါ။ ဒါကဖြစ်လာနိုင်စွမ်းတွေကို သတိပေးတဲ့သဘောပါ။ အဲဒီလောက်အထိ ဖြစ်မလာဖို့ ကျွန်တော်အတတ်နိုင်ဆုံးတားဆီးမှာပါ"

ဟူ၍ သတိပေးစကားပြောလေ၏။ နာရီပြန်နှစ်ချက်တီးလေပြီ။

ယိုအချိန်ထိ အရိပ်အယောင်မတွေ့ရသဖြင့် ထိုညအဖို့လာမှလာပါတော့မလားဟု ကျွန်ုပ်တွေးမိသည်။ အချိန်ကြာမြင့်စွာ ချောင်းမြောင်းစောင့်ဆိုင်းနေရသဖြင့် ခြေသလုံးတွေတောင့်၊ ခါးတွေအောင့်လာပြီး အဆိုးဝါးဆုံးက အိပ်ချင်စိတ်ကို ထိန်းမရအောင်ဖြစ်လာခြင်းဖြစ်၏။

ထိုအခိုက်မှာပဲ ကျွန်ုပ်သည် အင်စပတ်တော် မင်းမြတ်ကျော်စွာကို ကြည့်လိုက်ရာ အလင်းပျပျအောက်တွင် ရုတ်တရက် ထရပ်လိုက်သည့် သူ့ကို တွေ့လိုက်ရ၏။ ပုင်းအမူအယာကြောင့် ကျွန်ုပ်တို့အဖွဲ့သားများလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အကြည့်ကိုရှင်ရှင်ထားလျက် အသင့်ပြင်ဆင်လိုက်ကြ၏။

နာရီတစ်မက်သာသာခန့်တွင် ကမ်းပါးမှဆင်းလာသောလူရိပ်တစ်ခုကို ထင်သင်ရှားရှားတွေ့လိုက်ရ၏။ သူသည်လည်း အရူးတစ်ယောက်နှင့်မခြား





အစုတ်စုတ်အပြတ်ပြတ် ဝတ်ဆင်ထား၏။ ကျွန်ုပ်တို့ရှိရာ 'ပဆောက်' ပုံသဏ္ဌာန်အတွင်းသို့ တရွေ့ရွေ့ဝင်ရောက်လာလေ၏။

ထိုသူပြန်ထွက်မည်ဆိုလျှင် မြစ်ဖက်တစ်ပေါက်သာရှိတော့၏။ မြေပေါက်လမ်းဟူသမျှ ကျွန်ုပ်တို့ပိတ်ထားပြီးဖြစ်၏။ ထိုအချိန်တွင် ဘယ်လိုကဘယ်လိုလှေအောက်ရောက်နေသည်မသိသော အင်စပတ်တော် မင်းမြတ်ကျော်စွာ--

"ဟေ့. . . မင်း ဘာလို့ဒီကိုလာတာလဲ"

ဟု လှမ်းမေးလိုက်ရာ ခပ်မှန်မှန်လျှောက်လှမ်းလာနေသောအရူးသည် ခြေလှမ်းတန့်သွားပြီး စူးစူးစိုက်စိုက်ကြည့်လေ၏။

"ဟေ့. . . အရူး မင်းဒီကိုဘာလာလုပ်တာလဲလို့ မေးနေတယ်လေကွာ"

ဟု ထပ်မေးလိုက်ရာ ထိုအရူးက. . .

"ဟေ့ကောင်. . . မင်းဘာကြောင်တာလဲ။ ဒီနေရာက ငါ့နေရာကွ"

"ဟေ့ကောင်. . . အရူးဆိုတာ တွေ့သမျှနေရာတိုင်းဟာ ကိုယ့်နေရာချည်းပဲ။ မင်းတစ်ယောက်တည်းပိုင်တယ်ဆိုတော့ မင်းဟာ တော်တော်ရူးတဲ့အရူးပဲ"

အရူးနှစ်ယောက်သည် သူ့ဝါစ်ပြန် ကိုယ်တစ်ပြန်အငြင်းပွားလျက်ရှိနေရာမှ ပထမရောက်နေသည့် အရူးက. . .

"ဟေ့ကောင် အရူး၊ မင်းဘယ်လိုပဲပြောပြော ငါလုံးဝမသွားနိုင်ဘူး"

ဟု ခပ်တင်းတင်းပြောလိုက်ပြီး နှုတ်ခမ်းထောင့်ကို တွန့်ခွေးပြုံးလျက်--

"ပန်းသည်လာရင် မမလေးပန်းပယ်မလားပြောမှ ငါသွားမယ်"

ဒုတိယအရူး၏မျက်ဝန်းသည် ရုတ်ခြည်းပြူးကျယ်သွားပြီး လွန်စွာအံ့ဩသွားလေ၏။ ထို့အတူ အထိတ်တလန့်ဖြင့် ခြေလှမ်းငါးလှမ်းစာမျှ နောက်သို့ဆုတ်သွားရာ သူ၏လှုပ်ရှားဟန်မှာ လွန်စွာသွက်လက်လှ၏။ ထို့နောက် ငင်းအရူးက. . .

"ဟား ဟား ဟား လက်စသတ်တော့ အင်စပတ်တော် မင်းမြတ်ကျော်စွာက အရူးဟန်ဆောင်ပြီး ကျုပ်ကိုဖမ်းဖို့ယောင်စောင့်နေတာကို။ တော်ပါပေတယ်ဗျာ"

"ဟုတ်ပါတယ် ကိုလှိုင်ဘွား၊ ခင်ဗျားလည်းမညံ့ပါဘူး။ တကယ်တော့ ကျွန်တော် ခင်ဗျားတို့ ကိုယ်ယောင်ဖျောက်ပြီး ဖမ်းမလို့ပါပဲ။ ဒါပေမယ့် ခင်ဗျားက ကျွန်တော်ဘယ်သူဆိုတာ သိနေတော့ အသာတကြည်အဖမ်းခံလိုက်ပါဗျာ"

"ဩော်. . . ကျုပ်ကို ခင်ဗျားက ကြက်ကလေး ငှက်ကလေးလို ဖမ်းချင်တယ်ဆိုတဲ့သဘောလား"

"စိတ်မရှိပါနဲ့ ကိုလှိုင်ဘွား၊ ကျွန်တော်တို့က တာဝန်ဝတ္တရားအတိုင်း


www.burmeseclassic.com

www.burmeseclassic.com

ရဆောင်ရွက်ရတာပါ"

"တာဝန် ဟုတ်လား။ ကြားရတာ နားခါးလိုက်တာဗျာ။ ဗြိတိသျှအင်ပါယာကြီးတည်တံ့ခိုင်မြဲအောင် ကျွန်ခံနေရတာကိုများ တာဝန်တဲ့လားဗျာ"

"ကိုလှိုင်ဘွား ထင်ချင်သလိုထင်နိုင်ပါတယ်။ ကျွန်တော်တို့ကလည်း ကိုယ့်မြန်မာအချင်းချင်းပြန်မဖမ်းချင်ပါဘူး။ ဥပဒေအရဆောင်ရွက်ရတာပါ"

"ဩော် . . . တာဝန်ကနေ ဥပဒေဖြစ်သွားပြန်ပြီလား။ တော်တော်ရယ်ဖို့ကောင်းတာပဲ။ ငွေများတရားနိုင်တဲ့ဥပဒေကို စစ်မှန်တဲ့ဥပဒေလို့ စုံထောက်ကြီးက မျက်စိဖွင့်မှိန်ပြောင်းချင်သေးလို့လား"

"ကဲပါ ကိုလှိုင်ဘွားရယ်၊ ကျွန်တော် ခင်ဗျားနဲ့ငြင်းဖို့ လာတာ မဟုတ်ပါဘူး။ အေးအေးဆေးဆေး အဖမ်းခံလိုက်ပါဗျာ"

"ဝမ်းနည်းပါတယ် စုံထောက်ကြီးရယ်။ ကျွန်တော့်ရာဇဝင်မှာ လွယ်လွယ်ကူကူ အညံ့ခံတယ်ဆိုတာ ဘယ်တော့မှမရှိဘူး။ ခင်ဗျားအရဲစွန့်ပြီး ရှေ့မတိုးနဲ့နော်။ ကျုပ်က သေလူဖြစ်နေပြီ"

မင်းမြတ်ကျော်စွာက ရှေ့သို့တစ်လှမ်းတိုးရင်း တည်တည်ငြိမ်ငြိမ်လေသံဖြင့် . . .

"ခင်ဗျားအတွက် ကျွန်တော်စေတနာနဲ့ပြောမယ်။ ခင်ဗျား နောက်ကျသွားပြီ။ ကျွန်တော်တို့ ခင်ဗျားကို ဝိုင်းထားပြီးပြီ"

ထိုစကားဆုံးသည်နှင့် ကျွန်ုပ်တို့လည်း အသီးသီးနေရာယူထားရာမှထွက်လိုက်ကြလေရာ လှိုင်ဘွားမှာ အခြေအနေမလှတော့ကြောင်း သဘောပေါက်သွားပြီး ဝှက်၍ကိုင်ဆောင်လာသောဓားကို လှစ်ခနဲ ဆွဲထုတ်လိုက်၏။

ရှပ်ခနဲ မြည်သံနှင့်အတူ လ၏အလင်းထုထဲတွင် လျှပ်စီးလက်သလိုပြိုးပြိုးပြက်ပြက်ထင်းခနဲ ဖြစ်သွား၏။ အလင်းရောင်မှာ အံ့သြဖို့ကောင်း၏၊ ဓားမှအနီသွေးများဖြန်းပက်လိုက်သလား မှတ်ထင်ရ၏။

"ဟိတ် . . . လက်ကဓားကိုချလိုက်စမ်း၊ မချရင်ပစ်ထည့်လိုက်မယ်"

ကျွန်ုပ်ဟန့်တားလိုက်သော်လည်း ဓားသမားက တစ်ချက်မှ နောက်မတွန့်ဘဲ ဓားကိုဝှေ့ယမ်းကာ အင်စပက်တော်မင်းမြတ်ကျော်စွာထံ ခုန်ဝင်လိုက်၏။

"ကျား"

"ဟိတ်"

ကျွန်ုပ်၏မျက်စိထဲ ဟုခနဲ ဖြစ်သွား၏။ ဓားက မင်းမြတ်ကျော်စွာ၏လည်မျိုဆီသို့ကျရောက်သွားခြင်းဖြစ်သည်။ မင်းမြတ်ကျော်စွာကလည်း မြန်ဆန်





စွာလက်သည်။ ဂုတ်ပိုးပေါ် ဓားသွားမရောက်မီမှာပင် ကိုယ်ကိုနောက်ဘက်ယိုန်ကာ ရှမ်းပစ်ထွက်လိုက်၏။

သဲပေါ်၌ ကြောင်တစ်ကောင်ပမာရပ်မိသည်နှင့်တပြိုင်တည်း ရန်သူ၏ခြင်ဘက်ကို ခြေခတ်၏။ ပြင်းလှသဖြင့် တစ်ဘက်လူမှာ ဟန်ချက်ပျက်ကာလိုင်သွား၏။ ချက်ချင်းပင် ထိုသူက ကိုယ်ကိုထိန်းလိုက်ပြီး ဓားဦးကို မင်းမြတ်ကျော်စွာ နံကြားဆီသို့ ချိန်ရွယ်ပစ်သွင်းလိုက်၏။

"ဟာ"

တည်တည့်မတ်မတ်စိုက်ဝင်သွားသော ဓားဦးချွန်ကိုမြင်လိုက်ရသဖြင့်ကျွန်ုပ်မှာ ဟာကနဲ အော်လိုက်မိ၏။ ကျွန်ုပ်တုန့်ဆိုင်းမနေချင်တော့ဘဲခြောက်လုံးပြူးကို ထိုးချိန်၍ ပစ်ရန်ဟန်ပြင်လိုက်၏။

သို့ချိန်ရွယ်စဉ်မှာပဲ အခြေအနေမှာ တစ်မျိုးပြောင်းသွား၏။ မင်းမြတ်ကျော်စွာသည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နေရင်း ရန်သူ၏တိုက်ကွက်ကိုသိထားသလိုရှိ၏။ နံကြားသို့ဝင်လာသောဓားကို ကိုယ်တစ်ပတ်လှည့်ရှောင်ရင်း ရန်သူ၏လက်ကောက်ဝတ်ကို မိမိရရ လက်ပြန်ရိုက်လိုက်ရာလွန်စွာရိုက်ခ်ျက်ပြင်းလှသဖြင့် ဓား[illegible]ဖောင်းကနဲ လွင့်စင်သွား၏။

၎င်းဓားမှာ ဇရာဝတီမြစ်ထဲသို့ကျသွားလေရာ ဓားသည်ချက်ချင်း[illegible]သွားဘဲ ရေပေါ်၌ ဂါးတစ်ပြန်နီးနီးရုပ်ပြေးပြီးမှ မြုပ်သွားလေ၏။

၎င်းတိုက်ကွက်မှာ မင်းမြတ်ကျော်စွာ၏ ပွဲသိမ်းတိုက်ကွက်ပင်ဖြစ်၏။ မင်းမြတ်ကျော်စွာသည် ရန်သူကို အနည်းငယ်မျှလှုပ်ရှား၍မရလောက်အောင် ဘယ်လက်ကိုလိမ်၍ ချုပ်ကိုင်ထားလိုက်ပြီဖြစ်ရာ ထိုအခါကျမှ ကျွန်ုပ်တို့လည်း ချိန်ရွယ်ထားသည့်သေနတ်ကို ပြန်ရုတ်သိမ်းရတော့၏။

ကျွန်ုပ်တို့၏တာဝန်သည် အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်၏။ တရားခံကိုဖမ်းမိနိုင်ခဲ့သည့်အချိန်မှာ ညဉ့်နှစ်ချက်တီးဖြစ်ပြီး ကျွန်ုပ်တို့အားလုံးမှာလည်း နေက်မိုးလင်းသည့်တိုင်အောင် တမှေးမှမအိပ်ကြရဘဲ လွန်စွာအလုပ်ရှုပ်လေတော့၏။

နောက်တစ်နေ့မှာလည်း မနားရသေးပေ။ ပြေးပြေးလွှားလွှားလုပ်ရသူမှာ ကျွန်ုပ်သာလျှင်ဖြစ်သော်လည်း ကျွန်ုပ်မှာ အနည်းငယ်မျှ နွမ်းနယ်ဟန်မရှိ၊ ညည်းညူခြင်းလည်းမပြု။ လွန်စွာစိတ်အားထက်သန်လျက်ရှိ၏။

ကြည်နူးပျော်ရွှင်မှုမှာလည်း ဆိုဖွယ်ရာမရှိပေ။ အဘယ်ကြောင့်ဆိုသော်ကြားနန်းဖြင့်သတင်းပို့လိုက်၍ အားချင်းအကြောင်းပြန်ကြားလာသည့် မင်းကြီး

www.burmeseclassic.com

ပေါလ်စလေဒင်၏ချီးကျူးစကားကိုကြားသိလိုက်ရသောကြောင့်ဖြစ်သည်။ ကျွန်ုပ်မျှော်လင့်တောင့်တဆုံးအရာသည် အမှန်ပင်ပြည့်ဝခဲ့လေပြီ။

မင်းကြီးသည် ရန်ကုန်သို့ ကျွန်ုပ်တို့ပြန်ရောက်သည်နှင့် အခမ်းအနားနှင့်ကြိုဆိုစည့်ခံမည်ဖြစ်သလို ၎င်းအခမ်းအနားမှာပဲ နာမည်ကောင်းဆုတံဆိပ်ချီးမြှင့်ပြီး ရာထူးတစ်ဆင့်တိုးမြှင့်ကြောင်း အမိန့်စာကိုလည်း ပေးအပ်မည်ဟူ၍ ပြည်ခရိုင်ဝန် မင်းကြီးထံစကားပြော ကြေးနန်းဖြင့် ပြောဆိုလေ၏။

ထိုသတင်းကို ခရိုင်ပုလိပ်မင်းက ကျွန်ုပ်အားခေါ်ယူပြောပြပြီး ကျွန်ုပ်တို့၏စွမ်းဆောင်နိုင်မှုကို ထပ်ဆင့်ချီးကျူးလေ၏။

ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး လေထဲတွင်လမ်းလျှောက်နေရသကဲ့သို့မြောက်ကြွကြွဖြစ်နေမလားမဆိုနိုင်။ ကျွန်ုပ်နှင့်ဆန့်ကျင်လျက် မတုန်မလှုပ်ရှိနေသူမှာ မိတ်ဆွေကြီး မင်းမြတ်ကျော်စွာဖြစ်သည်။ ကျွန်ုပ်မှာ တိုပြေသည်လွှားရှိနေသော်လည်း ၎င်းကတော့ အနားယူအိပ်စက်ခြင်းလည်းမပြုဘဲ တစ်နေ့လုံးအခန်းထဲ အောင်းနေလေ၏။

ပိုလိုစီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ဖွာရှိုက်ရင်း တစ်စုံတစ်ရာကိုလေးနက်စွာတွေးနေပုံရ၏။ မျက်နှာအမူအယာမှာလည်း ရွှင်ရွှင်ပျပျမရှိသဖြင့် ကျွန်ုပ်လည်း နားမလည်နိုင်အောင်ဖြစ်ရ၏။

တစ်နေကုန် ဟိုပြေးဒီလွှားလုပ်ခဲ့ရသော ကျွန်ုပ်သည် ညနေစောင်းမှသာအနားရပေ၏။ တည်းခိုဆောင်သို့ပြန်ရောက်သည်နှင့် ကျွန်ုပ်က. . .

"ကဲ. . . ကိုကျော်စွာရေ၊ ဖြစ်နိုင်ရင် ကျုပ်တော့ ရန်ကုန်ကို အမြန်ပြန်ပြေးချင်လှပြီ။ ခုလောက်ဆိုရင် ကျုပ်ရဲ့ဇနီးမဟေသီလည်း ဆိုင်းတွေဗုံတွေနဲ့ ကခုန်နေမယ်ထင်ပါရဲ့"

ဟု ပြောလိုက်ပြီး ကိုယ့်စကားကိုယ်သဘောကျတာ အားရပါးရ ရယ်လိုက်မိ၏။ မင်းမြတ်ကျော်စွာကလည်းပြုံး၍ ကျွန်ုပ်ကိုကြည့်ပြီး. . .

"ဟုတ်ပါတယ်လေ၊ ကျွန်တော်တို့ပြန်ကြတာပေါ့ဗျာ၊ ဒါပေမယ့် တစ်ရက်လောက်တော့ ကျွန်တော်နေချင်သေးတယ်။ သက်ထက်စံဆိုတဲ့အမျိုးသမီးကိုနှုတ်ဆက်ချင်သေးလို့ပါ"

"ဟာ. . . ကိုယ့်ဆရာကလည်း အဲ့ဒီအမျိုးသမီးက ရန်ကုန်က ဘယ်ပြန်လာဦးမှာလဲ။ သူ့ခင်ပွန်းရက်လည်ပြီးမှ ပြန်လာလို့ရမှာပေါ့"

ထိုအခါ အင်စပတ်တော်မင်းမြတ်ကျော်စွာက အဓိပ္ပါယ်နားလည်ရခက်သည့်အပြုံးဖြင့် ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး. . .





"ရက်လည်တိုစွဆိုတာ အဲ့ဒီအမျိုးသမီးအတွက် အရေးပါလိမ့်မယ်ထင်ဘူး။ ဒီမှာရှိတဲ့ကိစ္စတွေက ခြေတစ်လှမ်းနောက်ကျလို့မဖြစ်ဘူး မဟုတ်လား။ စိတ်ချပါ။ သူ့ကို ကျွန်တော်တို့တွေ့ကို တွေ့ရလိမ့်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်မှာ ဘာမှဆက်မေးမနေတော့ဘဲ ရေချိုးခန်းသို့ ထွက်ခဲ့တော့၏။ သို့သော်လည်း စိတ်ထဲမှာတော့ ထူးဆန်းသည်ဟု ထင်နေမိ၏။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

အစပထမ၌ ကျွန်ုပ်သည် မင်းမြတ်ကျော်စွာ၏စကားကိုသံသယဖြစ် မိသည်။ ခင်ပွန်းကွယ်လွန်သည်မှာနှစ်ရက်ခန့်မျှသာရှိသေးသဖြင့် ထိုရ လေးနှင့်တော့ပြန်လာလိမ့်ဦးမည်မဟုတ်ဟုထင်၏။ သူမခင်ပွန်းခေါင်းချသွ သည့်နေရာ၌ပင် ရက်လည်ဆွမ်းသွပ်လိမ့်မည်ဟု ထင်မိသည်။

ယခုသော် ကျွန်ုပ်၏ထင်မြင်ချက်မှာ လုံးဝလွဲချော်သွားပြီဖြစ်၏။ မင်းမြ ကျော်စွာယူဆသလို သက်ထက်စံဟူသောအမျိုးသမီးမှာ သူမ၏အိမ်သို့ လည်ရောက်ရှိနေသည်ကိုတွေ့လိုက်ရ၏။ ကျွန်ုပ်တို့လာရောက်တွေ့ဆုံကြော သိလျှင်သိခြင်း သူမသည် ကမန်းကတန်းပင်ထွက်၍ ဧည့်ခံစကားပြောလေ

သူမအမူအယာက လင်သေဆုံးသဖြင့် ပူပန်သောကရောက်နေသည် ဟန်မျိုးမရှိဘဲ ကြွရွရွလေးပြင်ဆင်ထားလေရာ ကျွန်ုပ်လည်းအနည်း အံ့သြမိသွားလေ၏။ အသက်အရွယ်က သုံးဆယ်ဝန်းကျင်ခန့်သာရှိပြီး အ အမောင်း၊ အသားအရည်၊ ခန္ဓာကိုယ်ဖွဲ့စည်းမှုစသဖြင့် အစိတ်အပိုင်းတစ် လှပဆွဲဆောင်မှုအပြည့်ရှိသူဖြစ်သည်။

သူမသည် ကျွန်ုပ်တို့အတွက် ကော်ဖီနှင့်မုန့်များ အားချင်းစီစဉ် ဧည့်ခံလေ၏။

"သုံးဆောင်ကြပါရှင်၊ ကျွန်မကိုအခုလို ကူညီတာအရမ်းဝမ်းသာတာ ရန်ကုန်မှာကတည်းက စုံထောက်ကြီးတို့နဲ့စကားပြောဖြစ်ကတည်းက တရား အနေးနဲ့အမြန်ဖမ်းဆီးနိုင်တော့မယ်လို့ထင်မိပါတယ်။ အခုလောက်မြန်ဆ လိမ့်မယ်လို့ မထင်မိဘူး။ တကယ့်ကိုချီးကျူးပါရဲ့ စုံထောက်ကြီးတို့ရယ်

မင်းမြတ်ကျော်စွာနှင့်ကျွန်ုပ်သည် ပုလိပ်ဝတ်စုံနှင့်မဟုတ်ဘဲ အရပ်ဝတ် ရှိနေသည်ကို သူမက အလွယ်တကူမှတ်မိလေ၏။ မင်းမြတ်ကျော်စွာက ရင်း ဖော်ရွေစွာဖြင့် သူမဧည့်ခံသည့်လက်ဖက်ရည်နှင့်မုန့်ကို စားသောက်လိုက်





သူမကဆက်၍. . .

"ကျွန်မမျက်လုံးထဲမှာ အဲ့ဒီညက လူသတ်သမားကိုမြင်ယောင်မိရင်း ခုထိအသည်းတုန်အူတုန်ဖြစ်နေတုန်းပဲ။ ကျွန်မကို သတ်မသွားတော့ အရမ်း ကံကောင်းတာပေါ့"

"ဒါပေါ့လေ. . . သူ့လက်မောင်းမှဒဏ်ရာရထားပြီးတော့ ဒေါ်သက် ထက်စံရဲ့လက်မှာလည်း ခြောက်လုံးပြူးရှိနေတာရယ်ဆိုတော့ ဒီလူပြေးရ တော့မှာပေါ့"

"ကျွန်မသေနတ်နဲ့ချိန်ပြီးဟန့်တားတာကို ဘာပဲဖြစ်ဖြစ် ဒီလူအညံ့ခံ လိမ့်မယ်ထင်မိတာ။ တကယ့်အာဂသတ္တိရှိသူပဲ။ ကြောင်တစ်ကောင်လို ဖျတ်ကနဲ ပြတင်းပေါက်က ခုန်ဆင်းလိုက်တယ်လေ။ သူ အောက်မှာခွေခေါက်ပြီးတော့ လဲမှာနေမလားလို့ ကျွန်မအပြေးအလွှားသွားကြည့်တော့ သူ့ကိုရိပ်ကနဲပဲ မြင်လိုက်ရတယ်လေ"

"ဟုတ်ပါတယ်၊ အဲ့ဒီတုန်းက ကျွန်တော်လည်း သူခုန်ချခဲ့တဲ့နေရာကို ကြည့်ခဲ့ပါသေးတယ်။ သူက အတွေ့အကြုံရင့်ကျက်နေတဲ့ ရာဇဝတ်ကောင် ဖြစ်လေတော့ သူ့ကိုယ်သူလွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့တာပေါ့။ သူ ခုန်ချခဲ့တဲ့နေရာက ဖွဲ့အိတ်တွေရှိနေတယ်လေ"

မင်းမြတ်ကျော်စွာက စိတ်အေးလက်အေးအမူအယာဖြင့် အလိုက်သင့် ဖြေကြားလိုက်၏။ အမျိုးသမီးက ဂုဏ်ယူဝမ်းမြောက်သည့်မျက်ဝန်းဖြင့်ကြည့် လိုက်ပြီး. . .

"ဘယ်လောက်ပဲအစွမ်းအစရှိပါစေလေ။ စုံထောက်ကြီးလို ထူးချွန်ထက် မြက်တဲ့ပုဂ္ဂိုလ်နဲ့ထိပ်တိုက်ရင်ဆိုင်ရတော့ ဒီလူအညံ့ခံခဲ့ရတာပဲမဟုတ်လား"

ထိုအခါမင်းမြတ်ကျော်စွာက သဘောကျစွာရယ်လိုက်ပြီး ဦးခေါင်းကို ဖြည်းလေးစွာခါယမ်းရင်းက. . .

"အိုး. . . ဟိုး. . . ကျွန်တော့်အရည်အချင်းက ဒေါ်သက်ထက်စံပြော သလောက်ကြီးမဟုတ်ပါဘူးဗျာ။ ပြီးတော့ အခုကျွန်တော်တို့ဖမ်းမိလိုက်တဲ့ ကိုလှိုင်ဘွားဆိုတဲ့တရားခံဟာ အလွန်ထူးချွန်ထက်မြက်တဲ့လူငယ်တစ်ဦးပါ။ အကျင့်သီလ၊ စိတ်ဓာတ်အမူအကျင့် အတော့်ကိုမြင့်မြတ်တဲ့လူငယ်ဖြစ်လို့ တရားဥပဒေအရဆောင်ရွက်လိုက်ရပေမယ့် ကျွန်တော် အတော့်ကိုစိတ်မကောင်း ဖြစ်ရပါတယ်"

ဟုပြောလိုက်ပြီး ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိရင်းနှစ်ဖွာသုံးဖွာခန့်


www.burmeseclassic.com

www.burmeseclassic.com

ဖွာရိုက်ပြီးနောက် မည်သည့်သဘောဖြင့်ပြုံးနေသည်မသိ။ ကျွန်ုပ်မှာ မင်းမြတ်ကျော်စွာကိုကြည့်လိုက်၊ သူဌေးကတော်ဒေါ်သက်ထက်စံကို အကဲခတ်လိုက်ဖြင့် ဘာကိုနားလည်၍ နားလည်ရမှန်းမသိဖြစ်နေတော့၏။

သို့သော်လည်း မသိစိတ်မှာတော့ တစ်စုံတစ်ခုအပေါ် တွင်စိုးရိမ်ကြောင့်ကြ ခံစားနေရ၏။ အထူးသဖြင့် မင်းမြတ်ကျော်စွာ၏ ထူးခြားသည့်အပြုအမူကို ရုတ်ခြည်းသတိအားမိလိုက်၍ဖြစ်သည်။

သူသည် လုပ်ကြံခံရသူ သူဌေးမင်း၏ဇနီးထံသို့ အကြောင်းကိုစွမယ်မယ် ရရမရှိဘဲ အလည်အပတ်ရောက်ရှိလာသည့်ကိစ္စဖြစ်သည်။ ဒေါ်သက်ထက်စံက တရားခံအပေါ် ချီးကျူးပြောဆိုလိုက်သည့် မင်းမြတ်ကျော်စွာကို အလိုမကျသည့်ဟန်ဖြင့် မျက်မှောင်တစ်ချက်ကျုံ့လိုက်ပြီး. . .

"စုံထောက်ကြီးရယ်. . . ဒီလောက် လူ့အသက်ကို ရက်ရက်စက်စက် သတ်နေတဲ့လူက ဘယ်လိုလုပ်စိတ်သဘောထားမြင့်မြတ်ဖြူစင်တဲ့သူဖြစ်ပါဦးမလဲ။ သေနတ်နဲ့ပစ်သတ်တာကမှ အသတ်ခံရသူအဖို့ ခံသာဦးမယ်။ အခုတော့ ရက်ရက်စက်စက်ဓားနဲ့ခုတ်သတ်တယ်။ စုံထောက်ကြီးလို ရဲစွမ်းသတ္တိရှိတဲ့သူမို့လို့ပေါ့။ တော်ရုံသတ္တိလောက်နဲ့က ဒီလူကိုရင်ဆိုင်ဖို့ဆိုတာ တွေးတောင်တွေးဝံ့မယ်မထင်ဘူး"

ဟုပြောရင်း မခို့တရို့အမူအယာလေးဖြင့် တဟင်းဟင်းရယ်နေပြန်၏။

"ဒီလိုရှိတယ် ဒေါ်သက်ထက်စံရဲ့၊ ဒေါ်သက်ထက်စံပြောသလို ကျွန်တော် ကိုယ်၌ကလည်း ကိုယ်စွမ်းကိုယ်စရှိလို့ဆိုတာလည်း ကဏ္ဍာပစ်ခုပေါ့ဗျာ။ ကျွန်တော်တို့လူ့လောကကြီးထဲက ဒုစရိုက်အမှုတိုင်းမှာ ဘယ်လိုမှဖုံးကွယ်မရတဲ့အရာက ဒုစရိုက်သမားတွေ သတိလက်လွတ်ဖြစ်တတ်ကြတဲ့ သဲလွန်စဆိုတဲ့ အလွန်လျှို့ဝှက်နက်နဲတဲ့အရာပဲလေ။ တရားခံကို သက်သေအထောက်အထားခိုင်ခိုင်မာမာနဲ့ ဖမ်းနိုင်ဖို့ဆိုတာ အဲ့ဒီသဲလွန်စကိုခြေရာခံနိုင်ဖို့ သိပ်ကို အရေးကြီးပါတယ်"

ထိုအခါ ဒေါ်သက်ထက်စံက မျက်ဆံလေးကိုထောင့်ကပ်လိုက်ပြီး. . .

"အင်း. . . ဟုတ်တာပေါ့နော်၊ သဲလွန်စဆိုတော့ အဲ့ဒီတရားခံလည်း သဲလွန်စကြောင့်ဖမ်းမိခဲ့တာပေါ့။ စုံထောက်ကြီးပြောမှပဲ ကျွန်မလည်း ဗဟုသုတတိုးကော့တယ်။ ကောင်းပါတယ်ရှင် ဒီလိုရက်စက်တဲ့လူကို စက်တိုင်မြန်မြန်ပို့တာပဲကောင်းပါတယ်။ ဒါနဲ့ အကြောင်းသင့်လို့ဖိတ်တဲ့သဘောမျိုး မယူဆစေချင်ဘူး။ ကိုကြီးဌေးတိုးရဲ့ရက်လည်နေ့ကိုတော့ ဆက်ဆက်ကြွခဲ့ကြပါဦး"





"ဝမ်းနည်းပါတယ်ခင်ဗျာ၊ ကျွန်တော်တို့မှာ အဲ့ဒီလောက်အထိအချိန်မရပါဘူး။ အခုဒီကိုရောက်လာတာကလည်း တရားခံကိုရုံးတင်တဲ့အခါပိုပြီးပြည့်စုံဖို့အချက်အလက်လေးတချို့သိချင်လို့ပါ။ ဒါကလည်း ဒေါ်သက်ထက်စံကူညီမှဖြစ်မှာဖို့လို့ပါ"

"ဘာများပါလိမ့် စုံထောက်ကြီးရယ်၊ ကျွန်မကူညီနိုင်တာဆို ကူညီရမှာပေါ့"

"ဒီလိုပါ. . . သူဌေးမင်းဦးဌေးတိုးမှာ တရားဝင်ဇနီးသုံးယောက်ရှိတယ်လို့သိရပါတယ်။ ကျွန်တော့်နှစ်ဦးက ဘယ်မှာနေတယ်၊ အဲ့ဒီနှစ်ယောက် သူတို့ခင်ပွန်းကွယ်လွန်တာသိသလား၊ မသိဘူးလား။ ပြီးတော့ ကွယ်လွန်သူနဲ့ပတ်သက်ပြီး အစီရင်ခံတင်ပြတဲ့အခါ အလုပ်သဘောအရ သူတို့နှစ်ဦးကိုလည်း ချန်ထားလို့မဖြစ်ဘူးလေ။ အဲ့ဒါ လိပ်စာကလေးရေးပေးစေချင်ပါတယ်"

အမျိုးသမီးသည် ဘယ်လိုမှထင်မှတ်မထားသည့်စကားကိုကြားလိုက်ရသဖြင့် ဟန်ဆောင်ထိန်းချုပ်ထားလျက်က အမူအယာမှာ သိသိသာသာ ပျက်သွားလေ၏။ ပြုံးယောင်ယောင်နှုတ်ခမ်းမှာလည်း မဆိုသလောက် တင်းမာသွား၏။ သို့သော်လည်း လွန်စွာပါးနပ်သည့်အမျိုးသမီးပီပီ အိန္ဒြေဆယ်လိုက်ပြီး-

"သြော်. . . ရပါတယ်၊ အင်း. . . စုံထောက်ကြီးက ကိုကြီးအကြောင်းကို သိနေမှတော့ ကျွန်မလည်း အထူးရှင်းပြနေစရာမလိုတော့ဘူးပေါ့။ ကျွန်မ သူတို့အမည်နဲ့ လိပ်စာကို ရေးပေးလိုက်ပါ့မယ်"

"ကျေးဇူးအထူးတင်ပါတယ်"

အမျိုးသမီးသည် 'ခဏနော်' ဟုဆိုကာ ဧည့်ခန်းတစ်ဖက် အခန်းအတွင်း ဝင်ရောက်သွား၏။ ကျွန်ုပ်သည် အေးတိအေးစက်ရှိနေဆဲ မင်းမြတ်ကျော်စွာကို အကဲခတ်ကြည့်လိုက်ရာ အဓိပ္ပါယ်နားလည်ရခက်သောမျက်ဝန်းဖြင့် ကျွန်ုပ်ကို ပြုံးပြလေ၏။ ကျွန်ုပ်က တစ်စုံတစ်ခုမေးဖို့ဟန်ပြင်လိုက်သော်လည်း အတွင်းခန်းမှစာရွက်လေးတစ်ရွက်ကိုင်ကာပြန်ထွက်လာသည့် အမျိုးသမီးကြောင့် ရပ်တန့်လိုက်ရ၏။

မင်းမြတ်ကျော်စွာက အမျိုးသမီးကမ်းပေးသည့်စာရွက်ကို အတန်ကြာ ဖတ်ရှုပြီးနောက် တည်တည်ငြိမ်ငြိမ်အမူအယာဖြင့်. . .

"အားတော့နာပါရဲ့ ဒေါ်သက်ထက်စံ ခင်ဗျာ။ စောစောတုန်းက စကားနဲ့ အဆုံးသတ်ရရင် တရားခံကိုဖော်ထုတ်နိုင်ခဲ့တာ သဲလွန်စကြောင့်ဖြစ်သလို တရားခံကိုယ်တိုင်သတိလက်လွတ်ဖြစ်ခဲ့တဲ့သဲလွန်စတစ်ခုကြောင့်ဒီအမှုမှာ ဒေါ်သက်ထက်စံလည်း ပါဝင်ပတ်သက်နေတာကို ကျွန်တော်သိလိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်. . . ဘယ်. . . ဘယ်လို. . ."

"အင်း. . . စိတ်တော့မကောင်းပါဘူး။ အခုဒေါ်သက်ထက်စံရဲ့လက်ချေတွေက အဲ့ဒီသဲလွန်စကိုပို့ပြီး ခိုင်မာသွားစေပြီလေ၊ ဒါကြောင့် ကျွန်တော်တို့နဲ့ဂါတ်ကိုလိုက်ခဲ့ပါ"

"အို. . . ဘုရား. . . ဘုရား"

ထိုသို့အထိတ်တလန့်ရေရွတ်လိုက်သူမှာ သက်ထက်စံဟူသောအမျိုးသမီးသာလျှင်မဟုတ်ဘဲ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုသို့ပင်ဖြစ်သွား၏။ မင်းမြတ်ကျော်စွာကတော့ အမျိုးသမီးရေးပေးသည့်စာရွက်ကိုခေါက်ပြီး စနစ်တကျသိမ်းဆည်းလိုက်ပြီးနောက် ထိုင်ရာကထလိုက်သေ၏။

လွန်စွာအချိန်ကိုက်တိကျမှုရှိအောင်စီစဉ်နိုင်စွမ်းသည့် အင်စပက်တော်မင်းမြတ်ကျော်စွာပင်ဖြစ်၏။ ကျွန်ုပ်တို့ထွက်ခွာရန်အသင့်ဖြစ်နေစဉ်မှာပဲ ဆံတော်ရှင်ဂါတ်မှဌာနအုပ်ကိုသန်းနိုင်ကိုယ်တိုင်မောင်းလာသော အော်စတင်ကားလေးမှာ သူဌေးမင်းနေအိမ်ခြံဝန်းအတွင်း ဝင်ရောက်လာပြီဖြစ်၏။

ကျွန်ုပ်သည် လွန်စွာထိတ်လန့်ဘုန်လှုပ်ဖွယ်ကောင်းလှသည့်လူသတ်မှုကြီးကို အဆုံးသတ်ဖော်ထုတ်နိုင်ပြီဟု စိတ်ဝယ်ထင်မှတ်ပြီး အပျော်ကြီးပျော်နေရာမှနောက်ဆက်တွဲ ရှုပ်ထွေးမှုကြီးကြောင့် ကျွန်ုပ်မှာ မအားမလပ်နိုင်ဖြစ်ရပြန်၏။

ဝ..ကယ်တော့ ကျွန်ုပ်မှာ နောက်တန်းသမားပီပီနောက်တန်းလုံ့ဖို့တောကတိုမယ်ရကိစ္စဟူသမျှကို ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုကိစ္စများပြီးသည်နှင့် ကျွန်ုပ်ကစကားစဖို့မလိုဘဲ မင်းမြတ်ကျော်စွာကိုယ်တိုင်ကပင် ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်လိုက်ရာ ကျွန်ုပ်မှာအံ့သြဝမ်းသာဖြစ်သွားရတော့၏။

ကျွန်ုပ်တို့လိုက်ပါလာသောမီးရထားသည် တရိပ်ရိပ်ခုတ်မောင်းလျက်ရှိရာ ဆင်ဖြူးဆွဲဘူတာကိုပင်ရောက်ခဲ့ပြီဖြစ်၏။ ကျွန်ုပ်သည်ပြည်မှထွက်လာကတည်းကရင်၌တ ဂုံ့နွေးနွေးဖြစ်တည်နေသည့် စိတ်အလိုမကျခံစားမှုများကို ..ပင်းမျိုသိပ်နေရ၏။

မင်းမြတ်ကျော်စွာကိုလည်း အရိပ်တကြည့်ကြည့် ကြည့်နေမိသည်။ ပုဂ္ဂိုလ်ကြီးကတော့ ပြည်ကထွက်လာကတည်းက လျှာထိုးဦးထုပ်အဝိုင်းကိုမျက်နှာပေါ်အုပ်လျက် သက်သောင့်သက်သာအိပ်နေလေ၏။ ကျွန်ုပ်မှာ သိမ်းလာမည့်အရိပ်အခြေကို ..လားချောင်းသလိုချောင်းရင်း ဆေးတံကို တစ်ဆုံးပြီးတစ်ဆုံးဖြည့်ရင် ဖွာရှိုက်နေမိတော့သည်။





ဆင်ဖြူးဆွဲဘူတာလွန်မြောက်သွားတော့မှ ကျွန်ုပ်သည်းခံပြည့်သွားတော့သည်။ မျက်နှာပေါ်အုပ်မိုးထားသည့် ဦးထုပ်အဝိုင်းကိုဖယ်ခွာလိုက်ရင်း အိပ်ပျော်နေရာမှနိုးထလာသည့်မင်းမြတ်ကျော်စွာကို အနည်းငယ်မျှအားမနာနိုင်တော့ပဲ. . .

"ကဲ. . . အိုင်ဆေးတို့ကျော်စွာ. . . ခင်ဗျား ကျုပ်တို့ဒီလောက်နှိပ်စက်ရှင်တော်လောက်ရောပေါ့။ ပဋ္ဌလတ်ဆန်တဲ့ခင်ဗျားရဲ့ယျှို့ဝှက်ချက်တွေ ကျွန်တော်ဘယ်လောက်သိချင်နေကယ်ဆိုတာ သိရဲ့သားနဲ့ ဒီလောက်ဒုက္ခပေးဖို့မသင့်ပါဘူး"

ဟုရှုံ့ ဆောင့်ကြီးအောင့်ကြီးပြောလိုက်သည်နှင့် မင်းမြတ်ကျော်စွာက အနည်းငယ်မျှအပြုံးမပျက်ပဲ. . .

"ကြော်. . . အိုင်စီရယ် ဆင်တစ်ကောင်လုံးမြင်နေမှ အရိပ်လားလို့မေးနေရသေးလား။ သက်ထက်စံဆိုတဲ့အမျိုးသမီးအပေါ်မှာ အိုင်စီနားမလည်နိုင်အောင်ဖြစ်နေသလို ကျွန်တော်လည်းဖြစ်ခဲ့တာပါပဲ။ ခုလိုဖြစ်သွားတာတည်း ဘာကြောင့်လို့ယူဆရလိမ့်မယ်။ တကယ်တော့ သက်ထက်စံဟာ ..တန်မှိုင်းတယ်လို့ထင်ရစေမယ့် အလွန့်ကိုဉာဏ်မြေးတဲ့အမျိုးသမီးတစ်ယောက်ပဲ"

ဟုပြောပြီး နောက်ဆက်တွဲလျှို့ဝှက်ချက်ကိုရှင်းပြလေရာ ကျွန်ုပ်မှာ အံ့သြတုန်လှုပ်သွားပြီး လက်ထဲက ဆေးတံပင်လွတ်ကျသွားတော့၏။

"ဘာ. . . ဘယ်လို ဒီအမျိုးသမီးက တရားခံ။ တိုလိုင်ဘွားတို့ နောက်ကွယ်ကနေကြိုးကိုင်နေတဲ့သူ။ ပြီးတော့ အဲဒီလိုကြိုးကိုင်နေတာကို တိုလိုင်ဘွားကိုယ်တိုင်တောင် မသိဘူးဟုတ်လား"

ထိုအခါ အင်စပက်တော်မင်းမြတ်ကျော်စွာသည် စီးကရက်ကိုဖွာရှိုက်ရင်း အောက်ပါအတိုင်း အ..ချက်အလက်မိမိရှင်းပြလေတော့၏။

"ဟုတ်တယ် အိုင်စီ၊ တွေးကြည့်ရင်တော့ ဘယ်လိုမှချိတ်ဆက်လို့မရအောင် လှုပ်ရှားလိုက်တာပဲ။ သက်ထက်စံရဲ့ခန္ဓာကိုယ်ဖွဲ့စည်းမှုအနေအထားတော့ အရုပ်အမောင်း ပြန့်မြင်ယောင်ကြည့်ပြီး သုံးသပ်ကြည့်ရင်း သူမရဲ့လှုပ်ရှားမှုကို ကျွန်တော်သုံးသပ်နိုင်ခဲ့တယ်။ သူမဟာ သာမာန်မိန်းမသားတွေလောက် သွားတိုင်းသလိုယောက်ျားဆန်ဆန်ဝတ်စားပြီး ရုပ်ပြောင်းလွဲလိုက်ရင် ဘယ်သူမှမိန်းမတစ်ယောက်လို့ထင်မှာမဟုတ်တော့ဘူး။ ပြီးတော့ ပြောတဲ့စကားတွေထဲက တချို့လေယူလေသိမ်းစကားသံဟာ မိန်းမသား


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့လေသံမျိုးမဟုတ်ဘူး။ အဲဒီတော့ စဉ်းစားစရာအချက်က သူမယာ ရုပ်ပြောင်းရုပ်လွှဲနဲ့ ဒုစရိုက်မှုတွေကျူးလွန်မယ့် ကိုလှိုင်ဘွားကို လျှို့ဝှက်သတင်းပို့ခဲ့တာ

ထိုအခါမှာတော့ ကျွန်ုပ်သည် ပိုရှုပ်ထွေးသွားပြီး လေပွတစ်ချက် မှုတ်ထုတ်လိုက်ရာမှ တစ်စုံတစ်ခုကို သတိရလိုက်မိ၍. . .

"ကျုပ်ခေါင်းထဲမှာရှင်းမလာဘဲ ပိုရှုပ်သွားသလိုပဲ ကိုကျော်စွာရယ် ထားပါတော့လေ။ သူမက အဲဒီလိုသတင်းပေးပြီးဘာလို့မှားသေနတ်နဲ့ပ သတ်ရတာလဲ"

"မှန်ပါတယ်၊ ဒီကိစ္စကြီးတစ်ခုလုံးအဆုံးသတ်ဖို့ နှုတ်ပိတ်လိုက်တာပေါ့ တစ်ဘက်မှာ ကိုလှိုင်ဘွားက အင်မတန်လျှင်မြန်သွက်လက်တဲ့သူမို့လို့ လက်ဖော် ကိုပဲ ရှုပ်ထိသွားတာပေါ့"

"တဲ့. . . ဟုတ်ပါပြီဗျာ၊ ဒါလည်းထားလိုက်တော့။ ဒီအမျိုးသမီး ဘာကြောင့်များ သူ့ယောကျ်ားကို သေစေချင်ရတာလဲ"

"ဒါကလည်းရှင်းပါတယ်။ သူမဟာမင်းငွေတိုးနဲ့ပတ်သက်ပြီး သူမှာ နာကြည်းချက်တွေရှိနေခဲ့တယ်။ အိုင်ပီလည်း ငွေတိုးဆိုတဲ့ပုဂ္ဂိုလ်ရဲ့အမူအကျင့် သိတန်သလောက်သိထားရောပေါ့။ သွေးသားသောင်းကျန်းဖို့ သူအလိုရှိယ် ဆိုရင် ဖျိုဖျိုအိုအို အလွတ်ပေးရိုးထုံးစံရှိလို့လား။ နည်းပရိယာယ်မျိုးစုံနဲ့ အရယူခဲ့တာချည်းပဲ။ သက်ထက်စံအနေနဲ့ နာကြည်းမယ်ဆိုလည်းအပြ မဆိုသာပါဘူးလေ။ သူမရဲ့မိဘတွေဟာ ပင်တိုင်အားဖြင့်ချမ်းသာကြတယ် ငွေတိုးနဲ့လုပ်ငန်းသဘောအရ ရင်းနှီးခဲ့ကြတယ်။ အဲဒီမှာငွေတိုးဟာ အိမ်ထောင် မရှိ လူပျိုကြီးကိုတ်ဆိုင်းမနေပြီး မိဘတွေကိုချဉ်းကပ်ရင်း သူမကိုအတင်းလက်ထ ခဲ့တယ်။ မိဘတွေကလည်း သူတို့ထက်အဆများစွာချမ်းသာကြွယ်ဝတဲ့ ဖြစ်လို့ သက်ထက်စံငြင်းဆိုနေတဲ့ကြားက အတင်းသဘောတူလိုက်ကြတယ်

သူတို့လက်ထပ်ပြီးလို့တစ်နှစ်လောက်ကြာတော့မှ ငွေတိုးမှာသားပြ မယားကြီးတွေရှိမှန်းသိတော့တယ်။ အတိုချုပ်ပြောရရင် သက်ထက်စံရဲ့စိ နှစ်ပါးတော့ အဲဒီစိတ်ကြောင့်ပဲ တွယ်လွန်ကြရရှာတယ်။ ဒီတော့ အဲဒီပိုင်ဆိုင် တွေဟာလည်း ငွေတိုးလက်ထဲရောက်သွားတော့တာပေါ့။ တကယ်တော့ အကြောင်းကိစ္စလောက်နဲ့ ကိုယ့်ယောကျ်ားကိုလုပ်ကြံဖို့အကြောင်းမရှိပါဘူး အဲဒီလိုဖြစ်သွားဖို့ အခွင့်အလမ်းအားပေးလိုက်တာက သက်ထက်စံကိုယ်တိုင် တကျာရမတ်နှံထဲရောက်ရှိသွားလို့ပဲ။

သက်ထက်စံမှာ တစ်ချိန်က ကိုချစ်မြိုင်ဆိုတဲ့ငယ်ရည်းစားတစ်ယော





ခဲ့တယ်။ သက်ထက်စံအိမ်ထောင်ပြုသွားတော့ ကိုချစ်မြိုင်လည်း အသည်း ဆတ်ဆတ်နာကြည်းခံစားခဲ့ရတယ်။ သို့ပေမယ့် သက်ထက်စံက အိမ်ထောင် ပြုသွားပေမယ့် ကိုချစ်မြိုင်ကို သံယောဇဉ်မပြတ်နိုင်ဘူးလေ။ သူ့အပေါ် ခွင့်လွှတ်ဖို့နဲ့အချိန်တန်ရင် ကိုချစ်မြိုင်ရင်ခွင်ထဲအရောက်ပြန်လာခဲ့မယ် ဆိုဖြင့် အမျိုးမျိုးဖျောင်းဖျနှစ်သိမ့်တယ်။ တစ်ဖက်မှာလည်း ကိုငွေတိုးအပေါ် မိန်းဝတ္တရားကျေပွန်သူလို ပရိယာယ်နဲ့နေထိုင်တယ်။ သူမမိဘပိုင်ငွေကြေး ညီးစိမ်တွေသာမက ငွေတိုးကြွယ်ဝသမျှတွေကိုလည်း သူ့လက်ထဲရောက် အောင် အခုလိုနည်းပရိယာယ်တွေနဲ့ ကြံလိုက်တာပါပဲ"

ဟု စကားကိုအဆုံးသတ်လိုက်ရာ ကျွန်ုပ်စိတ်ထဲ လုံးလည်ချာလည်ဖြစ် နေသည့် မရှင်းလင်းမှုများမှာ ကွင်းကနဲ ထင်သာမြင်သာဖြစ်သွားတော့၏။ ကျွန်ုပ်သည် ဆေးတံအိုးအတွင်းဆေးတစ်ဆုံဖြည့်တာ မီးညှိပြီးနောက်. . .

"ဒီအတိုင်းဆိုရင် အမှုရဲ့ကွင်းဆက်တွေထဲမှာ အဲဒီကိုချစ်မြိုင်ဆိုတဲ့ ပုဂ္ဂိုလ်လည်းပါဝင်လာပြီပေါ့"

"နိုး. . . နိုး. . . အဲဒီပုဂ္ဂိုလ်ကတော့ လုံးဝလွတ်တင်းဝါတယ်။ ကွန်တော် သေအချာစုံစမ်းပြီးပြီ။ တကယ့်လူရိုးလူတောင်းတစ်ဦးပါ။ ဒီကိစ္စကို သက် ထက်စံတစ်ဦးတည်းက အကြံကြီးကြံခဲ့တာပါ"

ကျွန်ုပ်သည် ဘယ်လိုမှယုံကြည်နိုင်ဖွယ်မရှိသည့် မုဆိုးတစ်ပိုင်းမိန်းမ ပျိုကြီး ဒေါ်သက်ထက်စံကို အတွေးဖြင့်မြင်ယောင်လာရင်း မိန်းမသားတို့၏ ပါးနပ်လိမ္မာသည့် ဉာဏ်ပညာအပေါ် များစွာထိတ်လန့်တုန်လှုပ်သွားလေ၏။ ယောကျ်ားသားများအဖို့ အနည်းငယ်မျှပင် စိတ်ကူးကြံစည်နိုင်ကြမည်မဟုတ်ပေ။

"ကံကြမ္မာဆိုတာလက်သီးပုန်းလို့ပဲ။ မထင်မှတ်တဲ့အချိန်မှာ မထင်မှတ် တဲ့နေရာက ပေါ်လာပြီးနာလန်မထူအောင် ထိုးနှက်နိုင်စွမ်းရှိတယ်ဆိုတဲ့ စကားပုံကို အိုင်ပီလည်းကြားဖူးပါလိမ့်မယ်။ အခု သက်ထက်စံရဲ့အဖြစ်ကလည်း အဲဒီသဘောအတိုင်းပါပဲ။ ပြတင်းပေါက်တနေခုန်ဆင်းသွားတဲ့ကိုလှိုင်ဘွား က စာရွက်အပိုင်းအစလေးတစ်ခု ကျတျန်ရစ်ခဲ့တယ်။ ဦးဖိုးစိန်လမ်းက အိမ်လိပ်စာနဲ့အတူ ပန်းသည်လာရင်မမသေးပန်းဝယ်မလားဆိုတဲ့ စကား တ်ပေါ့။ အဲဒီအိမ်ထဲ အလွယ်တကူဝင်နိုင်ဖို့ သက်ထက်စံကိုယ်တိုင်ရေးလိုက် တဲ့လျှို့ဝှက်စာဖြစ်နေတယ်လေ"

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## (နိဂုံး)





BURMESE CLASSIC .com

ကျွန်ုပ်၏ဘဝတစ်သက်တာတွင် ထိုမျှလောက် ရက်စက်မှုကြီးနှင့်ကြုံတွေ့ရလိမ့်မည်ဟု မထင်ခဲ့ချေ။ လွန်စွာအာယာတကြီးလှသည့် အမှုအခင်းကြီးဖြစ်၍ စိတ်ဝင်စားလွန်းလှသဖြင့် နောင်တစ်ချိန် ကျွန်ုပ်အငြိမ်းစားယူပြီးနောက် ထိုအကြောင်းအရာနှင့်စပ်လျဉ်းပြီး ပညာပေးဇာတ်လမ်းသဖွယ် ပုံးချင်းဝတ္ထုတစ်ပုဒ်ရေးသားမည်ဟု ဆုံးဖြတ်မိလေ၏။

ထိုသို့ကလဲ့စားချေခြင်းမျိုးသည် လောက၌လည်းမကောင်း၊ သံသရာ၌လည်းမကောင်းကြောင်းကို ပေါ်လွင်အောင်ဖော်ကျူးမည်ဟုလည်း ရည်ရွယ်ထား၏။

သို့ကြောင့်လည်း ကျွန်ုပ်သည် ကိုလှိုင်ဘွားနှင့်သက်ထက်စံတို့၏ အမှုအားအမှုလာကို မပြတ်စောင့်ကြည့်ရင်း မှတ်တမ်းရေးသားလေတော့၏။ သက်ထက်စံအမှုကို သူမငယ်ရည်းစားကိုချစ်မြိုင်က နာမည်ကြီးရှေ့နေများကိုငှားကာ ရင်ဆိုင်စေခဲ့သလို ၎င်းကိုယ်တိုင်ကလည်း ဖိဖိစီးစီးလိုက်လာရင်း ချစ်သူအပေါ် အားပေးနှစ်သိမ့်လျက်ရှိရာ ထိုအဖြစ်ကိုကြည့်ရင်း ကျွန်ုပ်မှာများစွာကြည်နူးပီတိဖြစ်ရ၏။

ထို့အတူ ကိုလှိုင်ဘွားအမှုတွင်လည်း လွန်စွာလှပချစ်စဖွယ်ကောင်းသည့် စံပါယ်မြိုင်ဟူသောမိန်းမချောလေးက သူမနှင့်ဘယ်လိုမှ မအပ်စပ်သည့် နံပြင်တနွားဟူသမျှ လွတ်လပ်ရဲတင်းစွာဝင်ထွက်သွားလာပြီး အစွမ်းကုန်လုပ်ကိုင်ပေးနေကြောင်း၊ သူမမိဘနှစ်ပါးတလည်း မိမိတို့စည်းစိမ်ဥစ္စာနှင့် တုန့်ပါခေဟူ၍ သဘောထားပြီး ကိုလှိုင်ဘွားအတွက်ပံ့ပိုးပေးနေကြောင်း ကြားသိရပြန်၏။

ကျွန်ုပ်အနေနှင့်မည်သူ့ကိုသာစေ၊ မည်သူကိုနာစေဟူ၍ သဘောမထား



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ကိုလှိုင်ဘွားနှင့်သက်ထက်စံတို့အား ဘနားဂရုဏာထားမိသည်ကတော့အမှန်ပင်ဖြစ်သည်။

ကျွန်ုပ်၏မိတ်ဆွေကြီးမင်းမြတ်ကျော်စွာကလည်း ၎င်းကိုယ်တိုင်တရားဥပဒေအရ ဖမ်းဆီးခဲ့ရသော်လည်း ထိုသူတို့နှစ်ဦးတရားဥပဒေနှင့်အညီ ရင်ဆိုင်ကြရစဉ်ကာလအတွင်း လိုအပ်သည့်အကူအညီဟူသမျှကို ကိုယ်အားဉာဏ်အားစိုက်ထုတ်ပြီး ဖေးမကူညီပေးသည်မှာ လွန်စွာချီးကျူးဖွယ်ကောင်းလှပါသည်။

သုံးလခန့်ကြာသောအခါ အမှုကိုစီရင်ချက်ချလိုက်ပါတော့သည်။ ကိုလှိုင်ဘွား၏အမှုတွဲဖြစ်သော သက်ထက်စံမှာ ထောင်ဒဏ်ဆယ်နှစ်ကျခံသွားရ၏။ ကိုလှိုင်ဘွားမှာမူ သေဒဏ်အပြစ်ပေးခံခဲ့ရ၏။

BURMESE CLASSIC .com

စံပါယ်မြိုင်တို့ကမူ ထိုသို့သေဒဏ်ကျခံသွားသော်လည်း ငွေမလျှော့ကြပေ။ မိတ်ဆွေကြီးမင်းမြတ်ကျော်စွာ၏ကူညီဖေးမမှုနှင့်အတူ ဟိုက်ကုတ်အထိလိုက်ကြ၏။ နောက်ဆုံးအင်္ဂလန်ရှိဘုရင်ခံချုပ်ထံအသနားခံဖို့ ခြေလှမ်းပြင်ထားကြ၏။

ထိုသို့ပြင်ဆင်နေချိန်မှာပဲ ကံဆိုးသည်လား၊ ကံကောင်းသည်လား မဆိုနိုင်၊ ကံကြမ္မာသည် ၎င်းတရားခံနှစ်ဦးအား မထင်မှတ်သည့်ရှုထောင့်မှ ရုတ်ခြည်းဆိုသလိုဖေးမလိုက်လေ၏။ ဘုရင်မကြီး၏ရွှေရတုနှင့်ကြုံဆုံလိုက်ခြင်းဖြစ်သည်။ ဗြိတိသျှလက်အောက်ခံနိုင်ငံများအတွင်းရှိရာဇဝတ်အကျဉ်းသားများကို ၎င်းတို့ကျူးလွန်သည့်ပြစ်ဒဏ်များမှလျှော့ပေါ့၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးလေရာ ကိုလှိုင်ဘွားမှာ စက်တိုင်တက်ရမည့်အပြစ်မှ တစ်ကျွန်းအပြစ်ဒဏ်ဟူ၍ ပြောင်းလဲသွားတော့၏။

ထို့အတူ သက်ထက်စံမှာလည်း ထောင်ဒဏ်ဆယ်နှစ်မှထက်ဝက်လျှော့ကျသွားပြီး ငါးနှစ်မျှသာကျခံသွားရတော့၏။ ထိုသတင်းကို ကျွန်ုပ်တို့ကြားလိုက်ရသည်နှင့် ပြောမပြတတ်လောက်အောင် ဝမ်းမြောက်ကျေနပ်မိကြသည်။

တစ်နေ့နံနက်တွင် အင်စပက်တော်မင်းမြတ်ကျော်စွာသည် ကျွန်ုပ်နေအိမ်သို့ရောက်ရှိလာပြီး ပြည်ထောင်မှ ကြိုးကျသူများ ရန်ကုန်နှင့်သိန်ထောင်သို့ရောက်နေကြောင်း၊ ယခုရက်ပိုင်းအတွင်းကပ္ပလီကျွန်းပို့ဇလဲယားသို့ ပို့တော့မည်ဖြစ်ကြောင်း၊ ထိုအကျဉ်းသားများထဲတွင် ကိုလှိုင်ဘွားလည်း ပါလာမည်ဖြစ်ကြောင်းပြောလေ၏။

၎င်းအားသွားရောက်နှုတ်ဆက်မည်ဟုဆိုသောအခါ ကျွန်ုပ်မှာမဆိုင်းမတွပင်ထ၍ လိုက်ခဲ့တော့၏။ ထောင်အာဏာပိုင်က ကျွန်ုပ်တို့တွေ့လိုသည့်





အကျဉ်းသားနှင့်တွေ့ခုံခွင့်ပေး၏။ ကျွန်ုပ်တို့အားတွေ့သည်နှင့် ကိုလှိုင်ဘွားသည် ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ပြီး ထိုသို့လာရောက်တွေ့ဆုံမည်ဟု ထင်မှတ်မထားကြောင်း၊ ယခုလို လာရောက်နှုတ်ဆက်သည့်အတွက် လွန်စွာဝမ်းမြောက်မိကြောင်း၊ အာဃာတမထားသင့်သည်ကိုထားခဲ့မိသည့်အတွက် မိမိဘဝအမှားကြီးမှားခဲ့သည်ကို နောင်တရမိကြောင်း၊ နောင်တသည် မိမိအတွက်နောက်ကျခဲ့ပြီဖြစ်ကြောင်း၊ သက်ထက်စံကိုလည်း မိမိစိတ်ထဲ၌ဘယ်လိုမှသဘောမထားတော့ကြောင်း၊ စာနာခွင့်လွှတ်ပါကြောင်းစသဖြင့် အေးဆေးတည်ငြိမ်စွာပြောလေရာ ထိုစကားများကိုနားထောင်ရင်းဖြင့် ကျွန်ုပ်မှာမျက်ရည်များပင်ရစ်ဝဲလာမိသည်။

သို့ပြောဆိုပြီးနောက် ကျွန်ုပ်သည် လွန်စွာသိချင်သည့်ကိစ္စကိုဘဲ့တိုးပင်မေးလိုက်မိရာ ကိုလှိုင်ဘွားက သဘောကျစွာပြုံးလိုက်ပြီး. . .

"ဒီလိုပါအိုင်ပီ၊ သူက ကျွန်တော့်ဆီကို စာချင်းစပြီးဆက်သွယ်လာတာပါ။ နောက်တော့ လူချင်းတွေ့ကြပါတယ်။ လူချင်းတွေ့တော့လည်း မျက်နှာဖုံးစွပ်နဲ့ပါ။ တွေ့တဲ့အခါတိုင်း သူကမြင်းပေါ်က မဆင်းဘူးလေ၊ အပြန်အလှန်စကားပြောရင် မြင်းပေါ်ကပဲပြောတယ်။ သူ့ကိုယောကျ်ားတစ်ယောက်လို့ပဲ ထင်နေကာ၊ တွေ့ဖန်များတော့ သူ့အသံနဲ့မျက်နှာအမူအယာကို သက်ာမောင်းဖြစ်လာတယ်။ တစ်နေ့မှာသူ့ရဲ့အလစ်အငိုက်ကိုချောင်းပြီး ဖမ်းမယ်လို့စိတ်ကူးထားပေမယ့် ကိုယ့်လုပ်ရပ်တွေဟာ နယ်ကျွံနေတော့ ဘာမှမလုပ်နိုင်ခဲ့ဘူး"

ဟူ၍ ရှင်းပြလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဝမ်းပန်းတသာဖြင့် တစ်နာရီနီးပါးခန့်စကားပြောကြပြီးနောက် အဆုံးသတ်ပြောလိုက်သည့် ကျွန်ုပ်၏မိတ်ဆွေကြီးမင်းမြတ်ကျော်စွာ၏စကားဖြင့် ကျွန်ုပ်ရေးသားသည့် ဤဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုကို အဆုံးသတ်လိုက်ရလေတော့၏။

"ညီလေး. . . လှိုင်ဘွား၊ ချွန်းအုပ်မရအောင် မုန်ကျနေတဲ့ဆင်ဟာနှင်တံနဲ့လုံးကိုနိုင်ပြီလို့ ထင်မှတ်တတ်ကြတယ်။ လောကဓံအဆိုးနဲ့ ကြုံတွေ့ရတဲ့ခဏမှာ အကြင်သူတစ်ဦးအတွက် မိမိရဲ့အတိတ်ကုသိုလ်ရှိ၊ မရှိ ပုဂ္ဂိုလ်တစ်ဦး မလို့ ရ၊ မရ မစဉ်းစားဘဲ ထင်ရာမြင်ရာပြော၊ ထင်ရာလုပ်အပြစ်ရှာသူတွေဟာ အဲ့ဒီဆင်လို ဖြစ်တတ်စမြဲပဲ ညီလေး. . .။

အတိတ်ဘဝကုသိုလ်ဖြစ်တဲ့ ပုဗ္ဗေစကတပုညတာဆိုတဲ့ ရည်စူးကောင်းတခဲ့မိတဲ့ဆုဟာ ယခုလက်ရှိမှာ အကုသိုလ်တို့လုံးခဲနေရင် မပေါ်နိုင်သတဲ့။ ညီလေးလှိုင်ဘွားလည်း ရောက်ရာနေရာ၊ ရောက်ရာဒေသမှာ အဲ့ဒီစိတ်


www.burmeseclassic.com

www.burmeseclassic.com

ကလေးကို အမြဲနှလုံးသွင်းထားပါလို့ မိတ်ဆွေကောင်းသံယောဇဉ်နဲ့ အစ်ကို မှာကြားလိုက်ပါရစေ"

စာဖတ်ပရိသတ်များ၏
မေတ္တာကိုခံယူလျက်
ကိတ္တိမ
(တိက္ကမ၏ကလောင်ခွဲ)


www.burmeseclassic.com
ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထုသစ်
ကိတ္တိဗ
ဝိညာဉ်ရှိုက်သံ
BURMESE CLASSIC .com
www.burmeseclassic.com